
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ် တင်မြင့်

သပ်ကြပ်မကျွာ

စာမူခွင့်ပြုချက်အမှတ် - ၁၂၆၈/၂၀၀၁ (၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၈၅၂/၂၀၀၁ (၁၀)
၂၀၀၂ ခုနှစ်၊ ပထမအကြိမ်၊ ၅၀၀ အုပ်၊ ၃ဝိ/-

ထုတ်ဝေသူ . . . ဒေါ်ပိုးကေခိုင် (မြို့တေးသံစာပေ-၁၆၉၂)
ရွှေနှံ့သာကျေးရွာ၊ ဥက္ကလာပမြို့(၃) ခင်ထား ရန်ကုန်မြို့။
ပုံနှိပ်သူ . . . ဦးကျော်လှိုင် (စေတနာ OFFSET) ၅၅၃၃
အမှတ် (၅၉)၊ (၁၉)လမ်း လသာမြို့နယ်၊ ရန်ကုန်မြို့။

BURMESE CLASSIC .com

တက္ကသိုလ်
# တင်မြင့်

# သပ်ကြပ်မကျွာ

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ



www.burmeseclassic.com

www.burmeseclassic.com



## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

စည်းကမ်းလိုက်နာ အောင်းကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ အောင်းကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ မဏာနုကျွဲသော
တာဝန်ဖြစ်သည်။

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။



BURMESE CLASSIC .com



## ၁

မြင်ရသည်မှာ ခမ်းနားလွန်းတော့လည်း အရှိန်အဝါ ကိုကပင် မြင်ရသူအား သိမ်ငယ်စေသည်။

ခြံကြီးကလည်း ကျယ်ဆိုမှကျယ်။

နှစ်ထပ်တိုက်အိမ်ကြီးကလည်း နတ်ဘုံနတ်နန်းတမျှ လှပထည်ဝါလွန်းသည်။

အုတ်ရိုးကာ ခြံစည်းရိုးကြီးကပင် တစ်မျှော်တစ်ခေါ် ရှည်လျားပြီး အုတ်တိုင်ကြီးနှစ်တိုင်ကြားတွင် သံပန်းတံခါးပေါက် ကျယ်ကြီး တပ်ဆင်ထားသည်။ တံခါး၏ အုတ်တိုင်တစ်တိုင် တွင် ...

"အောင်လွင်"

ဟု ကြေးဝါပြားကြီးတွင် ထွင်းစာလုံးဖြင့် မြုပ်ကပ် ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ငင်းခမ်းနားထည်ဝါလွန်းသော ခြံကျယ်နှစ်ထပ်တိုက်ပိတ်ထားသော သံပန်းတံခါးကြီးရှေ့သို့ လေးဘီးကားအပြာတစ်စီးမောင်းလာရာမှ ရပ်လိုက်သည်။

ဤခြံဤတိုက်ကြီး၏ အရှိန်အဝါနှင့်ဆိုလျှင် လေးဘီးကားမှာ နုံချာလွန်းနေသည်။ ပါဂျရိုတို့ အက်(စ်)အီးတို့ ကိုယ်ပိုင်ကားမျိုးတွေသာလျှင် ဤခြံ ဤတိုက်နှင့် ပနာသင့်ပေသည်။

အငှားကားလေးဘီး ပစ်ကပ်နောက်တွင် အသက်နှစ်ဆယ်ခန့် ရိုးရိုးလေးဝတ်ဆင်ထားလျက်နှင့် လှနေသော မိန်းမငယ်ချောတစ်ယောက်နှင့် အသက်ငါးဆယ်ခန့် အမျိုးသားကြီးတစ်ဦး အထုပ်အပိုးတွေနှင့် အတူလိုက်ပါလာသည်။

အမျိုးသားကြီးမှာ မီးခိုးရောင် သက္ကလပ်တိုက်ပုံအင်္ကျီဝတ်ထားသည်။ အင်္ကျီမှာ ဟောင်းနွမ်းသော အရိပ်အယောင်များ ရှိနေသည်။ ရှပ်အင်္ကျီမှာ လည်ကတုံးအဖြူရောင် ဖြစ်သည်။ တောက်ပသော အဖြူရောင် မဟုတ်။ မှိုင်းသော အဖြူဖြစ်သည်။ ငင်းရှပ်အင်္ကျီကလည်း ခပ်ဟောင်းဟောင်း တစ်ပတ်ရစ် ဖြစ်ပုံရသည်။

ပုဆိုးမှာ ကချင်လုံချည် အမည်းနှင့် ခရမ်းကွက်အပြာကွက် ဖောက်ဖော်ထားသည်။ ငင်းကချင်လုံချည်ကို ခြေမျက်စိဖုံးသည်အထိ အမျိုးသားကြီးက ခပ်ရှည်ရှည် ဝတ်ထားသည်။

ဦးခေါင်းတွင် တောကလူကြီးတွေ မျက်နှာသုတ်ပဝါခေါင်းပတ်ထားသည့်အတိုင်း နဖူးအုပ်အောင် မျက်နှာသုတ်ပဝါပတ်ထားသည်။

ခြေမျက်စိဖုံး ပုဆိုးရှည်ဝတ်ထားစေကာမူ ခြေဖဝါး



တွင် ခြေအိပ်စွပ်ထားသည်။ ခြေအိပ်က ခြေမျက်စိကျော်အထိ ဖုံးထားပါ၏။ ဖိနပ်မှာ ဟတ်(စ်)ရှူး စီးထားသည်။

ထည်ဝါခမ်းနားသော ခြံကြီး၏ သံပန်းတံခါးရှေ့တွင် အငှားလေးဘီးကား ရပ်သည်နှင့် ထိုလူကြီးသည် ကားပေါ်မှ ဆင်းလိုက်သည်။

အရပ်ရှည်ပြီး ထောင်မောင်းသော လူကြီးတစ်ဦး ပါပေ။

ပိတ်ထားသော သံတံခါးကြီးသို့ လူကြီးသွားပြီး တံခါးပေါက် အလယ်တည့်တည့်တွင် ရပ်ပြီး ခြံအတွင်း အိမ်ကြီးဆီသို့ ကြည့်လိုက်သည်။ လူတစ်ယောက်တလေကိုမျှ မတွေ့။

ပြီး ပိတ်ထားသော သံတံခါးကြီးကို ဂလိုဂလောက် အသံထွက်အောင် ရှေ့တိုးနောက်ငင် ဆွဲလှုပ်ပေသည်။

အမျိုးသမီး ချောချောငယ်ငယ်သည် လေးဘီးကားပေါ်မှ အောက်သို့ မဆင်းသေးဘဲ ထိုလူကြီး တံခါး အတင်းဆွဲလှုပ်နေသည်ကို လှမ်းကြည့်နေသည်။

အမျိုးသမီးချောငယ်၏ မျက်နှာလေးမှာ ညှိုးနွမ်းသော ပုံသဏ္ဌာန် ရှိနေသည်။ ပြီး ထိတ်လန့်သောအသွင်လည်း ရောစွက်နေသည်။

"ဘာလဲဗျို့ … ဘာလို့ တံခါးကို အဓမ္မကြီး ဆွဲလှုပ်နေတာလဲ … ဘယ်ကဟာတွေလဲ"

ခြံစောင့်တံခါးစောင့် ဖြစ်ဟန်တူသော လူကြီးတစ်ယောက် အသံသြကြီးဖြင့် အော်ရင်း သံတံခါးဆီသို့ လျှောက်လာပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အစောင့်ကြီး၏ ပြောသံမှာ ဝေါက်ငမ်းသော လေသံမျိုး ပါဝင်နေပါ၏။

လေးဘီးကားပေါ်မှ အမျိုးသမီးသည် အစောင့်ကြီး အော်ဝေါက်သံကြောင့် ပိုမိုကြောက်ရွံ့သော အသွင်လေး ထပ်ပေါ်နေပြန်သည်။ သို့သော် ထိုလူကြီးနှင့် အစောင့်ရှိရာသို့ ကြည့်မြဲ ဆက်ကြည့်နေသည်။

ခြံစောင့်ကြီးသည် ထွားကျိုင်းလှရုံမက တုတ်ခိုင်ဝဖြိုးသည်။ ကာကီဘောင်းဘီကို ဒူးဆစ်ဖုံးအထိ ဝတ်ထားပြီး အပြားကြီးသော ခါးပတ်ကြီး ပတ်ထားသည်။ ခါးပတ်တွင် ဓားကောက်ကြီး ချိတ်ထားသေးသည်။ အလွန်ကြွယ်ဝချမ်းသာသော ကြေးရေတတ် ခြံကြီးတိုက်ကြီး အိမ်များတွင် တွေ့ရတတ်သော အစောင့်ဒရဝမ်မျိုးဖြစ်၏။

"ကျုပ် ... အောင်လွင်နဲ့ တွေ့ချင်လို့"

ဒရဝမ်ကြီးက ထိုလူကြီးကိုရော လေးဘီးကားကိုရော ကြည့်ပြီး ခေါင်းယမ်းပြသည်။

"ခင်ဗျားလိုလူကို ဆရာလွင်က တွေ့မှာ မဟုတ်ဘူး ...။ ခင်ဗျား ကြည့်ရတာ စုတ်ချာလွန်းတယ်၊ နောက်ပြီး .... ခင်ဗျားပုံစံကြီးက ..."

"ဘာကွ"

သက္ကလပ်အင်္ကျီဝတ် လူကြီးက အပြင်ဘက်မှ "ဘာကွ"ဟု ဒေါသသံနှင့် ပြန်အော်လိုက်သည်။

ကားပေါ်မှ မိန်းမချောငယ်လေး မနေ နိုင်တော့ဘဲ ပြေးဆင်းလာကာ ထိုလူကြီး၏ လက်မောင်းကို ကိုင်လိုက်သည်။



"ပြန်ကြပါစို့ ဖေဖေ ... နွေးနွေးတို့ ဒီက ပြန်ကြပါစို့"

"ဘယ်ပြန်သွားလို့ဖြစ်မလဲ သမီး။ ဖေဖေတို့ လာရတာက မန္တလေးကတောင် လာခဲ့ရတာ၊ ဒီလာဖို့အတွက် သမီး ကိစ္စတွေအားလုံးလည်း လုပ်လာခဲ့ပြီပဲဟာ၊ သမီးရဲ့ ရှေ့ရေးတွေ အများကြီး ရှိသေးတယ်၊ ကိုယ်က အောက်ကျို့ရတဲ့အခါ နည်းနည်းပါးပါးတော့ သည်းခံရမယ် သမီး"

"ဟင့်အင်း ... နွေးနွေး မန္တလေးကိုပဲ ပြန်ချင်ပြီ။ ဒီခြံကြီးနဲ့ ဒီတိုက်အိမ်ကြီးကို မြင်ရုံနဲ့ နွေးနွေး ကြောက်တယ်၊ သိပ်ခမ်းနားထည်ဝါလွန်းနေတယ် ဖေဖေ ... နွေးနွေးတို့ သားအဖနဲ့ ဘယ်လိုမှ မအပ်စပ်ဘူး"

လူကြီးသည် နားမဝင်ပေ။ အလျှော့မပေးပေ။ အစောင့်ကြီးကို လေသံပျော့နှင့် ပြန်ပြောသည်။

"ဒီမယ်ဗျာ ... ခင်ဗျားဆရာ ဦးအောင်လွင်ကို တဆိတ်လောက် သွားပြောပေးပါ ... မန္တလေးက ဦးအောင်နွေးဆိုတဲ့လူက ဦးအောင်လွင်ကို တွေ့ချင်လို့ပါလို့၊ ဒါမှ ခင်ဗျားဆရာက ကျုပ်ကို အတွေ့မခံဘူးဆိုလည်း ကျုပ် ပြန်ပါ့မယ်"

ခြံစောင့်ကြီးက ခေါင်းခါပြသည်။

"ခင်ဗျား လိပ်စာပေးထားခဲ့၊ အခု ဆရာလွင် အိပ်နေတယ်၊ ဆရာလွင် အိပ်ရင် ကျုပ်တို့ ခြေသံတောင် ဖွဖွလေး အသံမထွက်အောင် နင်းလျှောက်ရတာ၊ သူ နိုးလာရင် ခင်ဗျား လိပ်စာပေးပြီး ခင်ဗျားတို့ သားအဖ လာသွားတယ်လို့ ကျုပ် ပြောပြပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါလည်း မလွယ်ဘူးဗျာ ... ကျုပ်တို့က မန္တလေးက လာခဲ့တာ၊ ရန်ကုန်ဘူတာ ဆိုက်ဆိုက်ချင်း လေးဘီးကား ငှားပြီး အောင်လွင့်ဆီကို တန်းလာခဲ့တာ၊ အခု ကျုပ်တို့ကို ပြန်သွားဆိုရင် ဘယ်ကို သွားရမယ်မှန်းတောင် မသိဘူး၊ လိပ်စာ ပေးခဲ့ဖို့ ရန်ကုန်မှာ ကျုပ်လိပ်စာ မရှိဘူး"

"ဒါကတော့ ခင်ဗျားကိစ္စပဲ"

"ဒါဆို ဒီလိုလုပ်ပါဗျာ ... တံခါးသာ ဖွင့်ပေးပါ၊ ကျုပ်တို့ ခြံထဲမှာပဲ စောင့်ပါ့မယ်၊ ခင်ဗျားဆရာ နိုးတဲ့အထိ စောင့်ပါ့မယ်"

"မရဘူး ... မရဘူး ... ဆရာလွင်က မှာထားတယ်၊ ဘယ်သူ့ကိုမှ သူ့အမိန့်မရဘဲ ခြံထဲမဝင်ရဘူးတဲ့"

"တီ ... တီ ... တီ ..."

လေးဘီးကားမှ မောင်းသူက ဟွန်းဆင့်တီးလိုက်သည်။

"ဗျို့ ... ဆရာကြီး ကျုပ် မစောင့်နိုင်ဘူးဗျ၊ ကျုပ်က အချိန်လု မောင်းနိုင်မှ အုံနာကြေးလေး ရပြီး ကျုပ်အတွက် နည်းနည်းကျန်တာ၊ ကားခလာရှင်းဗျာ ... ကျုပ် သွားမယ်"

အမျိုးသမီးချောငယ်လေးသည် သူ့ဖခင်၏ လက်မောင်းကို အတင်းလှုပ်ခါ ...

"ပြန်ကြပါစို့ ဖေဖေ ... နွေးနွေးတို့ ပြန်ကြပါစို့၊ နွေးနွေး အားငယ်လွန်းလို့ပါ ဖေဖေရယ်၊ ကြောက်လည်း သိပ်ကြောက်တာပဲ"

ထိုစဉ်မှာပင် ...



နှစ်ထပ်တိုက်အပေါ်ထပ် ဝရန်တာဆီမှ ဩ၍ အောင်ပြီး ပီသသော အမိန့်သံတစ်ခု ထွက်လာပေသည်။

"ဦးဆော်ယာ ... ခြံတံခါး ဖွင့်ပေးလိုက်ပါ"

ထိုအမိန့်သံ ကြားရာဆီသို့ ဦးအောင်နွေးရော သမီး နွေးနွေးပါ သံတံခါးပေါက် အကွက်ကြားမှ ထိုဝရန်တာဆီသို့ မော့ကြည့်ကြသည်။

အသံရှင်သည် လက်ဝဲဘက်ချိုင်းအောက်တွင် ချိုင်းထောက်ကြီးတစ်ခုထောက်ပြီး ရပ်နေသည်။ ရှပ်ဖြူလည်ကတုံး လက်ရှည်ကို တံတောင်ဆစ်အထိ လိပ်၍ ဝတ်ထားသည်။ ချည်ချော့ပလေကပ် ကွက်ကျဲကြီး ဝတ်ထားသည်။

ပုဆိုးအနားအောက်တွင် ခြေတစ်ဖက်သာရှိပြီး အခြားခြေတစ်ပက် မရှိပေ။

လက်ဝဲခြေထောက်ကို ဒူးဆစ်အောက်မှ ဖြတ်ထားသည့် ပုံရိပ်သဏ္ဍာန်ကို ပလေကပ်ပုဆိုးမှ ရေးရေး ပေါ်နေပါ၏။

ထိုချိုင်းထောက်နှင့်လူသည် အသက် လေးဆယ်ခန့် လောက်တော့ ရှိအံ့သည်။ ယခု ခြံတံခါး ဖွင့်ခိုင်းနေသော လူကြီးထက်တော့ အတော်လေး ပို၍ ငယ်ပုံရပါ၏။

"ဟေး ... အောင်လွင်"

"လာပါ ဦးအောင်နွေး"

တံခါးအပြင်မှ လူကြီးက ဝရန်တာမှလူကို ဟေး ... အောင်လွင်ဟု လှမ်းခေါ်သည်။

ထိုလူကလည်း "လာပါ ဦးအောင်နွေး" ဟု ဖိတ်ခေါ်ခြင်း ပြုပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝရန်တာမှ တံခါးဖွင့်ပေးလိုက်ဟု အမိန့်သံဆေးသည်နှင့် ကျွဲပေါက်တစ်ကောင်နီးပါး တုတ်ခိုင်ထွားကျိုင်းသည့် ခြံစောင့်ကြီး ဦးဂေါ်ယာဆိုသူသည် ပျာပျာသလဲ သူ့ခါးကြား ညှပ်ထားသော သော့တွဲကြီးကို ဖြုတ်ခါ အတွင်းခတ်ခြံတံခါးသော့ကို ဖွင့်လိုက်သည်။ ခြံတံခါးကိုလည်း ဖွင့်ပေးလိုက်သည်။

ဦးအောင်နွေးဆိုသည့် ဧည့်သည်လူကြီးက ရှေ့မှ ဝင်လာပြီး သမီးနွေးနွေးမှာ ဖခင်နောက်မှ ဖခင်၏ ကိုယ်ကိုကွယ်ပြီး မရဲတရဲလေး လိုက်ပါလာပေသည်။

ဦးအောင်လွင်က အပေါ်ထပ်မှ ချိုင်းထောက်နှင့် ဆင်းလာပြီး အိမ်အဝင် ဧည့်ခန်းတံခါးပေါက်တွင် ထိုလူကြီးနှင့် ဆုံမိကြသည်။

"ငါ ... မင်းနဲ့ ဆွေးနွေးတိုင်ပင်စရာတွေ အများကြီးပါလာတယ် အောင်လွင်"

ဦးအောင်လွင်က ထိုလူကြီးအား ခေါင်းညိတ်ပြရင်း နောက်တွင် ကပ်ပါလာသည့် နွေးနွေး မိန်းမချောငယ်လေးကိုသာ ရူးစိုက်ကြည့်နေပါ၏။

နွေးနွေးသည် ဦးအောင်လွင်ကို ပြန်မကြည့်ရဲဘဲ ဦးခေါင်းလေး ငုံ့ထားပေသည်။

ဦးအောင်လွင်က ဦးအောင်နွေးကို ပြန်ကြည့်သည်။

"ခင်ဗျားမှာ ဒီအိမ်မှာ ညအိပ်ဖို့ အစီအစဉ်ပါသလား ဦးအောင်နွေး"

"ဆိုပါတော့ ... မင်းနဲ့ ဆွေးနွေးတိုင်ပင်ပြီးတဲ့ အထိပေါ့ အောင်လွင်"



ဦးအောင်လွင်က ခြံစောင့် ဦးဂေါ်ယာအား ဒုတိယအကြိမ် အမိန့်ပေးပြန်သည်။

"ဦးဂေါ်ယာ ... အဲဒီ လေးဘီးကားပေါ်က ပစ္စည်းတွေ ခင်ဗျားချပြီး သယ်လာခဲ့"

နွေးနွေး သူ့ဖေဖေ ဦးအောင်နွေးကို ပြောလိုက်သည်။

"ဖေဖေ ... ကားပေါ်က ပစ္စည်းတွေ နွေးနွေး သွားချမယ်နော်" ဟု ပြောပြီး ခြံတံခါးဆီသို့ ပြန်ထွက်သွားသည့် နွေးနွေး၏ ကျောပိုင်းကိုလည်း ဦးအောင်လွင်က လိုက်ကြည့်သေးပြီးမှ ဦးအောင်နွေးဘက်သို့ ပြန်ပြောလိုက်သည်။

"လာပါ ... ဦးအောင်နွေး ... အိမ်ထဲဝင်ပါ"

ဧည့်ခန်းကြီးမှာ မွေးပွကော်ဇောကြီး ခင်းကာ ဆိုဖါ ဆက်တီကြီးများဖြင့် တန်ဖိုးကြီးမား ထည်ဝါလှပါ၏။

ဦးအောင်နွေးက ထည်ဝါသော ဧည့်ခန်းကြီးကို ငေးကြည့်နေသည်။

နွေးနွေးက အငှားကားသမားအား တစ်ရာတန်သုံးရွက် ထုတ်ပေးပြီး ကားနောက်မှ သားရေသေတ္တာ၊ အိပ်ရာလိပ်၊ လက်ဆွဲအိတ် စသည်များကိုယူရန် ရောက်သွားသည်။ ပစ္စည်းတွေ ချဖို့လည်း လက်စွယ်သည်။

"မင်း ... ဘာတစ်ခုမှ မသယ်နဲ့ မိန်းကလေး၊ ဒီပစ္စည်းတွေ အားလုံး ကျုပ် သယ်ရမှာ"

"နေပါစေ ဦးလေး ... နွေးနွေးသေတ္တာထဲမှာ နွေးနွေးရဲ့ ထာဝီတွေပါလို့ပါ၊ ဦးလေး မသယ်ပေးပါနဲ့၊ နွေးနွေး သယ်ပါရစေ"

www.burmeseclassic.com

www.burmeseclassic.com



"လုံးဝ မင်း မသယ်နဲ့ မိန်းကလေး၊ ဆရာလွင်က ဒိပစ္စည်းတွေ မင်း သယ်လို့ အမိန့်ပေးထားရင် ထဘီသေတ္တာ မကလို့ မစင်ပုံဖြစ်ဖြစ် ကျုပ် သယ်ရမယ်၊ သူခိုင်းတဲ့အတိုင်း မလုပ်ရင် ဆရာလွင် စိတ်ဆိုးတတ်တယ်၊ ကျုပ်ဟာ မြွေပွေးကိုက်မှာ မကြောက်ဘူး၊ ဆရာလွင် စိတ်ဆိုးမှာ တော့ သိပ်ကြောက်တယ်၊ မင်း ဘာတစ်ခုမှ မသယ်ပါနဲ့"

ပြောပြီး ဦးဂေါ်ယာသည် သူ့ဗလကြီးဖြင့် သေတ္တာ၊ အိပ်ရာလိပ်၊ ဆွဲအိတ်၊ ဆွဲခြင်းတို့ကို သူ့ဗလကြီးဖြင့် ချိုပိုးသယ် ယူပေတော့သည်။

"ဘယ်လိုပါလိမ့်"ဟု နွေးနွေးမှာ အတွေးဝင်ရပါ၏။

နွေးနွေး ရန်ကုန် ပထမဆုံး ရောက်သည်နှင့် လူစိမ်းဖြစ်သော ခြံစောင့်ကြီး ဦးဂေါ်ယာနှင့် အိမ်ကြီးရှင် ဦးအောင်လွင်ဆိုသည့် ယောကျ်ားကြီးနှစ်ယောက်ကို ပထမဆုံး မြင်တွေ့ရသည်။

နှစ်ယောက်စလုံးသည် မျက်နှာကြောကြီးတွေ တင်းမာလှသည်။ သူတို့နှစ်ယောက်လုံးတွင် အပြုံးအရယ် မရှိကြ ပါလေ။

ပြီး ...

ဦးအောင်လွင်၏ သြဇာအာဏာစက်သည် ဤခြံကြီးနှင့် ဤအိမ်ကြီးတွင် အလွန်အမင်း သြဇာတက္ကိမကြီးလွန်းလှ ကြောင်းကို ရောက်ရောက်ချင်း တွေ့နေရသည်။

နွေးနွေးသည် ရင်ခုန်ထိတ်ထိတ်နှင့်ပင် သူမ၏ ဖခင်ဆီသို့ လျှောက်လာခဲ့သည်။



"ငါ မင်းအိမ်ထဲ မဝင်ဘူး အောင်လွင်၊ ငါတို့ ခြံထဲက သစ်ပင်ရိပ်မှာပဲ စကားပြောကြစို့လား"

"ဘာလို့ ကျုပ်အိမ်ထဲကို မဝင်တာလဲ ဦးအောင်နွေး"

"ငါ့ဆီက ရောဂါပိုးတွေ မင်းအိမ်ထဲမှာ ကျန်ခဲ့မှာ စိုးလို့ပဲ"

ဦးအောင်လွင်က ပြုံးပြီး ခေါင်းညိတ်သည်။

"ဟုတ်တယ် ... ခင်ဗျား အရေပြားရောဂါ ဖြစ်နေတယ်။ ခင်ဗျားဘဝက ဒုက္ခိတ၊ ကျုပ်ဘဝက ခြေတစ်ဘက် မရှိတဲ့ ဒုက္ခိတလေ၊ ခင်ဗျားနဲ့ကျုပ် ဒုက္ခိတဘဝချင်းတော့ တူကြတယ်"

"အေး ... မင်းရော ငါ့ရော ဒုက္ခိတဖြစ်ရတာခြင်းတော့ တူတယ်၊ ဒါပေမယ့် မင်း ဒုက္ခိတဖြစ်ရပုံက အင်မတန် မွန်မြတ်တဲ့အလုပ်ကို လုပ်ရင်း ဒုက္ခိတဖြစ်သွားတာ။ ငါကတော့ အနေအထိုင် ပက်စက်လို့ ဒုက္ခိတ ဖြစ်ရတာလေ"

"ဒါတော့ ခင်ဗျားပြောတာ မှန်တယ်၊ ကျုပ်က တိုင်းပြည်နဲ့ လူမျိုးအတွက် စွန့်စားရင်း ဒုက္ခိတဖြစ်သွားရတာ၊ ခင်ဗျား ကတော့ အလေလိုက်လို့ ဒုက္ခိတ ဖြစ်သွားတာ ... ကဲ ... ဒီဒုက္ခိတဇာတ်လမ်းကို ဘေးချိတ် ... အခု ဦးအောင်နွေး ကျွန်တော့်ဆီကို လာတဲ့ကိစ္စပြော"

ဦးအောင်နွေးက သူ့သမီး နွေးနွေးကို လက်ညှိုး ညွှန်ပြလိုက်သည်။

"ဟောဒါ ငါ့သမီး နွေးနွေးပဲ အောင်လွင်"

ဦးအောင်လွင်ကနွေးနွေးကို ကြည့်ပြန်သည်။ ကြည့်ပုံမှာ စူးရဲလွန်းသဖြင့် နွေးနွေး ခေါင်းငုံ့ထားလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"အခု မင်းဆီက ဟောဒီသမီး နွေးနွေးအတွက် အကူအညီ တောင်းချင်တာတွေ၊ ငါ့သမီး နွေးနွေးကိုစ္စ ပြောပြချင်တာတွေ အစီကပဲ ... ငါ့အတွက် မင့်ဆီက ငါ ဘာအကူအညီမှ တောင်းလည်း မတောင်းဘူး၊ တောင်းဖို့လဲ မလိုဘူး အောင်လွင်"

"ဗျို့ ဦးဂေါယာ"

"လာပါပြီ ဆရာလွင်"

ဦးအောင်နွေးက စတင် ပြောကြားသည်ကို ဦးအောင်လွင်က ခေတ္တလက်ဝါးကာပြလိုက်ပြီး ပစ္စည်းတွေ သယ်ပြီးသွားသည့် ခြံစောင့်ကြီး ဦးဂေါယာကို ခေါ်လိုက်ခြင်း ဖြစ်သည်။

ဦးဂေါယာ ချက်ချင်း ရောက်လာသည်။

"ခြံထဲက ပိတောက်ပင်ကြီးအောက်မှာ ပလတ်စတစ်ကုလားထိုင်တွေ ချပေးပါ။ ကျုပ် ထိုင်ပြီး စကားပြောဖို့ရော၊ ဧည့်သည်တွေအတွက်ရော၊ နောက်ပြီး မဒါပြုံးကို ပြောလိုက်ပါ ... အားလုံးအတွက် လိမ္မော်ရည် လာပို့ပါလို့"

"ဟုတ်ကဲ့ ... ဒါထက် ဆရာလွင်"

"ပြော"

"ဒေါက်တာက ဆရာလွင့်ကို နေ့ခင်းတစ်ရေး ဝဝကြီး အိပ်ရမယ်လို့ မှာထားတယ် ဆရာလွင်၊ ဒီနေ့ ဆရာလွင် တစ်ရေးမှ မအိပ်ရသေးလို့"

"ဦးဂေါယာ သွားတော့လေ၊ ကျုပ် ထပ်ပြောမယ်၊ ခြံထဲက ပိတောက်ပင်ကြီးအောက်မှာ ပလတ်စတစ်ကုလားထိုင်တွေ ချပေးပါ၊ ဒေါ်ပြုံးကို လိမ္မော်ရည် လာပို့ပါ ... အဲဒါပဲလေ"



"ဟုတ် ... ဟုတ်ကဲ့ပါ ဆရာလွင်"

ဦးဂေါယာ သုတ်သုတ်လေး ထွက်သွားပါ၏။

နွေးနွေးသည် ဦးအောင်လွင်ကို ပို၍ပင် ကြောက်လာမိသည်။ ဖေဖေသည် ဦးအောင်လွင်ထံကိုမှ ဘာကြောင့် လာလိုပါလေသနည်း။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

## ၂

ခြံထဲမှ ပိတောက်ပင်ကြီး အရိပ်အောက်ဝယ် ဦးအောင်လွင်ကတော့ ဘီးတပ်ဗိုး(လ်)ချဲယား ကုလားထိုင်ဖြင့်ထိုင်သည်။

ဦးအောင်နွေးနှင့် သမီးနွေးနွေးက ကျောမှီလက်တန်းပါ ပလတ်စတစ်ကုလားထိုင်ပန်းချောင်တွင် ကိုယ်စီ ထိုင်ကြသည်။

အလယ်တွင် ခေါက်စားပွဲထားရှိပြီး ခေါက်စားပွဲတွင် ကျူရိုးတပ် ရေခဲသတ္တောထုတ် လိမ္မော်ရည်ပုလင်းများ ချပြီးက လာချပေးသည်။

"ကဲ ... ပြော ဦးအောင်နွေး"

"ငါ့သမီး နွေးနွေးကို မင်း သေချာကြည့်စမ်း အောင်လွင်"

"သေချာကြည့်တာ သုံးခါတောင် ရှိပြီ"



"မင်း ဘယ်လိုမြင်လဲ"

"ဘယ်လို အထူးမြင်မှာလဲ ဦးအောင်နွေး၊ ဦးအောင်နွေးရဲ့ သမီးနွေးနွေးဟာ ချောချောလှလှ ကောင်မလေးတစ်ယောက် လို့ မြင်တာပေါ့"

"အဲဒီလိုမြင်တာကို ငါဆိုလိုတာ မဟုတ်ဘူး။ ငါဆိုလိုတာက ငါ့သမီး နွေးနွေးဟာ ကွယ်လွန်သွားပြီဖြစ်တဲ့ ငါ့ဇနီး သူ့အမေ မသက်ထားနဲ့ မတူဘူးလားလို့ ငါ မေးတာ"

"တူသားပဲ ... တူတာမှ သူ့အမေမသက်ထားနဲ့ ရုပ်ချင်းတော်တော်တူတယ်။ ခင်ဗျားဇနီး မသက်ထားကလည်း မိန်းမချောပဲဟာ။ အဲဒါဘာဖြစ်လဲဦးအောင်နွေး"

"အဲဒါ ဘာဖြစ်လဲဆိုတော့ မင်းရဲ့ဇနီး သီဂီလွင်နဲ့ ငါ့ရဲ့ ဇနီး မသက်ထားက ညီအစ်မအရင်း၊ မင်းနဲ့ငါက မယား ညီအစ်ကို"

"အဲဒါလည်းဟုတ်နေသားပဲ၊ ဒီတော့ ဘာဖြစ်လဲ"

"ငါ့ဇနီး မသက်ထားနဲ့ မင်းဇနီး သီဂီလွင်ဟာကော ညီအစ်မ ရုပ်ချင်းတော်တော်တူတယ် မဟုတ်လား အောင်လွင်"

ဖြန်းခနဲ အသံထွက်အောင်ပင် ဦးအောင်လွင်၏ လက်ဝါးတစ်ဘက်သည် သူထိုင်နေသည့် ဗှီး(လ်)ချဲယားကုလားထိုင် လက်တန်းကို ရိုက်လိုက်သည်။ ပြီး အော်သံနှင့်ပြောလိုက်သည်။

"ခင်ဗျား ဘာတွေ လာပြော နေတာလဲ ဦးအောင်နွေး၊ သီဂီဆိုတဲ့ အကျင့်ပျက် မိန်းမတစ်ယောက်အကြောင်း ဒီအိမ်မှာ ဘာလို့ လာပြောနေတာလဲ၊ ကျုပ်အဖို့ သီဂီဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



လုံးဝမရှိတော့ဘူး၊ သိင်္ဂီဟာ သေပြီလို့ပဲ ကျုပ် ယူမှတ်ထား
တယ်"

ဒေါသတကြီး အော်ပြောပြီးနောက် အင်မတန်စိတ်မောသွားသည့်အလား ဦးအောင်လွင်သည် ဦးခေါင်းကို နောက်မှီတွင် မှေးတင်ပြီး ပါးစပ်ဟကာ အသက်ပြင်းပြင်း ရှူနေရပါ၏။ မျက်လုံးအစုံကိုလည်း မှေးမှိတ်ထားသည်။

"ဖေဖေ ... နွေးနွေးတို့ ပြန်ကြပါစို့ ... မန္တလေးကိုပဲ
ပြန်ကြပါစို့ ဖေဖေ ... ညရထား မီနေတာပဲ ဖေဖေ၊
နွေးနွေးတို့ ပြန်ကြပါစို့"

နွေးနွေး အသံတုန်နေသည်၊ ငိုသံပါခနေသည်။ ကြောက်ရွံ့ထိတ်လန့်သံ ပါနေသည်။

ဦးအောင်လွင်သည် မှေးမှိတ်ထားသော မျက်လုံးကို ပြန်ဖွင့်ကာ ဖခင်အား မန္တလေးပြန်ရန် တတွတ်တွတ် ပြောနေသည့် နွေးနွေးကို စိုက်ကြည့်ပြန်သည်။

ဟုတ်ပါပေသည်။

ဤနွေးနွေးဆိုသော ကောင်မကလေး၏ မျက်နှာလေးသည် သူ၏ဇနီး သိင်္ဂီလွင်နှင့် တော်တော်တူနေသည်၊ အသက်ကွာခြားချက်ကြောင့် နုပျိုခြင်းနှင့် ရင့်ရော်ခြင်းသာ ကွာခြားသည်။

တူပေမပေါ့။ ဒီမိဇနီးသိင်္ဂီလွင်သည် နွေးနွေး၏ အဒေါ်အရင်းခေါက်ခေါက် မဟုတ်ပါလေလား။ ပြီး သိင်္ဂီလွင်နှင့် ဦးအောင်နွေး၏ဇနီး နွေးနွေး၏အမေ မသက်ထားကလည်း ရှပ်ချင်းတူ ညီအစ်မရင်းခေါက်ခေါက် မဟုတ်ပါလား။





အခေါ် သိင်္ဂီလွင်၏ တူမရင်းမို့ နွေးနွေးသည် သိင်္ဂီလွင်နှင့် ဆင်တူသည် ဆိုစေဦးတော့။

ယခုမျက်မြင်တွင် သိင်္ဂီလွင်နှင့် နွေးနွေးတို့ အကွာခြားချက်ကြီး အကွာခြားချက်ကိုလည်း ဦးအောင်လွင် သတိထားမိသည်။

သိင်္ဂီလွင်သည် အစဉ်အမြဲ သူမ၏ မျက်နှာကို အဖိုးတန် အလှန်ကုန်ပစ္စည်းများဖြင့် ခြယ်သဖြီးလိမ်းထားလေ့ရှိသည်။

ယခု သူ့တူမ နွေးနွေး ကျတော့ မျက်နှာတွင် သနပ်ခါးပင် မရှိ။ ပကတိ သူ့ဟာသူအရှိအတိုင်း လှနေခြင်းဖြစ်ပါ၏။

သိင်္ဂီသည် ယခုဆိုလျှင် အသက်သုံးဆယ်ကျော်ပြီ။ ယခု နွေးနွေးကတော့ အသက်နှစ်ဆယ်ခန့်သာ ရှိသေးသည်။ ထို့ကြောင့်လည်း သိင်္ဂီထက် ပိုမိုနုပျို တင်းရင်းနေပေသည်။

သိင်္ဂီ၏ အလှသည် ပုလောင်စေပါ၏။

နွေးနွေး၏ အလှကတော့ အေးဆေးမည် ထင်ပါ၏။

"လိမ္မော်ရည် သောက်လိုက်ပါဦး ဦးအောင်နွေး"

"မင်းအိမ်မှာ ငါ ရေတောင် မသောက်ဘူး အောင်လွင်၊
ငါကိုယ်က မသန့်ဘူး၊ ငါပြောချင်တာပြောဖို့ လာတယ်။
ငါတိုင်ပင်ချင်တာတွေ ရှိလို့လည်း လာတယ်၊ ဒါတွေ
ပြီးရင် ငါတခြားသွားမှာ၊ မင်းရဲ့ထည်ဝါ ခမ်းနားလှတဲ့
တိုက်ကြီးမှာ ငါ့ခြေဂါပိုးတွေ မကျန်ခဲ့စေချင်ဘူး။ မလွှဲ
သာလွန်းလို့ လာရတာ"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ခုန ကျုပ်အော်ပြောလိုက်တာကို စိတ်ဆိုးသွားသလား ဦးအောင်နွေး။ စိတ်မဆိုးနဲ့ဗျာ။ သီဂီဆိုတဲ့အသံကြားလိုက်တာနဲ့ ကျုပ် ရင်တွေပူလောင်တယ်၊ ကျုပ်ဒေါသပေါက်ကွဲတယ်။ ဒါကြောင့် အော်မိတာပါ"

"မင်းကို ငါ နားလည်ပါတယ် အောင်လွင်။ ငါကလည်း သီဂီ့နာမည် တမင်ထုတ်ပြောတာမျိုး မဟုတ်ဘူး။ ငါ အဓိကတင်စားပြောတာက ငါ့သမီး နွေးနွေးဟာ မသက်ထားနဲ့တူတယ်၊ ဒါကြောင့် သီဂီနဲ့လည်း သွားတူနေတာကို ပြောတာ"

"အဲဒီလို တင်စားပြောတော့ကော ကျုပ်အဖို့ ဘာထူးမှာလဲ ဦးအောင်နွေး၊ အခု ဦးအောင်နွေးကို ကျုပ် လက်ခံစကားပြောတာဟာ မသက်ထားရဲ့ ယောကျ်ား၊ ကျုပ်နဲ့ မယားညီအစ်ကိုအဖြစ်နဲ့ လက်ခံပြောနေတာ မဟုတ်ဘူး။ သီဂီနဲ့ ပတ်သက်တာဆိုရင် ကျုပ်ဘာမှမပတ်သက်ချင်ဘူး။ ခင်ဗျားကို တစ်ခါက ကျုပ်နဲ့ ရင်းနှီးခင်ခဲ့တဲ့ မိတ်ဆွေတွေ အနေနဲ့သာ လက်ခံစကားပြောတာ။ ခြံထဲဝင်ခွင့်ပေးတာ"

"ကောင်းပြီ ... မင်းကို ငါမေးမယ် အောင်လွင်၊ မင်းမှာ ညီအစ်ကိုကဖြစ်စေ၊ အစ်မညီမကဖြစ်စေ မွေးလာတဲ့ ကလေးရှိရင် မင်းနဲ့ ဘာတော်မလဲ အောင်လွင်"

"ယောကျ်ားလေးဆိုရင် တူတော်မယ်၊ မိန်းကလေးဆို တူမတော်မယ်၊ ဒါဘာဖြစ်လဲ"

"မသက်ထားနဲ့ သီဂီဟာ ညီအစ်မအရင်းပါ။ မသက်ထားက မွေးတဲ့ နွေးနွေးဟာ သီဂီရဲ့တူမအရင်း မဟုတ်လား။



တကယ်လို့သာ သီဂီနဲ့မင်းဟာ ကွာရှင်းပြတ်စဲခြင်း မရှိဘဲ ဆက်ပေါင်းနေရင် သီဂီရဲ့တူမ နွေးနွေးဟာ မင်းရဲ့တူမလို့ပဲ မှတ်ယူနိုင်ပါတယ်"

"ဟဲ ... ဟဲ ... ဟဲ ..."

အောင်လွင်က မရယ်လိုဘဲ တမင်အသံပြု ကရော်ကမော်ရယ်သံ ပြုလိုက်သည်။ ကြည်နူး၍ ရယ်ခြင်းမဟုတ်၊ အောက်ကလိအာ ရယ်ခြင်းသာ ဖြစ်ပါ၏။ ပြီး ဦးအောင်လွင်က ပြောသည်။

"ကျုပ်နဲ့သီဂီ အပြီးအပြတ် တရားဝင် ပြတ်စဲခဲ့တာ ခြောက်နှစ်ရှိသွားပြီ။ သူ့မှာ နောက်အိမ်ထောင်နဲ့ ကလေးနှစ်ယောက်တောင် ရနေပြီကြားတယ်။ အဲဒီတော့ ခင်ဗျားသမီး နွေးနွေးနဲ့ ကျုပ်ဟာ သီဂီကြားခံပြီး ပတ်သက်စရာ ဘာမှမရှိတော့ဘူး။ သီဂီရဲ့တူမဟာ ကျုပ်တူမ မဟုတ်ဘူး။ ကျုပ် ရင်ထဲကလည်း မသတ်မှတ်နိုင်ဘူး"

ဦးအောင်လွင်၏ စကားသည် ကြားရသော နွေးနွေး၏ရင်ထဲတွင် ကျင်ခနဲ နာခနဲ ခံစားလိုက်ရပါ၏။

နွေးနွေးခမျာမှာမိခင်ကလည်း သေဆုံးပြီးပြီ။ ဖခင်ကလည်း အနာကြီးရောဂါ ဖြစ်နေသည်မို့ ယခုလို အထင်သေး အမြင်သေး ရင့်သီးစွာ အပြောခံရပါလားဟု နားလည်ရသည်။

ဒုက္ခိတကြီး ဖေဖေသည် သမီးကို လက်ဆွဲကာ ဦးအောင်လွင်ထံ အကူအညီတောင်းလျှင် ရတန်ကောင်းရဲ့ဟူသော မျှော်လင့်ချက်ဖြင့် မန္တလေးမှ ရန်ကုန်သို့ ဆင်းလာခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု မိမိကြောင့်ပင် ဖေဖေ ဒုက္ခိတကြီးခများ တစ်ပါးသူ၏ ရက်စက်စော်ကားသော အပြောမျိုးခံနေရရှာသည်။

နွေးနွေးသည် အံကြိတ်ပြီး မကျအောင် ထိန်းလျက်ကပင် မျက်ရည်တွေ အလိုလိုကျဆင်းလာရသည်။

"မင်း ... အဲဒီလို ရက်ရက်စက်စက် ကျုပ်နဲ့ ဘာမှမတော်ဘူးလို့ ပြောလာမှာစိုးလို့ ငါက မသက်ထားတို့ သိင်္ဂီလွင်တို့ကို ပဏာမခံပြီး ပြောတာပဲ အောင်လွင်။ မသက်ထားနဲ့ရော သိင်္ဂီလွင်နဲ့ရော ရုပ်ချင်းတူနေတဲ့ ငါ့သမီး နွေးနွေးအပေါ် မင်းဟာ တစ်ကြောင်းမထောက် တစ်ကြောင်း ထောက်စေချင်တာကြောင့် မသက်ထားတို့ သိင်္ဂီလွင်တို့ကို ထည့်ပြောတာ"

"အဲဒါကိုက ခင်ဗျား မှားတာပဲ ဦးအောင်နွေး။ ခင်ဗျား မန္တလေးကနေပြီး ရန်ကုန် ကျွန်တော်ရှိရာကို တန်းဘာန်း မတ်မတ်လာခဲ့တယ်။ ကျုပ်ကို လိုရင်းမပြောဘဲ စကားတွေ ဝေ့နေတယ်။ နောက်ပြီး ခင်ဗျားနဲ့ကျုပ် အဆက်အသွယ် ပြတ်နေတာလည်း ကြာလှပြီ"

"မင်းက ငါတို့ကို အဆက်အသွယ် ဖြတ်ခဲ့တာပါ အောင်လွင်"

"အဲဒါတွေ ထားလိုက်ပါတော့လေ ... အခု ဦးအောင်နွေး ကျွန်တော့်ဆီလာတဲ့ ကိစ္စကိုပဲ ပြောပါ။ ဦးအောင်နွေးက ဘာအကူအညီလိုလဲ"

ဦးအောင်နွေးက ဘာမှ မပြောရသေးမီ နွေးနွေးသည် ထိုင်နေသော လုလားထိုင်ပေါ်မှဆင်းကာ ဖခင်ဦးအောင်နွေးရေ



မြေပြင်တွင် ထိုင်ချရင်း ဦးအောင်နွေး၏ ဒူးနှစ်ဖက်ကို ကိုင်ကာ ပြောလိုက်၏။

"ဖေဖေ ... နွေးနွေးတို့ ပြန်ကြပါစို့၊ နွေးနွေး ဖေဖေကို ရှိခိုးတောင်းပန်ပါတယ် ... နွေးနွေးတို့ ပြန်ကြပါစို့"

ပြောရင်း နွေးနွေး ငိုလိုက်ပေတော့သည်။

"မပြန်သေးဘူး သမီး။ လာကတည်းက ဒီကိစ္စ ဒီရည်ရွယ်ချက်နဲ့ လာခဲ့တာ၊ ဒါတွေအားလုံး ပြောပြပြီးမှ ပြန်သင့်ရင်ပြန်မယ်၊ ကဲ ... ဒီမယ် ... အောင်လွင်"

"ပြောပါ ဦးအောင်နွေး"

"ဒီမယ် ငါ့ကို မင်း သေချာကြည့်စမ်း"

ဦးအောင်နွေးသည် နဖူးအုပ် ခေါင်းပေါင်းထားသော မျက်နှာသုတ်ပဝါကြီးကို ချွတ်လိုက်သည်။ တပ်ထားသော ကိုင်းအပြာကြီးမားသော နေကာမျက်မှန်ကိုလည်း ချွတ်လိုက်သည်။

ဦးအောင်လွင်က ငိုနေသော နွေးနွေးကို ငုံ့ကြည့်နေရာမှ ဦးအောင်နွေးအား မျက်နှာချင်းဆိုင် ပြန်ကြည့်လိုက်သည်။

"ငါ့ရောဂါဟာ ကျကျနန ပြန်ပြီးကုသရင် ပြန်ကောင်းလာနိုင်တယ်လို့ ငါ့ကိုကုတဲ့ ဆရာဝန်က ပြောတယ်"

"ဟုတ်နိုင်လောက်သားပဲ၊ ခင်ဗျားရုပ်က ဆိုးဆိုးဝါးဝါးကြီး ပျက်စီးသေးတာမှ မဟုတ်တာ"

"အေး ... ဒါပေမယ့် ကုသရာမှာ မန္တလေးအနာကြီးဆေးရုံတက်ပြီး ကုရမယ်တဲ့။ ဆေးရုံက ကျွေးတဲ့ အစားအသောက် ပဲစားရမယ်၊ ဆေးရုံစည်းကမ်းအတိုင်း နေထိုင်ရမယ်၊ လိုအပ်တဲ့ဆေး မှန်မှန်သောက်ရမယ်။ အပြင်မှာလို ပေါ့ကာရ

www.burmeseclassic.com

www.burmeseclassic.com



စားချင်တာ စားလို့မရဘူး။ အနေမှန်၊ အစားမှန်၊ ဆေးဝါး မှန်မှန်နဲ့ ကုသရင် တစ်နှစ်နဲ့ ခြောက်လအတွင်းမှာ နဂို အတိုင်း ပြန်ကောင်းလာနိုင်တယ်တဲ့"

"အဲဒီတော့ ..."

"အဲဒီတော့ ငါ စိတ်အေးလက်အေး ဇိမ်ကျလက်ကျနဲ့ နောက်ဆုံးမတင်း မန္တလေးဆေးရုံမှာ တက်ကုချင်တာယ် ပေါ့ကွာ"

"အဲဒါ ... သိပ်ကောင်းတာပေါ့ ... ဘာလဲ ဆေးရုံတက်ဖို့ ခင်ဗျားမှာ ငွေကြေးအကူအညီ လိုနေသလား။ ပြော ... ဘယ်လောက်လိုလဲ ကျုပ် ကူညီမယ်"

"မင်း ... ငါ့ကို ငွေစကား မပြောနဲ့ အောင်လွင်။ မင်းဆီ က ငွေကြေး တစ်ပြားမှ ငါ အကူအညီ မလိုဘူး။ ငါ့မှာ ငွေအလုံအလောက်ရှိတယ်။ ဒီမယ် အောင်လွင်"

"ပြောပါ ..."

"ငွေဆိုတာ လူတွေရဲ့စားဝတ်နေရေး၊ အဘက်ဘက်က ကိစ္စတွေမှာ ဖလှယ်ပစ္စည်းတစ်ခုအနေနဲ့သာ အသုံးဝင် အရာရောက်တာပါ။ လူတွေရဲ့ ရင်ထဲက မေတ္တာ၊ ကရုဏာ၊ မုဒိတာဆိုတဲ့ နှလုံးသားရေးရာ ကိစ္စတချို့မှာတော့ ငွေဆို တာ မထိရောက်ပါဘူးကွ"

"ဆက်ပြောပါ ဦးအောင်နွေး"

"အခုငါလာပြီး အရှက်မရှိ မျက်နှာအောက်ချပြီး မင်းဆီကို ငါ လာတာဟာ မင်းဆီက မေတ္တာ ကရုဏာ မုဒိတာဆိုတဲ့ အကူအညီကို မျှော်လင့်လို့ပဲ"



"ပြောပါဦး ... ကျုပ်ဆီက ဘယ်လို မေတ္တာ၊ ကရုဏာ၊ မုဒိတာမျိုးလဲ ဦးအောင်နွေး"

"မင်းမှာ သမီးလေးတစ်ယောက် ကျန်ရှိခဲ့တယ် မဟုတ် လား"

"အား ... ရှိတယ်လေ ... သဲသဲပေါ့ ... အိမ်မှာတော့ မွေးကတည်းက ချစ်စနိုးခေါ်ခဲ့တဲ့နာမည် သဲသဲပေါ့ဗျာ။ ကျုပ်ရဲ့အသည်းဆိုပါတော့ ... ဟဲ ... ဟဲ ... ကျောင်းမှာတော့ သမီးနာမည်က အရှည်ကြီးဗျ။ အေးမြစန္ဒာလွင်တဲ့လေ။ နောက်ဆုံး'လွင်'ကတော့ ကျုပ် ဖအေ နာမည်တစ်လုံး အမှတ်တရ တွဲတာတဲ့လေ ... သမီးလေး ကျောင်းနာမည် ကလည်း စန္ဒာဆိုတာ အေးမြတာပဲ မဟုတ်လား။ ကျုပ် သမီးလေးက ကျုပ် နှလုံးသားကို အမြဲအေးမြစေတယ်လေ။ ကျောင်းနာမည် အေးမြစန္ဒာဆိုတာလည်း ကျုပ်အဖို့ ရင်အေး စေတယ်ပေါ့ဗျာ"

သမီးအကြောင်းကို ဦးအောင်လွင် ပြောပုံမှာ အူလှိုက် အသည်းလှိုက်သံ ပေါက်နေသည်။ အမြဲတင်းနေသော မျက်နှာကြီး ကလည်း လျော့ပြီး ပျော့သွားသည်ဟု ထင်ရသည်။

ဆက်ပြီး အားပါးတရ ဦးအောင်လွင်က သမီးသဲသဲ အကြောင်း ပြောသည်။

"အခု ကိုးတန်းတောင် ရောက်နေပြီ။ အသက်ဆယ့်လေး နှစ်ကျော်လို့ ဆယ့်ငါးနှစ်ထဲဝင်တာ လပိုင်းပဲ ရှိသေးတယ်၊ သဲသဲက ဉာဏ်သိပ်ကောင်းတယ်ဗျ။ ကျောင်းနေကတည်းက ခုချိန်ထိ စာမေးပွဲတိုင်းမှာ ပထမတစ်လှည့်၊ ဒုတိယတစ်

www.burmeseclassic.com

www.burmeseclassic.com



လှည့်ပဲ၊ ဘာသာရပ်အမှတ်တွေကို ဖွက်ကြည့်လည်း အမြဲတမ်း ဂုဏ်ထူးမှတ်တွေ ရတာချည်းပဲ"

ယခုလို အပြုံးအရယ်နှင့် အတင်းအမာ မရှိသော ဦးအောင်လွင်၏ မျက်နှာသည် သိသိသာသာကြီးကို နွမ်းညှိုးသွားပါ၏။

သမီးသဲသဲ အကြောင်းပြောရာတွင် လျှာခလုတ်တိုက် မတတ် အာဝဇ္ဇန်းကောင်းလှသည်။ အားဆေး၊ မာန်တွေအပြည့် ပါဝင်နေသည်။

"မင်းရဲ့ သမီးလေး သဲသဲကို မင်း သိပ်ချစ်တာပဲလား အောင်လွင်"

"ဘယ့်နှယ် ပြောလိုက်ပါလိမ့် ဦးအောင်နွေးရာ ...။ သဲသဲ အသက်ရှစ်နှစ်သာသာလေးက သူ့အမေက သူ့ကို ပစ်သွားတာပဲ။ ကျုပ်က သဲသဲကို အဖေလိုလည်း ချစ်တယ်၊ မအေမရှိတော့ မအေလိုလည်း ချစ်ရတယ်လေဗျာ။ မိခင် စွန့်ပစ်ခြင်းခံရတဲ့ သမီးမို့ အကြင်နာ ကရုဏာတွေကလည်း တအားကြီး ဖြစ်ရတယ်လေ"

"အေး ... မှန်တယ် ... သိပ်ကိုမှန်တယ်၊ ငါလည်း မင်း လိုပဲပေါ့ အောင်လွင်။ မသက်ထား ဆုံးပြီးတဲ့နောက် ငါလည်း မင်းလိုပဲ နွေးနွေးရဲ့ ဖခင်အနေနဲ့ရော၊ နွေးနွေးရဲ့ မိခင်အနေနဲ့ရော ချစ်ရတဲ့အပြင် အမိမဲ့သမီးလေးမို့ အကြင် နာ၊ ကရုဏာတွေ အလေးအများကြီးပိုရတယ်"

ဦးအောင်လွင် ညင်သာစွာ ခေါင်းညိတ်သည်။

"အခု နွေးနွေးဟာ မန္တလေး ဆေးတက္ကသိုလ်မှာ နောက်ဆုံး အမ်ဘီ ဖြေပြီးပြီ။ အခု ငါ မင်းဆီကို လာခဲ့တာ နွေးနွေး



ကို မန္တလေးဆေးတက္ကသိုလ်ကနေပြီး ရန်ကုန် ဆေး တက္ကသိုလ်(နှစ်)ကို ပြောင်းရွှေ့ချင်လို့ လာခဲ့တာ"

"သူ့ဟာသူ မန္တလေးဆေးမှာပဲ အရှိန်ကောင်းနေသားနဲ့ ဘာလို့ ရန်ကုန်ဆေး(နှစ်)ကို ပြောင်းရွှေ့ချင်တာလဲ ဦးအောင်နွေး"

"ပြောခဲ့ပြီလေ၊ ငါက မန္တလေးအနာကြီးကု ဆေးရုံမှာ တက်ကုချင်တယ်၊ စိတ်အေးလက်အေးနဲ့ နွေးနွေးကို နောက်ဆုံမငင်ဘဲ ငါ တက်ရောက်ကုသချင်တယ်"

"နွေးနွေးကို ဆေးတက္ကသိုလ်ဘော်ဒါဆောင်ပို့လိုက်ပေါ့။ ခင်ဗျား မန္တလေးအိမ်ကို အိမ်ငှားထားရင် အပိုဝင်ငွေလည်း ရနိုင်သေးတာပဲ"

"အဆောင်ဘော်ဒါ ပြောင်းနေလို့ မရဘူးလေကွာ။ နွေးနွေး ဆယ်တန်းအောင်တာကိုက မန္တလေးကအောင်တာ။ ဒီမြို့ ကအောင်တဲ့ လူတွေကို ဘော်ဒါဆောင်က လက်မခံဘူး"

"ဒါကတော့ ယေဘုယျ သတ်မှတ်ချက်ပေါ့ဗျာ။ ဒါပေမယ့် ဖခင် ဆေးရုံနှစ်နှစ်ပြီး တက်ရောက်ကုသရမယ်၊ မိခင် ကွယ်လွန်သွားပြီ။ ဦးလေးအဒေါ်စသည် ဆွေမျိုးအရင်းအချာ မရှိဘူး။ မိန်းမပျိုလေးလည်း ဖြစ်နေတယ်ဆိုတဲ့ အချက်နဲ့ ဘော်ဒါဆောင် အုပ်ချုပ်ရေးအဖွဲ့ကို ထောက်ခံချက် အပြည့်အစုံနဲ့ တင်ပြရင် လက်ခံမှာပါ"

"မဟုတ်သေးဘူး အောင်လွင်၊ မန္တလေးမှာ ငါ့သမီးကို မနေစေချင်တဲ့ အခြားအကြောင်း အချက်တွေလည်း ရှိနေသေးတယ်။ အင်း ... ပြောရင်တော့ကွာ ... ငါဟာ

www.burmeseclassic.com

www.burmeseclassic.com



အနာကြီးရောဂါ ဖြစ်နေတယ်ဆိုတာ မန္တလေးက လူတွေ သိနေတယ်။ တဖြည်းဖြည်း လူသိပိုတောင်များလာတယ်။ မန္တလေးမှာ ငါ့သမီးဟာ အနာကြီးရောဂါသည်ရဲ့ သမီးဆိုပြီး မျက်နှာပိုပြီး ငယ်ငယ်လာတယ်။ ခီခင်မဲ့သမီးဆိုပြီး စော်ကားမော်ကား လုပ်ချင်သူတွေလည်း ရှိလာတယ်"

"ဖေဖေရယ် တော်ပါတော့၊ ညောင်မြစ်တူး ပုတ်သင်ဥ ပေါ်တွေ ဖြစ်လာပြီ"

နွေးနွေး ပြောင်ရင်း ငိုရှုပြန်သည်။

ဦးအောင်လွင် ငိုရှိုက်သဖြင့် သိမ့်သိမ့်ခါနေသော နွေးနွေး၏ ကျော့ရှင်းသော ကျောပြင်လေးကို ငေးကြည့်နေသည်။

ဦးအောင်နွေးကတော့ ဒီကိုလာတာဒီကိစ္စတွေကြောင့်ဟု ခိုင်မာသောခံယူချက်ဖြင့် ဆက်၍ ပြောမြဲပြောသည်။

"ဒါတင်မကသေးဘူး အောင်လွင် ... မန္တလေးမှာ သမီးအတွက် အကြီးမားဆုံး အန္တရာယ်ကြီးတစ်ခု ရှိနေတယ်။ လှိုင်ဘွားဆိုတဲ့ ကောင်လေးတစ်ယောက်ရဲ့ အန္တရာယ်ပဲ"

"လှိုင်ဘွား ... ဟုတ်လား။ သူ့ကို ဘာလို့ နွေးနွေးနဲ့ ဦးအောင်နွေးက ကြောက်နေရတာလဲ"

နွေးနွေးသည် ဖခင်ကို ဘယ်လိုမှ ဟန့်တားလက်လျှော့ခိုင်း၍ မရတော့သဖြင့် မြေပြင်တွင် ပုဆစ်တုပ်လေးထိုင်နေရာမှ ထပြီး ပိတောက်ပင်ရင်းကြီးသို့ လျှောက်သွားကာ ပိတောက်မြစ်ပေါ်တွင် ထိုင်၍ ငိုနေတော့သည်။

ဒါကိုလည်း ဦးအောင်လွင်က လိုက်၍ကြည့်ပါ၏။

"လှိုင်ဘွားဆိုတာ မန္တလေးက လူချမ်းသာတစ်ဦးရဲ့ သားပါ။



တစ်ယောက်တည်းသော သားဖြစ်တယ်၊ မိဘက သိပ်အလိုလိုက်ထားတယ်၊ ငွေကို သုံးချင်သလို သုံးတယ်၊ သူ့မှာ နောက်လိုက်အပေါင်းသင်း လူဆိုးတွေ အများကြီး ရှိတယ်၊ အပွဲ့လိုက် ရှိတယ်၊ ဒီပြင် တခြားကောင်လေးတွေကတော့ နွေးနွေးကို အခြေအနေအရ လွယ်လွယ်နဲ့ ရမယ်ဆိုတဲ့ အထင်သေးနဲ့ လိုက်ကြတယ်၊ မရမှန်းသိတော့ သူတို့ဘာသာ နောက်ပြန်ဆုတ်သွားကြတယ်၊ လှိုင်ဘွားကတော့ လွယ်လွယ်နဲ့ မရမှန်းသိတော့ နွေးနွေးကို ဖွတ်ကားတင်ခိုးပြေးမယ်ဆိုတဲ့သတင်း ကြားရတယ်။ ဒီတော့ သမီးနွေးနွေးကို မန္တလေးမှာ ဘော်ဒါဆောင်မှာပဲဖြစ်ဖြစ်၊ ငါ့မျက်စိကွယ်ရာမှာ ထားကိုမထားချင်လို့ပဲ"

ဦးအောင်လွင်သည် ခါးကြားထိုးထားသော ဒန်းဟီး(လ်)ဆေးတံကို ထုတ်ယူသည်။ ကပ်(စ်)တန်ဆေးတန် သောက်ဆေးဘူးပြားကိုလည်း ထုတ်ယူပြီး ဆေးတစ်ဆုံထည့်ပြီး မီးညှိဖွာလိုက်သေးသည်။ ဆေးငွေ့များ မှုတ်ရင်း စကားပြန်ပြောသည်။

"တစ်အချက် ရောဂါပျောက်တဲ့အထိ ဦးအောင်နွေး ဆေးရုံတက်ကုသချင်တယ်၊ နှစ်အချက် မန္တလေးမှာ နွေးနွေးဟာ ခင်ဗျားရဲ့သမီးလို့ လူသိများနေတဲ့ကြားက ရှန်းထွက်ချင်တယ်၊ သုံးအချက် မန္တလေးမှာ ခင်ဗျားသမီးကို လူတွေက အထင်သေးအမြင်သေးနဲ့ လက်တဲ့စမ်း စော်ကားချင်ကြတယ်။ လေးအချက် မရမက ကားတင်မယ်ဆိုတဲ့ လှိုင်ဘွားဆိုတဲ့ လူရဲ့လက်က ခင်ဗျားသမီး လွတ်စေချင်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ငါးအချက် ဆရာဝန်ဖြစ်သွားတဲ့အထိ ခင်ဗျားသမီးကို အေးအေးဆေးဆေး ပညာသင်ကြားစေချင်တယ်။ အဓိက အဲဒီအချက် ငါးချက်ပဲ မဟုတ်လား ဦးအောင်နွေး”

“အေး ... မင်းပြောတဲ့ အချက်တွေအတိုင်းပဲ”

“အင်း ... ကျုပ်ဟာ ဦးအောင်နွေးရဲ့ ရင်းနှီးခင်မင်ခဲ့တဲ့ မိတ်ကောင်းဆွေကောင်း တစ်ယောက်အနေနဲ့ရော၊ အလား အလာကောင်းတဲ့ ခင်ဗျားသမီးအတွက်ရော၊ လူမှုရေးအရ ရော၊ ကျုပ်မှာ ကူညီနိုင်တဲ့ အခြေအနေ ရှိနေတာရော တွေကြောင့် ကူညီသင့်တာ အမှန်ပဲ ... ဒါပေမယ့် ...”

ဦးအောင်လွင်က ဆက်မပြောသေးဘဲ ဆေးတံကို ဖွာနေသေးသည်။

“ဒါပေမယ့် ဘာဖြစ်လဲ အောင်လွင်”

“ခင်ဗျားသမီး နွေးနွေးကို ပြန်ခေါ်လိုက်ပါ ကျုပ် ဆက်ပြောမယ့်စကားကို နွေးနွေး ကိုယ်တိုင် ကြားသင့်တယ်ထင်လို့”

ဦးအောင်နွေး နွေးနွေးရှိရာ ပိတောက်ပင်ရင်းသို့ လိုက်သွားသည်။ လေးငါးမိနစ်လောက် ဖအေက သမီးကို ပြောသည်။ ဘာတွေပြောမှန်းတော့ ဦးအောင်လွင် မကြား။ ငိုရှိုက်ပြီး မန္တလေးသို့ ပြန်ပါရစေဟု ပြောဆိုသည်ကို ဦးအောင်နွေးက ဖျောင်းဖျနေသည့်စကားတွေပဲ ဖြစ်ပေမည်။

မည်သို့ဖြစ်စေ နွေးနွေးသည် သူမ၏ မျက်ရည်များကို လက်ဖမိုးနှစ်ဖက်ဖြင့် သုတ်ပစ်ရင်း ဦးအောင်နွေးနှင့်အတူ လိုက်လာသည်။



နွေးနွေး၏ မျက်ခွံလေးနှစ်ဖက် မို့နေသည်။ နှာသီး ထိပ်လေး ဖူးကာ နီရောင်သမ်းနေသည်။ နှုတ်ခမ်းစုံလေးမှာ နဂို သကာ် ပိုမိုဖူအမ်းလာပြီး နှုတ်ခမ်းနီမဆိုးပဲလျက် ပန်းနုသွေးရောင် ရှိနေသည်။

တအားငိုထားသူတိုင်းတွင် ဖြစ်တတ်သည့် လက္ခဏာ များဖြစ်၍ မဆန်းသော်လည်း ဦးအောင်လွင်က နွေးနွေးမျက်နှာ လေးကို တရှုးတစိုက် ကြည့်မိပြန်သည်။

“ကျုပ် ပြောပြီ။ နွေးနွေးကို ကျုပ် အိမ်မှာလက်ခံနေထိုင်ဖို့ ကျုပ်မှာ ဆန္ဒရှိပါတယ် ဦးအောင်နွေး၊ ဒီအိမ်မှာ နွေးနွေး အတွက် သီးသန့်အခန်း ပေးနိုင်တယ်၊ ကျောင်းတက် ကျောင်းဆင်း လုံခြုံမှုရှိအောင် ကျုပ် အိမ်ကကားနဲ့ ပို့နိုင် ကြိုနိုင်တယ်၊ ဒီအိမ်မှာ လူတစ်ယောက် ပိုလာလို့ ကျုပ်အဖို့ အပန်းမကြီးဘူး၊ ဒါပေမယ့် ကျုပ်မှာ အခက်အခဲ တစ်ခုတော့ ရှိတယ် ဦးအောင်နွေး”

“ပြောပါ အောင်လွင် ... မင်း အခက်အခဲကို”

“အခုကိစ္စမှာ အဓိက အကျဆုံးက သဲသဲပဲ၊ ကျုပ်သမီး သဲသဲလေးပဲ၊ နွေးနွေးကို လက်ခံဖို့ ကျုပ်သမီး သဲသဲနဲ့ တိုင်ပင်ရမယ်။ ရှင်းရှင်းပြောရရင် ကျုပ်က လက်ခံချင်ဦး တော့ သမီးလေးသဲသဲက လက်မခံဘူးဆိုရင်တော့ ဆောရီးပဲ ဦးအောင်နွေး ...။ ကျုပ်သမီးသဲသဲက လက်ခံတယ်ဆိုရင် တော့ အားလုံးအိုကေပဲ”

စကားဝိုင်း ငြိမ်သွားသည်။

သံမဏိစိတ်ဖြင့် ဖွင့်အတင်းပြောနေသော ဦးအောင်

www.burmeseclassic.com

www.burmeseclassic.com



နွေးသည် ငိုင်၍ စဉ်းစားပါ၏။

မိမိပင်လျှင် ဖအေတစ်ခု သမီးတစ်ခုမို့ သမီးနွေးနွေး အပေါ် သိပ်ချစ်သလို အောင်လွင်ကလည်း အမိစွန့်ပစ်သွားသည့် သမီးလေးအား မိမိကဲ့သို့ပင် အလွန်အမင်း သိပ်ချစ်ရှာပေမည်။ သမီးလေး စိတ်မချမ်းသာဖြစ်မည်ကို ဘာမှမလုပ်လိုသည်ပဲ ဖြစ်ရမည်။

"အေး ... မင်းပြောတာ ငါ ကိုယ်ချင်းစာပြီ၊ တရားနည်းလမ်း သိပ်ကျတယ်အောင်လွင်၊ ဒီကြားထဲကပဲ ငါမင်းကို တစ်ခု ထပ်တောင်းပန်ချင်တယ်၊ သဲသဲနဲ့ မင်းနဲ့ တိုင်ပင်တဲ့အခါ နွေးနွေးကို ဒီအိမ်မှာ လက်ခံထားသင့်ကြောင်းဘက်က အချက်အလက်တွေ ကလေးနားဝင်အောင် ပြောပေးပါလား အောင်လွင်၊ သဲသဲဟာ သိပ်ငယ်သေးတဲ့ ဟိုက်စကူး ကျောင်းသူလေး အရွယ်ပဲရှိသေးတော့ သူ့ကိုယ်ပိုင်ဦးနှောက် က သူသိပ်ချစ်တဲ့ ဖအေရဲ့စကားဟာ သူ့ကို နားဝင်လက်ခံ နိုင်မှာမို့ပဲ အောင်လွင်။ နောက်တစ်ချက်က နွေးနွေးဟာ မင်းနဲ့ ဘယ်လိုမှ သွေးသားမစပ်ပေမယ့် သဲသဲကျတော့ ညီအစ်မတစ်ဝမ်းကွဲ တော်တယ်ဆိုတာကိုလည်း ပေါ်လွင် အောင် ထည့်ပြောပေးပါ"

"စိတ်ချ .... အဲဒါတွေ သဲသဲကို ပြောပြပေးမယ်၊ လည်ဆယ်လိမ်ညာပြောရတာတွေမှ မဟုတ်တာ၊ အမှန် အတိုင်း ပြောရမှာဆိုရင် ကျုပ် ဝန်မလေးဘူး၊ စိတ်ချ၊ ဒါဟာ နွေးနွေးနဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ စကားပဲ၊ ဒီမယ် ... နွေးနွေး ..."



"ရှင် ... ဦးလေးလွင်"

နွေးနွေးသည် အောင်လွင် ခေါ်လိုက်သည်ကို ဦးလေး လွင်ဟုပင် အလိုလိုနှုတ်မှ ပြန်ထူးမိလိုက်သည်။

နွေးနွေး၏ ရင်ထဲတွင် အဒေါ် ခေါ်သီဂီမှာ အဒေါ် ရင်းဖြစ်နေသောကြောင့် ခင်ပွန်းဟောင်း ဦးအောင်လွင်ကိုလည်း ဦးလေးဟု စိတ်ထဲတွင် မှတ်ယူထားချက်ကြောင့်ရော ...

ပြီး ခြံစောင့်ကြီး ဦးဂေါ်ယာနှင့် ဘဏ္ဍာစိုး ဒေါ်ပြုံးက ဦးအောင်လွင်အား "ဆရာလွင်"ဟု ခေါ်သည်ကို ကြားရသည် ကြောင့်ရော ...

ဦးလေးလွင်ဟု အလိုလို နှုတ်မှ ခေါ်ထုတ်မိခြင်း ဖြစ်ပေသည်။ တမင်တကာ ဦးအောင်လွင် ကျေနပ်စေရန် တမင် လုပ်ခေါ်လိုက်ခြင်း လုံးဝမဟုတ်မှန်း ကိုယ့်ဟာကိုယ် အသိဆုံး ဖြစ်ပါ၏။

"တကယ်လို့ သဲသဲက သဘောတူ လက်ခံလို့ မင်းကို ဒီ အိမ်မှာ လက်ခံလိုက်ပြီဆိုပါတော့ အဓိက အရေးအကြီးဆုံး မင်း ဆင်ခြင်ရှောင်ကြဉ်ရမှာက မင်းအဒေါ် သီဂီကို မင်း လုံးဝ ဒီအိမ်ကနေပြီး မဆက်သွယ်ရဘူး ကြားလား"

"ဟုတ်ကဲ့ပါ"

"သမီးသဲသဲကိုလည်း သူ့အမေ သီဂီနဲ့ ပတ်သက်တဲ့စကား အဆိုးအကောင်း လုံးဝ မပြောရဘူး၊ သမီးသဲသဲကို သူ့ အမေနဲ့လည်း လုံးဝ အဆက်အဆံမရှိစေရဘူး၊ ကြားတယ် နော်"

"ဟုတ် ... ဟုတ်ကဲ့ ကြားပါတယ် ဦးလေးလွင်"

www.burmeseclassic.com

www.burmeseclassic.com



"နောက်ရှိသေးတယ်၊ သဲသဲဟာ သူ့အမေအကြောင်း မင်းကို မေးချင်မေးမယ်၊ အိုကွာ ... မင်းက သိဂ်ိရဲ့ တူမ ဆိုတော့ သဲသဲက သူ့အမေအကြောင်းမေးမှာ သေချာတယ်၊ သူ့အမေအကြောင်း သဲသဲကို ဘာဆိုဘာတစ်လုံးမှ မပြောနဲ့။ ငါ့ကို သူ့အကြောင်း မမေးစေချင်လို့ သူ့အမေသိဂ်ိ သေပြီလို့ ငါ ပြောထားတယ်၊ မင်း နားလည်ပါတယ် နော်"

"ဟုတ်ကဲ့ နားလည်ပါတယ်"

"အေး ... ဒါဆိုပြီးရော၊ ငါ ထင်ပါတယ်၊ မင်းကို ဒီအိမ်မှာ သဲသဲက လက်ခံမှာပါ၊ သဲသဲက မင်းလို ချောချောလှလှ မိန်းကလေးတွေဆိုရင် သိပ်ခင်မင်ချင်တတ်တာ။ သူ ကျောင်းမှာ အိမ်ကပွင့်တဲ့ သစ်ခွပန်းလှလှတွေ သဇင်ပန်းတွေဆိုရင် ကျောင်းက ချောချောလှလှ ဆရာမကို မှ သဲသဲက ရွေးပြီး ပေးတတ်တာ၊ နောက်ပြီး သဲသဲဟာ အစ်ကိုတို့ မောင်လေးတို့၊ အစ်မတို့ ညီမလေးတို့ အရမ်း လိုချင်တာ၊ အခု မင်းက သူ့အစ်မတစ်ဝမ်းကွဲ ဆိုတော့ သဲသဲက မင်းကို လိုလိုလားလား ဖြစ်မှာပါ၊ ဝမ်းတောင် သာမှာပါ၊ ကဲ ... ငါပြောချင်တာ ဒါလောက်ပဲ"

ဦးအောင်နွေးက သူ့သက္ကလပ်တိုက်ပုံအင်္ကျီ အတွင်း အိတ်ထဲမှ အထုပ်တစ်ခု ထုတ်ယူလိုက်သည်။

"ဒီငွေထုပ်ဟာ တစ်သိန်းထုပ်ပဲ အောင်လွင်။ နွေးနွေး ကျောင်းစရိတ်အတွက် မင်း ယူထားပါ။ နောက်ထပ်လည်း မန္တလေးက ငါ ပို့ပေးဦးမှာပါ"





ဦးအောင်လွင်က ခေါင်းခါပြလိုက်သည်။

"မလိုဘူး ဦးအောင်နွေး၊ ကျုပ် ပြောခဲ့ပြီပဲ။ နွေးနွေးကို ကျုပ် ဒီအိမ်မှာ လက်ခံရလို့ ဘာမှ အပန်းမကြီးဘူးလို့၊ ခင်ဗျား ဒေသကုဖို့ ပြန်ယူသွားပါ။ နောက်တစ်ခု ရှိတာက အခု ကိစ္စက မပြတ်သေးဘူး၊ သဲသဲကျောင်းဆင်းလို့ ပြန်လာပြီး သဲသဲနဲ့ တိုင်ပင်ပြီးမှ ကိစ္စက ပြတ်မှာ။ သဲသဲ ကျောင်းက သုံးနာရီခွဲဆင်းမယ်၊ ကိုမှိုင်း ကားနဲ့ သွားကြို နေပြီ မကြာခင် သဲသဲပြန်လာတော့မှာပါ"

"ဒါဆို ... ငါလစ်တော့မယ် အောင်လွင်၊ သဲသဲပြန်လာ လို့ သူ့အစ်မရဲ့ အဖေဟာ အနာကြီးရောဂါသည်လို့ မြင် သွားရင် နွေးနွေးကို လက်ခံဖို့အတွက် သူ့စိတ်ထဲ စနောင့် စနင်း ဖြစ်သွားနိုင်တယ်"

"အဲဒါတော့ မှန်တယ်၊ ခင်ဗျား သွားတော့။ ကျုပ်အိမ်က ဖုန်းနံပါတ်ယူသွား၊ ညနေ ငါးနာရီလောက်ကျရင် ပြန်ဆက်၊ သဲသဲက နွေးနွေးကို လက်ခံတယ်ဆိုရင် ကိစ္စပြီးပြီ။ အဲ ... သဲသဲက လက်မခံနိုင်ဘူးဆိုရင်တော့ ခင်ဗျားသမီး နွေးနွေးကို ခင်ဗျား ပြန်လာခေါ်သွားပေတော့"

ဦးအောင်လွင်က သူ့ရှပ်အင်္ကျီအိတ်ထဲတွင် ဆောင် လာရှိသည့် သူ့အိမ်သူ့ဖုန်းနံပါတ်ပါဝင်သော ဗစ်စစ်ကတ် ပြားတစ်ခု ဦးအောင်နွေးအား ပေးလိုက်သည်။

"ကဲ ... နွေးနွေး ... ဖေဖေ သွားမယ်၊ သမီးကိစ္စ အဆင်ပြေရင် ဖေဖေ တစ်ခါတည်း နှုတ်ဆက်ခဲ့တာပဲ၊ အဲ အဆင်မပြေရင်တော့ ညနေ ဖေဖေ ပြန်လာခေါ်မယ်၊

www.burmeseclassic.com

www.burmeseclassic.com



ရော့ ဒီငွေတွေ သမီး ယူထားလိုက်၊ သုံးချင်တာရှိရင် သုံးရတာပေါ့၊ ဖေဖေ့မှာ ဆေးကုဖို့ရော မန္တလေးမှာ နေဖို့ရော မန္တလေးဘဏ်မှာ ငွေအလုံးအလောက်ရှိတယ်။ ကဲ... သွားပြီ ... သမီး”

နွေးနွေး ငိုချရပြန်လေပြီကော။

နွေးနွေး မြေပြင်တွင် ပဆစ်တုပ်ထိုင်ကာ ဖေဖေ ဦးအောင်နွေးအား မျက်ရည်စက်လက်ဖြင့် ဦးသုံးကြိမ် ကန်တော့ပေသည်။

“သာဓုကွယ် ... သာဓု ... သာဓု ... ငါ့သမီးနွေးနွေး အရေးခပ်သိမ်း အောင်မြင်ပါစေ၊ အဆင်ချောပါစေ၊ ကျန်းမာရေး ပြည့်ဝပါစေ၊ အေး ... အရိပ်ကိုလိုရင်တော့ နည်းနည်း လောက် နေပူထဲက ရှောင့်ရမှာပဲ သမီး၊ တစ်နေ့တစ်ရ ပုဂံဘယ်မရွှေ့ဆိုတဲ့ အမြဲရှိထားပါ၊ အရေးကြီးဆုံး စိတ်ဓာတ်ပဲ၊ သမီး ဆရာဝန်ဖြစ်တဲ့ အချိန်မှာ ဖေ လည်း ဒီရောဂါဆိုးကြီး ပျောက်နေပါပြီ၊ အဲဒီပေ မန္တလေးအိမ်ကို ရောင်းပြီး သမီးတာဝန်ကျရာ ဒေသမှာ သမီးနဲ့ ဖေဖေ ပျော်ပျော်ပါးပါး အတူနေကြတာ ကွယ်”

ဘေးမှ ကြည့်နေသော ဦးအောင်လွင်၏ နှလုံးသ မှာ နင့်ခနဲ ကျင်ခနဲ ခံစားလိုက်ရပါ၏။

“ဩော် ... ဦးအောင်နွေး၊ ရန်ကုန်ဆေးတက္ကသိုလ် ပြော ဖို့အတွက် စာရွက်စာတမ်းတွေ ခွင့်ပြုချက်တွေနဲ့ လိ တာတွေကော”



“အဲဒါတွေအားလုံး နွေးနွေးဆီမှာ အပြည့်အစုံရှိတယ်၊ ပါတယ်”

ဤသည်ဖြင့်လျှင် နွေးနွေးတို့သားအဖ မန္တလေးမှ ရန်ကုန်သို့ လာခဲ့ရသော အကြောင်းပါတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ပြုံးကို အဖော်ပြုကာ ရေမိုးချိုး ကိုယ်လက်သန့်စင်၊ အင်္ကျီ ထဘီလဲသည်။ မျက်နှာတွင် ပေါင်ဒါခပ်ပါးပါးလေး ဖို့သည်။ ဆံပင်ကို နောက်လှန်အပိဖြီးပြီး အရှည်ကို နောက်ကျောမှာပင် ဖားလျားသားရှိပြီး ဦးအောင်လွင်ရှိရာ ပိတောက်ပင်အောက်သို့ ပြန်လာထိုင်နေပေသည်။

ကိုယ်လက်သန့်စင်ပြီး အနည်းအကျဉ်းလေး ပြင်ဆင်သည်ပင် နွေးနွေးသည် ပို၍ချော၊ ပို၍လှလာသည်ဟု ဦးအောင်လွင် မှတ်ချက်ပြုမိပါ၏။

ညနေ(၄)နာရီ သာသာလေးမှာပင် တိုယိုတာဆန်နီ ရူပါ ကားအဖြူရောင်တစ်စီး ခြံထဲသို့ မောင်းဝင်လာပြီး အိမ်ကြီး၏ ပေါ်တီကိုအောက်တွင် ရပ်လိုက်သည်။

ကားပေါ်မှ အင်္ကျီအဖြူလက်ရှည် ထဘီအစိမ်းလေး နှင့် သဲသဲ ဆင်းလာသည်။

အိမ်ထဲသို့ မဝင်ပေ။ ခြံထဲ ကားဝင်ကတည်းက သူမ၏ ဖေဖေလွင် ခြံထဲ ပိတောက်ပင်အောက်တွင် ဝှီး(လ်)ချဲယား နှင့် ထိုင်နေသည်ကို တွေ့ထားပြီး ဖြစ်သဖြင့် သူမ၏ ဖေဖေလွင် ရှိရာသို့ တန်းလာပေသည်။

ရိုးရိုးလျှောက်လာခြင်း မဟုတ်။ ခုန်ပေါက်ပြေး လာခြင်းမျိုး ဖြစ်သည်။ ကျောင်းလွယ်အိတ်ကို ဘဲလည်ပင်း၊ ကြက်လည်ပင်း ဆွဲသလို ဆွဲရုံမက လေထဲတွင် ပတ်ချာပိုင်းလာပါ၏။

သဲသဲကို မြင်သည်နှင့် နွေးနွေး ရင်ခုန်တော့သည်။

သဲသဲလက်ခံလေမှ ဤအိမ်တွင် မိမိ နေခွင့်ရမည် ဟူသော စိုးရိမ်စိတ်ကြောင့် နွေးနွေး ရင်ခုန်ခြင်း လုံးဝမဟုတ်ပါလေ။

www.burmeseclassic.com

## ၃

"မင်း ... အငိုတိတ်တော့ရင် ကောင်းမယ် နွေးနွေး။ မ… အတွက် ဖခင်ဦးအောင်နွေးနဲ့ ခွဲခွာရလို့ ဘယ်လော… ဝမ်းနည်းမယ်ဆိုတာ ငါ ခန့်မှန်းနိုင်ပါတယ်။ ဒါပေမ… သဲသဲ ကျောင်းက ပြန်လာလို့ မင်း ငိုနေတာကို ငါ… အတူတူတွေ့သွားရင် သဲသဲရဲ့ ပထမဆုံး မြင်ကွင်းဟာ… ဇဝေဇဝါတွေ ဖြစ်နိုင်တယ်။ မင်းမှာ အလှပြင်ပစ္စည်းပါ… အိမ်က ဒေါ်ပြုံးကို ခေါ်ပြီး ရေမိုးချိုး ကိုယ်လက်သန့်စင်… နည်းနည်းပါးပါး ဖြီးလိမ်းထားပါလား၊ သဲသဲက ချော… လှတဲ့ အမျိုးသမီးဆိုရင် တွေ့တာနဲ့ အလိုလို သဘော… တတ်တဲ့ မိန်းကလေး"

နွေးနွေး၏ စလင်းဘက်အိတ်ထဲတွင် အဝ… အလျောက် အလှပြင်ပစ္စည်းအချို့ ပါရှိပေသည်။ အိမ်ထဲဝ…

www.burmeseclassic.com



သွေးကစကားပြောသောကြောင့် နွေးနွေး ရင်ခုန်ရခြင်း ဖြစ်ပါ၏။ ဒါ ... ငါ့ညီမလေးပါလားဆိုသည့် သွေး၏ အသိစိတ်ကြောင့် ရင်ခုန်ခြင်း ဖြစ်ပါ၏။

ယခင်က သဲသဲနှင့်မိမိ သွေးတော်စပ်ဆော်လည်း ငါ့သဲကို ဖြူသလား၊ မည်းသလားပင် မမြင်ဘူးပါလေခဲ့။

ယခု ကိုယ့်ညီမလေးပါလားဆိုပြီး ဘွားခနဲ တွေ့ရသောကြောင့်ရော၊ ပြီး သဲသဲ၏ မျက်နှာလေးမှာ မိမိနှင့် ထော်တော်လေး တူနေသောကြောင့်ရော၊ ထိတ်ခနဲ ရင်ခုန်သွားခြင်း ဖြစ်ပါ၏။

ပြီး ဦးလေးလွင်သည် မိမိကို မကြာခဏ ရှုးစိုက်ကြည့်ခြင်းမှာ သမီးလေးသဲသဲနှင့် သွားတူနေသောကြောင့် ကြည့်ခြင်းပါလား ဟူ၍လည်း သဘောပေါက်ရသည်။

သဲသဲသည် ကိုယ့်ခြံ ကိုယ့်ဘိုက် ကိုယ့်ကိုယ်ပိုင်ကားဖြင့် နေ့တိုင်း ကျောင်းတက်ရသူလေးမို့လားခသိ နေမမိ၊ မိုးမမိ၊ သဲသဲ၏ အသားအရေနှင့် မျက်နှာလေးမှာ ဝင်းပနေသည်။ ပါးပြင်ပေါ်ဝယ် ယှက်သန်းနေသော စိမ်းဖန့်ဖန့် သွေးကြောလေးများပင် ပေါ်လွင်နေပါ၏။

ယခု သဲသဲ ရောက်ရှိနေသော အရွယ်သည် စကောစက အရွယ်ဖြစ်သည်။ အပျိုဘော်ဝင်စ အရွယ်ဖြစ်သည်။ အရပ်ရှည်ထွက်လာပြီး ကိုယ်လုံးကိုယ်ထည် ရင်၊ တင်၊ ခါးတို့က အစွမ်းကုန် မဖွံ့ဖြိုးသေး၊ သို့သော် မကြာမီ ဖွံ့ဖြိုးလာတော့မည့် ပုံရိပ်များတော့ ပေါ်လွင်စပြုနေလေပြီ။

ငုံနေရာမှ ပွင့်လာတော့မည့်ပန်းနှယ် ရှိနေသည်။



"ဖေဖေလွင် အောက်မှာ ဆင်းထိုင်နေတယ်နော် ... အဲဖေဖေကြီးမှာ ဧည့်သည် ရှိနေတာကိုး"

"အဲဒါ ဧည့်သည် မဟုတ်ဘူး သမီး၊ မန္တလေးကရောက်လာတဲ့ သမီးရဲ့ အစ်မဝမ်းကွဲတော်တဲ့ နွေးနွေးတဲ့၊ သမီးအဖို့ မမနွေးပေါ့"

"ဟုတ်လား ... ဒါ သမီးရဲ့ မမလား။ ဖေဖေလွင်က သမီးမှာ အစ်မတစ်ယောက် ရှိတယ်လို့ တစ်ခါမှ မပြောဖူးဘူး"

"ဟုတ်တယ် နွေးနွေးအကြောင်း ဖေဖေ သမီးကို မပြောမပြဖူးဘူး၊ ဒါပေမယ့် သမီးမှတ်မိချင် မှတ်မိမှာပါ၊ ဟိုတုန်းက သမီးငယ်ငယ်အရွယ် ဖေဖေတို့ မိသားစု စုံစုံလင်လင်တုန်းက မန္တလေးကို မိသားစု သွားလည်ကြဖူးတယ်လေ၊ အဲဒီမှာ သမီးရဲ့ ကြီးတော် ဒေါ်သက်ထားဆိုတာ ရှိတယ်၊ သမီးက အဲဒီ ဒေါ်သက်ထားကိုတောင် ကြီးကြီးထားလို့ ခေါ်တယ်လေ၊ အဲဒီကြီးကြီးထားဟာ ဟိုတုန်းက သမီးမေမေရဲ့ အစ်မအကြီးဆုံးလေ"

"အဲ ... အဲ ... ဟုတ်တယ် ... သမီး ပြန်ပြီး မှတ်မိလာသလိုပဲ။ အဲဒီတုန်းက သဲသဲက မူလတန်းမှာ နှစ်တန်းလောက်ပဲ ရှိဦးမှာပါနော် ဖေဖေ"

"အေး ... ဒီတော့ ကြီးကြီးထားက မွေးတဲ့ ဟောဒီနွေးနွေးဟာ သမီးနဲ့ ညီအစ်မတစ်ဝမ်းကွဲ၊ ဆွေမျိုးအရင်းကြီးပေါ့၊ သမီးရဲ့ မမနွေးပေါ့ သမီး"

"ဟာ ... ဒါဆို ပွတာပဲ၊ သဲသဲမှာ သိပ်လှတဲ့အစ်မ၊

www.burmeseclassic.com

www.burmeseclassic.com



မန္တလေးက ရောက်လာတဲ့အကြောင်း ကျောင်းက သူငယ်ချင်းတွေကို ကြွားလို့ရပြီ"

သဲသဲမှာလည်း သွေးကစကားပြောသည်ပဲထင်။ ဟာ ပွတာပဲဟုပြောရင်း နွေးနွေးဆီသို့ လက်လေးနှစ်ဖက် ဆန့်တန်းကာ နွေးနွေး ထိုင်နေသော ကုလားထိုင်သို့ ခွေ့ခနဲ တန်းခနဲ ရောက်သွားသည်။

နွေးနွေးက အလိုက်သင့် သဲသဲအား သူမ၏ရင်ခွင်တွင် လက်ကမ်းလှမ်းဖက်ပြင့် ဆွဲသွင်းလိုက်သည်။

သူတို့နှစ်ဦးလုံးသည် မေတ္တာငတ်နေကြသူ နှစ်ဦးစလုံး မဟုတ်လား။

နွေးနွေးတွင် မိခင်၏ မေတ္တာကို အပြည့်အဝမခံစားရဘဲ မိခင်ကွယ်လွန်သွားခြင်းဖြင့် ခွဲခွာခဲ့ရသည်။

သဲသဲကျတော့ မိခင်အသက်ထင်ရှား ရှိနေသေးပါလျက် မိခင်က သမီးသဲသဲကို စွန့်ခွာကာ နောက်အိမ်ထောင်ပြုသွားသည်မှာ ရှစ်နှစ်ပင် ကျော်ခဲ့ပြီ၊ မိခင်၏ မေတ္တာကို မခံစားရသည်မှာ ရှစ်နှစ်ကျော်လေပြီ။

နှစ်ဦးစလုံးတွင် အစ်ကိုရင်း မောင်ရင်း မရှိ။ အစ်မရင်း ညီမရင်း မရှိ။ ကံတူအကျိုးပေး မေတ္တာငတ်နေကြသူ နှစ်ဦးဖြစ်ပါလေ၏။

ဒါကြောင့်လည်း ယခု ညီအစ်မတော်စပ်ကြသည်ဟု သိရသည်နှင့် နှစ်ယောက်စလုံး တွေ့တွေ့ချင်း မေတ္တာကိုယ်စီ ရောင်ပြန်ဟပ်ခြင်း ဖြစ်သတော့သည်။

"မမနွေး"



"ပြော ... သဲသဲ"

"မမနွေးက ဘာမှ ဖြီးလိမ်း ပြင်ဆင်ထားတာ မဟုတ်ဘဲနဲ့တောင် အရမ်းချော အရမ်းလှတာပဲနော်"

"သဲသဲလည်း လှတာပဲ၊ မမနွေးနဲ့ ရုပ်ချင်းဆင်တူပဲဟာ"

"ဟင့်အင်း ... မမနွေးက မျက်နှာရော၊ ကိုယ်လုံးရော လှတာ"

"သဲသဲက ငယ်သေးလို့ပါ၊ မကြာခင် သဲသဲ ကိုယ်လုံးထွက်လာတော့မှာ၊ အဲဒါဆိုရင် သဲသဲက မမနွေးထက်တောင် ပိုပြီး ကိုယ်လုံးလှမယ့် ပုံရိပ်တွေထွက်နေတာပဲ"

ပြောရင်း ကလေးစိတ်မကုန်သေးသော သဲသဲသည် နွေးနွေးကို တအားကြီး ဖက်ထားရုံမက နွေးနွေးပါးကို တရှုတ်ရှုတ်နမ်းပြီး ပါးချင်းကပ်ထားလိုက်ပါ၏။

မေတ္တာငတ်နေသော သမီးလေး၏ အပြုအမူနှင့် ယခု ပျော်နေပုံကို ဦးအောင်လွင် ငေးကြည့်နေပြီး ဝမ်းနည်းထက်ဝက် ကြည်နူးခြင်း ထက်ဝက်မျိုး ခံစားနေရပါ၏။

"မမနွေး"

"သဲသဲ"

"မမနွေး မန္တလေး ဘယ်တော့ ပြန်မှာလဲဟင်၊ ချက်ချင်း မပြန်နဲ့ဦးနော်၊ သဲသဲက မမနွေးကို သဲသဲတို့ကျောင်း ခေါ်သွားပြီး သူငယ်ချင်းတွေကို ဟောဒီမှာတွေ့လား၊ ငါ့ မမနွေးလို့ ကြွားချင်လို့၊ သူငယ်ချင်းတွေက သူတို့ အစ်မတွေ ကျောင်းလာကြိုရင် သူတို့အစ်မတွေဆိုပြီး ကြွားတာကို သဲသဲက မျက်စိပေကလပ်နဲ့ ကြည့်ကြည့်နေရတာ၊ ဒီတစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



သဲသဲသူငယ်ချင်းတွေကို ပိုပြီးတော့ ကြွားနိုင်သေးတယ်၊ မမနွေးက သူတို့အစ်မတွေထက် အပြန်တစ်ရာ ပိုချောပိုလှတာပဲဟာ"

"အဟမ်း"

ဦးအောင်လွင် ချောင်းသံပြုလိုက်သည်။

သဲသဲကို အကျိုးအကြောင်း ဖွင့်ပြောသင့်ပြီဟုလည်း ယူဆလိုက်သည်။ သဲသဲက မမနွေးကို ဖက်ထားရင်း ကုလားထိုင်၏ လက်တန်းပေါ်မှာ ထိုင်နေခြင်းဖြစ်ပါ၏။

"ကဲ... ကုလားထိုင် အလွတ်မှာ ကောင်းကောင်းဝင်ထိုင်တော့ သမီး၊ ဖေဖေ သမီးကို အရေးကြီးတဲ့စကား ပြောစရာရှိတယ်"

"ပြော ... ပြော ... ဖေဖေကြီး ဘာပြောမလဲ"

သဲသဲက နွေးနွေး၏ ကုလားထိုင်လက်တန်းပေါ်မှ နေပြီး အနီးရှိ ကုလားထိုင်တွင် ဝင်၍ထိုင်ရင်း မြူးမြူးလေး ပြန်ပြောသည်။

"အခု သမီး မမနွေးလာတာ အလည်လာတာ မဟုတ်ဘူး။ သမီးရဲ့မမနွေးက မန္တလေးမယ်ဒီကယ်(လ်)မှာ စက္ကူအခ်ဘိ အောင်ထားပြီးပြီ"

"ဟယ် ... ဒါဆို မမနွေးက ဆေးကျောင်းသူ၊ ဆရာဝန် လောင်းပေါ့၊ တော်လိုက်တာ။ ရုပ်လည်းချော၊ ပညာလည်း တော်နဲ့"

ပြောရင်း အနီးကပ်ကုလားထိုင်မှ နွေးနွေးကို သဲသဲ လှမ်းဖက်ပြန်သည်။



"ဖေဖေ ပြောတာကို ဆုံးအောင်နားထောင်ပါ သမီး။ သဲသဲ မှတ်မိတယ်ဆိုတဲ့ မန္တလေးက နွေးနွေးတို့အဖေ ကြီးကြီးထားဟာ ဆုံးသွားတာ ခုနစ်နှစ်လောက်ရှိပြီ။ နွေးနွေးဟာ သမီးဘဝလိုပဲ အမိမဲ့သမီး ဖြစ်ခဲ့ရတယ်၊ နွေးနွေး ဖေဖေကလည်း မကျန်းမာလို့ မန္တလေးဆေးရုံမှာ နာတာရှည် ကုသရမယ်"

ဦးအောင်နွေး အနာကြီးရောဂါ ဖြစ်နေသည်ကိုမူ မပြောဘဲ ချန်လှပ်ထားပါ၏။

"ဒီတော့ သမီးရဲ့ မမနွေးဟာ မန္တလေးအိမ်မှာ တစ်ယောက်တည်း နေဖို့လည်းမဖြစ်၊ ကျောင်းတက်ဖို့လည်း မဖြစ်တဲ့ အခြေအနေမှာ ရောက်နေတယ်၊ ဒီတော့ ရန်ကုန်ဆေး တက္ကသိုလ်ကို ပြောင်းရမယ်၊ သမီးကြီးကြီးထားရဲ့ ခင်ပွန်း၊ နွေးနွေးတို့ ဖေဖေဦးအောင်နွေးဟာ ဖေဖေနဲ့ ငယ်စဉ်ကတည်းက ရင်းနှီးခင်မင်တဲ့ မိတ်ဆွေပဲ၊ ဒီတော့ သူ ဆေးရုံတက်ကုနေတုန်း နွေးနွေးကို ဖေဖေတို့ အိမ်မှာနေစေပြီး ကျောင်းတက်ချင်တယ်ဆိုတဲ့အကူအညီ တောင်းထားတယ်"

ဦးအောင်လွင်သည် ဆက်မပြောမီ သမီးသဲသဲ၏ ရင်အကဲ မျက်နှာအကဲကို သေချာကြည့်ပြီး မေးလိုက်သည်။

"အဲဒါ သမီးသဲသဲရဲ့ ဆန္ဒဘယ်လိုရှိသလဲဆိုတာ ဖေဖေ သိချင်တယ်၊ သမီး ရင်ထဲမှာ တကယ်ရှိတဲ့အတိုင်း ပြော ရမယ် သမီး။ အားနာတာတို့၊ မျက်နှာထောက်တာတို့ သမီးနဲ့ ဘာမှမဆိုင်ဘူး၊ သမီးရဲ့ ရင်ထဲက ဆန္ဒရှိတဲ့အတိုင်း ကိုသာ ဖေဖေ သိချင်တာ"

www.burmeseclassic.com

www.burmeseclassic.com



"သမီးရဲ့ ရင်ထဲကဆန္ဒဆိုတာ ဖေဖေ ဘာကိုဆိုလိုချင်တာလဲ ဖေဖေ"

"သမီးရဲ့ မမနွေး ဒီအိမ်ကနေပြီး ရန်ကုန်ဆေးတက္ကသိုလ်ကို တက်ဖို့ သမီး သဘောတူရဲ့လားလို့ ဖေဖေ မေးတာ"

"ဟာ ... ဖေဖေကလဲ ..."

သဲသဲ၏ ဟာ ... ဖေဖေကလည်း ဆိုသည့်စကားသည် နွေးနွေးရင်ကို ထိတ်ခနဲ ဖြစ်စေပါ၏။ သဲသဲက လက်ခံဖို့ မလိုလားသော စကားဖြစ်နိုင်သည်။ သဲသဲက ဆက်ပြောပါ၏။

"သဲသဲ သိပ်သဘောတူတာပေါ့ ဖေဖေ၊ အရမ်းကြီးကို သဘောတူတယ်၊ မမနွေးက ဆေးကျောင်းသူ ဆရာဝန်လောင်းပဲ၊ သဲသဲကိုယ်တိုင် ကြီးလာရင် ဆရာဝန်မ သိပ်ဖြစ်ချင်တာ၊ သဲသဲဆယ်တန်းကို ဆေးဝင်ခွင့်အမှတ်ရအောင် ဖြေမယ်၊ အခု မမနွေး အိမ်မှာရှိနေတော့ သမီးကို ဆရာဝန်လိုင်းဝင်အောင် အိမ်မှာတင် မမနွေးက သင်ပေးနိုင်တာပေါ့၊ အပြင်ကျူရှင်တွေယူဖို့ မလိုတော့ဘူး၊ နော် ... မမနွေး"

နွေးနွေးက ခေါင်းညိတ်ပြသည်။

ဦးအောင်လွင်သည် သမီးလေးသဲသဲ အားရပါးရ ပြောသည်ကို ကျေနပ်သဘောကျစွာ ပြုံး၍ကြည့်နေသည်၊ ပြုံးနေသောကြောင့် နုပျိုပြန်လေသည်။

တကယ်တော့ နွေးနွေးကို လက်ခံဖို့ သဘောတူခြင်းကို ဝမ်းသာသည်မဟုတ်။ သမီးသဲသဲလေး ကိုယ်တိုင်က ဆရာဝန်



ဖြစ်အောင် ကြိုးစားမည်ဟု အားတက်သရောကြီး ပြောသည်ကို ကျေနပ်ကြည်နူးပီတိ ဖြစ်ခြင်းဖြစ်ပါ၏။

ဦးလေးလွင် ပြုံးလေလျှင် သွားဖြူပုလဲတန်း ညီညာစွာ ပေါ်လာသည်မှာ အလွန်ကြည့်ကောင်းပါ၏။ နားထင်ဘေး တစ်ဖက်စီတွင် ဆံပင်အရင်းလေးများ ဖြူရောင်သမ်း နေသော်လည်း မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်းတို့က ရယ်လျှင် ပြုံးလေလျှင် တော်တော်နုပျိုသွားပြီး ကျက်သရေရှိလှပေသည်။

ခန္ဓာကိုယ်မှာလည်း အဆီပို၊ အသားပိုမရှိ။ ဝမ်းဗိုက်ရူခြင်းမရှိ။ နုစဉ်က လိုက်စားထားသော ကာယကြောင့် တင်းရင်းပြီး မာဆယ်ကြွက်သားတွေ ဖုနေသေးသည်။ ထစ်နေသေးသည်။ အရပ်ကလည်း (၅)ပေ (၇)လက်မ လောက်ဖြင့် ကြည့်ကောင်းပါ၏။

ဦးအောင်လွင်က သမီးသဲသဲကို အားရပါးရကြီး ပြန်ပြောလိုက်သည်။

"သမီး ဆရာဝန်လုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်ကို ဖေဖေ အားရလိုက်တာ၊ နွေးနွေးက စက္ကင်းအမ်ဘီတောင် ရောက်နေတော့ သမီးအတန်းစာလောက်ကို ကောင်းကောင်း သင်ပြနိုင်မှာပါ"

"သဲသဲကို ကျောင်းစာသင်ပေးနိုင်ရုံ ဘယ်ကမလဲ ဖေဖေ၊ သဲသဲကို ဘယ်လိုနေ၊ ဘယ်လိုထိုင်၊ ဘယ်လိုဝတ်၊ ဘယ်လို အလှပြင်၊ ဘယ်လိုစာအုပ်တွေဖတ် ဆိုတာတွေလည်း သင်ပေးနိုင်မှာ၊ ပြီးတော့ မိန်းမချင်း ညီအစ်မဆိုတော့ အဖော်ရတာပေါ့၊ သမီးမှာ အဲဒီလိုတွေ အနီးကပ် သင်ပေး

www.burmeseclassic.com

www.burmeseclassic.com



မယ့် အမေမှ မရှိတာ၊ မမနွေးက သဲသဲရဲ့ အမေအစား ..."

"တိတ် ... တော်စမ်း ... မိသဲ"

ရုတ်ချည်းပင် ဦးအောင်လွင်၏ မျက်နှာထားကြီး တင်းမာသွားသည်။ သဲသဲအား ဒေါသသံဖြင့် ငေါက်လိုက်သည်။

သဲသဲ စကားမဆုံးဘဲ ပါးစပ်ပိတ်သွားသည်။ ဖခင်အား မျက်နှာလေးငယ်ငယ်ဖြင့် ကြည့်ပြီး အင့်ခနဲ ငိုချကာ နွေးနွေး၏ ရင်ထဲသို့ ခေါင်းတိုးဝင်ပြီး ငိုပါလေတော့သည်၊

နွေးနွေးသည် သားအဖနှစ်ယောက်ကြားတွင် တစ်ခွန်းမျှ ဝင်မပြောပေ။ ဘာဝင်ပြောပြီး သဲသဲကို ဘာလုပ်ပေးရမည်မှန်းပင်မသိ ဖြစ်သွားသည်။

ဦးအောင်လွင်၏ ဒေါသနှင့် တင်းမာမှုကို နွေးနွေးလည်း ကြောက်ပါ၏။

ဦးလေးလွင် ဘာကြောင့်ဒီလောက် ဒေါပွပြီး သိပ်ချစ်သော သမီးလေးကို ငေါက်ပေသနည်း။

သဲသဲ စကားတွင် ဘာများ အမှားပါသွားလေသနည်း။

မမနွေးက သဲသဲရဲ့ အမေအစားဟု ပြောလိုက်ခြင်းကို ဦးလေးလွင် ချက်ချင်း ဒေါသဖြစ်သွားခြင်း ဖြစ်သည်။

သဲသဲ၏မိခင် ဇနီးဟောင်းအား အလွန်အမင်း စိတ်နာထားသောကြောင့် ချစ်သမီးသဲသဲက မိခင်ကို တမ်းတစကား ပြောလိုက်မိသဖြင့် ဤမျှ ဒေါပွသွားခြင်းပေလား၊

သို့မဟုတ် ...

နွေးနွေးအား အမေအစားဟူသော စကားတွင်



အစွန်းထွက်ချက်တစ်ခု ပါဝင်နေသည်။ ဦးလေးလွင်ကပင် နွေးနွေးအား ဇနီးနေရာထားသည့် အဓိပ္ပာယ်သက်ရောက်သွားခြင်းကို ဒေါပွသွားခြင်းပေလား။

တကယ်တော့ နွေးနွေးအဖို့ သဲသဲနှင့် ညီအစ်မတော်စေကာမူ ဦးလေးလွင်နှင့် ဘယ်လိုမှ သွေးသားတော်စပ်သည် မဟုတ်။ ဤသို့ သူနှင့် မိမိ ဘာသွေးမှ မတော်စပ်ကြောင်း ဦးလေးလွင် ကိုယ်တိုင် ဖေဖေ့ကို ပြောခဲ့သေးသည်ကို သတိရမိပါ၏။

"လာစမ်း သမီး ... ဖေဖေ့ဆီ လာစမ်း"

သဲသဲသည် မလွန်ဆန်ရဲဘဲ ဖြည်းလေးစွာ ထ,ကာ ဦးအောင်လွင် ထိုင်နေသည့် ဗိုး(လ်)ချဲယားဘေးတွင် မတ်တတ်ကလေး သွားရပ်သည်။

ဦးအောင်လွင်က ဗိုး(လ်)ချဲယား လက်တန်းကို ကျော်ကာ သူ၏ လက်တစ်ဖက်ဖြင့် သဲသဲ၏ ခါးလေးကို ယုယစွာ ပိုက်ထွေးလိုက်သည်။

"သမီးကို ဖေဖေ အတန်တန်ပြောခဲ့တယ် မဟုတ်လား၊ သမီးမအေကို တမ်းတတဲ့စကားမျိုး လုံးဝ မပြောပါနဲ့လို့၊ သမီးကို ဖေဖေက မအေလိုရော ဖအေလိုရော ပုံပြီး ချစ်ထားတာ၊ သမီးနဲ့ ဖေဖေ့ အပေါ် ရက်စက်သွားတဲ့ မအေကို ဘာလို့ သမီးက တမ်းတချင်ရတာလဲ၊ တမ်းတလို့ကော ဘာအကျိုးဖြစ်ထူးမှာလဲ သမီး၊ လူသေကို အသက်ပြန်ရှင်လို့ ရချင်သာရမယ်၊ သမီး မေမေနဲ့ ဖေဖေဟာ လုံးဝ ဒီဘဝမှာ လမ်းဆုံးသွားပြီ"

www.burmeseclassic.com

www.burmeseclassic.com



"မေမေ့ကို တမ်းတလို့ သမီးပြောတာမှ မဟုတ်တာ။ မမနွေး ရောက်လာလို့ အားကိုးစိတ် ဝမ်းသာစိတ်နဲ့ မမနွေးနဲ့ အတူတူနေရမှာကို ဝမ်းသာပြီး ပြောလိုက်တာ"

နွေးနွေးသည် ထိုင်ရာမှ ထပြီး သားအဖ လွတ်လပ်စွာ ပြောစေရန် ပိတောက်ပင်ကြီး ပင်စည်ရင်းဆီသို့ လျှောက်သွားပေတော့သည်။

● ● ●



၄

(၁၀)ရက် ကြာသွားပြီ။

နွေးနွေးအဖို့ အိမ်ရှိလူအားလုံးနှင့်လည်း ရင်းနှီးသွားလေပြီ။

ဘဏ္ဍာစိုး ဒေါ်ပြုံးအား ဦးလေးလွင်က အိမ်သုံးကုန်ကျစရိတ် အားလုံး တစ်လစာငွေ ထုတ်ပေးသည်။ ချက်ရေးပြုတ်ရေး၊ စာရေးသောက်ရေး အိမ်သန့်ရှင်းရေးတို့ကို ဒေါ်ပြုံးက တာဝန်ယူရသည်။

မိနီက ဒေါ်ပြုံး၏ (၁၂)နှစ်အရွယ် တူမလေးဖြစ်သည်။ ဒေါ်ပြုံး ခိုင်းသမျှ မိနီ လုပ်ပေးသည်။

ဦးအောင်လွင်က မိနီကို ကျောင်းလည်း တက်စေသည်။ ရပ်ကွက်ထဲရှိ ကျောင်းတွင် ထားသည်။ (၅)တန်းရောက်နေပြီ။ မနက်မှ မွန်းတည့်အထိ မူလတန်း အလယ်တန်းတွေ

www.burmeseclassic.com

www.burmeseclassic.com



တက်ရပြီးညနေပိုင်းတွင် အထက်တန်းကျောင်း တက်ရသည်။ နေ့ခင်းနှင့် ညနေ, ညပိုင်းတွင် မိနီကို ခိုင်းရသည်။

ဦးအောင်လွင်က ည(၇)နာရီမှ (၉)နာရီအထိ မိနီကို ဘာမျှမခိုင်းရ။ ကျောင်းစာကျက်ဟု အမိန့်ထုတ်ပေးထားသည်။

ဦးဂေါယာမှာ ခြံစောင့်လည်းဖြစ်၊ ခြံသန့်ရှင်းရေး၊ ခြံသစ်ပင်စိုက်လည်း လုပ်ရသည်။ ဦးဂေါယာအတွက် ကားဂိုဒေါင် အပေါ်ထပ်ခန်း တစ်ခန်းတွင် နေစေသည်။

ကိုမှိုင်းက မော်တော်ကား မောင်းရသည်။ ဦးအောင်လွင်၏ တပည့်ရင်း လူယုံတော်ဖြစ်သည်။ ဦးအောင်လွင်ကတော့ လုပ်ငန်းကိစ္စရှိမှ အပြင်ထွက်သည်မို့ ဦးအောင်လွင်ကို အပို့အကြို နည်းသည်။ ပုံမှန်အားဖြင့် သဲသဲကို မနက်ကျောင်းပို့၊ ညနေ ကျောင်းဆင်းကြို အလုပ်ကို ကိုမှိုင်း၊ ပုံမှန်လုပ်ရသည်။

ဦးဂေါယာရော ကိုမှိုင်းရော အိမ်ထောင်မရှိသော လူပျိုကြီးတွေ ဖြစ်ကြသည်။

ဦးအောင်လွင်က အိမ်တွင် ကော်ဖီသောက်၊ မုန့်စား၊ ထမင်းဟင်း စားသည်ကအစ အစားအသောက် မှာင်းလျာကို ခွဲခြားခြင်း မရှိစေရ။ ဦးအောင်လွင် စားသောက်သလို အားလုံး ကို စားသောက်စေသည်။

လစာငွေအဖြစ်နှင့်လည်း သူများအိမ်တွေ ပေးသည် ထက် နှစ်ဆပိုပေးထားသည်။

ဦးအောင်လွင်ကို တစ်အိမ်သားလုံးက ချစ်လည်း ချစ်၊ ကြောက်လည်းကြောက်၊ ရိုသေလည်းရိုသေကြသည်။

ယာဉ်မောင်းကိုမှိုင်းဆိုလျှင် ဦးအောင်လွင်တပ်မ



တော်တွင် အရာရှိအဖြစ် အမှုထမ်းစဉ်ကတည်းက ကိုမှိုင်းသည် ဗိုလ်မှူးအောင်လွင်၏ ဘက်(ဒ်)မင်းတာဝန် ထမ်းဆောင်ခဲ့ရသည်။

ကိုမှိုင်းသည် တပ်ထဲတွင် ကော်ပရယ် အဆင့်အထိ ရသည်။

ဗိုလ်မှူးအောင်လွင် တိုက်ပွဲတွင် ခြေတစ်ဖက် ထိခဲ့ သည်။ ဒူးဆစ်အောက်မှ ဖြတ်လိုက်ရသည်။

ဒီနောက် ဦးအောင်လွင်သည် တပ်မှ နုတ်ထွက်ခွင့် တောင်းပြီး ခွင့်ပြုချက်အရ ထွက်ခဲ့သည်။

ကိုမှိုင်းကလည်း သူ့ဗိုလ်မှူး ထွက်သည်နှင့် သူပါ နုတ်ထွက်ပြီး ဦးအောင်လွင်နှင့် ယခုအချိန်ထိ အတူတူနေခြင်း ဖြစ်သည်။

ဦးလေးလွင်သည် အိမ်တွင် မည်သူ့ကိုမျှ အရော တဝင် နေလေ့မရှိ။ စည်းကမ်းလည်း သိပ်ကြီးသည်။ တပ်မတော် တွင် အမှုထမ်းသော အရာရှိတိုင်းသည် အမြဲစည်းကမ်းကြီးသူများ ဖြစ်ကြပါ၏။

ဤအိမ်တွင် ဦးလေးလွင် အရယ်အပြုံးနှင့် စကား ပြောသူမှာ သမီးသဲသဲနှင့် ကိုမှိုင်း နှစ်ယောက်ကိုသာ ဖြစ်သည်။

ကိုမှိုင်းသည် နွေးနွေးအား ကျောင်းကြို ကျောင်းပို့ရင်း ခင်မင်သွားပြီး သူ့ဆရာဦးလေးလွင် တပ်မတော်တွင် အမှုထမ်းစဉ် ကာလကစပြီး ဦးလေးလွင်၏ အကြောင်းကို နွေးနွေးမေးသမျှ ပြောပြလေ့ရှိသည်။

"ဦးလေးလွင်နဲ့ အန်တီသီဂီဟာ ဘာလို့ ကွာရှင်းကြတာ လဲ ကိုမှိုင်း"

www.burmeseclassic.com

www.burmeseclassic.com



ကိုမှိုင်းသည် ကားမောင်းလျက်ကပင် ထိုအကြောင်း ပြောဖို့ နောက်မလှဲ့သလို လက်ဝဲလက်ယာ၊ ရှေ့နောက်ကို ကြည့်လိုက်သေးသည်။ ဤမျှပင် ဦးလေးလွင်ကို ကြောက်ပါ၏။

"ဗိုလ်မှူးကတော် ... အဲ ... မသီဂီဆိုပါတော့နဲ့ ဆရာလွင်ဟာ ဆရာလွင် ဗိုလ်ကြီးဘဝကပဲ လက်ထပ်ကြတယ်၊ ဆရာလွင်ရဲ့ မိဘတွေက အရမ်းချမ်းသာကြတယ်၊ မသီဂီနဲ့ သဘော မတူဘူး၊ အမွေပြတ် ကြော်ငြာတယ်၊ ဆရာလွင်က မဖြုံပါဘူး၊ နဂိုတည်းက ဆရာလွင် တပ်မတော်ထဲဝင်တာ ဝါသနာကြောင့်ရော၊ တိုင်းပြည်နဲ့လူမျိုးအတွက်ရော ဝင်တာပဲ၊ ဆရာလွင်က တခြားဘာမှ မမက်မောဘူး၊ ရတဲ့လခနဲ့ လောက်အောင်စား၊ လောက်အောင်နေဆိုပြီး ရသမျှ လခကိုတော့ မသီဂီလက်မှာ အပ်ပါတယ်၊ မသီဂီက လက်ဖွာတယ်၊ အသုံးကြမ်းတယ်၊ အပျော်အပါး မက်မောတယ်၊ ဝတ်ချင် စားချင့်စိတ် များတယ်၊ ဒီလိုနဲ့ပဲ သမီးလေးသဲသဲကို မွေးလာတယ် ...

"အင်း ... လွန်ခဲ့တဲ့ ခြောက်နှစ် ခုနစ်နှစ်လောက်က ဗိုလ်မှူးရာထူးနဲ့ ဆရာလွင်ဟာ တိုက်ပွဲတစ်ခုမှာ ခြေထောက်ကိုထိသွားတယ်၊ ဒူးဆစ်အောက်ပိုင်း ဖြတ်ပစ်ရတယ်။ အဲဒီနောက် မသီဂီက ဆရာလွင်နဲ့ ကွာရှင်းပြီး အင်ဂျင်နီယာ တစ်ယောက်နဲ့ ထပ်ပြီး လက်ထပ်သွားတာလောက်ပဲ ကျွန်တော် သိတယ် နွေးနွေး၊ ဆရာလွင့်ကို အထက်က ရုံးထိုင် တာဝန်နဲ့ ခန့်ပေးတယ်၊ ဆရာလွင်က စစ်တိုက်ချင်လို့ စစ်ထဲဝင်တာ၊ စစ်မတိုက်နိုင်တော့တာမို့ အငြိမ်း



စားယူလိုက်ပြီး တပ်ကထွက်လိုက်တာပဲ"

"အဲဒီနောက် မသီဂီနဲ့ဆရာလွင် ကွဲသွားတော့ ဆရာလွင် မိဘတွေက အမွေပြတ်ကြော်ငြာ ပြန်ရုတ်သိမ်းပြီး မိဘတွေ ကွယ်လွန်သွားတဲ့အခါမှာ မိဘကျန်ခဲ့သမျှ ဆီစက်၊ ဆန်စက်၊ သစ်စက် လုပ်ငန်းနဲ့ တခြားလုပ်ငန်းတွေရော၊ အခုနေတဲ့ ခြံနဲ့တိုက်အိမ်ကြီးကိုရော တစ်ဦးတည်းသောသား ဆရာလွင်က ဆက်ခံရတာပဲ နွေးနွေး၊ ဒါပေမယ့် ... ဆရာလွင်ဘဝက အထီးကျန်ဆန်လွန်းပါတယ် နွေးနွေးရာ၊ ဆရာလွင်ဟာ မသီဂီကို အရင်က သိပ်ချစ်ခဲ့သလောက် အခုသိပ်နာကြည်းတယ်၊ သမီးလေးသဲသဲ အပေါ်မှာ ပုံချစ်ပြီး ဆရာလွင်နဲ့ သဲသဲသားအဖဟာ သီးခြားကမ္ဘာလေး တစ်ခု ဖြစ်နေတော့တာယ်။ ဒီ့အနေနဲ့ ဆရာလွင်ကို ဟိုတုန်းကတည်းက သိပ်ချစ် သိပ်ကြောက် သိပ်ရိုသေဖြစ်ခဲ့တာ အခုတော့ သိပ်သနားတာ ပိုတာပေါ့၊ ဒါကြောင့် ဆရာလွင့်ဆီက တခြားဘယ်ကိုမှမသွားတာ"

ကိုမှိုင်းထံမှ သိသင့်သလောက် သိရပါ၏။

ဦးလေးလွင်သည် တစ်အိမ်လုံးရှိ သူ့ဘော်ဒါတွေအား နွေးနွေးသည် သဲသဲ၏ အစ်မတစ်ဝမ်းကွဲတော်သည်။ သူနဲ့သဲသဲ ... ပေါ် ဆက်ဆံသလို နွေးနွေးကို ဆက်ဆံရမည်ဟု အမိန့်ထုတ်ပေး ... ထားသည်။

နွေးနွေးအတွက် တိုက်အိမ်ကြီးတွင် သီးသန့်အခန်း ... ပေးသည်။

ဤနေရာတွင် သဲသဲက စောဒကတက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ မမနွေးအား သူမ၏ အိပ်ခန်းမှာပင် တစ်ယောက်အိပ်ခုတင် ချပေးစေပြီး မမနွေးနှင့် တစ်ခန်းတည်း အတူနေချင်သည်ဟု ဆိုသဖြင့် သဲသဲအလိုကျ သဲသဲအခန်းမှာပင် နွေးနွေး နေရသည်။

သဲသဲအိပ်ခန်းကလေးကလည်း အကျယ်ကြီးပါပေ။ ဆယ့်ရှစ်ပေပတ်လည်ခန်း ဖြစ်သည်။ နောက်ထပ် နွေးနွေးအတွက် တစ်ယောက်အိပ်ခုတင် ချပေး၍ အကြောင်းမဟုတ်။

အဲ ... နွေးနွေးအတွက် အခက်အခဲ တစ်ခုတော့ ရှိလာသည်။

သဲသဲသည် ကနေ့ခေတ် ဟိုက်စကူးကျောင်းသူကျောင်းသားတွေ စာကျက်ရာတွင် ဘိုင်ဟာတ်အလွတ်ကျက် အလွတ်ရ အော်၍ စာကျက်တတ်သည့် ထုံးစံအတိုင်း သဲသဲကလည်း စာကျက်ရာတွင် အော်၍ ကျက်တတ်သည်။

နွေးနွေးက သတ်(ဒ်)အမ်ဘီမို့ စာသိပ်ကြည့်ရသည်။ စာကြည့်မှတ်သားရာတွင် အာရုံသိပ်စိုက်ရသည်။

သဲသဲ စာအော်ကျက်လျှင် နွေးနွေး အခက်တွေ့နေသည်။

ယင်းအချက်ကို အလွန်အကင်းပါး နားလည်တတ်သော ဦးလေးလွင်က သမီးလေးသဲသဲကို ဖျောင်းဖျသည်။

"ဖေဖေ ပြောမယ်သမီး ... သမီးမမနွေး အခုတက်ရတဲ့ ဆေးတက္ကသိုလ်က စာတွေဟာ အရမ်းခက်ပြီး အရမ်းကျက် အရမ်းမှတ်ရတာ။ သဲသဲက စာကျက်ရင် အော်ကျက်တော့ သမီးရဲ့ မမနွေးမှာ စာကျက်ဖို့ အနှောင့်အယှက် ဖြစ်နေမှာပေါ့၊ ဒါကြောင့် သမီးရဲ့ မမနွေးကို ဒက်ဒီက သီးခြားအခန်းတစ်ခန်းပေးဖို့ စီစဉ်တာ"

"ဟင့်အင်း ... ဟင့်အင်း ... သဲသဲ စာကို အော်မကျက်နဲ့ဆို အော်မကျက်ဘူး၊ မမနွေးကိုတော့ သဲသဲ အခန်းမှာပဲ အတူတူ ထားပေးရမယ်"

နွေးနွေးကပင် မရဲတရဲဖြင့် ဦးလေးလွင်ကို ပြန်ပြောရပါ၏။

"သဲသဲကို အော်ပြီး စာမကျက်နဲ့လို့တော့ မဟန့်တားသင့်ဘူး ဦးလေးလွင်၊ ခုခေတ်မှာ မူလတန်းကလေးကစပြီး ဟိုက်စကူး ကျောင်းသူကျောင်းသားတွေဟာ စာကျက်ရင် အော်ကျက်ပြီး ဘိုင်ဟာတ်အလွတ်ရအောင် ကျက်တဲ့သူတွေချည်းပဲ။ ဒီတော့ သဲသဲလည်း အလွတ်ရအောင် အော်ကျက်မှာပဲ၊ သဲသဲ ဆန္ဒအတိုင်း နွေးနွေး သဲသဲ အခန်းမှာပဲ နေပါရစေ၊ နွေးနွေးစာကျက်ဖို့ စာကြည့်စားပွဲကို ဘုရားခန်းမှာ ကပ်ထားပေးပါ။ ရပါတယ်၊ သဲသဲ စာကျက်ချိန်မှာဆိုရင် နွေးနွေး အဲဒီမှာ သွားကြည့်မယ်၊ ပြီးတော့ သဲသဲစာကျက်ရင် ညကိုးနာရီ ဆယ်နာရီ အလွန်ဆုံးပေါ့၊ နွေးနွေးမှာ ညဉ့်နက်မှ စာကျက်တာ အကျင့်ရပြီးသားပါ၊ သဲသဲ အိပ်သွားမှ အခန်းထဲမှာ ကျက်လည်း ရပါတယ်"

ယင်းအဆုံးအဖြတ်အတိုင်းပင် သဲသဲအလိုကျ သဲသဲ အခန်းမှာပင် နွေးနွေး နေခြင်း ဖြစ်တော့သည်။

ဤအိမ်တွင် တနင်္ဂနွေနေ့ရောက်တိုင်း ထူးခြားချက်လေးတစ်ခု ရှိသည်၊



www.burmeseclassic.com

www.burmeseclassic.com



နွေးနွေးရောက်ပြီး၈ (၃)ရက်အကြာက တနင်္ဂနွေ တစ်ခါ ကြုံသည်။

ယနေ့တစ်ကြိမ် ဒုတိယတနင်္ဂနွေ နွေးနွေး ကြုံရပြန်သည်။

တနင်္ဂနွေနေ့ဆိုလျှင် ဦးလေးလွင်သည် ခြေတစ်ပတ်ခါ ချိုင်းထောက်လည်း ကားပေါ်တင်ပြီး အပြင်ထွက်လေ့ရှိသည်။

သူ့လုပ်ငန်းတွေနှင့် ပတ်သက်သည့် ကိစ္စလည်း ပါချင်ပါမည်။ ဒါတော့ နွေးနွေး မသိ။ သူ့အပေါင်းအသင်းအိမ် သွားတာမျိုးလည်း ဖြစ်ချင်ဖြစ်မည်။

တခြား အချို့နေ့များတွင်လည်း ဦးလေးလွင်သည် သူ့လုပ်ငန်းကိစ္စအတွက် အပြင်ထွက်တတ်သည်။

သို့သော် လုပ်ငန်းနှင့် သွားလျှင် အိမ်အပြန်တွင် ဘာမှဝယ်မလာတတ်။

တနင်္ဂနွေထွက်သည့်နေ့မှာတော့ ဦးလေးလွင်သည် မြို့ထဲမှ စားသောက်စရာ ဝယ်လာလေ့ရှိသည်။ ကြက်ကောင်လုံးကင်နှင့် ပလာတာမျိုး၊ ဘဲကောင်လုံးကင်နှင့် ကြေအိုးစသည်တို့ ဝယ်လာတတ်သည်။

ဒီခေတ်က ကြွပ်ကြွင်အိတ်မှုန့် ဘည့်သောခေတ် ဖြစ်သဖြင့် အိမ်ပေါ်သို့ ကိုမှိုင်းက ကြွပ်ကြွပ်အိတ်တွေဖြင့် သယ်ယူရသည်။

ထမင်းစားခန်းတွင် သဲသဲနှင့် နွေးနွေးကို ဦးလေးလွင် ခေါ်သည်။



"စား __ စား __ သဲသဲ၊ အားရပါးရစားစမ်း သမီး။ နွေးနွေး စား __ စားနော်"

စားချေချင်သော ဓေတနာအပြည့်ဖြင့် နှုတ်မှ တဖွဖွ ပြောတတ်သည်။

ဒီနေ့တွင် ဦးလေးလွင် မိမိအပေါ် လိုက်လျောလှချည်လားဟုပင် နွေးနွေး စိတ်ထဲတွက်မိသည်။

ခါတိုင်း နေ့စဉ် ထမင်းဝိုင်းတွင် စားသောက်ကြပြီဆိုလျှင် စကားတစ်ခွန်းမှ မပြော၊ ခွန်းသံပန်းကန်သံ ကျယ်လောင်သွားသည်ကိုပင် မကြိုက်၊ ဘာမဆို စည်းကမ်းကြီးသည်။ သဘောကောင်းသည်က တခြား၊ စည်းကမ်းထားရှိသည်က တခြားဟု သဘောထားသည်။

၎င်းကိစ္စကို အိပ်ခန်းထဲရောက်မှ သဲသဲက ပြန်ရှင်းပြသည်။

"ဖေဖေက နေ့စဉ် အိမ်မှာစားတာကျတော့ စည်းကမ်းကို သတ်မှတ်တယ် မမနွေးရဲ့၊ အခုလို တနင်္ဂနွေနေ့ အပြင်က ဝယ်လာတာကျတော့ ဒီလိုပဲ အတင်းစားခိုင်းတယ်၊ ကြိုက်သလိုစားပဲ၊ ဘာလို့လဲဆိုတော့ အိမ်ထမင်း အိမ်ဟင်းက သမရိုးကျစားတာ၊ တနင်္ဂနွေနေ့ ဝယ်လာတာကျတော့ တစ်ခါတလေမှ စားတာမို့ မစားရမှာ စိုးပြီး အတင်းစားခိုင်းတာ"

သဲသဲ ပြောမှပင် တနင်္ဂနွေလောကွတ်လို့ နွေးနွေး သဘောပေါက်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ၅

နွေးနွေး ဆေးတက္ကသိုလ်တွင် တက်ရောက်သည်မှာ တစ်လပြည့်သွားပြီ။

ကျောင်းတက်ပြီဆိုကတည်းက နွေးနွေးသည် ဦးလေးလွင်နှင့် မျက်နှာချင်းဆိုင်မှု နည်းသွားသည်။

ဦးလေးလွင်သည် ညဉ့်နက်ပိုင်းအထိ စာပတ်ချင်ဖတ်သည်။ ထို့ကြောင့် နံနက်ဆို အိပ်ရာထ နောက်ကျလေ့ရှိသည်။

ကျောင်းစတက်ကတည်းက နံနက်ကော်ဖီဝိုင်းတွင် ဦးလေးလွင်နှင့် မဆုံမိကြတော့ပေ။

ကျောင်းစတက်ကတည်းက ဒေါ်ပြုံးက သဲသဲကို သို့ပင် နွေးနွေးအတွက် ထမင်းဘူး ပြင်ပေးသည်။ နွေးနွေးနှင့် သဲသဲ ထမင်းဘူး ကိုယ်စီဖြင့် ကျောင်းသွားကြသည်။

ညစာထမင်းဝိုင်းကျမှသာ ဦးလေးလွင်နှင့် ထမင်း



ဝိုင်းမှာ ဆုံသည်။ ဆုံမိတော့လည်း ထုံးစံအတိုင်း ထမင်းဝိုင်းတွင် စကားမပြောသော စည်းကမ်းအတိုင်း စကားမပြောကြပေ။

ဤအခိုက်တွင် ဤမျှကြာလာသည်အထိ ဦးလေးလွင်သည် နွေးနွေးအား ပြောစရာကိစ္စရှိမှ ပြောသည်။

နွေးနွေးကိုယ်တိုင်ကလည်း ဦးလေးလွင်ကို ကြောက်သဖြင့် ခပ်ရှောင်ရှောင်လေး နေသောကြောင့် ပို၍စကား မပြောဖြစ်ကြပေ။

ဘာဘာညာညာကြောင့် ဦးလေးလွင်ကို ကြောက်သည်မျိုးတော့မဟုတ်။ မျက်နှာထားတင်းသော ဖခင်အား သားသမီးက ကြောက်သည့် အကြောက်မျိုး ဖြစ်ပါ၏။

ယနေ့ ...။

ညစာထမင်းဝိုင်းစားကြရာတွင် ဦးလေးလွင်က ပထမဆုံး ပြီးသွားသည်။ စားသောက်ပြီး ဗိုး(လ်)ချဲယားနှင့် ထမင်းဝိုင်းမှ မထွက်ခွာမီ နွေးနွေးကို ပြောလိုက်သည်။

"နွေးနွေးနာမည်နဲ့ စာတိုက်က စာနှစ်စောင် ရောက်နေတယ်၊ ငါ့စာကြည့်စားပွဲပေါ်မှာ တင်ထားတယ်။ စာအိတ်တွေပေါ်က လက်ရေးအရဆိုရင် တစ်အိတ်က နွေးနွေးရဲ့ ဖေဖေ ဦးအောင်နွေးဆီကပဲ၊ ကျန်တဲ့တစ်စောင်ရဲ့ လိပ်စာလက်ရေးတော့ ငါမမြင်ဖူးဘူး၊ အဲဒါ မင်း ထမင်းစားပြီးရင် သွားယူဖို့ ငါပြောတာ"

"ဟုတ်ကဲ့ပါ ဦးလေးလွင်"

ဦးအောင်လွင်ဗိုး(လ်)ချဲယား လှိမ့်ပြီး ထမင်းစားခန်းမှ ထွက်သွားသည်။ ဧည့်ခန်းတွင် ဗိုး(လ်)ချဲယားပေါ်မှ ဒရုန်းဘက်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်သို့ ဦးလေးလွင် ပြောင်းထိုင်သည်။ ကိုမိုးက ကူညီရွှေ့ပြောင်းပေးခြင်း ဖြစ်သည်။

စားသောက်ပြီး နွေးနွေး ထွက်လာသည်။

သဲသဲက အစားပုပ်နေသည်။ ထမင်းဝိုင်းတွင် စားတုန်းစားဆဲ ကျန်ခဲ့သည်။

နွေးနွေး ညောင်ခန်းကို ဖြတ်ပြီး စာကြည့်ခန်း ဦးလေးလွင် စားပွဲပေါ်ရှိ မိမိစာနှစ်စောင်ယူရန် ဦးလေးလွင်နောက်ကျောပိုင်းမှ ခြေကိုဖွနင်းပြီး သွားသည်။

"နွေးနွေး ..."

"ရှင် ... ဦးလေးလွင်"

ခြေဖွနင်းသွားသော်မယ့် ဦးလေးလွင် သိပေသည်။ နွေးနွေး ပျာပျာသလဲ ပြန်ဖြေသည်။

"အဲဒီစာကြည့်ခန်းထဲက ငါ့စားပွဲပေါ်မှာပဲ ငါ့ဆေးတံနဲ့ ဆေးဘူး ကျန်ခဲ့တယ်။ မင်း ပြန်ထွက်လာရင် ယူခဲ့ပါ"

"ဟုတ် ... ဟုတ်ကဲ့"

ဦးလေးလွင်အဖို့ ဗီး(လ်)ချဲယားပေါ်မှ ခရင်းဘက်ပေါ်သို့ ပြောင်းရွှေ့ပြီး ဖြစ်နေသဖြင့် ဗီး(လ်)ချဲယားပေါ် ပြန်တက်ရန် မလွယ်ပေ။ ချိုင်းထောက်နှင့်ထောက်ပြီး ထရန်မှာလည်း ဝန်လေးပေသည်။

ထို့ကြောင့် နွေးနွေးအား လူကြုံမှာ သဘောဖြင့် လှမ်းပြောခြင်းဖြစ်ကြောင်း နွေးနွေး သဘောပေါက်ပါ၏။

အကယ်၍ သဲသဲ ရှိလျှင်လည်း သဲသဲကို ခိုင်းပေလိမ့်မည်။



နွေးနွေး စာကြည့်ခန်းထဲသို့ ဝင်ခဲ့သည်။

လေးဘက်လေးတန် နံရံကပ် မှန်ဗီရိုကြီးထဲတွင် စာအုပ်တွေ တန်းစီရှိနေသည်။ အထော်အတန် စာကြည့်တိုက်လေး လောက်ရှိလောက်သည်။

ဦးလေးလွင်ထိုင်သော စာကြည့်စားပွဲကြီးမှာ ငါးပေ သုံးပေ ပါလစ်ချောင် ဖိတ်ဖိတ်တောက်နေသော စားပွဲကြီး ဖြစ်ပါ၏။ ကုလားထိုင်မှာ သားရေဖုံးဆံ့လည် ဆိုဖာကုလားထိုင်ကြီး ဖြစ်ပေသည်။

စားပွဲပေါ်တွင် ပထမဦးစွာ ဦးလေးလွင် မှာလိုက်သော ဆေးဘူး ဆေးတံကို အရင်ရှာသည်။ အလွယ်ပင် တွေ့ပါ၏။ ဆေးတံနှင့် ဆေးဘူးကို မေ့မကျန်ခဲ့စေရန် ကောက်ယူထားပြီးမှ စားပွဲပေါ်တွင် အသင့်ရှိနေသော စာအိတ်ပိတ် စာနှစ်စောင်၏ စာအိတ်များ မျက်နှာစာမှ လက်ရေးတွေကို ကြည့်လိုက်သည်။

ဟုတ်ပါ့။

တစ်စောင်မှာ မန္တလေးမှ ဖေဖေ ပို့သောစာဖြစ်မှန်း သေချာသည်။ လိပ်စာ လက်ရေးသည် ဖေဖေ၏ လက်ရေး။ ပြီး စာအိပ်ပေါ်မှ တံဆိပ်ဝိုင်းတစ်ခုသည် မန္တလေးစာတိုက် တံဆိပ်ဝိုင်းဖြစ်သည်။

ကျန်တစ်စောင်၏ လက်ရေးလိပ်စာကိုမူ နွေးနွေး လုံးဝ မသိ။ တံဆိပ်ဝိုင်းကို ကြည့်ပြန်တော့လည်း ရန်ကုန်မှ ရန်ကုန်ထဲသို့ ပို့သော ရန်ကုန်တံဆိပ်ဝိုင်းတွေ ဖြစ်နေသည်။

နွေးနွေး စာကြည့်ခန်းမှ ထွက်လာပြီး ဦးလေးလွင် ရှိရာသို့ လျှောက်သွားကာ တရိုတသေ ဆေးတံနှင့် ဆေးဘူးကို

www.burmeseclassic.com

www.burmeseclassic.com



လက်နှစ်ဖက်ဖြင့်လည်းကောင်း၊ ကိုယ်ကိုကျွံ့ ခါ ကိုင်း၍လည်းကောင်း ဦးလေးလွင်ကို ပေးသည်။

ဦးလေးလွင် အေးတွင် သဲသဲလည်း ရောက်နေပေပြီ။

"စာကြည့်ခန်းမှ ဗီရိုတွေထဲမှာ စာအုပ်တွေ မင်း မြင်ခဲ့တယ် မဟုတ်လား။ ကြည့်ကော ကြည့်မိရဲ့လား"

"ကြည့်မိပါတယ်။ မြင်လည်းမြင်ခဲ့ပါတယ် ဦးလေးလွင်"

"ငါ စုဆောင်းထားတာ။ ဘာသာရပ်အမျိုးစုံ အကြောင်းအရာမျိုးစုံ စာအုပ်တွေပဲ"

"နွေးနွေး အသေးစိတ် မကြည့်မိဘူး ဦးလေးလွင်။ ဝေ့ဝိုက်ကြည့်ရုံလောက်ပဲ ကြည့်မိခဲ့တယ်"

"အေး ... ဆေးပညာနဲ့ပတ်သက်တဲ့ စာအုပ်တွေ အများကြီးနဲ့ အမျိုးစုံရှိတယ်၊ မင်း ကြိုက်တဲ့စာအုပ် ယူပြီး လေ့လာနိုင်တယ်၊ ကြားလား"

"ဟုတ်ကဲ့ပါ ဦးလေးလွင်။ နွေးနွေး အချိန်ယူပြီး လေ့လာကြည့်ချင်ပါတယ်။ အခု ဦးလေးလွင် နွေးနွေးကို ဘာခိုင်းစရာရှိသေးလဲဟင်"

"မရှိဘူး ... မင်းကို ငါက ခိုင်းဖို့ ခေါ်ထားတာမှ မဟုတ်တာ၊ အခု ဆေးတံနဲ့ ဆေးဘူး ယူခဲ့ခိုင်းတာက ကြုံလို့မှာတာပဲဟာ"

နွေးနွေး ရင်ထဲတွင် နင့်ခနဲ ဖြစ်သွားရပါ၏။ ဦးလေးလွင် မိမိအပေါ် ပြောဆိုဆက်ဆံခြင်းသည် တင်းလွန်းရင့်လွန်းသည်ဟု ရင်ထဲတွင် ခံစားလိုက်ရသည်။

"မင်း ... အေးအေးဆေးဆေး မင်းဆီလာတဲ့ စာနှစ်စောင်ကို



သွားဖတ်ပေတော့၊ မင်းရဲ့ စာတွေကို သဲသဲကို ဖြဖို့ ပေးဖတ်ဖို့ မလိုဘူး၊ သဲသဲကလည်း သူတစ်ပါးစာကို ယူမဖတ်ရဘူး။ ဒါဟာ ယဉ်ကျေးမှုနဲ့ ဆန့်ကျင်တယ်"

"အိုး ... မေမေကြီးကလည်း သဲသဲ ဘယ်တော့မှ သူများစာကို ဖတ်လေ့မရှိဘူး၊ မေမေကြီးက ဘာမှန်းလဲ မသိဘူး"

ဟု ပြောနေသည်ကို နွေးနွေး သူမအခန်းသို့တက်လာရင်း သဲသဲပြောသံကို ကြားရပါ၏။

ဖေဖေဦးအောင်နွေး၏ စာကို မဖတ်မီ လက်ရေးကို မကျက်မီသောနှင့် ရန်ကုန်စာတိုက်တံဆိပ်ချည်းပါသော စာကို ပြန်ကြည့်ကာ ဘယ်သူကပေးသော စာပါလိမ့်ဟု တွေးကြည့်သည်။

ရန်ကုန်တွင် မိမိထံ စာထည့်မည့် အသိမိတ်ဆွေ မရှိ။ ယခု ကျောင်းတက်မှ နွေးနွေးတွင် စိစိ ဆိုသူနှင့်သာ သိကျွမ်းသေးသည်။ နွေးနွေးကိုယ်တိုင်ကလည်း မိတ်ဆွေများများ မထားလိုသောကြောင့် ဖြစ်ပါ၏။ မိတ်ဆွေများများထားလျှင် လျှုပ်ရှားမှုရေးပိုင်းတွေအတွက် နွေးနွေးသည် အချိန်မပေးနိုင်သောကြောင့် မိတ်ဆွေများများ မထားခြင်း ဖြစ်သည်။

ပြီး ... မိမိ ရန်ကုန်တွင် လာနေခြင်းမှာ လွယ်လွယ် မဟုတ်။ မိမိရည်ရွယ်ချက် ကြီးမားစွာဖြင့် ဆရာဝန်ဖြစ်ရေး အဓိကဖြင့်လာခဲ့ခြင်း ဖြစ်သည်။

ရောဂါသည် ဖခင်ကြီးကို ဒီအတိုင်း စွန့်ခွာထားခဲ့ရသည်။

သူတစ်ပါးအိမ်တွင် ခိုကပ်နေပြီး ကျောင်းတက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိတွင် ရန်ကုန်၌ စာတစ်တန် ပေတစ်တန် ဆက်သွယ်မည့် မိတ်ဆွေမရှိပါဘဲလျက် ဒီစာက ဘယ်လိုကြောင့် ရောက်လာလေသနည်း။

ဘယ်သူ့စာနည်း။

မွေးမွေးသည် ရင်းအဖြေမသိ စာအိတ်ကို အားသို့ ချထားလိုက်ပြီး မန္တလေးမှ ပို့သည့် ဖေဖေ၏ စာကို ဖွင့်ဖောက် ဖတ်ရှုလိုက်သည်။

သမီးမွေးမွေး

ဒီနေ့ပဲ အောင်လွင်ဆီက ဖေဖေ့ဆီကို စာရောက်လာတယ်၊ သမီး ထည့်လိုက်တဲ့ စာနှစ်စောင်လည်း ဖေဖေ ရပြီးပါပြီ။ ဖေဖေ ဆေးရုံတက်ဖို့ကိစ္စတွေ စီစဉ်နေတာနဲ့ သမီးဆီ ချက်ချင်း စာပြန်မရေးဖြစ်ဘူး။

အခုတော့ ဖေဖေ ဆေးရုံတက်ပြီး အခန်းသန့်သန့် ခုတင်သန့်သန့် ရပါတယ်။

ငွေကြေးလည်း ဖေဖေ့မှာ ပြည့်စုံတယ်၊ ဖေဖေ့အတွက် သမီး ဘာမှ မပူနဲ့။

ဒီနေ့ သမီးဆီ စာရေးဖြစ်တာကတော့ အောင်လွင်က ဖေဖေ့ဆီ စာရေးလိုက်တဲ့အကြောင်း သမီး သိစေချင်လို့ပဲ။

မွေးမွေးသည် ဦးလေးလွင်က ဖေဖေ့ထံသို့ စာရေးသည်ဆိုသည့်အတွက် အံ့သြရပြန်သည်။ မွေးမွေးကိုတော့ မင်းအဖေဆီ ငါ စာရေးလိုက်တယ်ဟုလည်း ဦးလေးလွင်သည် မိမိကို တစ်ခါမျှ မပြောပေ။

ဦးလေးလွင်သည် မိမိအကြောင်း ဖေဖေ့ထံ ဘာတွေ





များ ရေးလိုက်ပါလိမ့်ဟု သိချင်စောလေးဖြင့် ဖေဖေ့စာကို ဆက်ဖတ်သည်။

အောင်လွင်ရဲ့စာအရ သမီး သူ့အိမ်မှာ ကောင်းကောင်းမွန်မွန် နေရပြီး သဲသဲလေးကလည်း သမီးကို အစ်မရင်းလို ချစ်ခင်လိုလားတယ်ဆိုတာ ဖတ်ရတော့ ဖေဖေ တကယ်ပဲ ဝမ်းသာသွားတယ်။

အောင်လွင်ကလည်း သူ့သမီးက မွေးမွေးကို ချစ်ခင်နေလို့ ထင်ပါရဲ့ သမီးအကြောင်းတွေ အကောင်းချည်းရေးတယ်။ သမီး လိမ္မာတာ၊ အနေအထိုင် ယဉ်ကျေးသိမ်မွေ့ပြီး ဖျတ်ဖျတ်လတ်လတ်နဲ့ လူရွှင်ရှိတာ၊ ပညာကို ကြိုးစားတာ၊ ဝီရိယရှိတာတွေ အားရပါးရ ရေးပြတယ်။

တကယ်တော့ အောင်လွင်ဟာ စည်းကမ်းကြီးတယ်၊ စကားကို တိုတိုပြတ်ပြတ် ပြောတယ်၊ အပိုတွေဖွဲ့ မပြောတတ်ဘူး၊ ဒါကလည်း တပ်မတော်မှာ အမှုထမ်းခဲ့ရတဲ့ စစ်သားရဲ့သဘာဝတွေ ဖြစ်သွားတဲ့ သဘောပါ။ စိတ်ရင်းသဘောရင်းကတော့ အောင်လွင် သိပ်ကောင်းမှန်း ဖေဖေနဲ့ ပေါင်းလာတာကြာခဲ့တာပဲ ဖေဖေ သိတာပေါ့။

အောင်လွင် ဖေဖေ့ဆီ ရေးတဲ့အထဲမှာ သူ့ကိုယ်ရေးကိုယ်တာလေး တချို့တလေ ထည့်ရေးပြတယ်။

ဒီကောင်အောင်လွင်ဟာ ဇနီးကြောင့် နာကြည်းစိတ်တွေ သိပ်ရှိသွားလို့ ရုပ်က တင်းမာရင့်ရော်သလို ဖြစ်သွားပေမယ့် တကယ်တော့ ဒီကောင့်အသက်ဟာ လေးဆယ်တောင် ပြည့်ဦးမယ် မထင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း ခြေတစ်ဖက်ပြတ်၊ ချိုင်းထောက်နဲ့ ဘဝရောက်နေပေမယ့် သူ့ကို လက်ထပ်ချင်နေကြတဲ့ အမျိုးသမီးတွေ ရှိနေတယ်ဆိုပဲ။ ဒါတွေကို သူရေးတာ ကြွားဝါတဲ့သဘော မဟုတ်ဘူး။ အဓိကက သူ့သမီးလေး သဲသဲကို သူ သိပ်ချစ်တဲ့အကြောင်း ရေးတာနဲ့ ပတ်သက်ပြီး ပါလာတဲ့ ဖော်ပြချက်မျိုးပါ။ သူ့ကို ကမ်းလှမ်းလာတဲ့ အမျိုးသမီးဆိုရင် သဲသဲက ရန်လုပ်တော့တာပဲတဲ့၊ သဲသဲက သူ့အဖေ နောက်အိမ်ထောင်ပြုမှာ အရမ်းကြီး စိုးရိမ်တာတဲ့။

ဒါကြောင့်လည်း သူ့အိမ်မှာ သမီးနွေးနွေးကို လက်ခံဖို့ ကိစ္စတုန်းက သူ့အနေနဲ့ ဖေဖေ့အခက်အခဲ နွေးနွေး အခက်အခဲတွေကြောင့် လက်ခံချင်ပြီးသားပါတဲ့။

ဒါပေမယ့် သဲသဲ သဘောမတူရင်တော့ လက်မခံနိုင်တာ အမှန်ပဲတဲ့။ ဒါကြောင့် သဲသဲကို တိုင်ပင်ပြီးမှ လက်ခံရတာပါတဲ့။

မိခင်ကွယ်လွန်သွားလို့ဖြစ်ဖြစ် မိခင်က တခြားနည်းနဲ့ ခွဲပစ်သွားလို့ပဲဖြစ်ဖြစ် ကျန်ခဲ့သူဟာ သားယောက်ျားလေး ဆိုရင်တော့ ဖခင်ဖြစ်သူမှာ ပြဿနာ သိပ်မခက်ခဲပါဘူးတဲ့။

ဟုတ်တယ် သမီး၊ အောင်လွင်ကို ဖေဖေကိုယ်ချင်းစာမိတယ်၊ ဖေဖေကိုယ်တိုင် ဇနီးဆုံးသွားပြီးနောက် သမီးမိန်းကလေးနဲ့ နေခဲ့ရတာကိုး။

သမီးမိန်းကလေးဆိုတာ အရွယ်ရောက်လာရင် မိခင်နဲ့မှ ပြောအပ်တာတွေ၊ တိုင်ပင်အပ်တာတွေ အများကြီး မဟုတ်လား။



အခု သဲသဲလေးကလည်း ဆယ်ကျော်သက်မလေး အပျိုပေါက်မလေးဆိုတော့ ဒီကောင်အောင်လွင်ဟာ သမီးလေးကို ချစ်တဲ့စော၊ သနားတဲ့စောနဲ့ ဘယ်လိုပြောလို့ ဘယ်လိုကိုင်တွယ်ရမှန်း မသိဘဲ စိတ်မောနေရှာတာကိုး။

အခုတော့ အောင်လွင်သိပ်ကျေနပ်နေတယ်၊ သမီး ဆရာဝန်ဘွဲ့ရတဲ့အထိဆိုရင် နောက်ထပ်သုံးလေးနှစ် သူ့အိမ်မှာနေရဦးမှာလေ။

သမီးဆရာဝန်ဖြစ်ပြီး ဖေဖေ့ဆီ ပြန်လာတဲ့ အချိန် လောက်ဆိုရင် သဲသဲလေး (၁၇)ကျော်ကျော် (၁၈)နှစ်အရွယ် လောက်ရောက်နေပြီ။ တက္ကသိုလ်တစ်ခုခုမှာ ရောက်နေ လောက်ပြီ။ အခု သုံး ၊လေးနှစ်အတွင်းမှာ သမီးနွေးနွေးရဲ့ အဆုံးအမ အအုပ်ဒ ထိန်း အတိုင်ပင်တွေနဲ့ သဲသဲဟာ လိမ္မာရေးခြားရှိတဲ့ မိန်းကလေး ဖြစ်နေလောက်ပြီတဲ့။

အခုတောင် သမီးနွေးနွေး ဆေးတက္ကသိုလ်တက်နေ တာကို သဲသဲက အားကျပြီး သဲသဲလည်း ဆေးတက္ကသိုလ် ရောက်အောင် ကြိုးစားမယ်၊ သဲသဲလည်း ဆရာဝန်မဖြစ်ရ မယ်ဆိုပြီး အရင်ကထက် စာတွေပိုပြီး ကြိုးစားတာကို တွေ့ရလို့ အောင်လွင် အရမ်းပျော်တယ်တဲ့။

နီဂိုးချုပ် ဖေဖေ ရေးမယ် ...

သမီးနွေးနွေး အောင်လွင့်အိမ်မှာ နေခဲ့သရွေ့မှာ နောက်ဆုံးအချိန် သားရွှေအိုးထမ်းလာတာကို မြင်ရတဲ့ကိန်း ဆိုက်အောင် သမီး ဆောင်ရွက်ပါ။

သမီး ဆရာဝန်ဘွဲ့ရရမယ်။

www.burmeseclassic.com

www.burmeseclassic.com



သဲသဲလေးက သမီးနွေးနွေး ပြောတဲ့အတိုင်း လိုက်ဖြစ်စေရမယ်။

သမီးမှာရော သဲသဲမှာရောအရှင်းအချာ ညီအစ်မမရှိတော့ သဲသဲအပေါ်မှာ သမီးက ညီမလေးအရှင်းခေါက်ခေါက်လို့ သဘောထားရမယ်။

အောင်လွင်ကြီးကိုလည်း ဦးလေးအရင်းလို့ သဘောထားပြီး ဒီကောင်ကြီးရဲ့ ဝေယျာဝစ္စတွေ သမီး စွမ်းဆောင်နိုင်သလောက် စွမ်းဆောင် လုပ်ကိုင်ပေးရမယ်။ အောင်လွင်ဟာ ခူးရင်းသီးပါ သမီး၊ အပြင်ဗဟိဒ္ဓကြီးက ချူးတွေနဲ့ ကင်းမာနေပေမယ့် အတွင်းအဇ္ဈတ္တက အင်မတန်ချိုတဲ့ဆိမ့်တဲ့ အရသာနဲ့ အမြွာကြီးတွေရှိတဲ့ကောင်ပါ။

ကဲ ... ဖေဖေ့ ကျန်းမာရေးအခြေအနေ ရေးမယ်၊ ပေဖေ့အခြေအနေ အားလုံးကောင်းတယ်၊ အောင်လွင်ဆီက စာရတော့ သမီးအတွက် ပိုစိတ်အေး၊ စိတ်ချမ်းသာရလို့ ရောဂါအသက်သာမြန်နေတယ်။

ဝမ်းသာစရာကတော့ ဆရာဝန်ကြီးက ဖေဖေ့ရောဂါကို အသေးစိတ် စစ်ဆေးပြီး အခုအတိုင်း သက်ကသာသွားရင် တစ်နှစ်နဲ့ တစ်နှစ်ခွဲကြားမှာ ပကတိလူကောင်းပြန်ဖြစ်ပြီတဲ့။

ဝမ်းသာစရာပေါ့သမီး။

ဒါလောက်ပါပဲသမီး။





ပေဖေ၏ စာကို ဖတ်ပြီးနောက် နွေးနွေးသည် ဘယ်လိုကောက်ချက်ချရမည်မှန်း မသိဖြစ်ရပေသည်။

ဖေဖေ့စာသည် ဖဲ့နေသည်။

ဦးလေးလွင်အား လက်ထပ်လိုသော အမျိုးသမီးတချို့က ချဉ်းကပ်လာသည်ကို သဲသဲက လုံးဝမလိုလား လက်မခံကြောင်း နွေးနွေးကို သိစေရန် ထည့်ရေးသည်။

ဖေဖေ့စိတ်ထဲတွင် ဦးလေးလွင်နှင့်မိမိ ငြိစွန်းသွားမည်ကို စိုးရိမ်သောကြောင့် သွယ်ဝိုက်စကားနဲ့ လှမ်း၍ သတိပေးဟန်တားခြင်းလောလား။

ဟုတ်ချင်လည်း ဟုတ်မည်။

ဖေဖေက အားကြီးမျှော်လင့်ထားသည်မှာ မိမိ ခင်ပွန်းဖြစ်သွားလျှင် သားအဖ အတူပြန်နေချင်သောဆန္ဒ ပေါ် ... အပြည့်အဝရှိနေမှန်း နွေးနွေး သိသည်။

နွေးနွေး ပြုံးမိပါ၏။

ဖေဖေသည် တိတိစွတ်စွတ်ကလို မိုးပြိုမှာစိုးရိမ်ပြီး ခြေနှစ်ချောင်း မိုးပေါ်ထောင်လိုက်ခြင်းပေလား။

အဖေကြီးကို ... ပေါ်သေးတော့။

မိမိနွေးနွေးကို ... ကြီးနှင့် ... ရသော်လည်း ... မခြင်မတွေ့ရသောကြောင့် တိတိတွတ် ... ခြေနှစ်ချောင်း မိုးပေါ်ထောင်ခြင်း ... ဖြစ်မိမည်။

နွေးနွေးသည် ... ကို ... ရှိ အတိုင်း ပြန်ဆေး ... ပြီး ... ပြန်လည်ပို့ ... လိုက်သည်။

...

www.burmeseclassic.com



မှ ရန်ကုန်စာတိုက်တံဆိပ်ဝိုင်း ပါသော စာကို ဖွင့်လိုက်လေသည်။

ရေမွှေးနံ့သင်းနေသော အပြာရောင် စာရွက်တစ်ရွက် ထွက်လာသည်။ နွေးနွေး ဖတ်ကြည့်သည်။

နွေး ...

တို့ကတော့ နွေးကို သိပြီးပေါ့လေ။

ဆေး(၂)မှာ နွေးဟာ ဘွားခနဲရောက်လာတာယ်။

အရမ်းကြီး ထွန်းတောက်ထင်းပတဲ့ ကြယ်တစ်ပွင့်လို့ မှတ်ယူမိတယ်။

ကောင်းကင်မှာ ကြယ်တွေကတော့ အများကြီးပေါ့၊ ကြယ်ပွင့်တိုင်းမှာလည်း သူ့အရည်အချင်းနဲ့သူ တောက်ပကြပါတယ်။

အဲဒီကြယ်ပွင့်အများကြီးထဲမှာပဲ နွေးက လင်းခနဲ လက်ခနဲ ထူးထူးခြားခြား အရမ်းပိုပြီးတောက်ပတာယ်။ တို့ ... နွေးကို အမြဲကြည့်နေတာယ်။ ဘယ်လောက်ကြည့်ကြည့် ကြည့်လို့မဝဘူး။ တို့ နွေးအကြောင်း စုံစမ်းတယ်၊ နွေးက ကျိုက်ဝိုင်းဘုရားလမ်းထဲ အောင်လွှင်ခြံကြီးနဲ့ တိုက်အိမ်ကြီးမှာ နေတာယ်ဆိုတာ သိရတာယ်၊ တို့နာမည် ‘စည်သူအောင်’ပါ။ နွေးနဲ့ အတန်းတူ တက်နေတာပါ။ တို့ နွေးကို သိပ်မေတ္တာရှိနေပြီ၊ မြန်လိုက်တာ အချေါစား ဆန်လိုက်တာလို့တော့ မထင်လိုက်ပါနဲ့ နွေး၊ တို့ရဲ့ အပေါင်းအသင်းတွေကလည်း နွေးကို သိပ်စိတ်ဝင်စား နေကြတယ်၊ တို့က စာရင်းအမြန်သွင်းရတဲ့ သဘောပါ။



အပေါ်စားဆန်တာ လုံးဝမဟုတ်ရပါဘူး ယုံပါ။

တို့ ကျောင်းမှာလိုက်ပြောရင် ဟိုကောင်တွေ လှောင်ကြမယ်၊ နွေးရဲ့ သိက္ခာထိခိုက်မှာစိုးတယ်၊ ဒါကြောင့် စာတိုက်က ထည့်ရတာ။

တို့ကျောင်းတက်စီးတဲ့ကားက အဝါရောင် ပါဂျဲရိုကားပါ။ ကြွားချင်လို့ ရေးပြတာ မဟုတ်ရိုးအမှန်ပါ၊ အဲဒီကားစောင်းပြီး ကျောင်းတက်သူဟာ တို့ စည်သူအောင် ဆိုတာ နွေး သိစေချင်လို့ပါ။ နို့မို့ရင် နွေး တို့ကို ဘယ် သိမလဲ။

ပညာသင်ကြတုန်းပါ၊ နွေးအချိန်တွေအများကြီး ယူစဉ်းစားနိုင်ခွင့် ရှိနေပါတယ်။ တို့မေတ္တာကို အဖူးအငုံလို့ သဘောထားပြီး ပညာကိုယ်စီစုံမှ ပွင့်ကြစို့ပါ။

နွေးကိုချစ်တဲ့ စည်သူအောင်

လာပြန်ပြီဟု နွေးနွေးသည် တိုးတိုးလေး ညည်းတွားလိုက်မိသည်။

နွေ လေးတုန်းကလည်း ဟိုက်စကူးကျောင်းသူ ဘဝ မှစပြီး ယခုရန်ကုန်ကို လာသည်အထိ ဒီစာမျိုးတွေ မရေမတွက် နိုင်အောင် အံ့ဩနေခဲ့ရသည်။

မိမိက လာသမျှ ငြင်းဆန်လေတော့ မိမိကို ရန်လုပ်လာချင်ကြသည်။ အမနာပ မိမိ၏ သတင်းတွေကို အဆိုး လွှင့်သည်။ နောက်ဆုံး မိမိ ရန်ကုန်ကို ထွက်ပြေးရသည်အထိ ဖြစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



စာကို ပြန်ခေါက် စာအိတ်ထဲ ပြန်ထည့်ထားလိုက်သည်။

ဒီလိုစာမျိုးတွေ လာချေဦးမည်။

ထိုမှတစ်ဆင့် ဤအိမ် မိမိထံသို့ ဖုန်းဆက်ကြဦးမည်။ ဒီထက်ကဲပြီး ဒီအိမ်သို့ ဇွတ်ဝင်လာလည်ချင် လည်ကြဦးမည်။

ဒီကောင်မလေး ယောက်ျားမိတ်ဆွေတွေ ပေါများလှချည့်လား၊ ဒါကြောင့် မနှစ်လေးက ထွက်ပြေးခဲ့ရတာပဲဟု အထင်သေး အမြင်သေး မြင်ပြီး မင်းမနှစ်လေးကို ပြန်တော့ဟု ဆိုလာလျှင် နွေးနွေး၏ ရည်မှန်းချက်ကြီး ရည်ရွယ်ချက်ကြီး ပြိုကွဲသွားပေမည်။

မိမိက လော်မာခြင်း မဟုတ်ပါဘဲလျက် သူ့ဟာသူ ဒီလိုတွေ ဖြစ်လာမည်ကို နွေးနွေး သိပ်ကြောက်ပါ၏။

နွေးနွေး ရင်မောနေစဉ်မှာပင် သဲသဲလေးသည် အခန်းထဲသို့ ဝင်လာပေသည်။



၆

"မမနွေးရေ ... မမနွေး။ အောက်မှာ ညွှံ့သည် ရောက်နေတယ် ... မမနွေးနဲ့ တွေ့ချင်လို့တဲ့။

အမောတကော ပြေးတက်လာသဖြင့် သဲသဲကို လက်ဆွဲပြီး မိမိဘေးတွင် နွေးနွေးက ထိုင်စေသည်။ ပြီးမှ သဲသဲကို ပြန်မေးရပါ၏။

"ရန်ကုန်မှာ မမနွေးရဲ့ အသိအကျွမ်းလည်း မရှိဘူး၊ ဘယ်လို ညွှံ့သည်မှလည်း လာစရာ မရှိပါလား သဲသဲ"

သဲသဲက မဲ့ပြလိုက်ပါသေး၏။

"ဟုတ်မှာပါ ... ဒီညွှံ့သည်က ဖေဖေ့ဆီ လာချင်တာကို တမင်အကြောင်းရှာပြီး မမနွေးကို တွေ့ချင်လို့လာတာလို့ ပြောတာဖြစ်မှာပါ။ အလကား ညွှံ့သည်အစုတ်ပလုတ်"

"နေပါဦး ညွှံ့သည်က ဘယ်သူတဲ့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်မဥ္ဇူလေ"

နွေးနွေးက လည်တိုင်လေးမော့ပြီး စဉ်းစားသည်။

"ဒေါ်မဥ္ဇူဆိုတာ မမနွေး တစ်ခါမှ မသိဘူး သဲသဲ။ သူက မမနွေးကို သိတယ်လို့ ပြောလို့လား"

သဲသဲက ပြန်ပြောပြသည်။

"ဒေါ်မဥ္ဇူ ဖေဖေ့ကို ပြောပြနေတာကတော့ ဆေး တက္ကသိုလ်(နှစ်)မှာ နွေးနွေးဆိုတဲ့ ကျောင်းသူသစ်လေး တစ်ယောက် ရောက်လာတယ်တဲ့၊ သိပ်ချောသိပ်လှတာပဲတဲ့၊ အဲဒီကျောင်းသူသစ် နွေးနွေးဟာ ကျိုက်ဝိုင်းဘုရားလမ်းက အောင်လွင်ခြံနဲ့ တိုက်အိမ်ကြီးမှာ နေတယ်လို့ ကြားလို့ရယ်၊ ဦးအောင်လွင်ဆီ မရောက်တာကြာလို့ရယ်၊ မမနွေးကို တွေ့ချင်လို့ရယ်၊ လာခဲ့တာလို့ ပြောတာပဲ။ အဲဒါ မမနွေးကို မိတ်ဖွဲ့ချင်တယ် ခေါ်ပေးပါဆိုလို့ ဖေဖေက သဲသဲကို ခေါ်ပေးလိုက်ပါလို့ လွှတ်လိုက်တာ မမနွေး"

"အဲဒီ ဒေါ်မဥ္ဇူက ဘာလို့ မမနွေးကို မိတ်ဖွဲ့ချင်တာ တဲ့လဲကွယ်"

"အလကားပါ ... ဖေဖေ့ဆီ လာလို့ကောင်းအောင် မမနွေးကို ခုတုံးလုပ်ပြောတာ ဖြစ်မှာပါ။ သိပ်အမြင်ကတ်ဖို့ကောင်း တယ်။ မမနွေးနဲ့ မိတ်ဆွေဖြစ်သွားရင် နောက်အခေါက်တွေ မမနွေးဆီ လာလည်တာ အကြောင်းပြုပြီး မိန်းမနောက်ဖိုး လုပ်ဖို့ လမ်းပိုပြီးပေါက်တာပေါ့"

နွေးနွေး ဘာမှ မပြောဘဲငြိမ်နေသည်။ သဲသဲက ပြောမဆုံးပေါင် ဆက်ပြောသည်။



"လွန်ခဲ့တဲ့နှစ်ပတ်ကပဲ ဖေဖေ့ဆီ လာသေးတယ်လေ၊ ဖေဖေ့ဆီ သူ ခဏခဏ လာတယ်ဆိုရင် သူ့ သိက္ခာကျမှာ စိုးလို့ မမနွေးကို မိတ်ဖွဲ့ပြီး ဒီအိမ်ကို ခဏခဏ လာတော့မှာ၊ ဒေါ်မဥ္ဇူက မေမေ့ရဲ့ သူငယ်ချင်းလေ"

"အန်တီသီဂီရဲ့ မိတ်ဆွေဟောင်းမို့ ဒီကိုလာလည်နေကျ အတိုင်း လာလည်တာ ဖြစ်မှာပေါ့ သဲသဲရယ်"

"ဟုတ်ကို မဟုတ်ဘူး ... မေမေဟာ ဖေဖေ ခြေတစ်ဖက် ပြတ်ပြီးတဲ့နောက် စိတ်လေတယ်၊ အဲဒီတုန်းက ဒေါ်မဥ္ဇူ ဟာ မေမေ့ရဲ့ မိတ်ဆွေကောင်းတစ်ယောက် ပီသရင် မေမေ့ကို စိတ်မလေဖို့ ဖေဖေ့ကို သနားဖို့တွေပြောပြီး မေမေ့ရဲ့ စိတ်လေတဲ့လုပ်ရပ်တွေကို ဟန့်တားပေးဖို့ ကောင်းတာပေါ့"

သဲသဲ မကျေမနပ် ဆက်ပြောနေပါ၏။

"ခြေပြတ်ပြီးတဲ့နောက် ဖေဖေက ရာထူးက နုတ်ထွက်တယ် ဆိုတာနဲ့ ရာထူးမရှိတော့တဲ့ ဖေဖေ့ကို မေမေက ထားခဲ့ပြီး နောက်အိမ်ထောင် ပြုသွားတာ၊ အဲဒါတွေကို ဒေါ်မဥ္ဇူဟာ မေမေ့ သူငယ်ချင်းအနေနဲ့ တားမြစ်သင့်တာပေါ့၊ ဖျောင်းဖျ ပေးသင့်တာပေါ့"

"သဲသဲရဲ့ ဖေဖေ့မှာ ဒီလောက် ကျိုကျိုတက် ချမ်းသာနေ တာတောင် အန်တီသီဂီက စွန့်သွားသလား၊ ရာထူးမရှိ တော့ပေမယ့် ချမ်းသာတာပဲဟာ"

"အဲဒီတုန်းက ဖေဖေက မချမ်းသာပါဘူး မမနွေး၊ ဘိုးဘိုးနဲ့ ဘွားဘွားက အမွေပြတ်ကြော်ငြာထားလို့ ဖေဖေ့မှာ မချမ်း

www.burmeseclassic.com

www.burmeseclassic.com



သာပါဘူး၊ ခြေဖြတ်ပြီး ထမ်းမနိုင် ကိုဗျသွားမှ ဘိုးဘိုးတွာဘွား
က ဖေဖေ့ကို ပြန်ခေါ်တာ ...။ အဲဒီနောက် ဘီးကို သွားသွား
ကွယ်လွန်သွားမှ အမွေတွေရပြီး ဖေဖေ ချမ်းသာတာပါ
မမဒွေး၊ ဖေဖေ ချမ်းသာမှ ဒေါ်မဉ္ဇူက ပေါ်မှာအဖြစ်ကို
သနားလှချည့်ရဲ့ဆိုပြီး ဖေဖေ့ဆီ လာနေတာပါ၊ မိန်းမကြီး
ကိုက သူ့ရုပ် သူ့ဂုဏ်နဲ့ သူ့ပညာကိုမှ မထောက်တဲ့
သိက္ခာမရှိ ဖြစ်နေတာ"

"ဒေါ်မဉ္ဇူက ရုပ်ချောလား။ ပညာအရည်အချင်းတကော
ဘာသက်အရွယ်ကကော"

"ဒေါ်မဉ္ဇူဟာ အသက်သုံးဆယ်လောက် ရှိမယ်၊ ရုပ်ချောပြီး
ကိုယ်လုံးကိုယ်ပေါက် တောင့်တယ်၊ ဘီအီးဒီအောင်ပြီး
အထက်တန်းပြဆရာမ၊ လက်ရှိလုပ်နေတယ်"

သဲသဲပြောသမျှထဲတွင် ဒေါ်မဉ္ဇူကို မလိုလားသော
စကားတွေချည်း ဖြစ်ပါ၏။

ဖေဖေဦးအောင်မွေး၏ ဇာတ်တွင်သဲသဲသည် သူ့
ဖေဖေ ဦးလေးလွင် နောက်ကောက် အိမ်ထောင်ပြုမည်ကိုသိပ်စိုးရိမ်
နေသည်ဟု မော်ပြထားသည်။ ဒါကြောင့် ဒေါ်မဉ္ဇူကို မကြိုက်သော
စကားတွေ ပြောနေခြင်း ဖြစ်ပေမည်။

"အင်း ... ဒါတွေ ဒီလိုဖြစ်နေတာဟာ မကြိုက်စရာတွေ
ဖြစ်နေတာပဲနော် သဲသဲ၊ တကယ်လို့ အခုတီးသိုင်
ဦးလေးလွင်ကိုဘာ ဆက်ပေါင်းနေရင် အခုလို သဲသဲတို့
သားအမိ သားအဖ သုံးယောက် အိမ်ထဲမှာရနေကောင်း
မှာ"



"မေမေ့ကို မှားတယ်လို့ သဲသဲခုချိန်ထိ အပြစ်မတင်ဘူး
မမဒွေး"

"ဪ ... ဪ ..."

"မေမေ့ရဲ့ အပြုအမူဟာ ဖေဖေနဲ့သဲသဲအပေါ် ရက်စက်
ရာရောက်ပါတယ်၊ ဒါပေမယ့် မေမေဟာ ဖေဖေနဲ့
ပေါင်းသင်းခဲ့တဲ့တစ်လျှောက်မှာ ကြွယ်ဝမနေခဲ့ရရှာပါ
ဘူး၊ ဖေဖေ့လခကို အိမ်စရိတ်နဲ့ တိုင်းပြီး သုံးရတာပါ"

ဒွေးဒွေး ငေးပြီး သဲသဲပြောတာတွေကို နားထောင်နေ
ပေသည်။

"မေမေ့ရဲ့ ရေလာနဲ့ အကျင့်ကိုက ကောင်းကောင်း ဝတ်
ချင်တယ်၊ လှလှပပ ကြော့ကြော့မော့မော့ ဖြိုးဖြိုးလိမ်း နေ
ချင်တယ်၊ မေမေက မိန်းမသားပဲဟာ၊ မိန်းမသားတိုင်းမှာ
ဖြိုးလိမ်းကြော့မော့ ဝတ်စားချင်တာချည်းပဲပေါ့၊ ကိုယ်ပိုင်
ကားစီးချင်တယ်၊ ခြံနဲ့ဝင်းနဲ့ အိမ်ကောင်းကောင်းနဲ့ နေချင်
တယ်၊ ဒါပေမယ့် ဖေဖေနဲ့ ပေါင်းသင်းခဲ့တဲ့ တစ်လျှောက်
လုံးမှာ အဲဒီလို မနေရရှာပါဘူး၊ ဖေဖေရဲ့ အယုအယကို
လည်း မေမေက ခံချင်တာပေါ့၊ ဒါပေမယ့် ဖေဖေဟာ
အချိန်ပြည့်အလုပ် တာဝန်ထမ်းဆောင်နေတော့ မေမေ့ကို
မယုယနိုင်ပါဘူး မမဒွေး ..."

"ဒီတော့လည်း မမဒွေးရယ် မေမေက သူ့ဘဝကို
ငြီးငွေ့လာမှာပေါ့၊ အဲဒီလို အချိန်မှာ အစ်ကိုယူလိုက်တဲ့
ဆယ်ကျော်လူနဲ့ တွေ့ကြတယ်၊ ဒီလူက ဘီအီးအောင်တယ်
အင်ဂျင်နီယာရာထူး ရှိတယ်၊ မိဘချမ်းသာပြီး တစ်ဦးတည်း

www.burmeseclassic.com

www.burmeseclassic.com



သောသားလည်း ဖြစ်တယ်၊ မိဘချမ်းသာသရွေ့ ကိုယ်ကြိုက်သလို သုံးခွင့်ရတယ်၊ ဒီလူကိုယ်တိုင်ကလည်း ပိုက်ဆံရအောင် ရှာတတ်တယ်၊ မေမေ့ကိုလည်း ကလေးတစ်ယောက် အမေပေမယ့် သိပ်ချစ်မြတ်နိုးတယ်၊ ဖေဖေနဲ့ တရားဝင် ကွာရှင်းပြတ်စဲရင် မေမေ့ကို လက်ထပ် ယူမယ်ဆိုလို့ ဖေဖေက မေမေ့ကို ကွာရှင်းပေးလိုက်ရတယ်လေ။ မေမေဟာ ရက်စက်ရာ ရောက်ပါတယ်၊ ဒါပေမယ့် ရေကြည်ရာ မြက်နုရာကို ကူးသွားတဲ့သဘောပါ၊ ဖေဖေနဲ့ သဲသဲကိုတော့ မေမေက ချစ်ပါတယ်၊ လောကမှာ ဒီလိုပဲ ဖြစ်တတ်တာတွေ ရှိတယ်မဟုတ်လား မမနွေး"

"အဲဒါမျိုးတွေ မမနွေး မဝေဖန်တတ်ဘူးကွယ်၊ ဝေဖန်ချင်စရာ ဆန္ဒလည်း မရှိဘူး"

"တကယ်တော့ များသောအားဖြင့် မေမေ့လိုချည်းပါပဲ မမနွေး၊ အခု စဉ်းစားကြည့်ပါလား၊ ဖေဖေ့မှာ သိန်းပေါင်းများစွာချမ်းသာတော့ ဒေါ်မဉ္ဇူကလည်း ဒီဒုက္ခိတကို သနားလှချည်ရဲ့ ဖြစ်လာတယ်၊ အန်တီချယ်ရီဆိုတဲ့ မိန်းမကလည်း ဖေဖေ့ကို သနားလှချည်ရဲ့၊ ဖေဖေ အလုပ်ဘာမှ မလုပ်နဲ့ ထိုင်စား၊ သူရှာကျွေးမယ်တွေ ဘာတွေတောင် စကားစလာတယ်၊ ကဲ သူတို့ကော မေမေနဲ့ ဘာထူးသေးလဲ"

"အန်တီချယ်ရီဆိုတာကကော ဘယ်သူလဲ သဲသဲ"

"အန်တီချယ်ရီလည်း ရုပ်ချောတာပါပဲ၊ အန်တီမဉ္ဇူလိုတော့ တက္ကသိုလ်ဘွဲ့တွေ ဘာတွေ မရဘူး၊ ပညာနည်းတယ်၊



ဒါပေမယ့် စီးပွားရေးသိပ်လုပ်တတ်တယ်၊ ဗိုလ်ချုပ်ဈေးထဲမှာ ဆိုင်ကြီးတစ်ဆိုင် ဖွင့်ထားပြီး ကိုယ်တိုင်ရောင်း၊ ကိုယ်တိုင်ဝယ် လုပ်ကိုင်နေတယ်။ သိပ်လည်တယ်၊ သိပ်သွက်တယ်"

ထိုအခိုက်မှာပင် မိနီသည် အခန်းထဲသို့ မရဲတရဲကျို့ပြီး ဝင်ရောက်လာပြီး ပြောပါ၏။

"မမနွေးရော၊ မမသဲရော ကြာလို့တဲ့ ဘဘလွင်က ခေါ်ခိုင်းလိုက်တယ်"

"အဲ ... ဟုတ်ပါရဲ့ မမနွေး၊ သဲသဲကို ဖေဖေခိုင်းလိုက်တာ မမနွေးနဲ့ အာလူးဖုတ်နေတာ ကြာသွားပြီ၊ လာ သွားစို့ မမနွေး"

နွေးနွေးသည် ဘာမှမပြင်ဆင် မှန်တင်ခုံရှေ့မှာပင် ဝင်မရပ်ဘဲ ဒီတိုင်းပင် လိုက်ပါသွားသည်။ သဲသဲနှင့် လက်တွဲပြီး အောက်သို့ ဆင်းခဲ့ပါ၏။

ဦးလေးလွင်ကိုယ်တိုင် လာခေါ်ခိုင်းသောကြောင့် သူ၏ ဘေးကပ်ဆိုဖါတွင် နွေးနွေး ဝင်ထိုင်လိုက်ပါ၏။

သဲသဲက တခြားအလွတ်ဆိုဖာတွင် မထိုင်ဘဲ နွေးနွေးဆိုဖာမှာပင် ဝင်ပူးကပ်ထိုင်သည်။ ဆိုဖာက ကြီးမားကျယ်ပြောသောကြောင့် နွေးနွေးနှင့်သဲသဲ ပူးကပ်ထိုင်၍ ရပါ၏။

"အဲဒါ ဒေါ်မဉ္ဇူတဲ့ နွေးနွေး၊ ငါ့ရဲ့ မိတ်ဆွေတစ်ယောက်ပဲ၊ အထက်တန်းပြဆရာမ"

ဒေါ်မဉ္ဇူသည် အကျီဖြူလက်ရှည်နှင့် ထဘီစိမ်းဝတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီနဲ့ တွေ့ရတာ နွေးနွေး ဝမ်းသာပါတယ်"

"အေး ... အန်တီမဥ္ဇူကလည်း နွေးနွေးနဲ့ တွေ့ရတာ ဝမ်းသာရုံမကဘူး၊ ဂုဏ်လည်း ယူမိတယ်၊ နွေးနွေးကိုတမင် တွေ့ချင်၊ မိတ်ဆွေဖြစ်ချင်လို့ တမင် ကျောင်းကတန်းပြီး လာခဲ့တာ၊ ဆေးတက္ကသိုလ်(နှစ်)မှာ နွေးနွေးဟာ နောက်ကျ မှရောက်လာပြီး ကြယ်တွေထဲမှာ သောကြာကြယ်လို ညွှန်းတယ်လေ၊ နောက်ပြီး နွေးနွေးဟာ ကိုအောင်လွင်ရဲ့ အိမ်မှာနေတယ်ဆိုတော့ အန်တီ မိတ်ဖွဲ့ဖို့ ဝန်မလေးတော့ ဘူးပေါ့"

"အန်တီ့ကို ဘယ်သူက အပိုတွေချဲ့ပြီးညွှန်းလိုက်လို့လဲ။ နွေးနွေးဟာ သူလိုကိုယ်လို မိန်းကလေးတစ်ယောက် ပါပဲအန်တီ။ အခု အန်တီ့အမြင်ပဲ"

"ဘယ်ကလာ သူလိုကိုယ်လို ရမှာပဲ၊ ပထမစည်သူအောင်က နွေးနွေးကို ညွှန်းတာ၊ လွန်လှချည်လား၊ ရှမ်းကြိုက်ခွာချော ဆိုတာမျိုး ညွှန်းနေတာလားဘောင် အန်တီထင်မိတယ်။ အခု အန်တီကိုယ်တိုင် နွေးနွေးကို တွေ့မှ စည်သူအောင် ညွှန်းတာတွေဟာ မှသားမပါပါလားလို့ တွေ့ရတော့တယ်"

"ရှင် ... စည်သူအောင် ဟုတ်လား၊ သူ့ကို နွေးနွေး မသိ ပါလား အန်တီ"

ခုနလေးပင် အပေါ်ထပ်အခန်းတွင် စည်သူအောင် စာတိုက်မှ ပို့သောစာကို ဖတ်ခဲ့ရသေးသည်။ ထိုစာအ၎ စည်သူအောင်၏ နာမည်ကိုတော့ မိမိ စာသဲမှ သိပြီးသား ဖြစ် သည်။





သို့သော် ...

ဦးလေးလွင်ရှေ့တွင် မိမိကို အထင်သေးသွားမည် ကြောက်၍ စည်သူအောင်ကို လုံးဝမသိဟု ငြင်းရခြင်း ဖြစ်ပေသည်။

"ရိုင်းဘယ်တော့ မထင်ပါနဲ့ အန်တီ၊ အခု အန်တီပြောတဲ့ စည်သူအောင်ဆိုတာ ဘယ်သူဘယ်ဝါမှန်း နွေးနွေး သိကို မသိတာပါ၊ ဒီကျောင်းတက်မှ နွေးနွေးနဲ့ သိကျွမ်းတာဟာ စီစီနဲ့ မော်မော်ဆိုတဲ့ ကျောင်းသူနှစ်ယောက်ပဲ ရှိပါသေး တယ်။ တခြားဘယ်သူ့ကိုမှ မသိသေးပါဘူး"

"ဟုတ်တာပေါ့ ... စည်သူအောင် ကိုယ်တိုင်ကလည်း ပြောပါတယ်၊ နွေးနွေးကတော့ သူ့ကို လုံးဝသိမယ် မထင်ပါဘူးတဲ့၊ စည်သူအောင်ဆိုတာ နွေးနွေးတို့ရဲ့ ဆေး(နှစ်)က နွေးနွေးနဲ့ အတန်းတူတက်နေတဲ့ ကျောင်း သားပဲ၊ နောက်မကြာခင် နွေးနွေး စည်သူအောင်ကို သိမှာပါ၊ သူက နွေးနွေးကို သိပ်မိတ်ဖွဲ့ချင်နေတဲ့ ကလေးပဲ"

နွေးနွေးကို မိတ်ဖွဲ့ဖို့ မကြိုးစားပါနဲ့ဟု ပြောလိုက် ...င်သည်။ သို့သော် ဤသို့သော လူတန်းစားပိုင်းတွင် ယင်းသို့ ...ပြောလိုက်ပါက အလွန်ရိုင်းရာကျသွားပေမည်။ ပြီး မိမိ ဒီလို ...ပြောလိုက်မိသဖြင့် ဦးလေးလွင်နှင့် အန်တီမဥ္ဇူတို့ ခင်မင်မှုတွင် ...က်နှာပျက်စရာ ဖြစ်သွားမှာ နွေးနွေး စိတ်ထဲ စိုးရိမ်မိသည်။

သဲသဲက ကလေးစိတ် ရှိသေးသူပီပီ အန်တီမဥ္ဇူကို ...ပြောချလိုက်သည်။

"ဒီမှာအန်တီ မမနွေး ဒီမှာလာနေတာ လင်ယူဖို့ မဟုတ်ဘူး၊ ဆရာဝန်ဖြစ်အောင် သင်မလို့လာတာ၊ စည်သူအောင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ်၊ ဘယ်သူဖြစ်ဖြစ် မမနွေးက စိတ်မဝင်စားဘူ
နော် ... ဟုတ်တယ်မဟုတ်လား မမနွေး"

အန်တီမဥ္ဇူ မျက်နှာ ကွက်ခနဲ သဲသဲစကားကြော
ပျက်သွားသည်ကို နွေးနွေး သတိထားလိုက်မိပါ၏။

ဦးလေးလွင်က သဲသဲကို ဟန့်တားလိုက်သည်။

"သဲသဲ ... ဒီစကားပိုင်းဟာ လူကြီးစကားဝိုင်း။ ဖေဖေ
သမီးကို ပြောထားတယ်လေ။ လူကြီးစကားဝိုင်းမှာ သမီး
ဝင်မပါရဘူးလို့"

"အို ... ဖေဖေကလည်း အခုကိစ္စက မမနွေးကိစ္စ
မမနွေးဟာ သဲသဲရဲ့ အစ်မ၊ မမနွေးကိုယ်တိုင်လည်း
လူကြီးမဟုတ်သေးဘူး၊ ကျောင်းသူပဲ ရှိသေးတယ်၊ ဒီတေ
မမနွေးကိစ္စကို သဲသဲလည်း ဝင်ပြောချင်တာပေါ့"

"ဖေဖေ နောက်ထပ်တစ်ခွန်းပဲ ပြောမယ်၊ သဲသဲ ဒီစကား
ဝိုင်းက ထွက်သွားပါ၊ ဒီစကားဝိုင်းမျိုးထဲ သမီးဝင်ပါ
သမီးအသက် သိပ်ငယ်သေးတယ်"

"ဒါ ... ဖေဖေ သဲသဲကို အလွဲအမှား အမိန့်ပေးတ
အန်တီမဥ္ဇူကြောင့် ဖေဖေ သမီးကို ဒီလိုဆူတာ"

"ဖေဖေ ထပ်ပြောမယ် မီးသဲ၊ ဒီဝိုင်းက သမီးချက်ချ
ထွက်သွားပါ"

ဦးလေးလွင်၏ မျက်နှာတင်းတင်းနှင့် ဆ
ပြောသည်ကို သဲသဲသည် တစ်ချက်သူ့အဖေကို စိုက်ကြည့
အိခနဲ ငိုချကာ ထိုင်ရာမှ ထပြေးပြီး အပေါ်ထပ်သို့ တက်
သည်။



"သဲသဲ ... ညီမလေး"

နွေးနွေးက ခေါ်ရင်း ထရပ်ခါ သဲသဲ နောက်သို့
ပြေးကာလေး လိုက်သွားရန် ခြေလှမ်းလိုက်သည်။

"မင်း ပြန်ထိုင်ပါ နွေးနွေး၊ သဲသဲ ဝမ်းနည်းပြီး ငိုသွားတာ
ငါလဲ တွေ့တယ်၊ ငိုချင်တဲ့လူကို အားရအောင် ငိုလိုက်ပစေ၊
အခုကိစ္စနဲ့ ပတ်သက်ပြီး ငါ ပြောချင်တာလည်း ရှိလို့၊
မင်း ပြန်ထိုင်ပါ နွေးနွေး"

ဦးလေးလွင်အမိန့်ကို နွေးနွေး မလွန်ဆန်ရဲ၊ ငိုပြီး
တက်သွားသော သဲသဲကို စိတ်မချသော အကြည့်ဖြင့် တစ်ချက်လှမ်း
ကြည့်ပြီး နွေးနွေးမှာ အမိန့်အတိုင်း ပြန်ထိုင်ရပါ၏။

"မဥ္ဇူ သိပ်အားနာသွားပြီ ကိုအောင်လွင်၊ မဥ္ဇူလာပြောတဲ့
ညှိနှိုင်းချက်က နွေးနွေးအတွက် မင်္ဂလာစကား ဖြစ်တယ်၊
ကိုအောင်လွင်နဲ့ မဥ္ဇူကလည်း ခင်မင်တဲ့လူရင်းတွေဖြစ်လို့
ပြောမိတာပါ"

"မှန်ပါတယ် မမဥ္ဇူ၊ ညွန့်ချုပ်ဦးမျိုးအောင် ဒေါ်ဝင်းဝင်းတို့ရဲ့
တစ်ဦးတည်းသောသား မောင်စည်သူအောင်က နွေးနွေး
အပေါ် စိတ်ဝင်စားတယ်ဆိုတာ မင်္ဂလာစကားပါပဲ၊ ဒီမင်္ဂလာ
စကားဝိုင်းမှာ သမီးလေးသဲသဲက ကမောက်ကမ ဝင်ပြောတဲ့
အတွက် မမဥ္ဇူကို ကျွန်တော် တောင်းပန်ပါတယ်။ ကဲ ...
ဆက်ပြောကြပါ"

ဦးလေးလွင်သည် ဒရင်းဘက်(ဒ်)တွင် ထိုင်နေရာမှ
ချိုင်းထောက်ကို ကောက်ယူပြီး ချိုင်းထောက်နှင့် ထထောက်၍
...(လ်)ချ်ယားပေါ် တက်ရသည်မှာ မလွယ်ပါလေ။ ခါတိုင်းတော

www.burmeseclassic.com

www.burmeseclassic.com



ကိုမှိုင်းက လုပ်ပေးသည်။ သဲသဲကလည်း လုပ်ပေးတတ်သည်။

ယခု ကိုမှိုင်း အနီးအနားတွင် မရှိ။ အန်တီမဉ္ဇူ့ဗည့်သည် ရောက်နေသဖြင့် ကိုမှိုင်း ရှောင်ကာ ခြံထဲသို့ ဆင်းသွားခြင်း ဖြစ်မည်။

နွေးနွေး မနေသာတော့ပြီ။

စိတ်ထဲကကိုလည်း ဦးလေးလွှင်ကို ကူညီချင်သည်။ ထို့ကြောင့် ဦးလေးလွှင်၏ လက်မောင်းတစ်ဖက်ကို ကူဆွဲပေးမသည်။

"ငါ့ကို မကူနဲ့ နွေးနွေး၊ မင်း နားလည်ထားဖို့က မင်းဟာ သဲသဲရဲ့ အစ်မတာစ်ဝမ်းကွဲတော်ပေမယ့် ငါနဲ့ ဘာမှတော်တာမဟုတ်ဘူး"

"အယ် ... ဦးလေးလွှင် ပြောလိုက်တာ နွေးနွေးအပေါ်မှာ မရင့်လွန်းဘူးလား ဦးလေးလွှင်"

ဦးလေးလွှင်သည် သူ့ဘာသာပင် ချိုင်းထောက်သည်။ ရွှေ့လျားသည်။ ဗိုး(လ်)ခုံယားပေါ် ထိုင်သည်။

ပြီး ... အန်တီမဉ္ဇူကို ပြောလိုက်ပေသည်။

"ကျွန်တော့်ကို ခွင့်ပြုပါ မမဉ္ဇူ။ စည်သူအောင်ဆိုသူနဲ့ နွေးနွေးကိစ္စဟာ နွေးနွေးရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စပါ။ သူ့ဟာသူ လုပ်ပိုင်ခွင့်နဲ့ ဆုံးဖြတ်ခွင့် ရှိပါတယ်၊ ကျွန်တော့်တာဝန်ကတော့ နွေးနွေး ဆရာဝန်ဘွဲ့ရတဲ့အထိ ဒီအိမ်ကနေ တက်ရောက်သင်ကြားတာကို လိုလေသေးမရှိ ကူညီရမယ့် တာဝန်ပါ၊ ဒါကြောင့် နွေးနွေးရဲ့ အချစ်ရေး၊ အိမ်ထောင်ရေး၊ မေတ္တာရေးကိစ္စတွေမှာ နွေးနွေးဘာသာ လုပ်ပိုင်ခွင့်နဲ့



ဆုံးဖြတ်ခွင့် ရှိပါတယ် မမဉ္ဇူ၊ ကျွန်တော်က ကြားဝင်ပြီး အကြံပေးခွင့်၊ ဆောင်ရွက်ပေးခွင့်နဲ့ ဆုံးမပိုင်ခွင့် မရှိပါဘူး။ နွေးနွေးဟာ ပညာအဆင့်မှာရော၊ အတွေးအခေါ်အပိုင်းမှာရော ညံ့သူမှမဟုတ်တာ။ ကဲ ... ကျွန်တော့်ကို ဒေါက်တာက ဆေးသောက်ချိန်၊ အနားယူချိန်တွေ ပေးထားလို့ ခွင့်ပြုပါဦး မမဉ္ဇူ"

ဦးလေးလွှင်သည် အပြောပြတ်သလို အလုပ်လည်း ပြတ်သည်။ ပြောဆိုသင့်သည်နှင့် သူပြောချင်သည်တို့ကို အပြတ်ပြောကာ ဗိုး(လ်)ချဲယားမောင်းပြီး ထွက်သွားပေတော့သည်။

ဦးလေးလွှင် ပြောသွားသော စကားများကြောင့် နွေးနွေးမှာ ရင်ဆို့ပြီး ငိုချင်လာမိသည်။ အန်တီမဉ္ဇူရှေ့မှာမို့ အတင်းချုပ်တီးထားရသည်။

"ကိုအောင်လွှင် ပြောသွားတဲ့ စကားတွေဟာ မာတော့ မာတယ်၊ ဒါပေမယ့် မှန်တယ် နွေးနွေး၊ နည်းလမ်းလည်း ကျတယ်၊ တကယ်တော့ နွေးနွေးရဲ့ ကိုယ်ရေးကိုယ်တာမှာ နွေးနွေးဘာသာပဲ ဆုံးဖြတ်ပေါ့"

"အို ... တော်ပါတော့ အန်တီ၊ နွေးနွေး ဒီလိုကိစ္စတွေနဲ့ ပတ်သက်လို့ ခေါင်းထဲမှာ ဘာဆိုဘာမှမရှိဘူး၊ နွေးနွေးရဲ့ အဓိကက ဆရာဝန်ဖြစ်ဖို့ အဓိကပဲ၊ အန်တီပြောတဲ့ စည်သူအောင်ဆိုတာ နွေးနွေး သိလည်း မသိဘူး၊ လုံးဝလည်း စိတ်မဝင်စားဘူး၊ အခု အန်တီက ပြောတာကို ကြားသွားတဲ့ ဦးလေးလွှင်က နွေးနွေးကို အထင်သေးသွားပုံတောင် ရတယ်၊ ရောက်တာဖြင့် မကြာသေးဘူး ရှုပ်ရှုပ်ယှက်

www.burmeseclassic.com

www.burmeseclassic.com



ယှက်တွေ ဖြစ်လာပြီလို့ ဦးလေးလွင် ထင်သွားမှာ နွေးနွေး အရမ်းစိုးရိမ်တယ် အန်တီ၊ အဲဒီလို ဦးလေးလွင် ထင်သွားပြီး သူထင်တာကို ဖေဖေ့ဆီသာ စာရေးရင် ဖေဖေဟာ ဝမ်းနည်းလို့ဆုံးမှာ မဟုတ်ဘူး"

နွေးနွေး ပြောရင်းပင် ချုပ်တီးခြင်းငှာ မစွမ်းတော့ဘဲ ငိုချလိုက်လေတော့သည်။

"တိတ်ပါ နွေးနွေး၊ အန်တီ ဇိဘ်မကောင်းပါဘူး၊ စည်သူအောင်က အန်တီနဲ့ ကိုအောင်လွင်ဟာ ခင်မင်သူတွေမှန်း သိသွားတယ်၊ ဒါကြောင့် အန်တီ့ကို အတင်းလွှတ်တယ်၊ နွေးနွေးကို အရိပ်အကဲ ဖမ်းရင်း သူ့အကြောင်း ပြောပေးပါဆိုလို့ အန်တီ ပြောတာပါ။ အန်တီ ဒီလို အောင်သွယ်ဆန်တဲ့ အလုပ်မျိုး ဘယ်တုန်းကမှ မလုပ်ခဲ့ပါဘူး၊ အန်တီကိုယ်တိုင် အပျိုကြီး ဖြစ်နေတာကိုကြည့်ပါ နွေးနွေး၊ ဒါပေမယ့် အန်တီဟာ စည်သူအောင်ရဲ့ မိဘတွေကို လေးစားရတဲ့သူပါ၊ စည်သူအောင်ရဲ့ အမေ မမဝင်းဟာ အန်တီရဲ့ အစ်မအရင်းပဲ၊ သူတို့က ချမ်းသာတယ်၊ ရာထူးဂုဏ်ကြီးမားတယ်၊ အန်တီဟာ စည်သူအောင်ရဲ့ အမေ မမဝင်းကို မှီပြီး အခုအခြေအနေကို ရောက်လာရတာပါ၊ အန်တီ့အပေါ်မှာ သူတို့ပြဲဇာလွှမ်းတယ်၊ အဲ ... စည်သူအောင်ကတော့ သူတို့ပြဲဇာလွှမ်းတာကြောင့် မဟုတ်ပါဘူး၊ အဒေါ်ကို အားကိုးတဲ့အနေနဲ့ ပြောပေးခိုင်းတာပါ။ အန်တီကလည်း တူကလေးစည်သူအောင် စိတ်ချမ်းသာဖို့ ဆောင်ရွက်ပေးချင်တယ် ဆိုပါတော့၊ ဒါပေမယ့် စည်သူအောင်ကို



အခု အန်တီကြားခဲ့မြင်ခဲ့ ကြုံခဲ့တာအားလုံးကို ပြန်ပြောပါမယ်၊ နွေးနွေးရဲ့ ထားရှိတဲ့ သဘောထားကို ပြောမှာပါ၊ အန်တီ သွားမယ်ကွယ်"

အန်တီမညို နှုတ်ဆက် ပြန်သွားသည်။

နွေးနွေးမှာ ဆိုဖာပေါ်တွင် ထိုင်ရင်း ငိုကျန်ခဲ့သည်။

ဦးလေးလွင် အထင်သေးခြင်းနှင့် အထင်မှားခြင်းကို နွေးနွေး သိပ်ကြောက်သည်။ မန္တလေးမှာတုန်းကလည်း ဒီလိုပင် ယောက်ျားလေးတွေ အနှောင့်အယှက်ပေးကြောင့် ဦးလေးလွင်ထံ ထွက်ပြေးခဲ့ရသည်။

ယခု ရန်ကုန်ရောက်ပြန်တော့လည်း ဒီအချိုး ဒီဇာတ်လမ်းတွေ စတင်ပြန်ပြီဟု ဦးလေးလွင် ထင်သွားပြီးလား မပြောတတ်။ လှတင့်ပါမှ ဒုက္ခများကိုက်ပါသည်ဟု စကားပုံရှိလင့်ကစား ယခု နွေးနွေးအဖြစ်တွေက လှတင့်မပါပါလေ။ ကိုယ်ကောင်းခေါင်းမရှေ့ ဆိုစကားမှ ကိုယ်ကကောင်းနေပါလျက် သူ့ဟာသူ ခေါင်းရှေ့လာသည့်အဖြစ်မျိုး နွေးနွေး ကြုံတွေ့နေရပါ၏။

ငိုလျက်ကပင် နွေးနွေးသည် ဆိုဖာတွင် ထိုင်ရာမှ ထရပ်ပြီး အပေါ်ထပ်တက်ရန် ခြေလှမ်းပြင်သည်။

"နွေးနွေး"

ခေါ်သံကြောင့် နွေးနွေး ခြေလှမ်း တုံ့ခနဲ ရပ်သွားပါ၏။ ဦးလေးလွင်၏ ခေါ်သံကြောင့်ပင်။

"မင်း ငိုနေသလား"

နွေးနွေး မဖြေပေ။

"ကိုအောင်နွေးဟာ မင်းကို သိပ်ပြီး ဆရာဝန် ဖြစ်စေချင်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဆရာဝန်ဖြစ်ပြီးရင် သားအဖ အတူနေမယ်လို့ ရည်ရွယ်ချက်ကြီး ထားတာကို မင်း ခေါင်းထဲမှာ ရှိသေးရဲ့လား"

"နွေးနွေး အသည်းထဲမှာရော၊ နွေးနွေး ဦးနှောက်ထဲမှာရော နွေးနွေးရဲ့ ထွက်သက်ဝင်သက် ဈထုတ်တိုင်းမှာတော့ ဆရာဝန်ဖြစ်ပြီး ဖေဖေနဲ့ အတူတူနေဖို့ မိနစ်မလပ် စက္ကန့် မလပ် ရှိပါတယ် ဦးလေးလွင်"

"အေး … ဒါဆိုပြီးရော …။ ငါက မင်း နေလျှော့နေမှာစိုးလို့ သတိပေးတာ၊ ဘာကိုပဲ စဉ်းစားစဉ်းစား၊ ဘာကိုပဲလုပ်လုပ် အကွက်မကျော်စေနဲ့၊ အကွက်လည်း မကျန်စေနဲ့၊ မင်း စည်သူအောင်ကို ရွေးချယ်လိုက်ရင် မင်းအတွက်တော့ သိပ်ကောင်းမှာ အမှန်ပဲ၊ ဒါပေမယ့် မင်းအဖေ ကိုအောင်နွေး အတွက်တော့ ကောင်းချင်မှ ကောင်းမယ်၊ စည်သူအောင် ကိုယ်တိုင်ပဲဖြစ်ဖြစ်၊ သူ့မိဘအသိုင်းအဝိုင်းကဖြစ်ဖြစ် မင်း အဖေကိုအောင်နွေးကို လက်ခံနိုင်ကြပါ့မလား"

"အို … စည်သူအောင်ဆိုတာ နွေးနွေး သိလည်းမသိဘူး၊ မြင်လည်းမမြင်ဖူးဘူး၊ နွေးနွေး ခေါင်းထဲမှာ စည်သူအောင် ဆိုတာ လုံးဝကြီးကို မရှိဘူး"

"မင်းပြောတာ အခု ငါယုံတယ်၊ ဒါပေမယ့် တစ်ကျောင်းတည်းမှာ အတန်းတူတက်နေတယ်ဆိုတော့ မလွဲမသွေ တစ်နေ့မှာ မင်း စည်သူအောင်ကို မြင်လည်းမြင်လာ၊ သိလည်းသိလိမ့်မယ်။ မင်းမှာ ဘယ်ယောက်ျားမဆို မက်မောစေတဲ့ အလှတွေ ရှိနေတယ်။ အပြည့်အဝကို ရှိတာ။



စည်သူအောင်သာကမဘူး တခြားယောက်ျား အမျိုးမျိုးကလည်း ချဉ်းကပ်မှာပဲ၊ အေး … မင်းကလည်း ပုထုဇဉ်ပဲ၊ တစ်နေ့ကျရင် အိမ်ထောင်ပြုကိုပြုမှာ။ မင်း အိမ်ထောင်ပြု လက်ထပ်ပေါင်းသင်းမယ့် အမျိုးသားဟာ မင်းအဖေ ကိုအောင်နွေးကို ကြည်ကြည်ဖြူဖြူ လက်ခံနိုင်တဲ့လူဆိုရင် ကောင်းမယ်လို့ ငါ အကြံပေးတာ၊ သတိပေးတာ"

"နွေးနွေး အဲဒါတွေ ဘာတစ်ခုမှ မစဉ်းစားဘူး ဦးလေးလွင်၊ နွေးနွေးရဲ့ ဘဝဟာ ဘာမဆို လွယ်လွယ်နဲ့ ဆုံးဖြတ်လို့ မရဘူးဆိုတာလည်း နွေးနွေး သဘောပေါက်ပြီးသား၊ အဲဒါကို အမြဲသတိရှိနေပါတယ် ဦးလေးလွင်။ နွေးနွေး အမြဲထားတဲ့ ရည်မှန်းချက်က ဆရာဝန်မြန်မြန်ဖြစ်ပြီး ဖေဖေနဲ့ မြန်မြန်အတူနေရဖို့ တစ်ခုတည်းပဲ"

"ဒါဆိုရင်တော့ မင်းဟာ အင်မတန်လိမ္မာတဲ့ မိန်းကလေးပဲ၊ အဆုံးအဖြတ်မှားရင် မင်းရဲ့ အလှအပတွေဟာ မင်းဘဝကို စတေးသလို ဖြစ်သွားစေမယ်။ ဝေးဝေးမကြည့်နဲ့၊ မင်းရဲ့ အဒေါ်ရင်း သီဂီကိုပဲကြည့်၊ အင်မတန်မိုက်မဲတဲ့ သီဂီဟာ ရှဉ်လုသလောက် သဘောလွယ်တယ်လေ"

"နွေးနွေးမှာ အမြဲသတိရှိပါတယ်"

"အေး … အခု ငါ ပြောနေတာက မင်းငိုနေလို့ နေမှုတ်တစ်ဖက် မီးစာတစ်ဖက်စိတ်နဲ့ ငိုနေသလားလို့၊ မမှားတန်ရာ မမှားအောင် သတိပေးစကား ပြောဖြစ်သွားတာ၊ နဂိုက ငါ ဒါတွေ မင်းကို ပြောပြဖို့ ရည်ရွယ်ချက် မရှိဘူး။ အခု မင်းကို ခေါ်လိုက်တာက သဲသဲကိုသွားချော

www.burmeseclassic.com

www.burmeseclassic.com



ပေးပါလို့ ပြောချင်လို့ခေါ်တာ၊ သမီးကို သဘောပေါက်အောင် ပြောပေးပါ။ ဖေဖေ သမီးကို ငေါက်ငမ်းတာ စိတ်ထဲကပါလို့ မဟုတ်ပါဘူး။ လူမှုရေးအရ မမဥ္ဇူ ကျေနပ်စေဖို့ တမင်ငေါက်ရတာပါလို့။ ပြီး နောက်တစ်ချက်က မမဥ္ဇူက စည်သူအောင်နဲ့ နွေးနွေးကိုစွ ပြောနေတဲ့ ချစ်ရေးကြိုက်ရေး ကိစ္စမျိုးတွေ သမီးနားမထောင်စေချင်လို့ ငေါက်ငမ်းမိတာပါလို့။ ဟဲ … ဟဲ … ဖအေငေါက်တာကို သမီးလေး သိပ်ဝမ်းနည်းသွားပုံပဲ"

ထိုသို့ပြောပြီးနောက် ဦးအောင်လွင်သည် ဝိုး(လ်)ချဲယားကို ပြန်လှည့်ကာ သူ၏ သီးသန့်စာကြည့်ခန်းသို့ ဝင်သွားပေတော့သည်။

နွေးနွေးကို အာလာပသလ္လာပ နှုတ်ဆက်ခြင်းလေးပင် မပြုပေ။

နွေးနွေးသည် ဦးလေးလွင်၏ ကျောပိုင်းကို စာကြည့်ခန်းထဲ ဝင်ကွယ်ပျောက်သည်အထိ ငေးကြည့်နေမိတော့သည်။

❁ ❁ ❁



၇

အန်တီမဥ္ဇူက ကြားသမျှ မြင်သမျှတွေကို စည်သူအောင်အား ပြန်ပြောလိုက်သည် ထင်ပါ့။

စည်သူအောင် နောက်ထပ် စာတိုက်မှ စာရေးပို့ခြင်း မရှိပါလေတော့၊ တယ်လီဖုန်းလည်း ဆက်ခြင်းမပြုပေ။

သို့သော် …

ကျောင်းတွင် သူ့ကိုယ်သူ 'စည်သူအောင်' ဖြစ်ကြောင်းကိုတော့ ကိုယ်ထင်ပြလေ့ ရှိပေသည်။

ဦးမှိုင်း ကျောင်းကြိုရန် လာစောင့်သောအခါ စည်သူအောင်၏ ပါဂျရိုကား အဝါသည် ဦးမှိုင်း မောင်းသော အိမ်မှ ကားအေားတွင် ယှဉ်၍ ရပ်ထားသည်။ ပြီး ကားအဝါတွင် သူက ကျောမှီပြီး သူရုပ်လုံးပြထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူပင်လျှင် “စည်သူအောင်”ဟု နွေးနွေးကို သိစေခြင်းပါပေ။ အလှူ့ရှင်မှန်းသိအောင် မဏ္ဍာပ်တိုင် ဘက်ပြသည့်သဘောပါပေ။

ဒီတော့လည်း နွေးနွေးမှာ မမြင်မဖြစ် စည်သူအောင်ကို မြင်ပြီး စည်သူအောင်မှန်း သိရပေသည်။

ပထမဆုံး ကားဝါကို ကျောမှီရပ်ပြစဉ်က စည်သူအောင်သည် ရှပ်အင်္ကျီအဖြူ လက်ရှည်ကို တံတောင်ဆစ်ထိ လက်လိပ်ထားသည်။ ရှပ်အင်္ကျီမှာ အဖြူရောင် လည်ကတုံးစတစ်(စ်)ကော်လာ အင်္ကျီမျိုးဖြစ်သည်။ ဣန္ဒြေရပြီး လူကြီးဆန်သော အင်္ကျီမျိုး ဖြစ်ပါ၏။

လုံချည်မှာ အနက်ပိန်းပိတ် အောက်ခံတွင် ကြော်ချည်ထိုးလေးတွေ ပါရှိသော လုံချည်ဖြစ်လေသည်။

သေချာစိုက်ကြည့်သူ မဟုတ်ဘဲ မလွှဲမရှောင်သာတွေ့သည့် အကြည့်မှာပင် စည်သူအောင်သည် ကိုယ်လုံးကိုယ်ထည် အရပ်အမောင်းရော၊ ရုပ်ရော ကြည့်ကောင်းသော လုလင်ပျိုတစ်ဦးဟု မှတ်ချက်ပြုလောက်သူ ဖြစ်ပါ၏။

နောက်ရက်များတွင်လည်း စည်သူအောင် ဝတ်သော အင်္ကျီမှာ လက်တို၊ လက်ရှည်၊ ကော်လာပါ၊ ကော်လာမပါ စသည်သာ ကွဲပြားသွားသည်။ အဖြူရောင်ပင် ဖြစ်ပေသည်။ အကွက်တွေ အစင်းတွေ အကြားတွေပါသော အင်္ကျီမျိုး စည်သူအောင် မဝတ်ပေ။ တစ်ခါတလေတော့လည်း ပေါ့ရှပ် တီရှပ်စသည့် စွပ်ကျယ်ဆန်သော အင်္ကျီမျိုး ဝတ်တတ်သည်။

လုံချည်ကတော့ အပြာခံ၊ အစိမ်းခံ၊ ခရမ်းခံ၊



အနက်ခံချားတွင် အခြားကွက်စိပ်လေးများ ပါရှိသည့် ချည်ချော လုံချည်မျိုးဝတ်သည်။

စပို့ရှပ်နှင့် ဘောင်းဘီကို ဝတ်တဲ့အခါတော့ဝတ်သည်။ သို့သော် အလွန် အဝတ်နည်းပေသည်။

အနေအထိုင်နှင့် ဝတ်စားဆင်ယင်မှုမှစပြီး စည်သူအောင်နှင့် မန္တလေးက လိုင်ဘွားသည် ဆန့်ကျင်ဘက် အကွာကြီး ကွာခြားပါပေ၏။

စည်သူအောင်သည် ကွယ်ရာမှ နွေးနွေးကိုကြည့်ခြင်း၊ အတန်းထဲတွင် သူ့ကို နွေးနွေးက မြင်အောင် ကိုယ်ထင်ပြခြင်းလောက် ပြုမူသည်ကလွဲပြီး နွေးနွေးကို လိုက်စကားပြောခြင်း၊ ရယ်ပြခြင်း၊ ပြုံးပြခြင်းမျိုး မပြုပေ။

ဒီလိုနှင့် ကျောင်းတက်ခဲ့သည်မှာ သုံးလပင် ပြည့်သွားပြီ။

နွေးနွေးကလည်း အနေအထိုင် ကောင်းလေသလားမမေးနှင့်။

တချို့သော ကျောင်းသားတို့သည် နွေးနွေးနှင့် အမြဲတွဲသော အတန်းတူ ကျောင်းသူ စီစီနှင့် မော်မော်ကို ချဉ်းကပ်ပြီး စီစီ မော်မော်ကတစ်ဆင့် မိတ်ဆက်သည်များ ရှိပေသည်။ မိတ်ဆက်ပေးပြီဆိုလျှင် ...

“တွေ့ရတာ ဝမ်းသာပါတယ်ရှင်”ဟု နွေးနွေးက တစ်ခွန်း ပြန်ပြောခြင်းတော့ ရသွားသည်။

သို့သော် ... နောက်ရက်များတွင် နွေးနွေးရှေ့ တည့်တည့်မှ ရယ်ပြခြင်း ... ပြုံးပြခြင်း ပြုလျှင် နွေးနွေးထံမှ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပြန်ပြီး ပြုံးခြင်း ရယ်ခြင်း တုံ့ပြန်ခြင်း မရတော့ပေ။

နွေးနွေး တစ်ယောက်တည်း ကားပေါ်မှ ဆင်းပြီး ကလပ်(စ်)သို့ သွားရာတွင် မိတ်ဆက်ထားသော လုလင်က အားတိုက်ယှဉ်ပြီး လိုက်စကားပြောသည့် အခါမျိုးကျလည်း နွေးနွေးက ဘာတစ်ခွန်းမှ မပြောဘဲ ဣန္ဒြေမပျက် ခြေလှမ်းမပျက် သူမ၏ ကလပ်(စ်)ခန်းသို့သာ လျှောက်သွားသည်။ ရောက်လျှင် ကလပ်(စ်)ခန်းထဲဝင်ပြီး သူမ၏ခုံတွင် ထိုင်လိုက်သည်။

လိုက်ပြောသော လုလင်မှာ အခန်းတံခါးဝ အရောက်တွင် ယောင်ပေ ယောင်ပေနှင့် ရှက်ကိုးရက်ကန်း ပြန်လှည့်သွားရသည်ချည်း ဖြစ်ပါ၏။

နောက်ဆုံးတွင် "ဘယ်လိုဟာမှန်းလဲ မသိဘူး"ဟု မှတ်ချက်ပြုကာ လုလင်လေးတွေ နောက်ဆုတ်သွားသည် ဖြစ်တော့သည်။

နွေးနွေး အနေအထိုင် အလွန်မှန်ပါ၏။ ကျောင်းသင်ခန်းစာမှလွဲပြီး နွေးနွေး ခေါင်းထဲတွင် ဘာဆို ဘာမှမရှိပါလေ။

အိမ်မှာကျတော့လည်း နွေးနွေး အခန့်သား မနေတတ်။

ကျောင်းအားရက်ဆိုလျှင် ဒေါ်ပြုံးနှင့်တွဲပြီး မီးဖိုဝင်သည့်အခါ ဝင်ကူပေးသည်။

ဦးအောင်လွင် အိမ်ရှေ့နေလျှင် နွေးနွေးက မီးဖိုထဲ ဝင်ကူသည်။

ဦးအောင်လွင် စာကြည့်ခန်း ဝင်နေသည်၊ သို့မဟုတ်



ခြံထဲဆင်းနေသည်ဆိုလျှင် နွေးနွေး မိနီနှင့်အတူ ကြက်မွေးတံမြက်စည်းကိုင်ကာ အိမ်၏ သန့်ရှင်းရေး ဝင်လုပ်သည်။

သူ့ ဝင်ရောက်ကူညီ လုပ်ကိုင်ပေးသည်ကို ဦးလေးလွင် မမြင်စေရပေ။

အန်တီမဥ္ဇူသည် လာရိုးလာစဉ်အတိုင်း တစ်ပတ်တစ်ခါ နှစ်ပတ်တစ်ခါ ဦးလေးလွင်ထံသို့ လာလည်တတ်ပါ၏။

သို့သော် နွေးနွေးကို စည်သူအောင် အကြောင်း လုံးဝ မပြောတော့ပေ။

သုံးလကြာသွားပြီး နောက်ဆုံးပတ် စနေနေ့ ကျောင်းပိတ်ရက်တွင် နွေးနွေး အဖို့ ဗိုလ်ချုပ်ဈေးထဲမှ အန်တီချယ်ရီနှင့်လည်း မိတ်ဖြစ်ခွေပြစ် သိကျွမ်းခဲ့ရပေသည်။

သဲသဲ ခေါ်သွားခြင်းတော့ မဟုတ်၊ ခရီးကြုံ လမ်းကြုံ ဝင်လိုက်သည့်သဘော ဖြစ်ပါ၏။

သဲသဲသည် ငယ်သူပီပီ ရုပ်ရှင်ကြိုက်သည်။ အိမ်တွင် အပေါ်စက် အောက်စက် ဗီစီဒီစက် ဒီဗီဒီစက် စသဖြင့် လိုလေသေးမရှိအောင် ဦးလေးလွင်က ဝယ်ပေးထားပါ၏။

သို့သော် ... တစ်လတန်သည် တစ်လခွဲတန်သည် လောက်နှင့် ရုံကြီးတွေတွင် ရုပ်ရှင်ကောင်းဝင်လျှင် သဲသဲ ကြည့်ချင်သည်။

ယခုအပတ် သမ္မတရုံတွင် မြန်မာကားသစ် ဝင်သည်။ လူငယ်ကြိုက် မင်းသား မင်းသမီး တွဲထားသည်။

သဲသဲ ကြည့်ချင်သည်။ ဦးလေးလွင်ကို အပူကပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးလွင်က မိနီမှတစ်ဆင့် နွေးနွေးကို ခေါ်ပြောသည်။

"လာ နွေးနွေး ... ငါ မင်းဆီက အကူအညီ တစ်ခု တောင်းစရာရှိလို့။ ဒါလည်း မင်းကိုယ်တိုင် စိတ်ရော လူရော အားမှကူညီပါ။ ငါပြောပြီးမှ မင်း မကူညီနိုင်လည်း ငါ ဘယ်လိုမှ သဘောမထားဘူး၊ စိတ်မကွက်ဘူး"

"နွေးနွေး ဘာကူညီရမလဲ ဦးလေးလွင်"

"သဲသဲက အခုစနေ နေ့ပွဲမှာ သမ္မတရုံတင်တဲ့ ရုပ်ရှင်ကို ကြည့်ချင်တယ်လို့ ငါ့ကို ပြောတယ်၊ ခါတိုင်း အခုလို သဲသဲ သိပ်ကြည့်ချင်တဲ့ ရုပ်ရှင်ကားဆိုရင် ငါကိုယ်တိုင်ပဲ သမီးကို လိုက်ပို့ပေးတယ်၊ အဲဒီလို သွားတဲ့နေ့ဆိုရင် ငါ သိပ်ပင်ပန်းတယ်။ သူ့မှာ မအေမရှိတော့ ငါပဲ လိုက်ပို့ရတာပေါ့။ မမဥ္စူတို့ မချယ်ရီတို့ကို လိုက်ပြပေးပါဆိုရင် ပေးကြမှာပါ။ ဒါပေမယ့် သူတို့နဲ့ ငါကိုယ်တိုင်က ပေးမလွှတ်ချင်ဘူး။ အဲ ... သဲသဲ ကိုယ်တိုင်ကလည်း အဲဒီ အန်တီတွေနဲ့ဆို မသွားဘူး မကြည့်ဘူးတဲ့လေ၊ မကြည့်ရရင် နေပလေ့စေတဲ့။ ဒီတော့ ငါကိုယ်တိုင်ပဲ သမီးကို လိုက်ပို့ရတာပေါ့။ လမ်းထွက်ဖို့ ငါ ခြေတုတပ်ရတယ်၊ တုတ်ကောက်ကိုင်ရတယ်၊ အဲဒီရုပ်ရှင်ရုံရဲ့ အပေါ်ထပ် လှေကားထစ်တွေကို ခြေတုနဲ့ တုတ်ကောက်နဲ့ တက်ရတယ်၊ ဆင်းရတယ်၊ ဒါကြောင့် မင်းညီမကို ရုပ်ရှင်လိုက်ပြပေးပါလို့ မင်းကို အကူအညီ တောင်းတာပဲ နွေးနွေး၊ မင်းမှာ



စာကျက်စရာတွေရှိတယ်၊ တခြားအလုပ်တွေ ရှိတယ်ဆိုလည်း ရတယ်။ နေပလေ့စေ လိုက်မပို့နဲ့"

"အာ ... ဦးလေးလွင်ကလည်း ဒီလောက်အရှည်ကြီး ရှင်းပြနေစရာ လိုမှမလိုတာ၊ သဲသဲကို ရုပ်ရှင်လိုက်ပြလိုက်စမ်းပါဆို ပြီးရော ... နွေးနွေးက လိုက်ပို့ပေးမှာပေါ့"

ဦးလေးလွင်က ခေါင်းခါပြသည်။

"တကယ်တော့ ငါကိုယ်တိုင်ကတောင် မင်းကို ပြောစရာမလိုဘူး၊ သဲသဲက မမနွေး သဲသဲကို ရုပ်ရှင်လိုက်ပြပေးဆိုတာနဲ့ မင်း သဲသဲ အလိုကျ လိုက်ပြပေးမယ်မှန်း ငါသိတာပေါ့၊ ဒါပေမယ့် သဲသဲက မမနွေးကိုယ်တိုင် ရုပ်ရှင်ကို စိတ်မပါဘူး၊ သဲသဲ ခေါ်လို့သာ လိုက်ရတယ်ဆိုရင် သဲသဲတို့အိမ်မှာ လာနေလို့ သဲသဲက အနိုင်ကျင့်တာလို့ မမနွေး ထင်သွားမှာ သိပ်စိုးရိမ်တယ်တဲ့လေ"

"အဲဒီလို နွေးနွေး လုံးဝကြီးကို မထင်ပါဘူး ဦးလေးလွင်၊ သဲသဲ ဆန္ဒကို လိုက်လျောဖို့ နွေးနွေး ရင်ထဲ နှလုံးထဲကကို အဆင်သင့်ပါ"

"ဒါတော့ ဒါပေါ့၊ ဒါပေမယ့် ရုပ်ရှင် ပြဇာတ် အငြိမ့်နဲ့ ဇာတ်ပွဲဆိုတာမျိုးက ကြည့်သူရဲ့ ခံစားမှုပါဖို့နဲ့ ဝါသနာပါဖို့ လိုတယ်၊ မင်း စိတ်မပါ ဝါသနာမပါဘဲ သဲသဲ အလိုကျ လိုက်ပို့လို့ ရုံထဲမှာ မင်းအတွက် စိတ်ရော လူရော နှာရှိုက်ပိုင်း ထောင်ချခံရသလို ဖြစ်သွားမယ်။ နောက်ပြီး မင်းဟာ မီသီဂီရဲ့ တူမ မဟုတ်ဘဲ ငါ့တူမဆိုရင်တော့ ဘာမှ ရှင်းပြနေစရာ မလိုဘဲ၊ ဟဲ့ ... နွေးနွေး သဲသဲနဲ့

www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားစမ်းလို့ ငါ အမိန့်ပေး ပြောနိုင်တယ်။ ခုတော့ မင်းနဲ့ငါနဲ့ဟာ ဘာသွေးသားမှ မတော်ဘူး၊ နောက်ပြီး မင်းက ငါ့ဆီမှာ ခိုလှုံနေတဲ့ကာလ ဖြစ်နေတာဆိုတော့ ငါ မင်းကို ပြောဖို့ သိပ်ချိန်ဆရတယ်"

"ဦးလေးလွင်ကို နွေး ပြောချင်တာ တစ်ခုရှိတယ်၊ ဒါပေမယ့် မပြောရဲဘူး"

"ပြောချင်တာရှိရင်ပြော၊ ရဲရဲတင်းတင်းပြော။ စိတ်ထဲရှိတဲ့အတိုင်းပြော"

"ဦးလေးလွင်က နွေးနွေးကို မင်းနဲ့ငါ ဘာမှမတော်ဘူးလို့ ပြောတာ ခဏ ခဏပဲ။ အဲဒီလိုပြောတိုင်း နွေးနွေး ရင်ထဲမှာ နင့်ခနဲ နင့်ခနဲ ခံစားရတယ်။ ဦးလေးလွင်ရဲ့ အရိပ်ကို လာခိုနေရတာမို့ ဦးလေးလွင် အဲဒီလို ပြောလိုက်တိုင်း နွေးနွေး အားငယ်သွားတယ်၊ ကိုယ့်ဟာကိုယ် သိမ်ငယ်သွားတယ်။ တကယ်တော့ နွေးနွေးဟာ ဦးလေးလွင်ရဲ့ တူမ ပဲဖြစ်ဖြစ်၊ အန်တီသီဂီရဲ့ တူမပဲဖြစ်ဖြစ် သဲသဲနဲ့ကျတော့ ညီအစ်မဝမ်းကွဲ တော်တာပါပဲ ဦးလေးလွင်"

"အေး ... မင်းပြောတာ မမှားဘူးလို့ဆိုရင် ရတယ်"

"နွေးနွေးမှာ နှလုံးသား ရှိပါတယ်၊ နှလုံးသားရှိတဲ့သူတိုင်းဟာ ကိုယ့်သွေးကိုယ့်သားကို ခင်မင်စမြဲပါ၊ ကြင်နာစမြဲပါ၊ သဲသဲနဲ့ နွေးနွေး သွေးစပ်နေလို့ မြင်မြင်ချင်း ညီမလေး သဲသဲကို နွေးနွေး ခင်မင်သွားတာပါ။ ခင်မင်ရင်းနှီးပြီးသားပါ။ သဲသဲမှာ မိခင်မရှိတော့ ပိုပြီး ကြင်နာမိသေးတယ်၊ တစ်အိမ်တည်း အတူနေပြန်တော့ ညီအစ်မဝမ်းကွဲ



လို့တောင် မသင်တော့ဘဲ ညီအစ်မ အရင်းလို့ စိတ်ထဲမှာ အလိုလို ဖြစ်လာပါတယ် ဦးလေးလွင်။ သဲသဲကလည်း သူ့မှာ မအေမရှိ၊ မောင်နှမ မရှိနဲ့မို့ နွေးနွေးကို အစ်မရင်းလို ခင်မင်လာရုံ မကဘူး အစ်မကို အားကိုးသလိုစိတ်နဲ့လည်း အားကိုးလာပါတယ်"

နွေးနွေး ပြောသမျှကို ဦးအောင်လွင် ငြိမ်၍ နားထောင်နေပါ၏။ နွေးနွေးကလည်း ရင်ထဲတွင် ပြောချင်နေသည်များကို ယခုလို အခွင့်သင့်တုန်း စိတ်ရှိလက်ရှိ စိတ်ပါလက်ပါ ဆက်ပြောတော့သည်။

"ဒီတော့ ညီမလေး သဲသဲ အတွက်ဆိုရင် နွေးနွေး ဘာမဆို စိတ်ရောကိုယ်ပါ လုပ်ပေးဖို့ အဆင်သင့်ပဲ ဦးလေးလွင်၊ စိတ်ထဲက ဆန္ဒပါရဲ့လားဆိုတဲ့စကား ပြောစရာတောင် မလိုဘူး။ သားသမီးရဲ့ ဆန္ဒဆိုရင် မိခင်က စိတ်ပါပါ စိတ်မပါပါ လုပ်ကိုလုပ်ပေးရမှာ၊ ဆန္ဒမပါဘူးပဲထား၊ ကိုယ့်သားသမီး ဆန္ဒအတိုင်း လိုက်လျောလုပ်ကိုင်ပေးရလို့ ပီတိ ဖြစ်ရတယ်၊ ကြည်နူးမှု ရစေတယ်။ နွေးနွေးလည်း ညီမလေး သဲသဲ အပေါ်မှာ အဲဒီသဘောအတိုင်းပဲ ဦးလေးလွင်။ သဲသဲ အတွက် လုပ်ပေးရတာကိုပဲ ပီတိနဲ့ ကြည်နူးမှုတော့ အမှန်ပါ"

"အေး ... သဲသဲ အပေါ်မှာ မင်းထားတဲ့ မေတ္တာနဲ့ စေတနာကတော့ အားတက်စရာပဲ"

"အဲဒါပါပဲ ဦးလေးလွင်၊ တကယ်လို့များ ဖြစ်နိုင်မယ်ဆိုရင် မင်းနဲ့ငါ ဘာမှမတော်ဘူး သူစိမ်းပဲဆိုတဲ့ စကားမျိုး

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် မပြောရင် နွေးနွေး အရမ်းဝမ်းသာမှာပါ။ နို့မို့ရင် ဒီအိမ်မှာ နွေးနွေး အနေကျုံ့တယ်၊ အားငယ်တယ်၊ အန်တီမဥ္ဇူတို့ကကော နွေးနွေးကို ဘယ်လိုမြင်သွားမလဲ၊ နွေးနွေး အတွက် ရှက်စရာ ဖြစ်မလားလို့ပါ ဦးလေးလွင်"

ဦးအောင်လွင် တွေတွေဝေးဝေး အကြာကြီး စဉ်းစားပြီးမှ ဦးခေါင်းညိတ်ခါ တစ်လုံးချင်း ပြောပေသည်။

"ကောင်းပြီလေ — မင်း ပြောတာ ငါလက်ခံပါတယ်၊ နောက်ကို ဒီလိုမပြောမိအောင် ငါဆင်ခြင်မယ်၊ ဟိုတလော က မမဥ္ဇူရှေ့မှာ မင်းကို ငါ အဲဒီလိုပြောလိုက်တာကလည်း တကယ့်ကို ငါ့ရင်ထဲက စေတနာနဲ့ပါ၊ အဲဒီနေ့က မမဥ္ဇူ ရောက်လာပြီး ငါကို မင်းရဲ့ အုပ်ထိန်းသူ တစ်ယောက် အနေနဲ့ စည်သူအောင်ရဲ့ အကြောင်း လာပြောတယ်၊ မင်း စဉ်းစားကြည့်ပါ၊ မင်းရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကို ငါက ဘယ်လိုဆုံးဖြတ်ပေးခွင့် ရှိမှာလဲ၊ ဒါကြောင့် ငါ့ကို အုပ်ထိန်းသူအဖြစ် မသတ်မှတ်ဖို့နဲ့ မင်းရင်ထဲ ရှိတဲ့အတိုင်း ပြောနိုင်ဖို့အတွက် မင်းနဲ့ငါ ဘာမှ သွေးသားမတော်ဘူးလို့ စေတနာနဲ့ ပြောတာ။ ကဲပါလေ — ဒီကိစ္စ ငါနဲ့မင်း နားလည်မှုရှိပြီပဲ … အခု သဲသဲကို ရုပ်ရှင်လိုက်ပြပေးပါ။ ကိုမှိုင်းကို လိုက်ပို့ခိုင်းပါ၊ မင်း အပြင်သွားဖို့ သွားပြင်ဆင်ပေတော့။ သဲသဲကတော့ မင်းကို ငါ မိနစ်နဲ့ ခေါ်ခိုင်းလိုက်ကတည်းက အပေါ်တက်ပြီး အလှပြင်နေပြီ ထင်တာပဲ"

ငှင်းစနေနေ့၊ နေ့ပွဲရုပ်ရှင်ကို ကြည့်ကြပါ၏။

နှစ်နာရီလောက် ရှင်ရှင် ပြီးသွားသည်။



သဲသဲ အလွန်ပျော်နေပါ၏။ ဟာန်မဆောင်တတ်သေးသော အရွယ်မို့ သူမ၏ ပျော်ရွှင်ခြင်းမှာ ပေါ်လွင်ပါ၏။

"သဲသဲ အရမ်းကို ပျော်တာပဲ မမနွေးရာ၊ သဲသဲ ဘာလို့ သိပ်ပျော်လဲ မမနွေး သိလား"

"သဲသဲလေး ကြည့်ချင်တဲ့ ရုပ်ရှင်ကို ကြည့်ရလို့ ပျော်တာ နေမှာပေါ့"

"မမနွေး ပြောတာ ငါးဆယ်မှန်တယ် ရာနှုန်းပြည့်မမှန်ဘူး။ ခါတိုင်းလည်း သဲသဲ ကြည့်ချင်တယ်ဆိုရင် ဖေဖေလွင်က လိုက်ပို့ပေးတာပဲဟာ၊ အခု သိပ်ပျော်တာက မမနွေးနဲ့ အတူတူ လာရလို့ အတူတူ ရုပ်ရှင်ကြည့်ရလို့ သိပ်ပျော်တာ"

"ဦးလေးလွင်နဲ့ ကြည့်တုန်းက သဲသဲက မပျော်လို့လား"

"ဖေဖေ့ကို သဲသဲ သိပ်သနားလို့။ ဖေဖေနဲ့ ရုပ်ရှင်ကြည့်တိုင်း ရုပ်ရှင်ကြည့်လို့ ပျော်ရတာက တစ်ဝက်၊ ဖေဖေ့ကို သနားတာက တစ်ဝက်၊ ရာနှုန်းပြည့် ဘယ်ပျော်ပါ့မလဲ မမနွေး။ ခြေထောက်တုကြီးနဲ့ တုတ်ကောက်အားပြုပြီး ရုပ်ရှင်ရုံလှေကား တက်တာနဲ့ လူတွေက ဖေဖေ့ကိုကြည့်ပြီး ပြုံးကြတယ်။ သရော်ပြုံးပေါ့ မမနွေး။ သူတို့အမြင်မှာ ဒီလူကြီးနယ် အသက်လဲ ထောက်နေပြီ ဒုက္ခိတလည်း ဒုက္ခိတ၊ ဒါတောင် ဒီလောက် အပင်ပန်းခံပြီး ရုပ်ရှင်လာ ကြည့် အပျော်အပါး မက်သေးတယ် ဆိုတဲ့ အပြုံးမျိုးနဲ့ အကြည့်ခံရရှာတယ်"

သဲသဲ စကား နားထောင်ပြီး နွေးနွေး ရင်ထဲ ကရုဏာ သက်ရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"အဲ ... ရုံထဲရောက် ရုပ်ရှင်ပြလို့ ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လောက်ဆို ဖေဖေက ကျောမှီ မျက်စိမှိတ်ပြီး မှိန်းနေ ငိုက်နေရော၊ ဖေဖေက နဂိုတည်းက ရုပ်ရှင်မကြိုက်ဘူး၊ မှောင်ထဲမှာ နေရတာရော၊ အေးနောက်ဝဲယာမှာ လူတွေရှိနေတာရော ဖေဖေက စိတ်ကျဉ်းကျပ်တယ်။ မေမေဖေဖေ့ကို စိတ်ပျက်တာလည်း အဲဒါ အကြောင်းတစ်ခုအနေနဲ့ပါတယ်၊ မေမေက ရုပ်ရှင်ဝါသနာအိုး၊ လူတွေကြားထဲမှာ အဲဒီလို ထိုင်ရတာလည်း မေမေက နှစ်သက်တယ်။ မေမေလာလို့ လူတွေက မေမေချောလို့ လှလို့ ဝိုင်းကြည့်တာမျိုးကိုလည်း မေမေက သာယာတယ်၊ ဒီတော့ မေမေ ရုပ်ရှင်ကြည့်ချင်တယ်ဆိုရင် ဖေဖေက လိုက်တဲ့အခါ လိုက်ပေးတယ်၊ ဒါပေမယ့် မလိုက်တာကများတယ်၊ အဲဒီတုန်းက ဖေဖေ ခြေထောက် မဖြတ်ရသေးဘူး။ မေမေက ရုပ်ရှင်ကားလဲတိုင်း ကြည့်ချင်သူလေ။ သူကြိုက်တဲ့ကားဆိုရင် နှစ်ခါပြန်တောင် ကြည့်တယ်။ ဒီတော့ ဖေဖေ မလိုက်တဲ့အခါ သူ့အပေါင်းအသင်းတွေနဲ့ သွားရာက မေမေ စိတ်လေလာတာပဲ မမနွေး"

နွေးနွေးသည် ဦးလေးလွှင် ပြောသည်ကို ခေါင်းထဲမှ အမှတ်ရလိုက်ပါ၏။

"ရုပ်ရှင်ကြည့်တယ် ဆိုတာ စိတ်ရဲ့ခံစားမှု တစ်ခုပဲ။ ဝါသနာလည်း ပါရမယ်၊ စိတ်အားလည်း ထက်သန်ရမယ်။ စိတ်မပါ ဝါသနာမပါဘဲ ဇွတ်ကြည့်ရတာဟာ ကိုယ့်ကိုယ်ကိုယ် အခိုက်အတန့် နှာရှိုပိုင်း ထောင်ချခံရသလိုပဲ"



ဟု ပြောခဲ့သည်မှာ သိအိုရီ မဟုတ်ဘဲ သူလက်တွေ့ခံစားပြီး ပြောခြင်းဖြစ်မှန်း နွေးနွေး သဘောပေါက်ရသည်။

"နောက်ပြီး သိလား ... မမနွေး၊ ဒီနေ့ ရုပ်ရှင်ရုံရောက်လို့ ကားပေါ်က ဆင်းလိုက်ကတည်းက ရုပ်ရှင်ရုံထဲ ဝင်တဲ့အထိ ပတ်ဝန်းကျင်က လူတွေက သဲသဲတို့ ညီအစ်မကို ဝိုင်းကြည့်ကြတာလေ။ သဲသဲ ပျော်လိုက်တာ။ အဲဒါကို သဲသဲ ဘာလို့ ပျော်တယ် မှတ်သလဲ"

"သဲသဲ စိတ်ထဲကိုက ပျော်နေလို့ ဖြစ်မှာပေါ့"

"ဘယ် ဟုတ်လိမ့်မလဲ ... ဒီတစ်ခါ လူတွေဝိုင်းကြည့်တာက ဖေဖေ့ကို သရော်စိတ်နဲ့ ကြည့်တဲ့အကြည့်မျိုး မဟုတ်ဘူး။ မမနွေးက အရမ်းလှလို့ သူတို့ကြည့်ကြတာ"

"သဲသဲလည်း အရမ်းလှသားပဲဟာ"

"အင်းပါ ... သဲသဲကိုလည်း သူတို့ ကြည့်တာပဲပေါ့ ... ဒါပေမယ့် သဲသဲက မျက်နှာလေးတစ်ကွက်သာ လှတာ၊ ကိုယ်လုံးကိုယ်ပေါက်ကျတော့ ရှည်လမျော ကလန်ကလားကြီးပဲဟာ"

"နောက်နှစ်လောက်ဆိုရင် သဲသဲ ကိုယ်လုံးလှလှလေး ထွက်တော့မယ်ဆိုတဲ့ ပုံရိပ်တွေ မြင်နေပြီပဲ သဲသဲ။ နောက်နှစ်ဆိုရင် သဲသဲက မမနွေးထက် ပိုလှလာမှာကြည့်နေ။ သဲသဲက မမနွေးထက် အသက်ငယ်တော့ နုပျိုမှုလေးက ပိုလာဦးမှာကိုး။ မမနွေး သဲသဲ အရွယ်က အခုသဲသဲလိုပဲ ပုံရိပ်ပြနေတဲ့ အချိန်မှာ ကလန်ကလား ရှည်လမျောမျောပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အင်းပေါ့ ... အခု ကြည့်တဲ့လူတွေက အငယ်မလေးကလည်း အကြီးမလိုပဲ နောက်ကျရင် လှလာမှာဆိုတဲ့ အကြည့်မျိုးနဲ့ ကြည့်မှန်း သဲသဲ သိတာပေါ့။ ဒါကြောင့် ဒီနေ့ ရုပ်ရှင်ကြည့်ရတာ သဲသဲ ရာနှုန်းပြည့် ပျော်တာ သိလား"

နွေးနွေးသည် ညီမငယ် သဲသဲ ပြောပုံလေးတွေကို ကြည့်ရင်း ချစ်စိတ်ပိုကာ သဲသဲ၏ ပခုံးလေးကို ဖက်ထားလိုက်သည်။ ဒီကောင်မလေး သဲသဲသည် သူ့မမနွေးကိုဆိုလျှင် ဘာပဲဖြစ်ဖြစ် အကောင်းဘက်ကချည်း မြင်တတ်သော ညီမလေးပေလား။

"ကဲ ... မမနွေးကို သဲသဲက ဒီလောက် မြှောက်ပေးတာ သဲသဲ ဘာစားမလဲ၊ ဘာသောက်မလဲ၊ မမနွေး ကျွေးမယ်"

ဘာစားမလဲ ဆိုလေမှ သဲသဲသည် သူမ၏ ဝမ်းဗိုက်ရှပ်ရှပ်လေးကို သူမ လက်ဝါးလေးဖြင့် အုပ်ပွတ်လိုက်သည်။

"အဲ ... ဟုတ်ပါ့ မမနွေး။ သဲသဲ ရုပ်ရှင်ဇာနဲ့ အိမ်က ဝအောင်တောင် မစားခဲ့ဘူး။ အခု ဗိုက်ဆာပြီ။ ဖိုလ်ချုပ်ဈေး သွားကြမယ်။ အဲဒီမှာ ဆီချက်ခေါက်ဆွဲစားမယ်၊ ရွှေရင်အေး ကျောက်ကျော သောက်မယ်၊ အဲဒီလို မစားရတာ ကြာပြီ ... ဗျို့ ဦးလေးမှိုင်းကြီး ... သဲသဲကို ဗိုလ်ချုပ်ဈေး ပို့ပေးပါ"

ကိုမှိုင်းက ဗိုလ်ချုပ်ဈေးကို ပို့ပေးသည်။

ကားသော့ခတ်ထားပြီး ကိုမှိုင်းကိုပါခေါ်ပြီး ဆီချက်ခေါက်ဆွဲရုံ အတန်းတွင်ဝင်ပြီး စားသောက်ကြသည်။ ဆီချက်



ခေါက်ဆွဲ ဦးလေးမှိုင်းက နှစ်ပွဲ၊ သဲသဲ အစားပုပ်မလေးကလည်း နှစ်ပွဲ၊ နွေးနွေး တစ်ပွဲ စားကြသည်။ ရွှေရင်အေး ကျောက်ကျော ကိုလည်း မှာသောက်ကြသည်။

စားသောက်ခ ကျသင့်ငွေ အားလုံးကို ဦးလေးလွင် ပေးလိုက်သော ပိုက်ဆံဖြင့် ပေးလိုက်သည်။

နွေးနွေးတွင်လည်း ငါးရာတန်ဆယ်ရွက် ငွေငါးထောင် ပိုက်ဆံအိတ်ထဲတွင် ပါရှိပါ၏။ ဟိုနေ့တည်းက သွေးပေါင်ချိန်ကိရိယာဝယ်ရန် ထည့်ထားပြီး မဝယ်ဖြစ်သေးဘဲ ပိုက်ဆံအိတ်ထဲတွင် ရှိမြဲရှိနေခြင်း ဖြစ်ပေသည်။

"ဦးလေးမှိုင်း ကားပေါ်ကပဲ ပြန်စောင့်နော် ... သဲသဲတော့ ဗိုလ်ချုပ်ဈေး ရောက်တုန်းရောက်ခိုက် ဝင်ပတ်မွှေကြည့်လိုက်ဦးမယ်"

သဲသဲက မမနွေး လက်ဆွဲကာ ဇဟိုရုံထဲသို့ ဝင်လာခဲ့သည်။

"သဲသဲ ... ရုပ်ရှင်ပြီးချိန်ထက် သိပ်ပြီးနောက်ကျမှ အိမ်ပြန်ရင် ဦးလေးလွင်က မမနွေးကို အပြစ်တင်မယ် ထင်တယ်ကွယ်"

"ပူနဲ့ မမနွေး ... ဒီဇဟိုရုံထဲမှာ အန်တီချယ်ရီရဲ့ ဆိုင်ရှိတယ်၊ သူ့ဆိုင်မှာ ဖုန်းရှိတယ်၊ အန်တီချယ်ရီ့ဆိုင်ကဖုန်းနဲ့ ဖေဖေ့ဆီကို သဲသဲ ဗိုလ်ချုပ်ဈေး ဝင်နေတယ်လို့ဆက်မယ်။ ပြီး မမနွေးနဲ့ အန်တီချယ်ရီ့ကိုလည်း မိတ်ဆက်ပေးမယ်"

အန်တီချယ်ရီ ဆိုသည့် အမည်ကို နွေးနွေး ကြားဖူး

www.burmeseclassic.com

www.burmeseclassic.com



ပြီးသား ဖြစ်ပါ၏။ သဲသဲကပင် အန်တီမဥ္ဇူ အန်တီချယ်ရီတို့သည် ဖမေ၏ သူငယ်ချင်းများဟု ပြောဖူးသည်ကို မှတ်မိသည်။ ယင်း အန်တီချယ်ရီကလည်း ဖေဖေ သိပ်ချမ်းသာလာသဖြင့် ဖေဖေ့ကို ချိန်နေသည်ဟုလည်း သဲသဲ ပြောသည့် အထဲတွင်ပါဝင်သည်။

ဖုန်းပြောရန် အဓိကဖြင့် အန်တီချယ်ရီတို့ဆိုင်ကို ရောက်လာသည်။

"ဟေး ... သဲသဲ ပါလား" ဟု သဲသဲကို အန်တီချယ်ရီ ဆိုသူက နှုတ်ဆက်ရင်း နွေးနွေးကို အကဲခတ် အကြည့်မျိုးဖြင့် ကြည့်ပေသည်။

"အဲဒါ ... သဲသဲရဲ့ အစ်မလေး အန်တီချယ်ရီ။ ရန်ကုန် ဆေးတက္ကသိုလ်မှာ လာတက်နေတာ၊ မကြာခင် ဆရာဝန် ဖြစ်မှာ၊ နာမည်က မမနွေး ... အဲလေ ... နွေးနွေးတဲ့။ အန်တီမဥ္ဇူနဲ့တော့ မိတ်ဖွဲ့ပေးပြီးပြီ"

"တွေ့ရတာ ဝမ်းသာပါတယ် နွေးနွေး ... အဲ ... ဆရာဝန် မဖြစ်သေးပဲ ကျောင်းသူပဲမို့ ဒေါက်တာနွေးနွေးလို့တော့ မခေါ်သေးဘူးနော်၊ ဟဲ ... ဟဲ ... ကိုအောင်လွှင်ဆီ အန်တီ မရောက်ပေမယ့် အဆက်အသွယ်တော့ မပြတ်ပါဘူး။ ဟိုတလောကပဲ အန်တီချယ်ရီ ကိုအောင်လွင်ဆီ ဖုန်းဆက် သေးတယ်။ အဲဒီတုန်းကတည်းက ကိုအောင်လွင်က သီဂီ လွင်ရဲ့တူမ အိမ်မှာ ရောက်နေတယ်လို့ ပြောပါတယ်"

"နွေးနွေးလည်း အန်တီချယ်ရီကို တွေ့ရတာ ဝမ်းသာပါ တယ်၊ လူချင်း ခုမှမြင်ဖူးပေမယ့် သဲသဲ ပြောပြထားလို့



အန်တီချယ်ရီရဲ့ နာမည်ကို နွေးနွေး ကြားဖူးပြီးသားပါ"

"ဟုတ်လား ... သဲသဲက အန်တီချယ်ရီ့ အကြောင်း ဘာ တွေများ ပြောထားပါလိမ့်ကွယ်"

ရုတ်တရက် နွေးနွေး ဘယ်လိုပြန်ဖြေရမည်မှန်းမသိ။ သဲသဲ ပြောထားသမျှ အန်တီချယ်ရီ့အကြောင်းမှာ အပုပ်ချသော စကားတွေသာ ဖြစ်နေသောကြောင့်ပင်။

သဲသဲကား ပါးနပ်စွာ နွေးနွေး ဘာပြန်ပြောရမှန်း မသိမီ ကြားဝင်ပြောလိုက်သည်။

"ဪ ... အန်တီချယ်ရီ ... သဲသဲ ဖေဖေ့ဆီဖုန်းဆက် ချင်လို့။ အိမ်ကထွက်လာတုန်းကတော့ သမ္မတရုံက ရုပ်ရှင် ကား ကြည့်ရုံပဲ၊ ရုပ်ရှင်အပြီး သဲသဲ ဗိုလ်ချုပ်ဈေး လာချင်စိတ်ပေါက်ပြီး လာတာ၊ အိမ်ပြန်နောက်ကျရင် ဖေဖေ စိတ်ပူနေမှာစိုးလို့"

ပြောပြောဆိုဆိုပင် သဲသဲက ဖုန်းကောက်ကိုင်လိုက် သည်။

"ဆက် ... ဆက် ... သဲသဲ ကြိုက်တဲ့ဆီကိုဆက်။ ဖေဖေ လွှင့် ဆီကိုလည်းဆက်။ နောက်ပြီး ... သဲသဲ ဖေဖေ့ ရှေ့မှာ မဆက်ရဲတဲ့လူရှိရင် အဲဒီကိုလည်းဆက်၊ အန်တီ ချယ်ရီက သဲသဲကို အလိုလိုက်ပြီးသားပဲဟာ ... ကိုအောင် လွှင့်ကို ပြန်မပြော ပြန်မတိုင်ပါဘူး"

"ဟယ်" ဟု နွေးနွေး ရင်ထဲတွင် ကျိတ်ပြီး အံ့သြရ ပါ၏။ တကယ်ဆို သမီးချင်း စာနာပြီး သဲသဲကို ဒီလိုမဟုတ် မဟုတ် စကားမျိုး ဒေါ်ချယ်ရီ မပြောသင့်သောကြောင့် ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သဲသဲသည် ခုမှ ကိုးတန်းကျောင်းသူ မြို့ကောင်ပေါက် အရွယ်လေးသာ ရှိသေးသည်။ သဲသဲ မလိမ္မာလှပင်ပင် စင်ကိုဆုံးမဆေး သင့်ပါသေး၏။ ယခု အန်တီချယ်ရီ ပြောပုံမှာ သဲသဲတွင် ချစ်သူ ရည်းစားရှိလျှင် ဒီဖုန်းနှင့်ဆက်ဟု ပြောသည့် သဘောဘာ သက်ရောက်နေပါ၏။

သဲသဲ သူ့အဖေထံ ဖုန်းဆက်နေစဉ် နွေးနွေးသည် အန်တီချယ်ရီကို ကြည့်နေမိသည်။

အရွယ်အားဖြင့် အန်တီမဥ္စုုး၏ အရွယ်လောက်ပင် ရှိမည်။ အန်တီချယ်ရီ လှပါ၏။ သို့သော် ဖေ့်လာသတို့သမီး အခြယ်အသမျိုးကြောင့် လှပခြင်းမျိုး ဖြစ်ပေသည်။ ဗိုလ်ချုပ်ဈေးသူ ပိပိ ကောင်းပေ့ဆန်းပေ့ ဆိုသော အစတ်အထည်ကို ခါးချိုး တင်ချိုး အပ်ချည်ချုပ် ပုံဖော်ဝတ်သော ထဘီမျိုးနှင့် သူမ၏အလှကို ဖွတ်ပေါ်စေခြင်း၊ အင်္ကျီကို ခပ်ကျပ်ကျပ်လေး ဝတ်ခြင်းဖြင့် ရေ့ပိုင်းပေါ်လွင်စေခြင်းမျိုး၊ ဆင်ယင်ထုံးဖွဲ့ပြီး လှလာသည့် အလှမျိုး ဖြစ်နေပေသည်။

မျက်နှာတွင်လည်း ဗိုလ်ချုပ်ဈေးဆိုင်ကြီးများတွင် တင်ရောင်းသော တန်ဖိုးကြီးမားသည့် အလှပြင် နိုင်ငံခြားပစ္စည်း များဖြင့် ခြယ်သပြီး လှပခြင်းမျိုး ဖြစ်သည်။

ချုံပြောရလျှင် အန်တီချယ်ရီ၏ အလှသည် ပန်းချီဆရာ လက်စွမ်းပြ အလှမျိုး ဖြစ်ပါလေ၏။

"ဇေး ... အန်တီ့ကို ကြည့်လှချည်လား နွေးနွေး"

"အန်တီချယ်ရီက သိပ်လှလို့ပါ"

အန်တီချယ်ရီသည် စူးပြီးမှလွင်သော ရယ်သံဖြင့်



အံသံတွက်ရယ်ကာ ကျေနပ်သွားဟန် တူသည်။

"အမျိုးသမီးဆိုတာက ရောင်းကုန်ပစ္စည်းတစ်မျိုးပဲ မဟုတ်လားနွေးနွေး၊ ဟောဒီ အန်တီချယ်ရီရဲ့ဆိုင်မှာ တင်ရောင်းနေတဲ့ ပစ္စည်းတွေကို ကြည့်ပါ နွေးနွေး၊ တကယ် နိုင်ငံခြားဖြစ် အစစ်အမှန် အဖိုးတန်တွေချည်းပဲ၊ မြန်မာလုပ်ဆိုလို့ ပေါင်ဒါတစ်ဘူးတောင် မပါစေရဘူး"

နွေးနွေးက ခေါင်းညိတ်ပြသည်။

"ပစ္စည်းကောင်း၊ မျိုးကောင်း အစစ်အမှန် ဆိုတာကတော့ ဈေးတော့ကြီးတယ်။ အန်တီ ဖြီးလိမ်းတာတွေ မှန်သမျှ အဲဒီ အဖိုးတန်ပစ္စည်းတွေနဲ့ချည်းပဲ၊ အဲဒီပစ္စည်းတွေနဲ့လည်း အန်တီ့ကိုယ်ကို နှိုင်းယှဉ်ထားတယ်။ ဒီတော့လည်း အန်တီချယ်ရီကို လိုချင်သူဟာ ကြီးမားသော တန်ဖိုးပေးယူရမယ်ပေါ့ နွေးနွေး"

အန်တီချယ်ရီသည် ဘာကို ရည်ရွယ်ပြီး ဒီစကားမျိုး ပြောနေပါလိမ့်ဟု နွေးနွေး စဉ်းစားကြည့်နေစဉ်မှာပင် အန်တီချယ်ရီက ဆက်ပြောပြန်ပါ၏။

"မဥ္စုုတို့ကတော့ ကွယ်ရာမှာ အန်တီချယ်ရီကို ပြောတယ် ပေါ့လေ ... အဆင်းသာရှိပြီး အချင်းမရှိဘူးလို့ ... သူက ဘီအီးဒီဘွဲ့ရထားတော့ ဒီလိုပြောမှာပေါ့။ ဒါပေမယ့် နွေးနွေး စဉ်းစားကြည့်။ မဥ္စုုတို့ရတာက တစ်လမှ ထောင်ဂဏန်း ကျောင်းဆရာမ လခလေးပါ၊ ဟဲ ... ဟဲ ... သနားတယ် ဒီဆိုင်ပေါ်က ပစ္စည်းမျိုးတွေ မဥ္စုုတို့ ဝယ်သုံးဖို့ အနားတောင် မကပ်နိုင်ဘူး။ ဒီကပစ္စည်းတစ်ခုဟာ သူ့တစ်လစာနဲ့တောင်

www.burmeseclassic.com

www.burmeseclassic.com



ဝယ်လို့မရဘူး၊ အင်းပေါ်လေ သူ့အဖို့ ပိတ်အင်္ကျီအဖြူနဲ့ ထဘီအစိမ်း ဝတ်ရရင် ပြီးနေတာပဲ"

နွေးနွေး ခေါင်းညိတ်မပြပါ။ ခေါင်းလည်း ခါမပြပါ။

"ဟဲ ... ဟဲ ... ရှေးပညာရှိကြီးတွေက စကားပုံတောင် ထားခဲ့တယ် မဟုတ်လား၊ 'မိန်းမတို့၏ ဥစ္စာသည် အဆင်း' တဲ့ မဟုတ်ဘူးလား နွေးနွေး၊ ဒီတော့ အန်တီချယ်ရီအတွက် ဘာလိုသေးသလဲ၊ ဘယ်တက္ကသိုလ်က ဘာဘွဲ့မှမရတော့ ကော ဘာအရေးလဲ၊ အန်တီချယ်ရီရဲ့ တစ်နေ့အမြတ်ငွေ ဟာ သောင်းဂဏန်းကျော်နေတာပဲဟာကွယ်"

တည့်တည့်ပြောမှ နွေးနွေး ရိပ်မိတော့သည်။ လက်စသတ်တော့ အန်တီမဥ္ဇူနှင့် အန်တီချယ်ရီတို့သည် ဦးလေးလွင်ကို အပိုင်ရရှိရေးအတွက် အကြံတူ ရန်သူ သဘောတွေ သက်ဝင်နေခြင်းပါလားဟူ၍။

ဦးလေးလွင် အတွက် နွေးနွေးသည် ဘာလို့မှန်းမသိ ရင်လေးမိပါ၏။

ဦးလေးလွင်သည် သားကောင်။

အန်တီမဥ္ဇူနှင့် အန်တီချယ်ရီ တို့သည် မုဆိုးတွေ ပါလား။

"မမနွေးရေ ... ဖေဖေက ဗိုလ်ချုပ်ဈေးမှာ ကြိုက်သလို လျှောက်ကြည့်ကြတဲ့၊ ဝယ်ချင်တာရှိလည်း ဝယ်ကြတဲ့၊ မမနွေးလည်း လိုချင်တာရှိရင်ဝယ်တဲ့ ... ဦးလေးမှိုင်းကို ကားနဲ့ပြန်လွှတ်ပြီး ငွေယူခိုင်းလိုက်တဲ့"

အန်တီချယ်ရီက သဲသဲ ပြောသည်ကို နားထောင်ပြီး..



"အဲမှာခင်း သဲသဲရယ်၊ ငွေလိုရင် အန်တီ့ဆီက ကြိုက်သလောက် ယူစမ်း ... ဘယ့်နှယ် အိမ်တစ်ခေါက် ကိုမှိုင်း ပြန်ယူရမယ်လို့ ... ကိုအောင်လွင်ကတော့ လွယ်တာကိုပဲ ခက်အောင် လုပ်ချင်တတ်တယ်"

ပြောပြောဆိုဆို ဆိုင်၏ ဗီရိုအံဆွဲကို အန်တီချယ်ရီ ဖွင့်လိုက်သည်။ ဆိုင်၏ ငွေထည့်ဗီရိုအံဆွဲ ဖြစ်ပါ၏။

"ဟင့်အင်း ... အန်တီချယ်ရီ့ဆီက သဲသဲ မယူပါဘူး အန်တီချယ်ရီ"

"ဘာလို့ မယူရမှာလဲ"

"ဖေဖေက သဲသဲကို မှာထားတယ်၊ ငွေရေး ကြေးရေးနဲ့ ပတ်သက်ပြီး ဘယ်သူ့စီမံ တစ်ရံဆံဆီကမှ မချေးရဘူး မယူရဘူးတဲ့"

"အယ် ... ကွယ်"

အန်တီချယ်ရီ ပါးစပ်ဟောင်းလောင်း ဟ,သွားပါ၏။

"မနွေးမှာ ငွေငါးထောင် ပါလာတယ် သဲသဲ။ မမနွေး ပရက်ရှာကတ်(ပ်)ဝယ်ဖို့ ထည့်ထားပြီး မဝယ်ဖြစ်သေးလို့ ပိုက်ဆံအိတ်ထဲမှာ ပါလာတာ"

"ဒါဆို ပြီးတာပဲ မမနွေး၊ သဲသဲ ဝယ်မှာက တိုလီမုတ်စလေးတွေပါ၊ ငွေငါးထောင်ဆိုရင် ကောင်းကောင်းလောက်တယ်၊ ဒါဆို လာ ... မမနွေး လျှောက်ပတ်ကြည့်ကြစို့"

အန်တီချယ်ရီ့ကို နှုတ်ဆက်ပြီး ထွက်ခဲ့ကြသည်။ အန်တီချယ်ရီ၏ မျက်နှာမကောင်း ဖြစ်ကျန်ခဲ့သည်ကို သဲသဲက ကလေးမို့ မရိပ်မိသော်လည်း နွေးနွေး ရိပ်မိပါ၏။

www.burmeseclassic.com

www.burmeseclassic.com



နွေးနွေးတွင် ပါလာသော ပိုက်ဆံနှင့်ပင် သဲသဲသည် သူလိုချင်တာလေးတွေ လျှောက်ဝယ်သည်။ တကယ့် ကလေးကြိုက် တိုလီမိုလီမျိုးလေးတွေသာ ဖြစ်သည်။ ဘာမှ ဟုတ္တိပတ္တိ ပစ္စည်းကြီးမျိုး ဝယ်သည်မဟုတ်။

သဲသဲ အတွက် ဟုတ္တိပတ္တိ ပစ္စည်းမျိုးတွေ ဝယ်စရာလည်း မလို။ သူမ အိမ်တွင် ဦးလေးလွင် ဝယ်ပေးထားသည့် ဟုတ္တိပတ္တိပစ္စည်းမျိုးတွေ အလျှံပယ် ရှိနေပါ၏။

သဲသဲ ဝယ်သည်မှာ ငွေငါးထောင်ပင် မကုန်။

ပြီး အိမ်သို့ ပြန်လာကြသည်။

အိမ်ရောက်သည်နှင့် ဗီး(လ်)ချဲပယားဖြင့် အိမ်တံခါးပေါက်တွင် ကြိုနေသော ဖေဖေလွင်၏ ရင်ခွင်ထဲသို့ သဲသဲ ပြေးဝင်ကာ ရွှင်ပြုံးစွာ သူဝယ်လာခဲ့သည့် အတိုအထွာ ပစ္စည်းလေးတွေကို အဆန်းလုပ်ပြီး ဦးလေးလွင်ကို ပြပါ၏။

"အဲဒါတွေ မမနွေး ပိုက်ဆံနဲ့ ဝယ်လာတာ ဖေဖေ။ မမနွေးက ပရက်ရှာကဘ်(င်)ဝယ်ဖို့ ထည့်ထားတာ မဝယ်ဖြစ်သေးလို့ အဆင်သင့် ပါလာတာ။ ဒါကြောင့် ဦးလေးမှိုင်းကို လွှတ်ပြီး ပိုက်ဆံမယူခိုင်းတာ"

ဦးလေးလွင်မှာ သမီးလေး သဲသဲ ရွှင်မြူးပြောဆိုနေသည်ကို ပီတိ ဖြစ်နေပါ၏။

"အေး ... မချယ်ရီတာတောင် ဖေဖေ့ဆီ ဖုန်းဆက်ပြောတယ်၊ သမီးကို သူက ပိုက်ဆံထုတ်ပေးတာ သမီးက မယူဘူးတဲ့၊ သူတစ်စိမ်းဆီက ပိုက်ဆံမချေးရဘူးလို့ ဖေဖေက မှာထားလို့ မယူတာတဲ့"





"ဟုတ်တယ် ဖေဖေ ... သဲသဲ အန်တီချယ်ရီကို အဲဒီလိုပဲ ပြောလိုက်တယ်"

"သမီးကို ဖေဖေက အဲဒီလိုလည်း တစ်ခါမှ မပြောမိပါလား သမီး"

"သဲသဲ တမင်ပြောတာ ဖေဖေ။ အန်တီချယ်ရီနဲ့ မပတ်သက်ချင်လို့ တမင်ပြောတာ၊ တော်ကြာ ဒီပိုက်ဆံလေး ချေးမိတာနဲ့ ဖေဖေက သူ့ကို ကျေးဇူးတင်မှာစိုးလို့ တမင်ပြောတာ"

ဦးအောင်လွင် တဟဲဟဲရယ်ရင်း သမီးဦးခေါင်းကို ရယ်ရင်း ချစ်စနိုး ပွတ်နေလိုက်ပါ၏။

"ကဲ ... သဲသဲ အပေါ်တက်တော့မယ် ဖေဖေ"ဟု ပြောပြီး သဲသဲ အပေါ်ထပ်သို့ တက်သွားပေတော့သည်။ သဲသဲနောက်သို့ နွေးနွေးက လိုက်သွားပါ၏။

"နေပါဦး နွေးနွေး၊ ခဏလေးပါ"

ဦးလေးလွင် ပြောသဖြင့် နွေးနွေး ရပ်နေလိုက်ပါ၏။

"သဲသဲ အတွက် ငွေဘယ်လောက် စိုက်ခဲ့သလဲ ... ပြန်ပေးမလို့"

"နေပါစေ ဦးလေးလွင် ... အဲဒါကို နွေးနွေး ပြန်မယူပါဘူး"

"ဘာလို့ ပြန်မယူရမှာလဲ။ ယူကိုပြန်ယူရမယ်။ ဘာလဲ ... ဒီအိမ်မှာနေလို့ အိမ်လခ ထမင်းလခ သဘောမျိုးနဲ့ ပြန်မယူတာလား"

နွေးနွေး ရင်ထဲ နင့်ခနဲ ဖြစ်ရပြန်သည်။

www.burmeseclassic.com



သဲသဲ လိုချင်တာလေးတွေ မိမိက ဝယ်ပေးရသဖြင့် ဝမ်းသာပီတိ ဖြစ်ခဲ့ရသည်။ အနံ့တီချယ်ရီ ပီကာဆံကို မယူဘဲ၊ မိမိ ပိုက်ဆံကိုသာ သဲသဲ ယူဝယ်ခြင်းသည် မိမိအား သူစိမ်းမဆန် အစ်မဟု ရင်ထဲ ထားရှိမှုကြောင့်ဟုလည်း စိတ်ထဲတွင် ကျေနပ်မှု ဖြစ်ခဲ့ရသည်။

ဦးလေးလွင်ကို အမြဲ ကြောက်ခဲ့သော်လည်း ယခု ပါ်စ်ခါတော့ ရင်ထဲတွင် မချိသဖြင့် ပြန်ပြောရဲသော သတ္တိလေး နွေးနွေးတွင် ဝင်လာသည်။

"ဦးလေးလွင်ရဲ့ ခေါင်းထဲမှာ ဒီအိမ်မှာ နွေးနွေး လာနေ တာဟာ ထမင်းဖိုး ဘယ်လောက်၊ အိမ်လခ ဘယ်လောက်၊ ကျောင်းပို့ ကျောင်းကြို့ခ ဘယ်လောက် ဆိုတဲ့ အစွဲတွက် ကိန်း ရှိနေလို့လားဟင်။ နွေးနွေး စိတ်ထဲမှာ ဒီတွက်ကိန်း မျိုး ခေါင်းထဲ တစ်ခါမှ မဝင်ဘူး။ ဦးလေးလွင်က ကိုယ့် တူမကို ပညာရေးနဲ့ ပတ်သက်ပြီး စေတနာနဲ့ ကူညီတာလို့ပဲ ရင်ထဲက မှတ်ယူထားတာပါ၊ အခု ဦးလေးလွင်က နွေးနွေး အတွက် ဘာဘယ်လောက်လို့တွက်ရင် အားလုံးတွက်ပါ ဦးလေးလွင်၊ သဲသဲကို ဝယ်ပေးတာဟာ နွေးနွေး ရင်ထဲမှာ ကိုယ့်ညီမလေး ကိုယ်ဝယ်ပေးတာ။ နွေးနွေးဝယ်ပေးတာကို သဲသဲက နှစ်နှစ်ခြိုက်ခြိုက်လေး ရှိတာကိုပဲ၊ နွေးနွေးက နှစ်ထောင်းအားရ ပီတိဖြစ်နေတာ။ ဦးလေးလွင် နွေးနွေး အပေါ်မှာ အဲပြောသိပ်ရက်စက်တယ်၊ သဲသဲ အပေါ်မှာ နွေးနွေး စေတနာ မရှိရင် ဦးလေးမြှင်းကို ပိုက်ဆံပြန်ယူ ခိုင်းတာ နွေးနွေး ကြည့်နေရုံပေါ့။ နွေးနွေး ပိုက်ဆံအိတ်ထဲ



ပိုက်ဆံဘယ်လောက် ပါရှိမှန်း သဲသဲ ကိုယ်တိုင် သိတာမှ မဟုတ်တာ။ ဦးလေးလွင်က ဘာမဆို ပေတံနဲ့တိုင်းပြီး တိတိကျကျကြီး အပြတ်လုပ်ချင်တယ်၊ ဦးလေးလွင်ရဲ့ ရင်ထဲမှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ ဆိုတာမျိုးတွေ ရှိမှ ရှိရဲ့လား ဦးလေးလွင်"

ပြောရင်း နွေးနွေး မျက်ရည်ဝဲသည်။ အသံလေး တုန်နေသည်။

နွေးနွေး တောက်လျှောက်အရှည်ကြီး ပြောနေသည်ကို ဦးလေးလွင်က ငြိမ်ပြီး နားထောင်နေသည်။

နွေးနွေး ပြောအဆုံးတွင် ဟင်းခနဲ သက်ပြင်းကြီး ချသည်။ ဗိုး(လ်)ချဲယားတွင် ထိုင်လျက်သားမှ မျက်နှာနှင့်လည် တိုင်ကို အပေါ်သို့မော့ရင်း ...

"မေတ္တာ၊ ကရုဏာ၊ မုဒိတာ"ဟု သူ့ဟာသူ နှစ်ခါပြန်ပင် ရွတ်ဆိုနေသည်။

"ငါမေးမယ် ... မင်း သဲသဲကို တကယ့် မင်းညီမလေးလို ချစ်သလား"

နွေးနွေး မျက်လုံးလေး ပြူးသွားပါ၏။

"ဩ ... ဦးလေးလွင်က သဲသဲကို နွေးနွေးက ဒီအိမ်မှ အနေကောင်းအောင် ဟန်ဆောင် ချစ်နေတာ ထင်လို့လား ညီမလေး သဲသဲကို တစ်ခါမှ မတွေ့ဘူးခင်ကတော့ ကိုယ့် ညီမ သဲသဲကို ချစ်သလားလို့ မေးရင် နွေးနွေး အတွက် မသေချာပါဘူး။ အခု ဒီအိမ်ရောက်ပြီး သွေးက ကိုယ့်ညီမ မှန်း သိစေတယ်၊ ညီအစ်မ အတူတူ နေလာလေ ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



ညီမကို ပိုချစ်လေပဲ ... ချစ်တာမှ ဟိုတုန်းက မသိဘူး မမြင်ဘူးလို့ မချစ်ခဲ့ရတာတွေတောင် အတိုးချပြီး အခုချစ်တာကို ဦးလေးလွင် မှန်းဆတာတတ်ရဲ့လားဟင်။ သဲသဲနဲ့ အတူတူ နေလာမှ သဲသဲရဲ့ ရွှေ့ရေး၊ အနာဂတ် ပညာရေး၊ လိမ္မာရေးခြား ရှိလာရေး၊ စိတ်အားငယ်နေတာတွေ မြင့်တက်လာရေးတွေကိုပါ စဉ်းစားပြီး မိခင်စိတ်မျိုးတောင် နွေးနွေး မွေးလာတဲ့အထိ သဲသဲကို ချစ်တာ"

"မိခင်စိတ် ... ဟုတ်လား" ဟု ဦးလေးလွင်က ဖျတ်ခနဲ မေးလိုက်ပါ၏။

နွေးနွေးသည် ပြောရင်းနှင့် စကားနယ်ကျွံသွားသည်။ လွှတ်ခနဲ ရင်ထဲ ရှိတာတွေ ပြောမိလိုက်ခြင်းသာ ဖြစ်ပါ၏။ ဦးလေးလွင်က မိခင်စိတ် ဟုတ်လားဟု ပြန်မေးလိုက်မှ လွှတ်ခနဲ စကားနယ် ကျွံသွားသည်ကို ပြန်သတိထားမိသည်။

"အို ... နွေးနွေး ပြောတဲ့ မိခင်စိတ်မျိုး ဆိုတာက သဲသဲ ရှေ့လျှောက်ပြီး ပညာဘက် လိမ္မာတဲ့ မိန်းကလေး ဖြစ်မြောက်လာရေးကို အဓိကထား ပြောတာပါ ဦးလေးလွင်။ နွေးနွေး ဒီမှာမနေတော့ဘဲ တခြားမှာသွားနေလည်း သဲသဲကို နေ့တိုင်းသွားတွေ့ပြီး နေတိုင်း သွန်သင်မယ်၊ နေ့တိုင်း ဆုံးမမယ်၊ အဲဒီလိုမျိုးကို အဓိကထား ပြောတာ"

ဦးလေးလွင် အပေါ်ကို မော့ကြည့်နေရာမှ ဦးခေါင်း ပြန်စိုက်ကျလာကာ ...

"နွေးနွေး ... မင်း သိပ်ပင်ပန်းလာပါတယ်၊ အပေါ်တက်ပြီး အနားယူပါ၊ နောက်တစ်ခါ ဒီအိမ်ကနေပြီး တခြားမှာ



သွားမယ်ဆိုတဲ့ စကားမျိုး ဘယ်တော့မှ မပြောပါနဲ့ ... ကဲ ... မင်း သွားတော့ နွေးနွေး"

နွေးနွေး အိမ်ပေါ်ထပ် တက်ခဲ့ပါ၏။

ထိုနေ့မှစ၍ ကျိုက်ဝိုင်းဘုရားလမ်း "အောင်လွင်" ကြေးဝါပြား ဆိုင်းဘုတ်ကပ် ခြံကျယ်ကြီးနှင့် တိုက်အိမ်ကြီးတွင် အပြောင်းအလဲတွေ ဖြစ်လာသဖြင့် ဦးဂေါယာ၊ ကိုမှိုင်း၊ ဒေါ်ပြုံးနှင့် မိနီ တို့ပင် တအံ့တသြ အတင်းစုပြောသည်အထိ ဖြစ်သွားပါ၏။

အကြောင်းမှု ...

ယခင်က ကျားရိုင်းတစ်ကောင် လှောင်အိမ်သွင်းထားသဖြင့် အမြဲ ခက်ထန်ဟိန်းဟောက်နေသော ဦးအောင်လွင်သည် သိသိသာသာပင် ခက်ထန်ခြင်းကင်းကာ ပျော့ပျောင်းညွှတ်နူးလာခြင်းကြောင့် ဖြစ်ပေတော့သည်။

ခြံစောင့်ကြီး ဦးဂေါယာက ပြောသည်။

ဆရာလွင်ဟာ ဟိုတုန်းက ကြောက်စရာကောင်းတယ်။ အခု ချစ်စရာကောင်းတယ် ဟူ၍လည်းကောင်း။

တပည့်ရင်း အာနေဝါသိက ကိုမှိုင်းက ...

"ဆရာလွင်ရဲ့ မျက်နှာဟာ ဟိုတုန်းက ဆရာကတော် ဒေါ်သိင်္ဂီနဲ့ အတူတူနေစဉ်က မျက်နှာမျိုး အခုမှ ပြန်ပေါ်လာတယ်၊ အံ့ရောပဲ၊ တကယ်တော့ ဆရာလွင်ရဲ့ နဂိုမူရင်း၊ အော်ရိဂျင်နယ် မျက်နှာနဲ့ အပြောအဆိုဟာ သိမ်သိမ်မွေ့မွေ့ ညင်ညင်သာသာမှန်း ကျုပ် အသိဆုံးပေါ့"

ဟူ၍လည်းကောင်း ...။

www.burmeseclassic.com

www.burmeseclassic.com



ဘဏ္ဍာစိုး ဒေါ်ပြုံးကလည်း ...

"အံ့ရောဟယ် ... တကယ့်ကို အံ့ရော၊ မနေ့က ဆရာလွင် ဘာစိတ်ကူးပေါက်လဲ မသိဘူး၊ သူ့ စီးလှည်းကြီးနဲ့ မီးဖိုထဲအထိ တစ်ခါမှ မလာစဖူး ရောက်လာပြီး ငါ့ကို မျက်နှာထားချိုချို အပြုံးနဲ့ ကျွန်တော့်ကို ငါးရံ့ခေါင်းနဲ့ ဘူးသီးရေချို ဆိကျန်ရေကျန်လေး ချက်ကျွေးပါလို့ ပြောတယ်၊ ဆရာကတော်နဲ့ အတူတူနေတုန်းက ငါးရံ့ခေါင်းနဲ့ ဘူးသီးဟင်း ခဏ ခဏ ချက်စားတာကိုး။ အဲ ... ဆရာကတော်နဲ့ ကွာရှင်းတဲ့နေ့ကစပြီး အဲဒီဟင်း လုံးဝမချက်ရလို့ အမိန့်ပေးထားတာ ... မနေ့ကမှ ဆရာလွင် ဘာစိတ်ကူးပေါက်သလဲ မသိဘူးဟယ်"

ဟူ၍လည်းကောင်း ...။

မိနီ ချာတိတ်မကလည်း ဝင်ပြောသည်။

"ဟိုတုန်းက ဘဘလွင် ရှေ့မှာ မိနီ ဖြတ်လျှောက်ရရင် ဒူးတွေ တုန်တယ်၊ ဘဘလွင်ကို ကြောက်လို့လေ၊ မနေ့ကတော့ ဘဘလွင်က ရယ်လို့ ပြုံးလို့၊ ဟဲ့ ... မိနီ ငါ့ခေးတံနဲ့ ဆေးဘူး ယူပေးစမ်းကွယ်လို့ ချိုချိုသာသာ ပြောတယ်၊ မိနီ အခု ဘဘလွင် ရှေ့ရောက်ရင် ဒူးမတုန်တော့ဘူး"

ဟူ၍လည်းကောင်း ...။

တစ်အိမ်လုံး ဦးလေးလွင် အကြောင်းကို တစ်ယောက်တစ်မျိုး ပြောကြသည်များကို နွေးနွေး ကြားရပါ၏။ နွေးနွေးရှေ့တွင် အားရပါးရ ပြောကြခြင်း ဖြစ်သည်။ နွေးနွေးကျတော့ သူတို့အားလုံးက ချစ်ခင်ကြသည်ကိုး။



ဦးလေးလွင် ပြောင်းလဲသွားသည်ကလည်း ချက်ချင်းနတ်ရေကန်ထဲ ပစ်ချလိုက်သည့် အလား ရုတ်ချည်းပြောင်းလဲသွားပေသည်ကိုး။

နွေးနွေးကိုလည်း ဦးအောင်လွင်သည် ပြောလေတိုင်း အပြုံးအရယ်နှင့် ပြောသည်။

ပေပေ၏ ကျန်းမာရေး အခြေအနေကိုလည်း ဂရုတစိုက် မေးသည်။

"အင်း ... လောကကြီးမှာ ကျောင်းက သင်ပေးလိုက်တဲ့ သင်ခန်းစာတွေလောက်နဲ့ မလုံလောက်ဘူး နွေးနွေး၊ ပြင်ပစာကိုလည်း ဖတ်ပေးရတယ် ... ရော ... ဒါ စာကြည့်ခန်းက စာအုပ်စီရီတွေရဲ့ သော့တွဲပဲ။ အပိုလုပ်ထားတာ၊ အားလပ်တဲ့အခါ ကြိုက်တဲ့စာအုပ် ယူဖတ်"

ယင်းသို့ပင် ကျိုက်ဝိုင်းဘုရားလမ်း အောင်လွင်ဂေဟာကြီးမှာ စိုပြည်ကြည်နူးဖွယ်တွေ ဖြစ်လာပေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်တော့လည်း တိုက်တိုက်ဆိုင်ဆိုင် သူ့ဟာသူ ဖြစ်လာသည်။

ကျောင်းဆင်းသည်နှင့် အိမ်ကကား လာကြိုသည်ကို မတွေ့ရ။ ဦးလေးမှိုင်းနှင့် ကားရောက်မလာသေး။

နွေးနွေးသည် ဦးလေးမှိုင်းကား စပ်စောင့်နေကျ နေရာရှိ အုတ်ခုံဝိုင်းလေးတွင် ထိုင်ပြီး ကားအလာကို စောင့်နေသည်။

"ဟေး ... နွေးနွေး ... အိမ်ကကား မလာသေးလို့ စောင့်နေသလား ... လာလေ တို့ကားနဲ့ပဲ လိုက်ခဲ့ ... ဝင်ပတ်ပြီး ပို့ပေးခဲ့မယ်"

နွေးနွေး မလိုက်ရဲပေ။ ဒီလိုကြုံရာကားနှင့် လိုက်သည်ကို ဦးလေးလွင် ကြိုက်ချင်မှ ကြိုက်ပေမည်။



"နေပါစေ ... လာကြိုမှာပါ။ ညီမလေး သဲသဲ တစ်နေရာ ဝင်နေလို့ နောက်ကျတာ ဖြစ်မှာပါ။ ဒီကပဲ စောင့်တော့မယ်၊ စီစီနဲ့ မော်မော်ကို ကျေးဇူးတင်ပါတယ်"

သူတို့ကားနှင့် သူတို့ ပြန်သွားကြသည်။

နွေးနွေး ဆက်၍ ထိုင်စောင့်သည်။

ကျောင်းဆင်းကာစမှာတော့ နွေးနွေးလိုပင် အိမ်က လာအကြိုနောက်ကျသောကြောင့် စောင့်နေသော ကျောင်းသူတချို့ ရှိပါသေး၏။

သို့သော် မိနစ်နှစ်ဆယ် သာသာတွင် အသီးသီးသူ့ အိမ်က ကားကိုယ်စီ လာကြိုကြပြီး ပြန်သွားကြသည်။

ကျောင်းပရိဝုဏ် ဝန်းကျင်တွင် သန့်ရှင်းရေးသမား တချို့နှင့် အခြား ကျောင်းရုံး အလုပ်သမား တချို့သာ ကျန်လေတော့သည်။

ထိုစဉ်မှာပင် ကားတစ်စီး မောင်းဝင်လာပြီး နွေးနွေး ရှိရာ အနီးတွင် ရပ်လိုက်သည်။ ပါဂျဲရိုကား အဝါရောင်ဖြစ်ပါသည်။

စည်သူအောင်လည်း ဖြစ်ပါ၏။

မီးမီးထံသို့ ကားပေါ်မှဆင်း၍ စည်သူအောင် လျှောက်လာသည်။

"မနွေးတို့အိမ်ကကား နောက်ကျနေတယ်နော်"

နွေးနွေးက နှုတ်ဖြင့်မဖြေဘဲ ခေါင်းကိုသာ ညိတ်ပြလိုက်သည်။

"ကျောင်းဆင်းကတည်းက မနွေးတို့အိမ်ကကား မရောက် သေးမှန်း ကျွန်တော် သတိထားမိတယ်"

www.burmeseclassic.com

www.burmeseclassic.com



မိမိတွင် အဖော်ဘယ်သူတစ်ယောက်မျှ မရှိသဖြင့် နွေးနွေး စည်သူအောင် ရောက်လာသည်ကို ကြောက်ပြီး ရင်ခုန်နေသည်။

လူပျို အပျို ဖြစ်သည့်ပြင် စည်သူအောင်က မိမိအား မေတ္တာစာ ပေးထားသူ ဖြစ်နေသောကြောင့်လည်း ရင်ခုန်ရခြင်းတွင် ပါဝင်သည်။

"ကျွန်တော် မနွေး ကျောင်းဆင်း ကျောင်းတက် မောင်းလေ့ရှိတဲ့ လမ်းအတိုင်း လိုက်မောင်းပြီး မနွေးရဲ့ကားကို ရှာတယ်။ မနွေး တစ်ယောက်တည်း ဒီမှာထိုင်စောင့်နေတာကို စိတ်မချလို့။ မရမ်းကုန်း သီလရှင်ကျောင်းရှေ့ လမ်းပေါ်မှာ မနွေးတို့ရဲ့ကားကို တွေ့တယ်။ ဦးအောင်လွင်လည်း ပါလာတယ်။ ကားက ပျက်နေတယ်"

"ဟင် ... ဦးလေးလွင် ပါတယ် ဟုတ်လား"

ဦးလေးလွင်သည် မိမိအား ကျောင်းပို့ ကျောင်းကြို ဘယ်တော့မှ လိုက်ပါလေ့ မရှိသဖြင့် အံ့သြစွာ နွေးက ပြန်မေးမိသည်။

"ဟုတ်တယ် ... ဦးအောင်လွင်ကို ကြည့်ရတာ မျက်နှာမကောင်းဘူး၊ ကားပျက်တာကို စိတ်ပျက်နေပုံပဲ။ ကားမောင်းတဲ့ ဦးမှိုင်းက ကားမှာလိုအပ်တဲ့ပစ္စည်း သွားဝယ်တယ်တဲ့"

"အဲဒါကို ကိုစည်သူအောင် ဘယ်လိုသိတာလဲ၊ ဦးလေးလွင်ကို သွားနှုတ်ဆက် မေးမြန်းလို့ သိတာလား"

ဦးလေးလွင် ကားပေါ်ထိုင်ပြီး မျက်နှာမကောင်း



ဖြစ်နေသည်ဟု ကြားသဖြင့် သိချင်စိတ်ဖြင့် စည်သူအောင်အား နွေးနွေး စကားပြန်လည် ပြောမိတော့သည်။ စည်သူအောင်က သွားပြီး စကားပြောလျှင် ဦးလေးလွင်နှင့် မချေမငံ ဖြစ်ရုံမက အိမ်ရောက်လျှင် မိမိကို ဦးလေးလွင် မျက်နှာထား တင်းမည်ကို စိုးရိမ်သောကြောင့်လည်း ဖြစ်သည်။

"ကျွန်တော် ဦးအောင်လွင်ကို စကားသွားမပြောရဲပါဘူး၊ လေးစားပေမယ့် ကြောက်တယ်လေ။ ကျွန်တော့်ကြောင့် ဦးအောင်လွင်ကို စိတ်အနှောင့်အယှက် မဖြစ်စေချင်ဘူး။ နဂိုတည်းကမှ ကျွန်တော့်ကို သိပ်လိုလားပုံ မရတာ"

"ဒါဆို ကားပျက်လို့ ဦးလေးမှိုင်း ပစ္စည်းသွားဝယ်တာကို ကိုစည်သူအောင်က ဘယ်လိုသိလာတာလဲ"

"ကားပျက်နေတဲ့ နေရာမှာ လမ်းဘေးကွမ်းယာဆိုင်လေး တစ်ဆိုင်ရှိတယ်၊ ကွမ်းယာဆိုင်ကုလားကို မေးကြည့်လို့ ကားပျက်ပြီး ဦးမှိုင်း ကားပစ္စည်း သွားဝယ်တယ်လို့ ကွမ်းယာကုလားက ပြောတယ်။ ဒါပေမယ့် ကားအသစ်ကြီး ပစ္စည်းထည့်ရလောက်အောင် ပျက်မှာမဟုတ်ပါဘူး။ ဆီပျောက် မီးပျောက် ပျက်တာလောက် ဖြစ်မှာပါ။ ဦးမှိုင်း သွားတာ မကြာင်းနစ် သွားခေါ်တာ ဖြစ်မှာပါ"

"ဒါဆို တော်သေးတာပေါ့"ဟု နွေးနွေး ရင်ထဲက မှတ်ချက်ပြုမိပါ၏။

"ကျွန်တော် တွက်ကြည့်တယ်၊ မကြာင်းနစ် သွားခေါ်ခေါ်၊ ပစ္စည်းသွားဝယ်ဝယ်၊ အငှားကားနဲ့ ဦးလေးမှိုင်း သွားမယ်၊ မကြာင်းနစ်နဲ့ စကားပြောမယ်၊ ပြန်လာမယ်၊ ကားပြင်မယ်၊

www.burmeseclassic.com

www.burmeseclassic.com



အသွားအပြန်နဲ့ ကားပြင်တာ တစ်နာရီလောက်တော့ ကြာနိုင်တယ်လို့။ ဒီမှာ မနွေးတစ်ယောက်တည်း တစ်နာရီ ထပ်စောင့်နေရင် မကောင်းတတ်ဘူး။ အန္တရာယ်ရှိနိုင်တယ်လို့ ကျွန်တော် တွက်ပြီး မနွေး ဆီကို ပြန်မောင်းလာခဲ့တာ"

နွေးနွေး ဘာမှပြန်မပြောပေ။ မိမိ တစ်ယောက်တည်း အန္တရာယ် ဖြစ်မှာစိုးလို့ ပြန်မောင်းလာခဲ့သည် ဆိုသည့်အတွက်တော့ နွေးနွေး ရင်ထဲက ကျေးဇူးတင်မိသည်။

ဘာမှပြန်မပြောဘဲ ငြိမ်နေသော နွေးနွေးအား စည်သူအောင် ဆက်ပြောသည်။

"ပွဲလန့်တုန်း ဖျာခင်းတယ်ပဲ ပြောပြော ကျွန်တော် မနွေးကို သိပ်စကားပြောချင်တယ်၊ ကျောင်းတက်ချိန်ရဲ့ အားလပ်ချိန်မှာ မနွေးကို ကျွန်တော် လာပြောရင် လူအများ ဝန်းကျင်မှာ ရှိနေတာမို့ မနွေး သိက္ခာကျမယ်ဆိုပြီး ကျွန်တော် လာမပြောဘူး၊ ကျွန်တော်ရဲ့ မေတ္တာနဲ့ ပတ်သက်ပြီး စာတိုက်ကလည်း စာတစ်စောင် ထည့်ပြီးပါပြီ။ အန်တီမဥ္ဇူက တစ်ဆင့်လည်း ဖွင့်ဟပြီးပါပြီနော်"

"ရှင် ဘာတွေ လာပြောနေတာလဲ။ တော်ကြာ ဦးလေးလွင် ဖြန်းခနဲ ရောက်လာလို့ တွေ့သွားရင် ကျွန်မကို အထင်သေးခံရမယ်။ ကိုစည်သူအောင် ပြန်ပါတော့"

"မနွေးက ဘာဖြစ်လို့ ဦးအောင်လွင်ကို ဒီလောက်ကြောက်နေရတာလဲ၊ တကယ်ဆို မနွေးရဲ့ အဒေါ်နဲ့စပ်မှ ဦးလေးလို့ ခေါ်ရတာပဲဟာ"



"ရှင်"

"အံ့ဩသွားသလား မနွေး၊ အန်တီမဥ္ဇူဆီက နွေးနွေးရဲ့ အကြောင်းတွေ ကျွန်တော် မေးမိပါတယ်။ မနွေးက ဒေါ်သီဂီရဲ့တူမ။ ဦးအောင်လွင်က ဒေါ်သီဂီရဲ့ ခင်ပွန်းလောင်း။ သူတို့လင်မယား တရားဝင် ကွာရှင်းပြတ်ခဲ့ကြပြီးသား။ မနွေးနဲ့ ဦးအောင်လွင် ဘာဆိုင်လို့လဲ၊ ဘာလို့ သူ့ကို ကြောက်နေရမှာလဲ၊ နောက်တစ်ချက် အန်တီမဥ္ဇူ ပြောသေးတယ်၊ နွေးရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကို မနွေး ဘာသာ ဆုံးဖြတ်ခွင့် ရှိတယ်လို့ ဦးအောင်လွင်က ဖွင့်ပြောထားတယ် ဆိုတာလည်း တစ်ဆင့် ကျွန်တော် သိထားပြီးပါပြီ"

"ဟင့်အင်း ... ဘယ်သူတွေ ဘာပြောပြော ... ကျွန်မ ဦးလေးလွင်ကို မဆန့်ကျင်ရဲဘူး" ဦးလေးလွင်က ကျွန်မကို အထင်သေးသွားမှာလည်း သိပ်ကြောက်တယ်။ ကျွန်မဟာ ဦးလေးလွင်ရဲ့ အရိပ်ကိုခိုပြီး ပညာသင်နေရတာ။ ကျွန်မ ရည်မှန်းချက်ပန်းတိုင် ရောက်ရှိရေးမှာ ဦးလေးလွင်က ရေ့ကခုတ်မောင်းပေးနေတဲ့ ခေါင်းတွဲပါ။ ကိုစည်သူအောင် ကျွန်မရဲ့ ဘဝအမှန်ကို ဘာမှမသိပါဘူး"

"သိပ်ကို သိတာပေါ့။ မနွေးရဲ့ ဘဝမှန်လို့ ဆိုချင်တာက မန္တလေး အနောကြီးဆေးရုံမှာ တက်ရောက်ကုသနေတဲ့ အဖေရှိတယ် ဆိုတာကို ရည်ညွှန်းပြီး ဘဝမှန်လို့ ပြောတာပဲ မဟုတ်လား"

"ဩ ... ဒီအထိတောင် ကိုစည်သူအောင်က ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း သိနေပါလား၊ ဒါတွေ ရှင့်ကို ဘယ်သူပြောလဲ၊ အန်တီမဋ္ဌုလား"

"အန်တီမဋ္ဌု ကိုယ်တိုင်တောင် အဲဒါကို မသိဘူး။ ကျွန်တော့်ဘာသာ မနွေးကို စိတ်ဝင်စားလွန်းလို့ စုံစမ်းတာ၊ မန္တလေးဆေးတက္ကသိုလ်မှာလည်း ကျွန်တော့် ဆော်ဒါတွေ ရှိနေတာပဲ။ သူတို့ဆီကို ဖုန်းနဲ့ဆော စာရေးပြီးရော စုံစမ်းတာပါ။ သူတို့က မန္တလေးဆေးတက္ကသိုလ်မှာ သင်ခေါ်ခဲ့တဲ့ မနွေးကို သိနေကြတာပဲဟာ"

ဖေဖေ ဦးအောင်နွေး အကြောင်း သိသွားသဖြင့် နွေးနွေးသည် စည်သူအောင်အား ရက်မိပါ၏။

"မနွေးဟာ ဘုရင့်သမီးတော်ပဲဖြစ်ဖြစ် အနာကြီးရောဂါသည်ရဲ့ သမီးဖြစ်ဖြစ် ကျွန်တော် မနွေး အပေါ် ထားရှိတဲ့ မေတ္တာက တစ်သမတ်တည်းပါ၊ တစ်ပြောင်တည်းပါ မနွေး၊ အကွေ့အကောက် လုံးဝမရှိပါဘူး"

နွေးနွေးသည် ဖခင်အတွက် ရက်ပြီး ခေါင်းငုံ့ထားမိရာမှ အားမာန်တွေသွင်းကာ စည်သူအောင်ကို ရဲရဲပင် မျက်နှာချင်း ဆိုင်လိုက်သည်။

"ကျွန်မ ရှင်းရှင်းဘွင်းဘွင်းပဲ ပြောပါရစေ၊ ကျွန်မရဲ့အခု လက်ရှိ အခြေအနေမှာ နှလုံးသားမေတ္တာ ဘယ်သူ့အပေါ်မှ မသက်ရောက်ပါဘူး၊ လက်ထပ်ဖို့ ဆိုတာကတော့ အဝေးကြီးမှာ ဝေလာဝေးပဲ၊ ရင်ထဲမှာ ဗလာသက်သက်ပဲ။ တကယ်လို့ ကိုစည်သူအောင်ဟာ အလှူခံပုဂ္ဂိုလ် ဖြစ်နေတယ်ဆိုရင် ကန်တော့ပါသေးရဲ့လို့ပဲ ကျွန်မ ပြောပါစေ"



"ဒီအခု အလှူခံပုဂ္ဂိုလ်ကတော့ ကန်တော့ပါသေးရဲ့လို့ အပြောခံရပေမယ့် ချက်ချင်း ပြန်ကြွမသွားပါဘူး မနွေး။ တရားလေးတော့ နည်းနည်းဟောပါရစေ"

ဓမ္မတော်ကြီးပါလားဟု နွေးနွေး ရင်ထဲက ငြီးတွားမိသည်။

"ခုန မနွေး ပြောလိုက်တဲ့ အထဲမှာ ကျွန်မရဲ့ ဘဝအခြေအနေဆိုတဲ့စကား ပါပါတယ်။ ကျွန်တော်က လက်ရှိအခြေအနေမှာ မေတ္တာတုံ့ပြန်ပါ၊ လက်ထပ်ပါလို့မှ မပြောတာပဲ။ နှစ်ယောက်စလုံး ပညာဆုံးခန်းတိုင်မှ ဆရာဝန်တွေအသီးသီး ဖြစ်ကြပြီးမှ ရှေ့ခရီးဆက်ဖို့ ပြောတာပါ။ ဒါပေမယ့် တစ်ခုတော့ ရှိတာပေါ့လေ၊ ကျွန်တော့်ကို မနွေးက ထုံးတို့ပြီး မှတ်သားထားရုံလောက်ပါ"

"အို ... အဲဒါတွေ ကျွန်မ ဘာဆို ဘာမှကို မစဉ်းစားဘူး၊ ကိုစည်သူအောင် ပြန်ပါတော့"

နွေးနွေး၏ မျက်လုံးအစုံသည် လမ်းဘက်သို့သာ စိုးရိမ်စိတ်ဖြင့် လှမ်းကြည့်နေမိသည်။

အခုနေ ဦးလေးလွင် ရောက်ပြီး မိမိကို စည်သူအောင်နှင့်အတူ တွေ့သွားလျှင် ဒုက္ခပါပဲဟုသာ ရင်ထဲတွင် အရမ်းစိုးရိမ်နေမိပါ၏။

"ကျွန်တော် နောက်ဆုံးတစ်ခွန်းပဲ မေးပါရစေ မနွေး၊ မနွေးဟာ လွယ်လွယ်နဲ့ ငြီးစလွယ် မပြောတက်မှန်း၊ မလုပ်တတ်မှန်း ကျွန်တော် သိထားပြီးသားပါ၊ မနွေးဟာ တစ်သက်လုံး အိမ်ထောင်မပြုဘဲ အပျိုကြီး လုပ်သွားမှာ

www.burmeseclassic.com

www.burmeseclassic.com



လား၊ အဲဒီလို ဆုံးဖြတ်ထားတယ်ဆိုရင်တော့ မနွေးကို ကျွန်တော် နောက်ထပ် မေတ္တာစကားတစ်ခွန်းမှ မပြောတော့ပါဘူး”

နွေးနွေး မဖြေနိုင်ပါလေ။ အဖြေရခက်သော မေးခွန်းဖြစ်ပါ၏။ လွယ်လွယ်နှင့် အဖြေမထွက်ရဲပေ။ မိမိကိုယ်တိုင် ရာသက်ပန် အပျိုကြီး လုပ်သွားမည်ဟုလည်း တစ်ခါမှ မစဉ်းစားခဲ့ဖူးခဲ့။

“ဒါပဲပေါ့ မနွေး။ မနွေးဟာ အပျိုကြီး မလုပ်ပါဘူး၊ အချိန်အခါနဲ့ အခြေအနေတွေ မနွေးမှာ ပြည့်စုံလာတဲ့ တစ်နေ့မှာ မနွေး တစ်ယောက်ယောက်ကိုတော့ လက်ထပ်မှာပါ၊ အခု မနွေး ကျွန်တော့်ကို ငြင်းနေတာဟာ အခြားအကြောင်းတစ်ခုခု ရှိမှာပါ၊ အခြားအကြောင်းတစ်ခုခု ဆိုတာကလည်း ... ...”

သူ့စကား မဆုံးပါလေ ...။ နွေး ကလျာကယားလေး အဝင်လမ်းသို့ လှည်းကြည့်ပြီး ပြောလိုက်သည်”

“ဟော ... ဟိုမှာ အိမ်ကကား လာနေပြီ။ ကိုစည်သူအောင်ကို သူတို့မမြင်ခင် ပြန်ပါတော့”

“သွားပါ့မယ် မနွေး၊ ကျွန်တော် ထပ်ပြောမယ်၊ မနွေး အပေါ် ကျွန်တော် ထားရှိတဲ့ မေတ္တာဟာ အမြဲတမ်း တစ်ဖြောင့်တည်း ရှိနေပါတယ်။ အဲဒါကိုတော့ မနွေး ဦးနှောက်ကရော နှလုံးသားကရော အသိအမှတ် ပြုစေချင်ပါတယ်။ ကဲ ... ကျွန်တော် သွားမယ်”

စည်သူအောင်သည် ပျာပျာသလဲ မဖြစ်။ သာမန်





အတိုင်းပင် သူ့ကားဆီသို့သွားကာ တက်ရောက် စက်နှိုးမောင်းထွက်သွားတော့သည်။

အိမ်ကကားထဲတွင် ဦးလေးလွင် ပါလာပါ၏။ ရှေ့ပိုင်းကုရှင်တွင် ဦးလေးမှိုင်းနှင့် အတူထိုင်နေသည်။ ခါတိုင်းကားဖြင့် အပြင်ထွက်ပြီဆိုလျှင် ဦးလေးလွင်သည် နောက်ကုရှင်တွင် ကျယ်ကျယ်ပြောပြော တစ်ယောက်တည်း ထိုင်သည်။ ခြေထောက်ချိတ်ထားလျှင် တုတ်ကောက်ကို ပေါင်ပေါ်တွင် ကန့်လန့်ဖြတ် တင်ထားလေ့ရှိသည်။

ယခု ဦးလေးလွင် ရှေ့ကုရှင်တွင် ထိုင်သည်။ တုတ်ကောက်ကို ထိုင်လက်သား ထောင်ပြီး ကိုင်ထားပေသည်။

နွေးနွေး နောက်ကုရှင်တွင် တံခါးဖွင့်တက်ပြီး တံခါးပိတ်သည်နှင့် ကားမောင်းထွက်လာခဲ့သည်။ ဦးလေးလွင် ထံမှလည်း အသံ ထွက်လာသည်။

“သူက ဘယ်သူလဲ”

မျက်စိရှင်သော ဦးလေးလွင်အား နွေးနွေး လိမ်ညာပြောလျှင် ပို၍ အထင်မှားခံရမည် စိုးသဖြင့် နွေးနွေး အမှန်အတိုင်း ပြောသည်။

“စည် ... စည် ... သူ ... အောင်တဲ့”

“ဩ ... ဩ ... ဟိုတစ်ခါက မမညို အိမ်မှာ လာပြောတဲ့ မောင်ရင်လေးပဲကိုး”

“ဟုတ် ... ဟုတ် ... ဟုတ်ပါတယ် ဦးလေးလွင်၊ နွေးနွေးနဲ့ သူနဲ့ ဘာဆို ဘာမှကို မဟုတ်ရိုး အမှန်ပါ၊ အရင်က လည်း စကားတစ်ခါမှ မပြောဖူးပါဘူး၊ ဒီနေ့မှ အိမ်က

www.burmeseclassic.com

www.burmeseclassic.com



ကားပျက်နေလို့ နွေးနွေး စောင့်နေတဲ့ သူက နွေးနွေးဆီ လာစကားပြောတာပါ ဦးလေးလွင်"

"အိမ်က ကားပျက်မှန်း မင်းက ဘာလို့သိနေလဲ"

"သူ ... သူပဲ ပြောတာပါ၊ သူက မရမ်းကုန်း သီလရှင် ကျောင်းရှေ့မှာ ဒီကားပျက်နေတာကို တွေ့ခဲ့တယ်တဲ့"

"ဒါ့ဆို သူက ဒါကို အခွင့်အရေးယူပြီး မင်းဆီ ပြန်လာတယ်၊ ရည်းစားစကား ပြောတယ်ပေါ့ ... ဟုတ်လား။ ငါ မောင်မှိုင်း ပြန်အလာကို စောင့်နေတုန်း ငါ့ကားနဲ့ မနီး မဝေးမှာ သူ့ကား ပါကွရီအဝါ လာရပ်တာ တွေ့မိတယ်၊ ပြီး သူက လမ်းဘေးကွမ်းယာဆိုင် ဝင်သွားတာလည်း ငါ သတိထားမိတယ်၊ နောက်ပြီး ကားကို ပြန်ကွေ့မောင်း သွားတယ်၊ အဲဒါ မင်းဆီ ပြန်လာတာကိုး"

နွေးနွေး ရင်ဘတ်ဒိတ်ဒိတ်ခုန်ပြီး ငြိမ်နေလိုက်သည်။

"ဦးလေးလွင် မေးတာကို နွေးနွေး မဖြေသေးဘူး။ အဲဒီ မောင်စည်သူအောင်ဟာ ကားပြန်မောင်းလာပြီး နွေးနွေးကို ရည်းစားစကား ပြောတာ မဟုတ်လား"

"ဟုတ် ... ဟုတ်ပါတယ် ဦးလေးလွင်"

ဦးလေးလွင်သည် ထောင်၍ကိုင်ထားသော တုတ်ကောက်ကို လက်နှစ်ဖက် ဆုပ်ကိုင်အားပြုရင်း နောက်ဘက် နွေးနွေး ထိုင်ရာ ကုရှင်ဘက်သို့ ကိုယ်တစောင်း လှည့်လိုက်သည်။

သူ၏ပါဝါမျက်မှန်ထဲမှ နွေးနွေးကို စိုက်ကြည့်သည့်မျက်လုံး မှာ စူးစူးဝါးဝါး ရှိနေပါ၏။

နွေးနွေး ပြိုင်မကြည့်ရဲဘဲ ခေါင်းငုံ့သွားသည်။



"ဦးလေးလွင် နွေးနွေးကို တစ်ခါပြောခဲ့ဖူးပြီ။ နွေးနွေးရဲ့ ကိုယ်ပိုင် ကိုယ်ရေးကိုယ်တာပိုင်းကိစ္စမှာ နွေးနွေး ဘာသာ ဆုံးဖြတ်နိုင်ခွင့်ရှိတယ်၊ လုပ်ပိုင်ခွင့်ရှိတယ်။ ဒါပေမယ့် အခုလက်ရှိ အခြေအနေမှာ ကိုအောင်နွေးက ဦးလေးလွင်ကို အပ်ထားခဲ့တော့ ဦးလေးလွင်ဟာ နွေးနွေးရဲ့ အုပ်ထိန်းသူ နေရာကို အလိုလို ရောက်နေတယ်"

ဦးလေးလွင် စကားကို တစ်ထောက်နားကာ အသက် ပြင်းစွာ ရှူလိုက်သေးသည်။

"အဲဒီတော့ ဦးလေးလွင်က အုပ်ထိန်းသူအနေနဲ့ ပြောမယ်၊ နွေးနွေးရဲ့ ကိုယ်ပိုင်ကိစ္စမှာ နွေးနွေးပဲ ကိုယ်ပိုင်ဆုံးဖြတ်ပါ၊ ဒါပေမယ့် ဆုံးဖြတ်ချက် မမှားစေနဲ့လို့ပဲ ပြောချင်တယ်၊ ဦးလေးလွင် ငယ်စဉ် နုစဉ် ဘဝက အချစ်ရေးနဲ့ အိမ်ထောင်ရေး ဆုံးဖြတ်ချက်မှားခဲ့လို့ တစ်သက်လုံး ရင်နာ နေရတာကို နွေးနွေး သင်ခန်းစာယူပါ"

အန်တီသီဂီကို ချစ်၍ လက်ထပ်ယူမိခြင်း အမှားကြောင့် ယခု ရင်နာနေရသည်ကို ရည်ညွှန်းပြီး ဦးလေးလွင် ပြောခြင်း ဖြစ်ပေမည်။

ဘာပဲပြောပြော ...

ယခု ဦးလေးလွင် ပြောသည်တို့မှာ နွေးနွေး နားထဲတွင် နားဝင်ချိုရုံမက ပီတိဖြစ် ကြည်နူးမှု ခံစားရပါသေး၏။

အကြောင်းမှု...

ယခင်ကဆိုလျှင် ဦးလေးလွင်သည် နွေးနွေးအား "မင်း" "ငါ" ဟု နာမ်စားသုံး ပြောသည်ချည်း ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ယခု "ငါ" နာမ်စားနေရာတွင် ဦးလေးလွှင်ဟု သုံးပြီး "မင်း" နာမ်စား နေရာတွင် နွေးနွေးဟု ပြောလာသေသည်။

ဒါကိုပင် နွေးနွေး ရင်ထဲက သိပ်ကျေနပ်သွားပါ၏။ ကြည်နူးသွားရပါ၏။

"နွေးနွေး ... ဘာဆို ဘာကိုမှ မစဉ်းစားသေးပါဘူး ဦးလေးလွှင်။ ဆုံးဖြတ်တယ် ဆိုတာ စဉ်းစားပြီးတဲ့နောက်မှ ဖြစ်လာမယ့်ကိစ္စပါ။ ဒီတော့ ဆုံးဖြတ်ဖို့ ဆိုတာ အဝေးကြီးပါ။ ကိုစည်သူအောင်ရဲ့ အနေနဲ့ကတော့ ..."

"ဒါပေါ့ ... ဒါပေါ့ ... ယောကျ်ားလေး ဆိုတာကတော့ မေတ္တာကိစ္စ ပြောလာတဲ့အခါ သူ့မေတ္တာဟာ မြင့်မိုရ်တောင်တို့ ရုပ်ကြယ်တို့နဲ့ အပြိုင်ပေါ့လေ။ ဒါက မေတ္တာစေးကမ်းလှမ်းတဲ့ ယောကျ်ားသားတိုင်းရဲ့ နိယာမပဲ။ နွေးနွေး အနေနဲ့သာ ချင့်ချင့်ချိန်ချိန် ရှိဖို့ အဓိကပါ"

နွေးနွေး စဉ်းစားရပြန်၏။ ဦးလေးလွှင်၏ စကားတွေထဲတွင် လက်ယပ်လည်းခေါ်သည်။ နှင်ထုတ်ခြင်းတွေလည်း ပါသည်ဟူ၍ပင်။

စည်သူအောင်အား ဦးလေးလွှင်က လက်ခံသလိုလိုနှင့် ပုတ်ထုတ်နေပုံ သံကျ်ရောက်ပါ၏။

ဒါကိုပင် နွေးနွေး ရင်ထဲတွင် တစ်မျိုးလေးသော ကျေနပ်မှုလေး ခံစားရပြန်သည်။

"ကဲ ... စည်သူအောင် ကိစ္စက ခဏအေးချိတ်ထားလိုက်ဦး။ စဉ်းစားမယ်ဆိုတော့ နှစ်ရှည်စိမ်ကိန်းကြီးနဲ့ စဉ်းစားရမယ့်



ကိစ္စပဲ။ အခုလတ်တလော ချက်ချင်းအရေးကြီးလာတဲ့ ကိစ္စကတော့ လှိုင်ဘွား ကိစ္စပဲ နွေးနွေး"

"ရှင် ... လှိုင်ဘွား ကိစ္စ ဟုတ်လား"

"ဟုတ်တယ် ... နွေးနွေးနဲ့ ကိုအောင်နွေး လာတုန်းက ဦးလေးလွှင်ကို ကိုအောင်နွေး ပြောသွားဖူးတယ်။ မန္တလေးမှာ နွေးနွေးကို အကြီးအကျယ် အနှောင့်အယှက် ပေးတဲ့သူဟာ လှိုင်ဘွား ဆိုတဲ့ သူငယ်ပဲလို့ ကိုအောင်နွေး ပြောတာကို ဦးလေးလွှင် မှတ်မိတယ်။ ဒီနေ့ အိမ်ကို လှိုင်ဘွားက ဖုန်းဆက်တယ်။ သူပြောတဲ့ လေသံကတော့ နွေးနွေး ဘယ်ကို ပြေးပြေး သူက နွေးနွေး နောက်ကို ထက်ကြပ်မကွာ လိုက်နေမှာပဲတဲ့၊ သူဘယ်တော့မှ နောက်မဆုတ်ဘူးတဲ့၊ အလျှော့မပေးဘူးတဲ့။ နွေးနွေးနားမှာ သူ ထက်ကြပ်မကွာ ရှိနေတယ်ဆိုတာ နွေးနွေး အမြဲမှတ်ထားပါတဲ့"

ရင်ထဲတွင် ကျိတ်ပြီး ဝမ်းသာသမျှ၊ ကြည်နူးသမျှ၊ ပီတိဖြစ်သမျှလေးတွေပင် နွေးနွေးတွင် ထိုစကားကြောင့် ပျောက်သွားရသည်အထိ ဖြစ်ပါ၏။

နွေးနွေး အထိတ်တလန့် မျက်စိမျက်နှာ ပျက်ပေတော့သည်။

"ဒါကြောင့် ဒီနေ့ နွေးနွေးကို ကျောင်းကြိုရာမှာ စိုးရိမ်စိတ်မချလို့ ဦးလေးလွှင် ကိုယ်တိုင် လိုက်လာတာ။ ကျောင်းအပြန် လှိုင်ဘွား စွတ်အကြမ်းဝင် နှောင့်ယှက်မှာစိုးလို့။ အေး ... ဒီနေ့မှုပဲ ကားက လမ်းမှာပျက်ရတယ်"

စိုးရွံ့ကြောက်လန့်သည့် ကြားကပင် နွေးနွေးသည်

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ အရည်လဲ့ မျက်ဝန်းစုံဖြင့် ဦးလေးလွင်အား ငေးကြည့်နေမိသည်။

တကယ်တမ်းကျတော့ ဦးလေးလွင်သည် မိမိအတွက် ခြေတစ်ဖက်မရှိပါဘဲလျက် လှိုင်ဘွားလို တူးနေအောင်မိုက်သည့် လူမိုက်ကို ရင်ဆိုင်ရန် လိုက်လာသည်ကို တွေးပြီး ငေးကြည့်နေမိခြင်း ဖြစ်လေတော့သည်။

"ဦးလေးလွင်"

"ပြော ... နွေးနွေး"

"နွေးနွေးကို စိုးရိမ်တာတွေ ကာကွယ်ပေးချင်တာတွေ အတွက် နွေးနွေး တအားကြီး ဝမ်းသာပါတယ် ဦးလေးလွင်။ ဒါပေမယ့် လှိုင်ဘွားလို လူကို ဦးလေးလွင် ရင်မဆိုင်ပါနဲ့၊ သူက မန္တလေးမှာ လူဆိုးလူမိုက်တွေ အသင်းအဖွဲ့နဲ့ နေတဲ့လူပါ။ တကယ့် လူဆိုးလူမိုက်ပါ။ ရန်ကုန်မှာလည်း သူတို့ လူဆိုးလူမိုက်ချင်း အဆက်အသွယ်တွေနဲ့ ရန်ကုန်ကလူဆိုးလူမိုက်တွေ သူ့အပေါင်းအသင်း အဖြစ်ရှိမှာပါ။ လှိုင်ဘွားလို လူကို ဦးလေးလွင် လုံးဝရင်မဆိုင်သင့်ပါဘူး။ ဦးလေးလွင်နဲ့ လှိုင်ဘွားလိုလူဟာ တန်ဖိုးချင်း အရမ်းကွာခြားပါတယ် ဦးလေးလွင်"

ဦးလေးလွင်က တဟဲဟဲ ရယ်လိုက်ပါ၏။

"ဒီကိစ္စကို ဦးလေးလွင်မှ မဝင်ရင် ရန်ကုန်မှာ နွေးနွေးဘက်က ဘယ်သူ မားမားဝင်ကူညီမှာလဲ။ ဘာလဲ ... နွေးနွေး စိတ်ထဲမှာ ဦးလေးလွင်ဟာ အသက်လည်းကြီးပြီ၊ ခြေတစ်ဖက်လည်း မရှိဘူးဆိုပြီး အထင်သေးသလား"



ဒါကျတော့လည်း ဟုတ်နေပြန်သည်။ နွေးနွေးအတွက် ဦးလေးလွင်ကလွဲပြီး ရန်ကုန်တွင် တခြားဘယ်သူက မားမားမတ်မတ် ရပ်တည်ပေးမည်နည်း။

"မှန်ပါတယ် ဦးလေးလွင်။ နွေးနွေးမှာ ဦးလေးလွင်ကလွဲပြီး တခြား ဘယ်သူမှ အားကိုးအားထား မရှိတာ၊ ဒါပေမယ့် ဦးလေးလွင်ရဲ့ အသက်တစ်ချောင်းနဲ့ လှိုင်ဘွားလိုလူ အသက်ရာနဲ့ထောင်နဲ့ချိပြီး မလဲသင့်ဘူး ဦးလေးလွင်"

"ဘာပဲဖြစ်ဖြစ် ဦးလေးလွင်မှာ နွေးနွေးကို ကာကွယ်ပေးဖို့ တာဝန်ရှိတယ်"

"ကျွန်တော် ပြောပါရစေ ဆရာလွင်"

စကားတစ်ခွန်းမှ ဝင်မပြောသော ဦးလေးမှိုင်းက ဝင်ပြောသည်။ ဦးလေးမှိုင်းသည် ပင်ကိုယ်အားဖြင့်လည်း စကားနည်းသည်။

"ဒီနေရာမှာ ကျွန်တော့်ကို ဘေးချိတ်မထားပါနဲ့ ဆရာလွင်၊ ကျွန်တော်ဟာ တပ်ထဲမှာတုန်းက သားမန်ရဲဘော်ကနေပြီး တပ်ကြပ်အဆင့်အထိ ရလာအောင် တိုက်ပွဲတွေ ဝင်ခဲ့မှန်း ဆရာလွင် အသိပါ။ ဟိုတုန်းကတော့ တိုင်းပြည်အတွက်ပေါ့၊ အခုတော့ ဆရာလွင့်အတွက် ကျွန်တော် စွမ်းဆောင်နိုင်သလောက် ဆောင်ရွက်ပေးပါရစေ၊ နွေးနွေးမှာ အန္တရာယ်ရှိလာရင် ဆရာလွင် အိမ်မှာပဲ ဒူးနှန့်နေပါ၊ ကျွန်တော် အသက်နဲ့လဲပြီ ကာကွယ်ပေးပါ့မယ်။ အခု နွေးနွေးပြောပုံအရဆိုရင် လှိုင်ဘွားလို ကောင်စားမျိုးကို ဆရာလွင်

www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်ရင် ဆရာလွှင်ရဲ့ သိက္ခာကျပါတယ်၊ ကျွန်တော့်ကိုသာ တာဝန်ပေးပါ”

“အင်းပေါ့ ကိုမှိုင်း၊ ကျုပ်မှာက သဘာဝပေး အပြည့်အစုံ မရှိတော့ဘူး၊ နွားမှာ ဦးချို ရှိတယ်၊ ကျားမှာ အစွယ်နဲ့ လက်သည်းချွန်တွေရှိတယ်၊ မြွေမှာ အစွယ်နဲ့အဆိပ်ရှိတယ်၊ ဒါတွေဟာ ရန်သူကို ခုခံတိုက်ခိုက်ဖို့ သဘာဝကပေးထားတာ။ လူမှာလည်း ခြေနှစ်ဖက် လက်နှစ်ဖက် ရှိတယ်။ ကျုပ်မှာက ခြေတစ်ဖက် မရှိတော့လို့ ကိုယ်အင်္ဂါ မပြည့်စုံတဲ့အခါမှာ ကိုမှိုင်းက ကျုပ်ကိုယ်စား တာဝန်ယူပေးမယ် ဆိုတာ ကျုပ်လက်ခံပါတယ်

အိမ်သို့ ပြန်ရောက်လာခဲ့ကြသည်။

နွေးနွေးသည် ပြန်ရောက်သည်နှင့် သူမအခန်း သူမအိပ်ရာပေါ်တွင် ပစ်လှဲလိုက်သည်။

သဲသဲသည် မမနွေး အနီးသို့ ရောက်လာသေးသည်။ သို့သော် သဲသဲ အကင်းပါးသည်။

သူမ၏ မမနွေး နဖူးပေါ် လက်တင်ပြီး မျက်စိမှိတ်ထားသည်ကို တွေ့သည်နှင့် မမနွေး တစ်ခုခု အလေးအနက် စဉ်းစားနေမှန်း ရိပ်မိကာ ပလုံးပလဲ မလုပ်တော့ဘဲ အောက်ထပ်သို့ ဆင်းသွားသည်။

နွေးနွေး ဦးနှောက်တွင် အတွေးတွေ ပလုံစီ နေပါ၏။

ပထမဆုံး၊ ထိပ်ဆုံးမှ ဝင်လာသော အတွေးသည် ဦးလေးလွှင်ပင် ဖြစ်ပါ၏။



အရင်က ဦးလေးလွှင်သည် စတင်တွေ့ဆုံသည်မှစပြီး ကြောက်စရာကြီးဟု ကြောက်ခဲ့သည်။

တကယ်တမ်းကျတော့ ဦးလေးလွှင်သည် ပင်ကိုယ်စိတ်ရင်း သိပ်ကောင်းသူ ဖြစ်ပါ၏။ ဦးလေးလွှင်တွင် ခြေတစ်ဖက် မရှိခြင်းအတွက် သူ့ကိုယ်သူ ဖွတ်အားမာန်တင်းထားသည့် သဘောတွေ တွေ့ရှိရသည်။

ဒါကိုပင် နွေးနွေး၏ ရင်ထဲတွင် ဦးလေးလွှင် အပေါ် ကရုဏာသက်စရာ ဖြစ်လာသည်။

တင်းတင်းမာမာနှင့် တိုရှင်းလိုရှင်း ပြတ်ပြတ်တော့ ပြောတတ်သည်။ ဒါကလည်း တပ်ထဲတွင် အနေကြာခဲ့ပြီး တပ်ထုံးစံအတိုင်း အကျင့်ပါနေသည်ပဲ ဖြစ်ပေမည်။

ဒါမှမဟုတ် ...

အန္တီသီဂီအား သိပ်ချစ်ခဲ့ပြီးနောက် သိပ်စိတ်နာကြည်းသောကြောင့် နာကြည်းစိတ် အရင်းခံနေကာ မျက်နှာထားတင်းမာလာခြင်း၊ အပြောအဆို မာကျောလာခြင်း ဖြစ်ချင်လည်း ဖြစ်ပေမည်။

ဦးလေးလွှင်က သမီးလေး သဲသဲ အပေါ် သိပ်ချစ်ပြီး သမီးလေး သဲသဲနှင့် ဆက်ဆံသည်ကို ကြည့်လျှင် ဦးလေးလွှင်တွင် သိပ်ချစ်တတ်သော အသည်းနှလုံးရှိနေကြောင်း ထင်ရှားပါ၏။

ယခုဆို ဦးလေးလွှင်သည် မိမိကို ဆက်ဆံရာတွင် သဲသဲကို ဆက်ဆံသလောက်နီးပါး ပျော့ပျောင်း သိမ်မွေ့လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီး လှိုင်ဘွား၏ အန္တရာယ်ကို ဦးလေးလွင်က သူကိုယ်တိုင် ကာကွယ်ပေးမည်ဟုပင် ပြောလာသည်။

နွေးနွေး သက်ပြင်းလေး ချမိသည်။

ဦးလေးလွင်ကို နွေးနွေး သိပ်သနားသည်။

ဦးလေးလွင်သည် စည်သူအောင်နှင့် မိမိအခြေအနေမှန်ကို အကဲခတ်နေပုံရသည်။ ဦးလေးလွင် နှုတ်မှ မိမိကိုယ်ရေးကိုယ်တာတို့ ကိုယ်ပိုင်ဆုံးဖြတ်ပါဟု ပြောစေကာမူ စည်သူအောင်ကိစ္စတွင် ကန့်ကွက်စကားရိပ် စကားစွန်းလေးတွေ ပါလာသည်။

ဦးလေးလွင်နှင့် နွယ်ပြီး စည်သူအောင် အကြောင်း နွေးနွေး ခေါင်းထဲ ဝင်လာသည်။

ခြုံငုံ၍ ကြည့်လျှင် စည်သူအောင်သည် မိမိအား တကယ့်မေတ္တာမှန် ထားရှိနေသည်ဟု ယူဆနိုင်စရာလေးတွေ တွေ့ရှိရပါ၏။

ဖေဖေ မန္တလေးတွင် အနာကြီးရောဂါဖြင့် ဆေးရုံတက် ကုသနေသည်အစ မိမိအကြောင်းကို စည်သူအောင် စုံစမ်းထားသည်။ ဖအေ အနာကြီးရောဂါ ဖြစ်နေမှန်း သိပါလျက် မိမိအပေါ် သူထားရှိသော မေတ္တာကို ဘယ်လိုမှ မထိခိုက်ပါဟု ပြောသည်။ တကယ် အမှန်ဆိုလျှင်တော့ စည်သူအောင်၏ မေတ္တာကို လေးစားတိုက်ပါ၏။

ပြီး မိမိဆီ စာတိုက်မှ စာတစ်စောင် ပို့သည်။ အန်တီမဥ္ဇူမှတစ်ဆင့် ကမ်းလှမ်းချက်ပြုသည်။ မိမိက လက်ခံပါဟု ဆိုသဖြင့် နောက်ထပ် စာပေးခြင်း၊ စကားလိုက်ပြောခြင်းများ



မပြုတော့ဘဲ သူ့ဘာသာ မျိုသိပ်ပြီး ချစ်နေကြောင်းများ အရိပ်လက္ခဏာ တွေ့ရသည်။

ဒီကနေ့ကျမှ အိမ်ကကားပျက်ပြီး မိမိတစ်ယောက်တည်း ကျောင်းမှာ ရှိနေသည်ကို စိတ်မချ စိုးရိမ်ပြီး စောင့်ရှောက်ဖို့ ပြန်လာရင်း ပတ်စန်းကျင်တွင် မိမိသိက္ခာကျစရာ မရှိသဖြင့် သူ၏ ရင်တွင်းမေတ္တာကို အခွင့်အရေးရခိုက် ထပ်မံဖွင့်ဟခြင်းမျိုးသာ ဖြစ်သည်။

သူ့ဖွင့်ဟပြောပြချက်များတွင် သူ့ကို ယုံကြည်စရာကလေးတွေ ပါရှိနေပါ၏။ မိမိ ရာသက်ပန် အပျိုကြီးလုပ်မည်ဆိုပါက လုပ်ပါ။ ဒါမှမဟုတ် အိမ်ထောင်ပြုမည် ဆိုပါက သူ့ကိုလက်ထပ်ဖို့ ပထမဆုံး စဉ်းစားပြီး ထုံးတို့မှတ်ထားပါဟု ပြောခဲ့သည်။

သူပြောခြင်းသည် အလေးအနက် တွေးကြည့်လျှင် ယထာဘူတကျနေသည်ဟု နွေးနွေး ယူဆမိသည်။

ပြီး စည်သူအောင်သည် အပြောအဆို၊ အနေအထိုင် ဝတ်စားပုံမှစပြီး လူငယ်ဖြစ်သော်လည်း ဣန္ဒြေရသည်။ အထက်တန်းကျသည်။ သူ၏ ဘာသာကြည်မှုသည် အလိုလို ပေါ်လွင်နေသည်။ သိက္ခာစောင့်စည်းတတ်သည့်များလည်း တွေ့မြင်ရပါ၏။

လှိုင်ဘွားနှင့်တော့ တခြားစီ၊ ကွာပါ၏။ ရာနှုန်းပြည့်ကို ကွာခြားသည်။

လှိုင်ဘွား အကြောင်း ခေါင်းထဲ ရောက်လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



လှိုင်ဘွား ရန်ကုန် လိုက်လာလေပြီ။

လှိုင်ဘွား မိမိကို မန္တလေးတုန်းက ဖွင့်ပြောခဲ့သည်များကို ပြန်တွေးမိသည်။

"ကိုယ်ကတော့ ရှင်းရှင်းပဲ နွေးနွေး။ ကိုယ့်အနေနဲ့ မိန်းမဆိုတာ အဆန်းမဟုတ်တော့ဘူး။ ဒါပေမယ့် အချစ်ဆိုတာကတော့ ကိုယ့်အတွက် သိပ်အဆန်းပဲ၊ ကိုယ် မိန်းမကျမ်းဘယ်လောက်ကျေကျေ၊ နွေးနွေးကျတော့ ကိုယ့်ရင်ထဲအသည်းထဲ နှလုံးထဲက ချစ်တာ။ နွေးနွေး အနေနဲ့ ကိုယ်ကလွဲပြီး ဘယ်သူ့ကိုမှ လက်မထပ်ရဘူး။ ကိုယ်လုံးဝလက်မခံဘူး၊ ခွင့်မပြုဘူး"

"နွေးနွေး ပညာသင်ချင်သလောက် သင်ပါ။ နွေးနွေး ပညာသင်သလောက် ကိုယ်စောင့်မယ်။ အေး ... ဒါပေမယ့် ဒီပြင်တစ်ယောက်နဲ့ မရှင်းမလင်း ကြားပြီဆိုရင်တော့ ကိုယ်က ဦးအောင် နွေးနွေးကို ဖွင့်အရယူမှာပဲ နွေးနွေးကို ကိုယ် ဘယ်လိုမှ လက်လွှတ်မခံနိုင်ဘူး၊ နွေးနွေးကို ပိုင်ဆိုင်သူဟာ ကိုယ်တစ်ယောက်သာ ဖြစ်ရမယ်"

လှိုင်ဘွားသည် ယင်းကဲ့သို့ ကြုံးဝါးထားသည်။ သူပြောသလို တကယ်လုပ်မည့် လူစားမျိုးလည်း ဖြစ်သည်။

ယခု စည်သူအောင်က မိမိအကြောင်း မန္တလေးရှိ သူ့ဘော်ဒါတွင် စုံစမ်းသည်ဟု ပြောသည်။

မန္တလေးတွင် လှိုင်ဘွားသည် အပ်ကျသည်ကအစ သိသူဖြစ်သည်။ စည်သူအောင် မန္တလေးတွင် မိမိအကြောင်း



စုံစမ်းသည်ကို လှိုင်ဘွား သိသွားခြင်းကြောင့် ယခု ရန်ကုန်သို့ လိုက်လာခြင်းပေလား။

သိပ်ကို ကြောက်စရာကောင်းသော လှိုင်ဘွား ပါပေ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ၉

BURMESE CLASSIC .com

ယနေ့ စနေနေ့။

နွေးနွေးရော သဲသဲရော ကျောင်းပိတ်သည်။

သို့တစေ ခါတိုင်း ကျောင်းပိတ်ရက်ဆိုလျှင် အိမ်ရှေ့ အိမ်အောက် အိမ်ပေါ် ပန်းခြံထဲမှစပြီး လိပ်ပြာလေးတစ်ကောင်လို ဟိုကူး ဒီခတ် သွားလာလှုပ်ရှားတတ်သော သဲသဲလေးသည် အိပ်ရာထက်တွင် ပက်လက်လေးလှဲပြီး ငြိမ်လွန်းနေသည်ကို အရိပ်တကြည့်ကြည့် နွေးနွေးက သတိထားမိသည်။

သဲသဲ နေမျာမကောင်း ဖြစ်နေသလားဟု နဖူးကို စမ်းသည်။ လက်ကောက်ဝတ် သွေးကြောကို စမ်းသည်။ သွေးခုန်နှုန်းမှန်ပြီး ကိုယ်မပူ အေးစက်နေသည်။

"သဲသဲ နေကောင်းပါတယ် မမနွေးရာ ... မကောင်းတာက သဲသဲရဲ့ စိတ်ပါ"



"အဲ ... သဲသဲက ဘာလို့ စိတ်မကောင်းတာလဲ"

နွေးနွေး ရောက်စက ကလန်ကလျား ရှည်မျောမျော သဲသဲသည် ယခု နွေးနွေး ရောက်ပြီး ငါးလ ခြောက်လ အတွင်း မှာပင် ငုံရာမှ ပွင့်စပြုလေပြီ။ ရင်ကလေးစို့စို့ တင်ကလေးမို့မို့ ဖြစ်လာလေပြီ။ သဲသဲ၏ ရှည်သောအရပ်နှင့် လိုက်ဖက်စေလောက်သော ကိုယ်ခန္ဓာ၊ အတင်းအရင်း၊ အစို့အပို့၊ အမို့အမောက်နှင့် ရှပ်ရှပ် ဟက်ဟက် အကွေ့အကောက်လေးတွေနှင့် ဖြစ်လာပေပြီ။

တော်တော်လေး ကြည့်ကောင်းလာပါ၏။

ယနေ့ခေတ် (၁၅)နှစ် တင်းတင်းပြည့်သည် မငယ်တော့ပြီ။

ဟိုစိတ် ဒီစိတ်လေးတွေ ကစားစပြုပြီ။ ဆယ်ကျော်သက်မလေးမို့ စိတ်နောက်ကိုယ်ပါ မှားသွားမည်ကို နွေးနွေး စိုးရိမ်ပါ၏။

ဦးလေးလွင်က သဲသဲနှင့် ပတ်သက်ပြီး နွေးနွေးကို တဲ့တွတ်တွတ် မှာထားချက်လေးများ ရှိပါ၏။

"သဲသဲကို နွေးနွေးလိုပဲ ပညာတော်စေချင်တယ်။ နွေးနွေး ပုံစံအတိုင်း ဖြစ်လာအောင် ပုံသွင်းပေးပါ။ နွေးနွေးက ဆရာဝန်ဘွဲ့ရတဲ့အထိ ဒီအိမ်မှာနေဦးမှာမို့ သဲသဲ သူရောက်သင့်တဲ့ တက္ကသိုလ်ရောက်ပြီး လိမ္မာရေးခြားရှိတဲ့အထိ နွေးနွေးကပဲ သင်ပြညွှန်ပြပေးပါ နွေးနွေး။ ဦးလေးလွင် စိတ်ထဲရှိတဲ့အတိုင်း ရှင်းရှင်းပြောမယ်။ တကယ်လို့သာ သဲသဲဟာ သူ့အမေနဲ့ မကွဲလို့ အတူဆက်နေကြရင် မိန်းမတော် မိန်းမလိမ္မာလေးတစ်ယောက် ဖြစ်လာဖို့ မလွယ်

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ သူ့အမေရဲ့ ချေးစရိုက်နဲ့ စိတ်ဆွေ အကျင့်တွေ ဝင်သွားနိုင်တယ်။ နွေးနွေးနဲ့ကျဘော ဦးလေးလွင် အရမ်းကို စိတ်ချတယ်"

ဟူ၍ပင်။

"ကဲ ... သဲသဲ ဘာစိတ်မကောင်း ဖြစ်နေလဲ မမနွေးကို ပြောပြ"

"သဲသဲ စိတ်မကောင်း ဖြစ်နေတာကို မမနွေးကိုပဲ ပြောပြရမှာပဲ၊ ဒါပေမယ့် မမနွေးက ဖေဖေ့ကို ပြန်တိုင်ရင်တော့ သဲသဲ မသက်သာဘူး။ ဖေဖေက သဲသဲကို အသေဆော်မှာ၊ ဒါနဲ့ ပတ်သက်လာရင် ဖေဖေက သဲသဲကို အရမ်းစိတ်ဆိုးမှာ။ သဲသဲ ပြောတာ ဖေဖေ့ကို ပြန်မပြောဘူးလို့ မမနွေး သဲသဲကို ကတိပေးလေ"

"ဘုရား ... ဘုရား"

နွေးနွေး ဘုရားတပြီး စိတ်မောသွားပါ၏။

ဟုတ်ပေပြီ။ စိတ်ကစားသောအရွယ် သဲသဲသည် ရုပ်လေး ကိုယ်လုံးလေးလည်း သိမ်မွေ့သိပ်လှ နေပြီမို့ နှလုံးသားကိစ္စလေးတွေ သဲသဲတွင် လာ၍ကပ်ငြိဖွက်ဒုက်လာပုံရသည်။ မိမိက ဦးလေးလွင်ကို ပြန်တိုင်မည်ဆိုလျှင် သဲသဲသည် မိမိကိုလည်း ဖွင့်မပြောတော့ဘဲ ကျိတ်ပြီး မြိုပြီး ထင်ရာစိုင်းတော့မည်ကို နွေးနွေး စိုးရိမ်ရပါ၏။ အများတွေ ဖွတ်လုပ်လာမည်ကို နွေးနွေး ပူပန်ပါ၏။

"ကဲ ... မမနွေး ဦးလေးလွင်ကို ပြန်မပြောဘူးလို့ ကတိပေးမယ် ... ကဲ ... ပြော ကောင်လေးနာမည် ဘယ်သူလဲ၊





ဘယ်အတန်းရောက်ပြီလဲ၊ ဘယ်သူ့သားလဲ၊ ဘယ်မှာနေလဲ ပြော"

"အို ... မမနွေး ဘာတွေ ပြောနေတာလဲ"

သဲသဲက အံ့ဩသော မျက်နှာလေးနှင့် မမနွေးကို ကြည့်ကာ ပြန်မေးသည်။

"သဲသဲ ကိစ္စ ဦးလေးလွင် သိရင် အရမ်းစိတ်ဆိုးပြီး သဲသဲကို အသေဆော်မှာဆိုတာ ဒီကိစ္စပဲ မဟုတ်လား"

"ကြိကြိးစည်ရာ မမနွေးရယ်။ ဒါမျိုးတွေ နွေးနွေး စိတ်ထဲမှာရော ခေါင်းထဲမှာ လုံးဝမရှိဘူး။ လုံးဝလည်း စိတ်မဝင်စားဘူး။ ကျောင်းမှာ သဲသဲကို ရိသဲ့သဲ့ ဂျိုဂျောင် လာလုပ်တဲ့ကောင်ဆိုရင် ပါးရိုက်ပစ်မယ်လို့တောင် ကြွေးကြော်ထားတာ။ ဘယ်ကောင်လေးမှ သဲသဲ အနား မကပ်ရဲဘူး။ အခု သဲသဲ မမနွေးကို ပြောချင်တာက မေမေ့အကြောင်းပါ မမနွေးရဲ့"

နွေးနွေး ရင်ထဲက အလုံးကြီး အခုမှ ဖုတ်ခနဲ ပြုတ်ကျသွားပေပါ၏။ တစ်မျိုးအားဖြင့် စိတ်လည်း အေးသွားသည်။

"အဲ ... ဟုတ်ပြီ။ မေမေ့ အကြောင်း ပြောချင်တာလား၊ အန်တီသီဂိ အကြောင်းပေါ့ ... ပြော ... ပြော ...။ မမနွေး ကတိအတိုင်း ဦးလေးလွင်ကို ပြန်မပြောဘူး"

သဲသဲက လှဲနေရာမှ ထိုင်နေသော နွေးနွေး၏ ပါးကျင်ကျင်လေးကို ဖက်လိုက်သေးသည်။

"မေမေ ရန်ကုန်ရောက်နေတယ် မမနွေး။ မနေ့က သောကြာနေ့။ သဲသဲကို ကျောင်းမှာ မေမေက လာတွေ့

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျောင်းအုပ်ဆရာမကြီးတို့ တာဝန်ခံဆရာမတို့ကို ခွင့်တောင်းပြီး လာတွေ့တဲ့ပုံစံမျိုး မဟုတ်ဘူး။ မုန့်စားဆင်းချိန်မှာ သဲသဲကို လိုက်ရှာပြီး ခိုးချောင်ခိုးဝှက် လာတွေ့တာ"

ဟုတ်ပေမည်။ တစ်ချိန်က ဗိုလ်မှူးဖြစ်ခဲ့သော ဦးလေးလွင်သည် သဲသဲ၏ ကျောင်းအုပ်ဆရာမကြီး၊ အတန်းပိုင်ဆရာမတွေနှင့် သိကျွမ်းခင်မင်ပြီးသား ဖြစ်ချိမ့်မည်။ အန်တီသီဂီ ဦးလေးလွင်တို့ သားအဖကို ထားခဲ့ပြီး နောက်အိမ်ထောင် ပြုသွားသည်ကို ဆရာမကြီးနှင့် ဆရာမလေးတွေက အန်တီသီဂီကို အဆိုးမြင်ပြီး ဦးလေးလွင် အပေါ်တွင် ကရုဏာ ထားကြပေမည်။ ဒါကြောင့် သဲသဲကို သူ့အမေ လာတွေ့ဖို့ ခွင့်တောင်းလျှင် တွေ့ခွင့်ပေးမည် မဟုတ်ဟု နွေးနွေး တွေးမိပါ၏။

"သဲသဲ မေမေက လာတွေ့ပြီး သဲသဲကို ဘာတွေပြောသွားလဲ"

"ဘယ်မှာ သိပ်စကားပြောချိန် ရပါ့မလဲ မမနွေးရာ။ မုန့်စားဆင်းချိန်က ခဏလေးလည်း ဖြစ်တယ်၊ ကျောင်းသူတွေ မုန်သမျှ အကျီအဖြူ ထဘီစိမ်းတွေနဲ့ဖြစ်တယ်၊ ရှယ်တူတွေလည်း ဖြစ်နေတယ်။ ပြီး သဲသဲ ထွားလာတာကို မေမေ မြင်ဖူးတာမှ မဟုတ်တော့ သဲသဲကို မေမေ ရှာရတာကောင်အချိန်တွေ မနည်းကုန်သွားတယ်"

"သဲသဲ ရှစ်နှစ်သမီး အရွယ်တည်းက အန်တီသီဂီနဲ့ ကွဲသွားတာဆိုတော့ အခု သဲသဲကို သဲသဲ မေမေ ဘယ်မှတ်မိတော့မလဲ"

"မှတ်မိတာတော့ မှတ်မိပါတယ်။ မမနွေး ဖေဖေ့ကို ပြန်



မပြောနဲ့နော်။ မေမေနဲ့သဲသဲဟာ တိတ်တိတ်လေး စာအဆက်အသွယ် အမြဲရှိခဲ့တယ်။ မေမေက သဲသဲဆီ ပြန်ရေးဖို့ကျတော့ အိမ်လိပ်စာနဲ့ထည့်ရင် ဖေဖေ သိသွားမှာစိုးလို့ ပြန်မရေးရဘူးလေ။ သဲသဲရဲ့ ဓာတ်ပုံကိုလည်း မေမေ့ဆီ တစ်နှစ်တစ်ခါ ရိုက်ပို့ပေးထားတော့ မေမေက သဲသဲကို မှတ်မိပါတယ်"

သဲသဲ ပြောရင်း ငိုချလိုက်သည်။ ငိုရင်းလည်း ဆက်ပြောသည်။

"မေမေဟာ မိန်းမဆိုးတစ်ယောက် ဖြစ်ချင်ဖြစ်မယ်။ ဒါပေမယ့် သဲသဲ အဖို့တော့ အမေဟာ အမေပဲ၊ မေမေ့ကိုလည်း သဲသဲ ချစ်တာပဲ၊ မေမေကလည်း သဲသဲကို ချစ်တာပဲ"

အသံတုန်လေးနှင့် ငိုရှိုက်ပြောသည်ကို နွေးနွေး ကိုယ်ချင်းစာပြီး နွေးနွေး ပင်လျှင် မျက်ရည်ဝဲရပါ၏။

"မေမေက သဲသဲကို တွေ့ချင်လွန်းလို့ သူ့ယောကျ်ား အလုပ်တာဝန်နဲ့ ရန်ကုန် လာတာမှာ လိုက်လာတာတဲ့။ သူ့ယောကျ်ား အထက်လူကြီးတွေနဲ့ တွေ့ပြီးပြီ၊ တနင်္လာနေ့ကို လားရှိုးကို ပြန်မှာတဲ့။ နက်ဖြန် တနင်္ဂနွေနေ့မှာ သဲသဲကို တွေ့ချင်တယ်တဲ့၊ မမနွေးကို လိုက်ပို့ခိုင်းရင်း ခေါ်လာခဲ့တဲ့၊ မမနွေးနဲ့လည်း တွေ့ချင်တယ်တဲ့၊ မမနွေးနဲ့ စကားတွေ အများကြီး ပြောချင်တယ်တဲ့"

အန်တီသီဂီက မိမိကို ဘာစကားတွေများ ပြောချင်ပါလိမ့်ဟု နွေးနွေး လှစ်ခနဲ စဉ်းစားလိုက်ပါသေး၏။

www.burmeseclassic.com

www.burmeseclassic.com



အန်တီသီဂိ အကြောင်းကို နွေးနွေး ပြန်စဉ်းစား ကြည့်သည်။

နွေးနွေး၏ မေမေ ဆုံးချိန်က အန်တီသီဂိ တစ်ယောက်တည်း နွေးနွေးတို့အိမ် မန္တလေးသို့ လာသွားသေးသည်။ မေမေ့ ရှာပနအတွက် လာခြင်းဖြစ်ပါ၏။ ထိုစဉ်ကတည်းက ဦးလေးလွှင်နှင့် ကွာရှင်းပြီး ယခု နောက်အိမ်ထောင်နှင့် ဖြစ်ပါ၏။ ထိုစဉ်က မိမိအား လိမ်လိမ်မာမာ နေဖို့ အဒေါ်တစ်ယောက်၏ ဝတ္တရားအတိုင်း မှာကြားသည်ကလွဲပြီး တခြား ထွေထွေထူးထူး ဘာမျှ မပြောပေ။ ထိုအချိန်ကစပြီး ယခုအချိန်ထိ အန်တီသီဂိနှင့် မိမိ အဆက်အသွယ် မရှိပေ။ နောက်အိမ်ထောင်ပြုသူတို့ ထုံးစံအတိုင်း နွေးနွေးနှင့် တုဝရီး အနေပြတ်ခဲ့သည်။

ယခု မိမိအား စကားပြောစရာတွေ ရှိသည်ဟု အန်တီသီဂိ ပြောခြင်းမှာ အကြောင်းတစ်ခုခုတော့ ရှိတန်ရာသည်ဟု နွေးနွေး စဉ်းစားခြင်း ဖြစ်ပါ၏။

"ဟင် ... မမနွေး ငြိမ်နေတယ်၊ ဘာတွေ စဉ်းစားနေလို့လဲ ဟင်။ မေမေ့ဆီ သဲသဲ သွားချင်တာကို မမနွေး လိုက်မပို့ ရဲလို့လားဟင်"

"မဟုတ်ပါဘူး သဲသဲ။ အန်တီသီဂိက မမနွေးကို ပြောစရာ တွေ ရှိတယ်ဆိုတာ ဘာစကားတွေများ ပြောချင်ပါလိမ့်လို့ စဉ်းစားနေတာပါ"

"ဒါတော့ ဟုတ်တယ်။ မမနွေးကို လိုက်လာဖို့ သေချာကြီး ကို မှာလိုက်တာ၊ ပြီး သဲသဲဖို့ လားရှိုးက အင်္ကျီဆန်းဆန်း လေးတွေ၊ ဘောင်းဘီ ဆန်းဆန်းလေးတွေ ဝယ်လာတာ



လည်း ပေးချင်လို့တဲ့။ မေမေက သူတည်းခိုတဲ့လိပ်စာ ပေးသွားတယ်"

"အင်း ... ဦးလေးလွှင် သိသွားရင်တော့ ခမနွေး ဒီအိမ် ပေါ်က ခေါင်းနဲ့ ဆင်းရမှာပဲ၊ အန်တီသီဂိနဲ့ ပတ်သက်လာ ရင် ဦးလေးလွှင် ဒေါသကြီးတတ်တယ်"

"ဖေဖေ မသိအောင် တိတ်တိတ် ခိုးသွားကြရမှာပေါ့။ ဟိုအပတ်တွေတုန်းကလည်း သဲသဲ ရုပ်ရှင်ကြည့်ဖို့ မမနွေး ကို လိုက်ခေတာပဲ။ တကယ်လို့ ဖေဖေ သိသွားလည်း မမနွေးကို သဲသဲက ဇွတ်အနိုင်ကျင့်ပြီး ခေါ်သွားတာလို့ ဖေဖေ့ကို သဲသဲ ပြောခဲ့ယ်လေ"

"ရပါတယ် သဲသဲရယ်။ ဦးလေးလွှင် စိတ်ဆိုးလည်း ကောင်းပနိရမှာပဲ။ သဲသဲ အတွက် မမနွေး လုပ်ပေးရမှာပေါ့"

မတတ်နိုင်ပြီ။

သဲသဲအတွက် စွန့်စားရမည်။ မကောင်းတာကို အားပေးအားမြှောက် ပြုခြင်းမဟုတ်၊ သမီးရင်းနှင့် မအေရင်းတွေ့ ဆုံခြင်းကို ကူညီခြင်းသာ ဖြစ်သည်။

နွေးနွေး လိုက်ပို့မည် ဆိုသဖြင့် သဲသဲလေး အငိုတိတ်ခါ ဝမ်းသာအယ်လဲ နွေးနွေးကို ဖက်ထားပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၀

ဗိုလ်ချုပ်ဈေး ရှေ့မှာပင် သဲသဲနှင့် နွေးနွေးတို့ဆင်းပြီး သည်နေရာမှာပင် လာကြိုရန် ဦးလေးမှိုင်းကိုမှာပြီး ကားကို ပြန်လွှတ်လိုက်သည်။

ဦးလေးမှိုင်း ထွက်သွားမှ ညီအစ်မနှစ်ယောက် လက်တွဲကာ ဗိုလ်ဆွန်ပက်လမ်းသို့ လာခဲ့ကြသည်။

"ဟောဒါပဲ မမနွေး၊ ဒုတိယထပ် တည်းခိုခန်းမှာ မေမေ တည်းတယ်တဲ့၊ ဒီမှာ မေမေ ပေးထားတဲ့ လိပ်စာအတိုင်းပဲ"

အန်တီသီဂီက ထွက်ဆောင့်နေသဖြင့် အသင့် တွေ့ကြသည်။

"သမီးလေး ... သဲသဲ"

"မေမေ"



နွဲ့ခွာနေကြရသော သားအမိ နှစ်ယောက် တစ်ဦးကို တစ်ဦး ကျစ်ကျစ်ပါအောင် ဖက်ထားကြသည်။

နွေးနွေးသည် ဘေးတွင်ရပ်ခါ မိခင်နှင့်သမီး၏ ချစ်ခြင်းမေတ္တာကို ငေးကြည့်နေမိသည်။

မိမိအနေနှင့် မိမိမေမေက မပြန်လမ်းသို့ သွားပြီမို့ ယခု သဲသဲလို မိခင်ကို မတွေ့နိုင်တော့ပါတကား။

ဝမ်းနည်းစိတ်လေး ဖြစ်ရပြန်သည်။

"မေမေ ... ဒီမှာလေ မမနွေး"

"ဪ ... ဟုတ်ပေသားပဲ။ သဲသဲကို တွေ့တာနဲ့ နွေးနွေးကိုတောင် အမှတ်တမဲ့ ဖြစ်သွားတယ်"

နွေးနွေး၏ ဦးခေါင်းမှ ခြေဖမိုးတိုင်အောင် သီဂီလွင်က စူးစူးစိုက်စိုက်လေး ကြည့်သည်။

"အင်း ... ငါ့တူမ နွေးနွေးက ကိုလွင်ရဲ့ အိမ်ကိုရောက်ပြီးမှ မန္တလေးမှာ နောက်ဆုံးတွေ့ခဲ့တာထက်တော့ ပိုပြီး အသားတွေစင်ပြီး စိုပြည်လာတာ၊ ချောလည်း ပိုချောလာတယ်၊ ကိုလွင်က ငါ့တူမကို အကျွေးအမွေးနဲ့ အထား အသို ကောင်းတယ်ထင်ပါရဲ့"

အန်တီသီဂီ၏ စကားသည် အနှောင့်အသွား မလွတ်သော စကားဟု နွေးနွေး ယူမှတ်မိသည်။

အန်တီသီဂီ၏ တည်းခိုခန်း အတွင်းပိုင်းသို့ ဝင်ခဲ့ကြသည်။

နွေးနွေး နောက်မှလိုက်ရင်း စဉ်းစားသည်။

အန်တီသီဂီသည် နောက်ယောကျာ်းနှင့် ကလေးနှစ်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ယောက်ရနေပြီ ဖြစ်သည့်တိုင်အောင် ဦးလေးလွင်အား ယခင်က ခေါ်သလို ကိုလွင်ဟုပင် ခေါ်ဆဲ ဖြစ်ပါ၏။ နှုတ်ကျိုးနေပြီမို့ ပြင်မရသည့်ပဲ ဖြစ်မည် ထင်ပါ၏။

"သမီး ... မေမေ့အိပ်ခန်းထဲ မလိုက်ချင်ဘူး မေမေ ... ဒီဧည့်ခန်းမှာပဲ စကားပြောမယ်"

"မေမေ့သမီး သဲသဲလေးက ဘာဖြစ်လို့ မေမေ့အိပ်ခန်းထဲ မလိုက်ချင်တာလဲကွယ်"

"မေမေ့ယောက်ျားကြီးကို မမြင်ချင်လို့"

အန်တီသိဂ်ီက ရယ်သွမ်းသွေးလိုက်ပါ၏။

"သမီးက မေမေ့ယောက်ျားကို မုန်းတယ်လား"

"သိပ်ကို မုန်းတယ်။ သူ့ကြောင့် ဖေဖေနဲ့မေမေ ကွဲတာ"

"ကဲ ... ဒါဆို မေမေက ပြန်မေးမယ် ... သမီးရဲ့ဖေဖေ ကိုလွင် နောက်ထပ်မိန်းမ ယူရင်ကောကွယ်။ သမီးက အဲဒီမိန်းမကို မုန်းမှာပဲလား"

"အိုး ... မုန်းမှာပေါ့၊ မုန်းမှာမှ အတုံးလိုက် အတစ်လိုက်ကို မုန်းမှာ၊ အခုတောင် ဖေဖေ့ကို ရီနေတဲ့ မေမေ့သူငယ်ချင်းဟောင်းတွေ အန်တီမဥ္ဇူနဲ့ အန်တီချယ်ရီကို သမီး မုန်းတယ်"

ဒေါ်သိဂ်ီ သက်ပြင်းလေးတစ်လုံး မသိမသာ ချမိပါ၏။ ပြီး ဧည့်ခန်းတစ်ခန်းလုံးကို ဝေ့ရှဲကြည့်ပြီးမှ တိုးတိုးလေး သဲသဲကို မေးခွန်းထုတ်လိုက်ပါ၏။

"တကယ်လို့ပေါ့ သမီးရယ် ... သမီးရဲ့ဖေဖေက မဥ္ဇူတို့ ချယ်ရီတို့ကို မယူဘဲ သမီး အခု သိပ်ချစ်နေတဲ့ သမီးရဲ့



မမ မမနွေးကို လက်ထပ်ယူမယ် ဆိုရင်ကော ..."

ဒေါ်သိဂ်ီက သမီး သဲသဲကို စူးစိုက်စွာ အကဲခတ် ကြည့်ရင်း ...

"သမီးရဲ့ မမနွေးကို သမီး မုန်းပစ်လိုက်မှာလား သမီး"

"အာ ... မေမေကလဲ"

ဟု သဲသဲ အထိတ်တလန့် အသံကျယ်ကျယ်လေး အာမေဍိတ်သံ ထွက်သွားသည်။

"အို ... အန်တီသိဂ်ီ ဘာတွေပြောတာလဲ"

ဟုလည်း နွေးနွေး အထိတ်တလန့် ပြန်ပြောလိုက်မိသည်။

ဒေါ်သိဂ်ီ ပြုံးလိုက်ပါ၏။

"ကဲ ... လာ ... လာ ... အိပ်ခန်းထဲမှာ မေမေ့ယောက်ျား မရှိပါဘူး၊ သမီးသဲသဲ လာမယ်မှန်းသိလို့ သူ့ကို စောစောကတည်းက အပြင်သွားခိုင်းထားတယ်၊ မေမေ ပြောစရာ စကားတွေ အများကြီး ရှိနေတယ်၊ မေမေ့အတွက် ရန်ကုန်ကို တစ်ခေါက်ဆင်းလာဖို့ ဆိုတာက လွယ်တာမဟုတ်ဘူး၊ ကလေးနှစ်ယောက် ထားခဲ့ရတယ်။ ရောက်တုန်းရောက်ခိုက်မှာ မေမေ ရင်ထဲရှိသမျှတွေ ပြောသွားချင်တယ် သမီး"

သဲသဲ ခါးကို ဖက်ပြီး ဆွဲခေါ်သည်။ အန်တီသိဂ်ီ၏ ယောက်ျား မရှိဘူး ဆိုသဖြင့် သဲသဲက ရှောရှောရှုရှု လိုက်ပါပါ၏။

နွေးနွေးလည်း သဲသဲ သွားရာနောက်သို့ လိုက်သွားရပါလေ၏။ အန်တီသိဂ်ီက မိမိကို ပြောလိုက်သော စကားကြောင့် နွေးနွေး ရင်တွေခုန်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိ ဦးလေးလွင်၏ အိမ်သို့ ရောက်နေသည်ကိုပင် အန်တီသီဂီ ဝန်တိုစိတ် သမုတ်ချင်စိတ် ရှိနေသလား ခပြောတတ်။

ထို့ကြောင့် မိမိကို ဦးလေးလွင်နှင့် ရီသဲ့သဲ့ ပြောလိုက်ခြင်းပေလား။

အန်တီသီဂီ၏ တည်းခိုခန်းမှာ နှစ်ယောက်အိပ်ခန်းဖြစ်ပြီး ကျယ်ဝန်းသန့်ရှင်းပေသည်။

နွေးနွေးနှင့် သဲသဲက ခုတင်ပေါ်တွင် ခြေတွဲလဲချထိုင်ပြီး အန်တီသီဂီက မှန်တင်ခုံ ကုလားထိုင်တွင် ထိုင်ပေသည်။

သဲသဲ အတွက် ဝယ်လာသော ပစ္စည်းများကို ထုတ်ပေးသည်။ ယနေ့ခေတ် ကောင်မလေးတွေ ဝတ်ကြသော အင်္ကျီဆန်းဆန်း ဘောင်းဘီရှည်ဆန်းဆန်း အကောင်းစားများဖြစ်သည်။

စားပွဲတင် နာရီလှလှလေး တစ်လုံးလည်း ပါဝင်ပါ၏။

"ဒီနာရီလေးက ဖေဖေ့ဖို့လား မေမေ"

"သဲသဲ ဖေဖေကို မေမေက လက်ဆောင်ပေးပါတယ်ဆိုရင် ဒီနာရီလေးဟာ ပြာဖြစ်သွားရင် သွားမယ်၊ ကိုင်ပေါက်လို့ အစိတ်စိတ်အမြွှာမြွှာလည်း ဖြစ်ချင်ဖြစ်သွားမှာပေါ့ သမီး။ သူနှစ်သက်လို့ ယူမယ်ဆိုလည်း ပေးလိုက်ပေါ့။ သူ့အတွက် မေမေက တမင်ပေးလိုက်တာလို့တော့ မပြောနဲ့။ သမီး အိပ်ရာထ ပျင်းတတ်လို့ နှိုးစက်သံသာသာလေး နာရီ မေမေ ဝယ်လာပေးတာ။ တာကျက်ချိန် နိုးအောင်လို့"

"ဟာ ... မေမေ"



"ဘာလဲ သမီး"

"ဒီလက်ဆောင်တွေ မေမေက ပေးလိုက်တာတော့ ဟုတ်ပါပြီ။ ဖေဖေက ဒါတွေ ဘယ်ကရလဲ၊ ဘာလဲနဲ့ စစ်ဆေးလိမ့်မယ် ထင်တယ်၊ သမီး ဝယ်လာတာလို့လည်း ပြောလို့မဖြစ်ဘူး၊ ဖေဖေက ပိုက်ဆံအပို များများပေးလိုက်တာ မဟုတ်ဘူး၊ အခု သမီးတို့ ထွက်လာတာ ရုပ်ရှင်ကြည့်မယ်ဆိုပြီး ထွက်လာတာ"

အန်တီသီဂီက စိတ်အေးသော အမူအရာနှင့် ပြုံးလိုက်သည်။

"မပူနဲ့သမီး။ အခု သမီးထွက်လာတာ မေမေ့ဆီကိုလာမှန်း ကိုလွင် သိပါတယ်။ သဘောတူလို့ သမီးကို ပေးလွှတ်တာပါ"

"ဟာ ... မဟုတ်နိုင်တာ မေမေကလည်း"

သဲသဲက ပြောရင်း သူမ၏ မမနွေးဘက်သို့ လှည့်ကြည့်သည်။ နွေးနွေးကလည်း သဲသဲကို ဟုတ်နိုင်ပါ့မလားအဓိပ္ပာယ် သက်ရောက်သည့် အကြည့်ဖြင့် ပြန်ကြည့်သည်။

အကြောင်းမူ နွေးနွေး ကိုယ်တိုင် ဦးလေးလွင်အား ရုပ်ရှင်သွားကြည့်ဖို့ ခွင့်ပန်သည်ကို ဦးလေးလွင်က ခေါင်းညိတ်ခဲ့သောကြောင့် ဖြစ်ပါ၏။

အန်တီသီဂီက ရှင်းပြသည်။

"မနေ့ညက မိုးချုပ်မှ မေမေ ကိုလွင့်ဆီကို ဖုန်းဆက်တယ်၊ ရန်ကုန်ရောက်တုန်း သမီး သဲသဲကို မအေရင်း တစ်ယောက်အနေနဲ့ တွေ့ချင်တယ်။ ရန်ကုန်ကို လိုက်လာတာဟာ

www.burmeseclassic.com

www.burmeseclassic.com



သမီးသဲသဲကို တွေ့ချင်လို့ အခုက လိုက်လာတာလို့ပြော တယ်"

"အဲဒါကို ဖေဖေက သဘောတူသတဲ့လား"

"လွယ်လွယ်ကူကူတော့ ဘယ်ဟုတ်လေ သမီးရယ်။ ပထမ ခါးခါးသီးသီးကြီး ငြင်းတယ်။ မေမေ့လို မိန်းမကို သမီးနဲ့ ဘယ်လိုမှ တွေ့ခွင့်မပေးဘူး၊ မနေဒင့်ယှက်ပါနဲ့တဲ့။ ပြီး မေမေ့ကို ပက်ပက်စက်စက် ပြောတယ်"

"ဖေဖေက မေမေ့ကို သိပ်စိတ်နာနေတာ"

"သိတာပေါ့ကွယ်။ ကိုလွင် မေမေ့ကို သိပ်စိတ်နာတာ ဘေးချိတ်ထား၊ ညက ဖုန်းပြောတဲ့ကိစ္စ မေမေ ဆက်ပြော မယ်။ ကိုလွင်က ပက်ပက်စက်စက် ခါးခါးသီးသီး ပြောရုံ မကဘူး ဖုန်းကို ချပစ်လိုက်တယ်"

သဲသဲ ခေါင်းညိတ်ပြမိပါ၏။

"ဘာရမလဲ ... မေမေက ဖုန်းပြန်ခေါ်ပြီး စကားကိုဆုံး အောင်နားထောင်ပါ။ အခုပြောတာ သမီးလေး သဲသဲ ကိစ္စ အဓိကပါ။ တကယ်လို့ သမီးလေးနဲ့ မေမေ့ကို တွေ့ခွင့်မပေးရင် တရားရုံးမှာ ဦးတိုက်လျှောက်ပြီး တွေ့ခွင့် အရယူမယ်၊ ဒါတင်မကဘူး သမီးလေးဟာ အသက်ဆယ့် ငါးနှစ်ရှိပြီမို့ မိခင်ဆီမှာ နေချင်တယ်ဆိုရင် တရားဥပဒေ ဘောင်အတွင်းက နေစေလို့ အမိန့်ကျအောင် ကြိုးစားမယ်လို့ မေမေက ပြောလိုက်တယ်"

"ဟင့်အင်း ... ဟင့်အင်း ... သဲသဲ မေမေနဲ့ လိုက်မနေဘူး မေမေ့ကို သဲသဲ သိပ်ချစ်ပြီး ရင်ကွဲနာကျ သေချင်သေပ



လေ့စေ ဖေဖေ ဒုက္ခိတကို သမီး မထားခဲ့နိုင်ဘူး။ မခွဲနိုင် ဘူး။ မေမေ့ယောက်ျား ပထွေးနဲ့လည်း သမီးဘယ်တော့မှ အတူမနေဘူး"

ပြောရင်း သဲသဲ ငိုပြန်သည်။ မိခင်၏ ရင်ဘတ်ကို မျက်နှာအပ်ပြီး ငိုချခြင်း ဖြစ်ပါ၏။

"စိတ်ချ။ ဒုက္ခိတ ကိုလွင့်ကို သမီးခွဲပြီး မေမေနဲ့ နေစေ ဖို့လည်း မေမေက ဘယ်တော့မှ မဖန်တီးဘူး၊ သမီးနဲ့မေမေ အခုတွေ့ခွင့်ရအောင် ကိုလွင့်ကို မေမေ တမင်ခြိမ်းခြောက် လိုက်တာပါ။ မေမေက တရားဥပဒေစကားတွေ ပြောတော့ သမီး ဖေဖေက ဘာပြန်ပြောတယ် မှတ်လဲ"

"ဖေဖေက ဘာပြန်ပြောလဲ မေမေ"

"မေမေ့ကို တက်ချင်တဲ့ တရားရုံးကို တက်တဲ့။ သူ့မှာချမ်း သာသမျှတွေ ကုန်သွားပါစေ တရားရုံးမှာ ခုခံပြီး သမီးကို ထည့်ပေးဖို့ ငြင်းဆန်မယ်တဲ့။ ဒါမှ တရားရုံးက သမီးကို မေမေ့နောက် ထည့်ပေးစေလို့ အမိန့်ချရင် သမီးကို သူ ခွဲခွာရတဲ့နေ့ဟာ သူ့ကိုယ်သူ သတ်သေတဲ့နေ့ ဖြစ်သွား မှာပဲတဲ့"

"အို ... မေမေရယ်။ သဲသဲ ဖေဖေ့ကို သနားလိုက်တာ။ အရမ်းကြီးကို သနားတာ။ ဖေဖေ စိတ်ဆင်းရဲအောင် မေမေက ဘာလို့ ဒီလိုပြောတာလဲ"

"မခံချင်လို့ ပြောတာပါ သမီးရယ်။ မေမေဟာ တာဝန် မဲ့မိခင်၊ အပြစ်ရှိတဲ့ မိခင်၊ လောဘမာတဲ့ မိခင်ပဲထား၊ ကိုယ့် ကမွေးထုတ်တဲ့ ကိုယ့်သမီးရင်းကိုမှ ခေတ္တခဏ တွေ့ခွင့်

www.burmeseclassic.com

www.burmeseclassic.com



မပေးဘူး ဆိုတာကို ခံပြင်းပြီး ကိုလွင့်ကို ပြောချလိုက်တာပါ။ တကယ်တမ်းကျတော့ နောက်အိမ်ထောင်နဲ့ မေမေဟာ အရွယ်ရောက်စပြုနေတဲ့ သမီးကို ပတွေးနဲ့ အထူးနေဖို့ ဘယ်ခေါ်မှာလဲ သမီး"

"သမီးကလည်း ဘယ်တော့ဆို ဘယ်တော့မှ ဖေဖေ့ကိုခွဲပြီး မေမေ့နောက် မလိုက်ဘူး မေမေ"

"အင်းပါ ... မေမေ ပြောပြီးကော။ ကိုလွင့်ကို ခံပြင်းလို့ မေမေ ပြောတာလို့။ ကိုလွင်ကလဲ နောက်ဆုံးတော့ လိုက်လျှောပါတယ်။ သမီးနဲ့ မေမေ့ကို တွေ့ခွင့်ပေးမယ်လို့ ပြောပါတယ်၊ ဒါကြောင့် သမီးကို နွေးနွေးနဲ့ လွှတ်ပေးလိုက်တာ"

"ဒီလိုတော့လည်း ဖေဖေက လိုက်လျှောသွားပဲနော်"

"ဒါတင်မကသေးဘူး သမီး၊ အဲဒီနောက် ကိုလွင်နဲ့မေမေ တစ်နာရီနီးပါး ထပ်ပြီး ဖုန်းပြောသေးတယ်"

"မဖြစ်နိုင်တာ ... ဖေဖေက မေမေ့ကို အဲဒီလောက်ကြီး တောင် စကားပြောသတဲ့လား"

သဲသဲသည် ငိုနေရာကပင် သူ့စိတ်ထဲရှိသည့်အတိုင်း သူ့အမေအား ပြောလိုက်သည်။ အန်တီသီဂီက သမီးသဲသဲ၏ နဖူးဆံလေးများကို တယုတယ ပွတ်သပ်ပေးရင်း ဆက်ပြောသည်။

"အင်း ... လူဆိုတာက ခက်သားပဲ သမီး။ အရက်သမားဟာ အရက်အကြောင်း ပြောရမယ်ဆိုရင် အားတက်သရော ပြောတယ်၊ တရားသမားကလည်း တရားအကြောင်း



ဆွေးနွေးမယ်ဆိုရင် ထိုင်ရာမထ စိတ်ပါလက်ပါပြောတယ်။ အင်း ... ကိုယ်စိတ်ဝင်စားတဲ့ ဘာသာရပ်မှာဖြစ်ဖြစ် ကိုယ့်ရင်ထဲက လိုလားတဲ့ အကြောင်းအရာမှာဖြစ်ဖြစ် စကားလက်ဆုံကျမယ်ဆိုရင် နာရီကန့်သတ်ချက် မရှိအောင် ပြောချင်တယ်။ ကိုလွင်လည်း အဲဒီသဘောပေါ့။ သူစိတ်ဝင်စားနေတာကို မေမေက စကားစလိုက်တော့ ပြန်ပြီး ကိုလွင်က ရွှန်းရွှန်းဝေ ပြောတော့တာပဲ"

"မေမေက ဖေဖေ့ကို ဘာပြောလိုက်လို့လဲ"

"မေမေက သမီးပေဖေကို ဒီအတိုင်းမနေနဲ့ ... မေမေ့တူမ နွေးနွေးကို ကိုလွင် လက်ထပ်လိုက်ပါလားလို့ ပြောလိုက်တာလေ"

"ဟင်"

"အယ်"

သဲသဲနှင့် နွေးနွေးထံမှ အာမေဍိတ်သံ ပြိုင်တူထွက်လာလိုက်သည်။

နွေးနွေးက ချက်ချင်း ကောက်ခါငင်ကာ အန်တီသီဂီကို ပြောလိုက်ပါ၏။

"နွေးနွေး ပြောပါရစေ အန်တီ၊ နွေးနွေးဟာ အန်တီ့ရဲ့ တူမအရင်းပါ၊ ဦးလေးလွင်ရဲ့ဆီမှာ လာနေတာဟာ နွေးနွေးအဖို့ မန္တလေးမှာ ဆက်နေနိုင်တဲ့ အခြေအနေ မရှိလို့ လာနေတာပါ"

"ဒါတွေ ငါသိပြီးသားပဲ နွေးနွေး"

"သိပြီးသားနဲ့များ အန်တီရယ် ... တကယ်တမ်း နွေးနွေးရဲ့



www.burmeseclassic.com

www.burmeseclassic.com



ရည်မှန်းချက်မှာ ဆရာဝန် ဖြစ်ဖို့သာ အဓိကပါ။ ဦးလေးလွင်ရဲ့အိမ်မှာ နေရတာ နွေးနွေး ပျော်ပါတယ်၊ ဦးလေးလွင်ကလည်း ဖေဖေ, မေမေနဲ့ အန်တို့ရဲ့ ချက်နှာကို ထောက်ထားပြီး စောင့်ရှောက် ကူညီပါတယ်။ သဲသဲကလည်း အစ်မတစ်ယောက်လို နွေးနွေးကို ချစ်ပါတယ်။ အခု အန်တီ ရောက်လာပြီး တောင်ပြောမြောက်ပြောတွေ ပြောတော့ သဲသဲကလည်း နွေးနွေးကို မုန်းသွားမယ်၊ နောက်ပြီး ဦးလေးလွင်ရဲ့ မျက်နှာကိုကော နွေးနွေး ဘယ်လိုဆက်ကြည့် ရမှာလဲ၊ ဒါဆို ... အခု နွေးနွေး စာသင်နေတာတွေကို စွန့်လွှတ်ပြီး ဦးလေးလွင် အိမ်က မန္တလေးကို ပြန်ပြေးရုံပဲ ရှိတော့တယ်"

အန်တီသိဂ်ီက နွေးနွေး ပြောသမျှကို နားထောင်ပြီး သူမ၏ ဦးခေါင်းကို ယမ်းပြလိုက်ပေသည်။

"နားထောင် နွေးနွေး၊ သဲသဲလည်း နားထောင်"

အန်တီသိဂ်ီက သဲသဲကိုပါ ဂရုတစိုက် နားထောင်စေလိုသည့် သဘောဖြင့် ရင်ခွင်ထဲ မျက်နှာအပ်ထားသော သဲသဲအား တည့်မတ်စွာ ပြန်ထိုင်စေပြီး ဆက်ပြောသည်။

"မှတ်ထား နွေးနွေး ... ကမ္ဘာပေါ်မှာရှိတဲ့ မိန်းမသားအားလုံး လူရိုင်းမတွေပဲဖြစ်ဖြစ်၊ လူယဉ်ကျေးမတွေပဲ ဖြစ်ဖြစ် ကိုယ့်လင်ယောကျ်ားနဲ့ ပတ်သက်လာရင် အူတိုတတ်တာချည်းပဲ။ ငါလည်း ကမ္ဘာမှာရှိတဲ့ မိန်းမတွေထဲက မိန်းမတစ်ယောက်ပဲ။ ညည်းတွက်ကြည့် နွေးနွေး၊ တရုတ်ပေသီးနဲ့တွက်တွက်၊ ဂဏန်းပေါင်းစက်နဲ့ တွက်တွက် ကိုလွင်ဟာ ငါ့ရဲ့လင်





ယောကျ်ား ဖြစ်ခဲ့တာ ဘယ်သူမှ မငြင်းနိုင်တဲ့ အဖြေမှန်ပဲ။ ငါ့ဟာငါ လော်မာတာတွေ၊ သစ္စာမရှိတာတွေ၊ လင်ကိုစွန့်ခွာသွားတာတွေ ဘယ်လောက်ရှိရှိ ကိုလွင်ဟာ ငါ့ရဲ့လင်ဟောင်းပဲ။ ဒီတော့ ကိုလွင် နောက်အိမ်ထောင်ပြုမှာကို ငါလည်း အူတိုတာပဲပေါ့။ ဘယ်မှာ လိုလားပါ့မလဲ"

"ဒါနဲ့များတောင် အန်တီရယ်"

"နားထောင် နွေးနွေး၊ ငါပြောတာ ဆုံးအောင်နားထောင်၊ သဲသဲ သမီးလေးလည်း နားထောင်၊ နှစ်ယောက်လုံး သေချာနားထောင်ပါ။ သမီးသဲသဲဟာ မငယ်တော့ဘူး၊ ကလေးတွေး မတွေးဘဲ လူကြီးလို တွေးတတ်တဲ့ အရွယ်ပိုင်း ဝင်လာပြီ"

အန်တီသိဂ်ီက တည်တည်ပြောသည်။ အသံပြတ်နှင့်ပြောသည်။ အလေးအနက် ပြောနေခြင်း သိသာသည်။

"ကောင်းပြီ ... ငါက အူတိုတယ်ပဲထား၊ ကိုလွင်က နောက်အိမ်ထောင်ကို လက်ထပ်ယူမယ်ဆိုရင် ငါက ဇနီးဟောင်းအနေနဲ့ ဘာတတ်နိုင်မှာလဲ။ ငါကပဲ သူ့ဆီက ကွာရှင်းခွင့် တောင်းယူခဲ့တယ်။ ငါကပဲ သူ့ကိုစွန့်ပစ်ပြီး နောက်ယောကျ်ား ယူခဲ့တယ်၊ ငါကပဲ စပြီး ကိုလွင့်ကို သစ္စာဖောက်ခဲ့တယ်၊ ကိုလွင့်အနေနဲ့ ငါ့ကို သိပ်နာကြည်းသွားပြီ။ ချေးထက်တောင် စွဲဦးမယ်။ ငါဟာ ဒီဘဝမှာ ဘယ်နည်းနဲ့မှ ကိုလွင်နဲ့ ပြန်မနီးစပ်နိုင်တော့ဘူး၊ မပေါင်းသင်းနိုင်တော့ဘူး၊ ငါ ပြောတာ ရှင်းရဲ့လား နွေးနွေး"

နွေးနွေး ခေါင်းညိတ်ပြရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"သမီး သဲသဲကော သဘောပေါက်ရဲ့လား"

"ပေါက်တယ် မေမေ ... ဒါကြောင့်လည်း ဖေဖေနဲ့မေမေ ပြန်ပေါင်းပါလို့ သဲသဲ တစ်ခွန်းမဟခဲ့ဘူး"

"မဆိုးဘူး၊ သမီး သဘောပေါက်သားပဲ"

အန်တီသီဂီ ဆက်ပြောသည်။

"ယောက်ျားတွေထဲမှာ ကိုလွင့်လို ယောက်ျားဟာ တစ်ထောင်တစ်ယောက်၊ တစ်သောင်းမှာတစ်ယောက် ရှာတွေ့ဖို့ မလွယ်တဲ့ ယောက်ျားမျိုး။ စိတ်သဘောထား သိပ်မြင့်မြတ်တယ်၊ ကိုယ်ကျင့်တရား သိပ်ကောင်းတယ်။ သိက္ခာသမာဓိ သိပ်ရှိတယ်။ တည်ကြည်ဖြောင့်မတ်တယ်၊ တစ်ဘက်သားကို ကြင်နာစိတ်၊ စာနာစိတ် အမြဲရှိတယ်။ တိုင်းပြည်အပေါ်မှာလည်း သစ္စာရှိတယ်၊ လူလူချင်းအပေါ်မှာလည်း သစ္စာရှိတယ်"

"ဒါတောင်မှ အန်တီသီဂီက ဦးလေးလွင့်ကို ပစ်သွားတယ် မဟုတ်လား"

"အဲဒါ ဟုတ်တယ်လေ နွေးနွေး။ အဲဒီအတွက် ငါဟာ ကိုယ့်ကိုယ်ကိုယ် ရှုတ်ချထားပြီးပြီ။ ဒါပေမယ့် မိန်းမဆိုတာ အခက်သားဆိုတဲ့ စကား ငါဆက်ပြောမယ်"

အန်တီသီဂီ ဆက်ပြောသည်။ စိတ်ရောကိုယ်ပါ အားနှင့်မာန်နှင့် စိတ်ထက်သန်စွာ ပြောခြင်းမျိုး ဖြစ်ပါ၏။

"မိန်းမတွေကို ငါ နှစ်မျိုး သရုပ်ခွဲပြမယ်၊ ပထမတစ်မျိုးက ပေါ့ပေါ့နေ ပေါ့ပေါ့စား၊ ပျော်ပျော်ပါးပါးကို ခုံမင်တယ်၊ ရှိတာ ရတာထက် ပိုသုံးချင်တယ်၊ အသုံးနဲ့ အဖြုန်းကို



နားမလည်ဘူး၊ ပျော်ပွဲရွှင်ပွဲ မက်မောတယ် ... အဲဒီမိန်းမျိုးဟာ ငါလို မိန်းမစားမျိုးပဲ နွေးနွေး။

"အေး ... ဒုတိယ တစ်မျိုးကတော့ ဘာမဆို အလေးအနက်ထားတယ်၊ စည်းကမ်းထားတယ်၊ ကိုယ့်အိမ်ထောင် သားယာရေးကို အမြဲဂရုစိုက်တယ်၊ ပေါ့ပေါ့မနေဘူး၊ ကိုယ့်လင်သားအပေါ်မှာ ဂရုတစိုက် ရှိတယ်၊ အဲဒီလို လုပ်သွားတာဟာ လူချီးမွမ်း ခံချင်လို့ မဟုတ်ဘူး၊ သူ့ပင်ကိုယ်စိတ်ကိုက အဲဒီအတိုင်းရှိပြီး အဲဒီအတိုင်း လုပ်တာ။ အဲဒီမိန်းမမျိုးကတော့ နွေးနွေးလို မိန်းမစားမျိုးပဲ"

နွေးနွေး အန်တီသီဂီကို အတိုက်အခံ မပြောချင်တော့ပေ။ သူပြောသမျှကိုသာ နားထောင်နေပေတော့သည်။

သို့သော် အန်တီသီဂီ မိမိကို ပြောနေသည်မှာ အဆိုးပြောနေခြင်း မဟုတ်ဘဲ အကောင်းပြောနေသည်ကိုပင် ကျေးဇူးတင်မိပါ၏။

"ကိုလွင့်ဟာ ရသမျှလခရော တပ်ကပေးတဲ့ ရာရှင်တွေရော ... ဆုကြေးတွေရော ငါ့ကို အားလုံးအပ်တယ်။ အရက်၊ ဖဲ၊ မိန်းမကိစ္စ အားလုံး ရှင်းရှင်းရုံမကဘူး ဒါနဲ့ပတ်သက်ပြီး သူ့သိက္ခာကျမှာ သိပ်စိုးရိမ်တယ်၊ သိပ်သိက္ခာထိန်းတယ်။ အဲ ... ဒါပေမယ့် ကိုလွင့်ဟာ ရှေ့တန်းရောက်နေတာများတယ်။ ရှေ့တန်းက ပြန်ရောက်လာလို့ တပ်ရုံးရဲ့ လုပ်ငန်းတွေထဲမှာပဲ နှစ်နေတယ်။ ဘာမှမလုပ်ဘဲ အနားရတဲ့အခါ စာအုပ်တွေ ဖတ်တယ်။ အဲ ... သမီးလေး အကြောင်း၊ အိမ်ရဲ့အကြောင်းတွေကို ငါကပြောပြတဲ့အခါ

www.burmeseclassic.com

www.burmeseclassic.com



မှာတော့ စိတ်ပါလက်ပါ နားထောင်တယ်၊ စိတ်ဝင်စားတယ်၊ အိမ်မှာရှိတဲ့ အခက်အခဲကို သူ တတ်နိုင်သလောက် ဖြေရှင်းပေးတယ်။ အိမ်သန့်ရှင်းရေး လုပ်တာနဲ့၊ ပန်းပင်စိုက်တာဟာ သူ့အပျင်းပြေလုပ်တဲ့ အလုပ်ပဲ။ ငါက ရုပ်ရှင်သွားကြည့်ကြစို့ဆိုရင် မကြည့်ချင်ဘူး မလိုက်ချင်ဘူး။ ငါက ရုပ်ရှင်ကြိုက်တယ်၊ ပွဲလမ်းသဘင်ကြိုက်တယ်၊ ပါတီပွဲတွေ ဘာတွေ ဖိတ်ရင်လည်း မသွားရင် မဖြစ်တဲ့ ဖိတ်ကြားပွဲကို သွားတာကလွဲပြီး ပျော်ရွှင်မှုသက်သက် ပွဲမျိုးတွေကို သွားဖို့ ဝါသနာမပါဘူး၊ ငါကတော့ ဝတ်ကောင်းစားလှ ဝတ်ပြီး ရုပ်ပြ ရွှီးပြနဲ့ အဲဒီပွဲမျိုးတွေကို သွားချင်တယ်၊ ခုံမင်တယ်၊ ပျော်မွေ့တယ်။

"ဒီကြားထဲ ကိုလွင့် မိဘက တော်တော်ချမ်းသာတယ်လေ၊ ငါ့ကို လက်မထပ်ခင် ကိုလွင်နဲ့ငါ ချစ်သူဘဝတည်းက သူ့မိဘတွေက ငါ့သတင်းစုံစမ်းပြီး သဘောမတူဘူး၊ ဒါကို ကိုလွင်က ငါ့ကို လက်ထပ်တယ်၊ သူ့မိဘတွေက ကိုလွင့်ကို အမွေပြတ် ကြော်ငြာတယ်။ ဒါလည်း ကိုလွင်က မမှုပါဘူး၊ ဘာပဲဖြစ်ဖြစ် ကိုယ့်ချစ်သူနဲ့ ပေါင်းရတာကိုပဲ ကျေနပ်ခဲ့ပါတယ်၊ ငါ့ကို ချစ်လည်း သိပ်ချစ်ပါတယ်။ အိမ်ထောင်သက်လည်း ကြာလာတယ်။ သမီးလေး သဲသဲလည်း မွေးလာလို့ မူလတန်းတောင် တက်နေပြီ ... အဲဒီအချိန်မှာ ငါ ငြီးငွေ့လာတယ်။ ဒီတော့ သူလည်း သူ့စရိုက် ငါ့သဘော အတိုင်းနေ၊ ငါလည်း ငါ့စရိုက်နဲ့ ငါစိတ်ချမ်းသာသလို ငါပျော်သလို နေမယ်ဆိုပြီး နေခဲ့ကြတယ်။ အဲဒီမှာ အခု



ငါယူတဲ့ယောက်ျားနဲ့ စရိုက်တူ၊ ဝါသနာတူ၊ စိတ်သဘောချင်းတူ တွေ့ဆုံသွားတာပဲ။ နောက်ယောက်ျားရဲ့ မိဘကလည်း ချမ်းသာပါတယ်၊ သူက ငါ ကိုလွင်နဲ့ ပြတ်ပြတ်စဲစဲ တရားဝင် ကွာရှင်းရင် လက်ထပ်ယူမယ် ပြောလာတယ်။ အဲဒါကို ငါက လက်ခံပြီး ကိုလွင့်ဆီမှာ ကွာရှင်းခွင့်တောင်းပြီး နောက်ယောက်ျား ယူလိုက်တာပဲ။ အဲ ... ငါ့ရဲ့နောက်ယောက်ျား မိဘတွေကတော့ ချမ်းလည်းချမ်းသာတယ်၊ သူတို့ရဲ့ တစ်ဦးတည်းသော သားကိုလည်း သိပ်အလိုလိုက်တယ် ... ကဲ ... ငါ့ဇာတ်လမ်း ဒီလောက်အရှည်ကြီး အသေးစိတ် ပြောလာတာ ဘာဖြစ်လို့ ပြောနေတာမှတ်သလဲ နွေးနွေး။ သဲသဲကော မေမေ ဒါတွေဘာလို့ ပြောတယ် ထင်သလဲ"

သဲသဲက မသိဘူးဟု ခေါင်းခါပြသည်။

"အေး ... ဒီတော့ ကိုလွင်ဟာ အရွယ်ရှိသေးတယ်။ အထီးကျန် ဆန်လွန်းနေတယ်။ ဒါကြောင့် သူနဲ့လက်အထပ်သင့်ဆုံးဟာ နွေးနွေးပဲလို့ ပြောချင်လို့ ငါ ဒီလောက် အရှည်ကြီး စကားခင်းတာ"

"အို ... အန့်တီသီဂီကလည်း မဖြစ်နိုင်တာ"

"မဖြစ်နိုင်တာကို ငါမပြောဘူး။ ဖြစ်နိုင်တာမို့ ငါပြောနေတာပဲ နွေးနွေး၊ ကိုလွင်ဟာ ခြေတစ်ဖက် မရှိပေမယ့် ကျန်းမာရေး ကောင်းတယ်၊ အရွယ်ကျန်သေးတယ်၊ ရုပ်လည်းခန့်ချောကြီး ... ဒါတွေ ဘေးချိတ်ထား။ ငါဟာ တစ်သက်လုံး ငါ့အတွက်သာ ငါကြည့်တဲ့ အတ္တသမား။

www.burmeseclassic.com

www.burmeseclassic.com



အခု မွေးမွေးကို ငါနားချတာဟာ ငါ့သမီးလေး သဲသဲရဲ့ နောင်ရေးကောင်းစေဖို့ အတွက်သဘောနဲ့ ငါပြောတာ။ သဲသဲ အတွက် အဓိကထား ပြောနေတာ။

"သဲသဲအတွက် အနီးကပ် သွန်သင်ဆုံးမ ယုယပိုက်ထွေးဖို့ မိခင်ကောင်းတစ်ယောက် လိုအပ်နေတာ အခုန်ပဲ။ သဲသဲ ရှေ့လျှောက်လိမ္မာရေးခြား ရှိလာဖို့၊ ပညာတတ်ကြီး ဖြစ်လာဖို့၊ အရာရာမှာ အဆွေးအဆော် အယုအယတွေ မမှား ဖို့အတွက် မိခင်စိတ်၊ မိခင်စေတနာ၊ မိခင်မေတ္တာတွေ ပေး နိုင်သူဟာ မွေးမွေးပဲ၊ ပြီး မွေးမွေးဟာ ငါ့အစ်မက မွေး ထုတ်တဲ့ ငါ့တူမ အရင်းခေါက်ခေါက်လည်း ဖြစ်နေလို့"

အန်တီသီဂီသည် ရှည်လျားစွာ ပြောပြီး စကားတစ် ထောက် နားလိုက်ပါ၏။ စကားကိုနားရင်း မွေးမွေးကိုရော သဲသဲကိုရော အကဲခတ်နေပေသည်။

"မေမေ ပြောတာကို သဲသဲ ဘယ်လိုသဘောရသလဲ သဲသဲ။ မေမေ့ကို သမီးရင်ထဲမှာ ရှိတဲ့အတိုင်း အမှန်ကို ပြောပါသမီး"

"သဲသဲ ဘာပြောရမယ်မှန်း မသိဘူး မေမေ။ အန်တီမဒူ တို့ အန်တီချယ်ရီ တို့ကိုတော့ ဖေဖေနဲ့ ပတ်သက်ပြီး တင်းတင်းမာမာ စိတ်လည်းထားတယ်၊ တင်းတင်းမာမာ လည်း ပြောတယ်။ ဖေဖေကိုယ်တိုင်ကလည်း သူတို့ကို သဲသဲ သဘောမတူမှန်းသိလို့ ဘာဆိုဘာမှ ဒီကိစ္စမှာ မလှုပ်ရှားဘူး။ အခု မမမွေးနဲ့ မေမေကပြောတော့ သဲသဲ အံ့သြသွားတယ်၊ ဒုတိယ ရင်ထဲမှာ ခံစားလိုက်ရတာ



တစ်မျိုးကြီးပဲ၊ မေမေရဲ့ ဆန္ဒနဲ့ မေမေရဲ့ တိုက်တွန်းချက်ဟာ သမီးအတွက် အဓိကထားတယ် ဆိုတာလည်း သဲသဲ သဘောပေါက်ပါတယ်၊ သဲသဲကိုယ်တိုင်ကလည်း မမမွေးကို ချစ်နေတာပဲ၊ ဒါပေမယ့် မေမေ၊ သဲသဲ ရင်ထဲမှာ အပြင်း ထန်ဆုံး ခံစားနေရတာ တစ်ခုတော့ ရှိနေတယ်"

"ဘာများလဲ သမီး"

"တစ်လောကလုံးမှာ ဖေဖေဟာ သဲသဲကိုသာ အချစ်ဆုံး ဖြစ်ရမယ်၊ သဲသဲထက်ပိုပြီး ချစ်သွားတဲ့သူ ဖေဖေ့မှာ ရှိလာဘာမျိုးကို သဲသဲ လုံးဝကြီးကို လက်မခံဘူး၊ အဲဒါ တစ်ခုပါပဲ မေမေ"

အန်တီသီဂီက သဲသဲ မာန်လေး အားလေးနှင့် တက်ကြွစွာ ပြောသည်ကို သေချာ ဆုံးအောင် နားထောင်ပြီးနောက် တဟဲဟဲ ရယ်ချလိုက်ပေသည်။ ပြီး သမီး သဲသဲကို ကျစ်ကျစ်ပါ အောင်လည်း ဖက်ထားလိုက်သည်။

ပြီးမှ ညင်သာအေးဆေးသံနှင့် ပြောပေသည်။

"သမီးဟာ သမီးဖေဖေကို ချစ်တဲ့နေရာမှာ ကြီးမားတဲ့ အလုံးအခဲကြီးအတိုင်း အကန့်မရှိ ပိုင်းခြားချက် မရှိဘဲ အတုံးလိုက် အတစ်လိုက်ကြီး ချစ်တာကလွဲပြီး တခြား ခွဲခြားမှုကို သမီး မသိဘူး"

"မသိဘူး မေမေ ... ဖေဖေ့ကို သမီး သိပ်ချစ်တာတစ်ခုပဲ သိတယ်"

"နှင်းဆီပွင့်ဟာ နှင်းဆီပန်းကိုပဲ ပွင့်တယ်၊ စံပယ်ပင်ဟာ စံပယ်ပန်းကိုပဲ ပွင့်တယ်၊ နှင်းဆီပင်မှာ စံပယ်မပွင့်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



စံပယ်ပင်မှာလည်း နှင်းဆီ မပွင့်ဘူး၊ အဲဒါ သမီးမျက်မြင် လက်တွေ့နော်"

သဲသဲ ခေါင်းညိတ်ပြသည်။

"အမျိုးအစားခြင်းကိုက တခြားစီ ဖြစ်နေတာကိုးသမီးရဲ့။ မေမေ ဆိုလိုတာက သားသမီးနဲ့ မိဘ အပြန်အလှန်ချစ်တာက တစ်မျိုး။ နှင်းဆီပင်ဟာ နှင်းဆီပန်းပဲ ပွင့်တယ်လို့ ဥပမာနဲ့ နှိုင်းယှဉ်။

"အဲ ... လင်နဲ့မယား ချစ်ကြတာကျတော့ သီးသန့်တစ်မျိုး။ စံပယ်ပင်ဟာ စံပယ်ပန်းပဲ ပွင့်တဲ့ ဥပမာနဲ့ နှိုင်းယှဉ်။ မိဘနဲ့ သားသမီး အပြန်အလှန် ချစ်တာကို ငါးရာနှစ်ဆယ့်ရှစ် မေတ္တာလို့ ခေါ်တယ်။ လင်နဲ့မယား ချစ်တာကြတော့ တစ်ထောင့်ငါးရာ ကိလေသာ အချစ်လို့ ခေါ်တယ်"

သဲသဲက ကောက်ခါငင်ကာ ချက်ချင်း ပြန်မေးပါ၏။

"ဒါဆို လင်မယားချစ် တစ်ထောင့်ငါးရာ ကိန်းဂဏန်းက သားသမီးချစ် ငါးရာနှစ်ဆယ့်ရှစ်ထက် ပိုပြီး များနေတာပဲ မေမေ"

"မဆိုင်ဘူး သမီးရဲ့။ အမျိုးအစားခြင်းကိုက တစ်မျိုးစီ ကွဲပြားနေတာပဲ။ နှင်းဆီပွင့်က စံပယ်ပွင့်ထက် ပိုကြီးရကောင်းလားလို့ ပြောလို့မှ မဖြစ်တာ။ နှင်းဆီဟာ နှင်းဆီ၊ စံပယ်ဟာ စံပယ်ပဲ ... သမီးသဘောပေါက်ရဲ့လား"

"ရေးတေးတေးပဲ မေမေ"

"ဒါဆို ... မေမေ နောက်ထပ်ဥပမာတစ်ခု ပြောမယ်။ သမီး ဆင်ကို မြင်ဖူးပါတယ်နော်"



"မြင်ဖူးတာပေါ့မေမေ ... တိရစ္ဆာန်ဥယျာဉ် ရောက်တိုင်း ဆင်ကို မြင်နေတာပဲဟာ"

"ဆင်ဟာ အကောင်အကြီးကြီးနော်"

သဲသဲ ခေါင်းညိတ်ပြသည်။

"သမီး နောက်ထပ် ရေဆင်ဆိုတာကိုကော မြင်ဖူးလား"

"ဟင့်အင်း မမြင်ဖူးဘူး၊ ကြားတော့ ကြားဖူးတယ်"

"မေမေ ပြောမယ် ... ရေဆင်ဆိုတာ ပုံပန်းသဏ္ဌာန် ရုပ်ကတော့ ဆင်အတိုင်းပဲ။ ဒါပေမယ့် အကောင်ကျတော့ သေးသေးလေး။ တော်ရုံကြွက်တစ်ကောင် အရွယ်လောက်ပဲ ရှိတယ်။ ဒါပေမယ့် ရေဆင်အကောင်သေးသေးလေး ရှိတဲ့နေရာကို ဆင်အကောင်အကြီးက ဖြတ်မသွားရဲဘူး၊ ကြောက်တယ်၊ အဲဒါ ဘာလို့လဲ သမီးသိလား"

"မေမေပဲ ပြောပြပါ"

"တန်ခိုးစွမ်းအား ထက်မြက်လို့ပဲ သမီး။ အလားတူပဲ ငါးရာနှစ်ဆယ့်ရှစ် မေတ္တာဟာ ကိန်းဂဏန်းငယ်ပေမယ့် စွမ်းအားထုထယ် ပိုကြီးတယ်။ တစ်ထောင့်ငါးရာ အချစ်ဆိုတာကတော့ သမီးမြင်ဖူးတဲ့ ဆင်ကြီးရဲ့ သဘောမျိုးပဲ။ မေမေ့ကိုပဲကြည့်၊ နောက်ထပ် အိမ်ထောင်ပြုတဲ့ ယောကျ်ားနဲ့ ကလေးနှစ်ယောက်တောင်ရပြီ၊ နောက်ယောကျ်ားနဲ့ မေမေဟာ တစ်ထောင့်ငါးရာ မေတ္တာနဲ့ပဲ ချစ်ကြတာပဲ။ ဒါပေမယ် ငါးရာနှစ်ဆယ့်ရှစ် မေတ္တာဖြစ်တဲ့ သမီးလေး သဲသဲကိုလည်း မေမေ့ ရင်ထဲ နှလုံးထဲက ချစ်မြဲချစ်နေတာပဲ။ ဒါဆို သဘောပေါက်ရောပေါ့သမီး"

www.burmeseclassic.com

www.burmeseclassic.com



သဲသဲ ငြိမ်သွားသည်။

မေမေ၏ မေတ္တာနှစ်ခုကို သရုပ်ခွဲပြီး ပြသည်ကို အဘယ်သူက မဟုတ်ပါဟု ငြင်းနိုင်ပါအံ့နည်း။

သဲသဲ သဘောပေါက်ပါ၏။ သို့သော် ခေါင်းတော့ ညိတ်မပြပေ။

နွေးနွေး ခရာလည်း မျက်နှာမထားတတ်တော့ပြီ။ သဲသဲကို မျက်လုံးချင်းဆိုင် ကြည့်ဖို့ပင် မဝံ့မရဲ ဖြစ်လာရသည်။

နွေးနွေး နားရွက်ဆော့ နီလာသည် အထိ ရှက်မိပါ၏။

အန်တီသီဂီကို နွေးနွေး ကြောက်သည်။ ငယ်စဉ်ကတည်းက ကြောက်ခဲ့ရသော ငယ်ကြောက် ဖြစ်နေပါ၏။ သူမ၏ မိခင်ကို မမနွေး ကြောက်ပြီး တအားရှက်နေသည်ကို သဲသဲ ရိပ်မိသည်။ မေမေသည် အဆိပ်ပြင်းသည့် မြွေတစ်ကောင်လို မာန်ကြီးသည်။ မမနွေးနှင့် ဘာမျှမဆိုင်။ မမနွေးက အဆိပ်မရှိတဲ့ ရေမြွေ မာန်ကြီးရကောင်းမှန်းမသိသော သမင်ဖို။

မေမေနှင့် မမနွေး ဘာမှမတူ၊ မတူတာမှ အစစ အရာရာ မတူတာခြင်းမျိုး။

မေမေ ဒေါ်သီဂီက ဆက်ပြောပြန်သည်။

"နောက်ထပ် ပြောဦးမယ်၊ သမီးက တဖြည်းဖြည်း အသက်လေးကြီးလာမယ်၊ ပညာတတ် ဘွဲ့တွေ ဘာတွေ ရလာမယ်၊ အရွယ်ရောက်ပြီး အရာရာပြည့်စုံတာနဲ့ သမီး လက်ထပ်မယ်၊ အိမ်ထောင်ဘက် ရှိလာမယ်၊ သမီးရဲ့ အိမ်ထောင်ဘက် တာဝန်ကျရာ လုပ်ငန်းရှိရာနောက်ကို သမီး လိုက်



သွားတဲ့အခါ ဒီအဖေကြီးကို ထားခဲ့ရတော့မယ်၊ သမီးဖေဖေက သမက်အိမ် လိုက်နေမယ့် လူစားမျိုး မဟုတ်ဘူး"

"ဖေဖေ့ကို ဘယ်တော့မှ မထားခဲ့ဘူး၊ ဘယ်တော့မှမခွဲဘူး၊ သမီးတစ်သက် ဖေဖေနဲ့ပဲ အတူတူနေမယ်၊ သမီးယောကျ်ားယူလည်း ဖေဖေ့ဆီမှာ လာနေမယ့် ယောကျ်ားကိုမှယူမယ်"

ဒေါ်သီဂီ ခေါင်းခါပြသည်။

"ဒါက ... အခုလက်ရှိအရွယ် လက်ရှိစိတ်၊ လက်ရှိအခြေအနေပေါ်မှာ မူတည်ပြီး ပြောတာပါ။ လက်တွေ့မှာမလွယ်ဘူးသမီး၊ လျှောင်နောက် ဆံထုံးပါမျိုးပဲ ဖြစ်တာချည်းပဲ"

"အိုး ... ဘာပဲဖြစ်ဖြစ် သမီး ဖေဖေနဲ့ တစ်သက်လုံးအတူနေမယ်။ ဖေဖေ့ကို သမီး အမြဲပြုစုမယ်"

"ကောင်းပြီ ... သမီး ဖေဖေနဲ့ အတူတူ နေတယ်ထား၊ သမီးအိမ်ထောင်ကျလို့ သားသမီးတွေ ထွန်းကားလာတဲ့အခါ သားသမီးတွေကို ဂရုစိုက်ပြုစုနေရပဲနဲ့ ဒီအဖေကြီးတာဝန် သမီးရာနှုန်းပြည့် ဆောင်ရွက်ပေးနိုင်မတဲ့လား။ ဝေးသေး။ အခု သမီးနဲ့ နီးစပ်တဲ့ ပတ်ဝန်းကျင်က အဖေအိုနဲ့ အတူနေတဲ့ အိမ်ထောင်သည် သားသမီးတွေကိုပဲ လက်တွေ့ကြည့်။ သူတို့ဟာ ကိုယ့်လင်ကိုယ့်သားထက်ပိုပြီး ကိုယ့်အဖေကို ဂရုစိုက်နိုင်ကြရဲ့လား။

"ဒီတော့ တကယ့် ရာသက်ပန် အနီးကပ်ပြုစုနိုင်တာက လင်နဲ့မယားပါ သမီး၊ ဒါကြောင့် ကိုလွင် အရွယ်ကောင်းတုန်းမှာ သင့်တော်သူ တစ်ယောက်နဲ့ အိမ်ထောင်ပြုထားရမယ်၊ အခု မေမေပြောတာတွေဟာ သမီးဖေဖေအတွက်

www.burmeseclassic.com

www.burmeseclassic.com



ရေရှည်ကိစ္စပါ။ အခုလက်ဆာလောအမြင်-လက်တလောစိတ်နဲ့ မပြောနဲ့သမီး။ ဒီတော့ သမီးရဲ့ဖေဖေ အိမ်ထောင်ဘက်ရွေးရင် ဆရာဝန်ဖြစ်လာမယ့် နွေးနွေးဟာ အသင့်တော်ဆုံးပဲ"

သဲသဲသည် သူ့အမေပြောသမျှ အလေးအနက်နားထောင်ပါ၏။ အသက်ငယ်သေးသူ ဖြစ်ပေမယ့် မိဘအိမ်ထောင်ရေး အဆင်မပြေသည့်အတွက် မိတဆိုးလေးဘဝဖြင့် အလေးအနက် တချို့ကိုလည်း သဲသဲ တွေးခေါ်တတ်ပါ၏။

"သဲသဲ ... ဘာမှမပြောတတ်တော့ဘူး မေမေ။ အခု မေမေ ပြောနေသမျှတွေဟာ သမီးအတွက်နဲ့ ဖေဖေ့အတွက် ချည်းမှန်းလည်း သမီး သဘောပေါက်ပါတယ်။ ဒါပေမယ့် အခု မေမေ ပြောသမျှတွေဟာ မေမေ့ဆန္ဒကိုချည်း ပြောနေတာပါ။ ဒီကိစ္စမှာ ဖေဖေ့ရဲ့ ဆန္ဒနဲ့ မမနွေးရဲ့ဆန္ဒက အရေးအကြီးဆုံးပါ မေမေ"

"အေး ... မှန်တယ် ... နွေးနွေး အဖို့ကတော့ သူ့အမေလည်း မရှိတော့ဘူး။ ဖအေကြီးကလည်း ဆေးရုံမှာ၊ ဒီတော့ အဒေါ်ရင်းဖြစ်တဲ့ မေမေကပဲ သူ့အမေနေရာကနေပြီး စီစဉ်ပေးတာကို လက်ခံရမှာပဲ"

နွေးနွေးသည် အန်တီသီဂီကို မျက်ဝန်းလှန်ပြီး ကြည့်လိုက်သည်။ ငယ်ကြောက်ဖြစ်သော အန်တီသီဂီကို စောဒကပြန်တက်လျှင်လည်း အပိုပဲဖြစ်သည်။ အန်တီသီဂီက အပေါ်စီးမှ အနိုင်အထက် ပြောမှာ သေချာသည်။ ပြီး ယခုကိစ္စက အန်တီသီဂီ၏ ဆန္ဒသာလျှင် ဖြစ်သည်။ တကယ့်လက်တွေ့တွင်မူ



တခြားအကြောင်းတွေ အများကြီးရှိသည်။ ပြီးအန်တီသီဂီက နက်ဖြန်သန်ဘက် လားရှိုးပြန်တော့မည်မို့ ဘာမှ စောဒကမတက်တော့ဘဲ နေမြဲပင် ငြိမ်နေလိုက်သည်။

အန်တီသီဂီ ဆက်ပြောပြန်သည်။

"ညက သမီးဖေဖေ ကိုလွင်နဲ့ မေမေ တယ်လီဖုန်း တစ်နာရီလောက် ပြောတယ်ဆိုတာကလည်း နွေးနွေးကို ကိုလွင်နဲ့ လက်ထပ်ဖို့ မေမေက တီးခေါက်ပြီးပြောရင်း စကားတွေ တစ်နာရီလောက်ကြာအောင် ပြောဖြစ်သွားတာ"

နွေးနွေး မနေနိုင်တော့ အန်တီသီဂီက ဦးလေးလွင်အထိ နားပေါက်အောင် ပြောပြီဆိုလေတော့ နွေးနွေး ဝင်ပြောရပေတော့မည်။

"အန်တီက ဒီအကြောင်း ဦးလေးလွင်ကို တီးခေါက်တယ်ဟုတ်လား ... နွေးနွေး ရှက်လိုက်တာ အန်တီရယ် ... ဦးလေးလွင်ရဲ့ မျက်နှာကို နွေးနွေး ဘယ်လိုကြည့်ရဲတော့မှာလဲ"

"ဟဲ့ ... ငါက တီးခေါက်တယ် ဆိုတာက တိုက်တွန်းတာတာရယ် အကြံပြုတာရယ်ပဲ ပြောတာ"

သဲသဲက ဝင်မေးသည်။

"အဲဒီတော့ ဖေဖေက ဘာပြောလဲ မေမေ"

သဲသဲ မေးလိုက်သော မေးခွန်းကို နွေးနွေး ကိုယ်တိုင် ရင်ထဲက သိပ်မေးချင်နေသော မေးခွန်းဖြစ်နေပါ၏။ ဦးလေးလွင်၏ သဘောထား ဘယ်လိုရှိသည်ကို နွေးနွေး သိပ်သိချင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဒီမေးခွန်းကို အန်တီသီဂီအား နွေးနွေး မမေးရဲပါလေ။ ယခု သဲသဲက မေးလိုက်သည်မှာ အထောက်ဖြစ် သွားပေသည်။

"ကိုလွင်က သူ့ကိုယ်သူ သိက္ခာသမာဓိနဲ့ နေတဲ့လူပဲ သမီးရယ်၊ လူကြီးဆန်ဆန် မှုမှုတတ စကားမျိုးတွေ ပြောတာပေါ့၊ ဒါပေမယ့် မေမေ အကြံပြုတိုက်တွန်းတာကို ကိုလွင် စိတ်ဝင်စားပါတယ်တဲ့၊ ဒါပေမယ် နွေးနွေးဟာ အနာဂတ်မှာ သိပ်အလားအလာကောင်းတဲ့ မိန်းကလေးပါတဲ့၊ ဆရာဝန် ဖြစ်မှာလည်း သေချာနေပြီတဲ့၊ သမီးသဲသဲနဲ့ ဒုက္ခိတ သူ့ကို ငဲ့ပြီး သူ့ကို လက်ထပ်လိုက်ရင် နွေးနွေးဟာ နွေးနွေးရဲ့ဘဝကို စတေးပစ်သလို ဖြစ်သွားမှာ စိုးရတယ်တဲ့။ သူ့ကို အရွယ်အို ဒုက္ခိတကို လက်ထပ်လိုက်တာဟာ နွေးနွေးရဲ့ ဘဝကို သတ်ပစ်သလို ဖြစ်သွားမယ်တဲ့။ နွေးနွေးကို သက်တူရွယ်တူ၊ ပညာအဆင့်တူ၊ မိဘမျိုးရိုး ကောင်း လူငယ်တွေ နှစ်သက်စုံမက်မှုတွေ ရှိပါတယ်တဲ့၊ နွေးနွေးကို ကိုလွင်က ပန်းကောင်းအညွန့်ချိုး မလုပ်ရက်ဘူးတဲ့"

"ဒါဆို ဖေဖေက မမနွေးကို လက်မထပ်ဘူးဆိုတဲ့ သဘော ပေါ့နော် မေမေ"

သဲသဲ၏ စကားကို နွေးနွေး ကိုယ်တိုင် ခေါင်းညိတ်လိုက်မိသည်၊ နွေးနွေး ရင်ထဲက ဒါဆို ဦးလေးလွင်က ငါ့ကို လက်ထပ်ဖို့ ငြင်းလိုက်တာပေါ့ဟု ရေရွတ်မိသည်။

"မေမေ သမီးကို ဥပမာတစ်ခုပြောမယ်၊ သမီးသိပ်ပြီး



ထမင်းဆာနေတဲ့ အချိန်မှာ အသီးအိမ်တစ်အိမ် ရောက်သွားတယ်၊ အဲဒီအိမ်ကလည်း ထမင်းဝိုင်းစားနေတဲ့ အခိုက်နဲ့လည်း သမီးကြုံတယ်။ သမီးရောက်သွားတော့ ...

"လာ ... သဲသဲ ... ထမင်းစားပါဦးလားလို့ ခေါ်ရုံနဲ့ ထမင်းဝင်စားမလား"

"ဘယ်စားမလဲ မေမေ ..."

"ဟုတ်ပြီ ... သမီးအသိ မိတ်ဆွေက သဲသဲကို အတင်းထ လာပြီး လာ ငါနဲ့အတူတူ စားစမ်းပါ ငါ နင်နဲ့စားရတာ ပျော်လို့ ဝမ်းသာလို့ပါဆိုပြီး ဆွဲခေါ်ရင်ကော ... သမီး က ဗိုက်ဆာနေတာနော်"

"ဒါဆိုရင်တော့ ဝင်စားမိမှာပေါ့ မေမေ၊ သဲသဲက ဗိုက်ဆာ နေပြီပဲဟာ"

"အေး ... အဲဒီသဘောပဲ။ သမီးရဲ့ဖေဖေ ကိုလွင့်မှာ အဲဒီ သဘော ရင်ထဲမှာ ရှိနေပုံရတယ်၊ ကိုလွင်ပြောပုံက သူ့ရဲ့ အရှိန်အဝါ၊ မေမေရဲ့ ဩဇာအာဏာတွေသုံးပြီး နွေးနွေးက ကြောက်လို့ မလွှဲသာလို့ သူ့ကို လက်ထပ်ရတာမျိုး ဖြစ် နေရင် သူလက်မခံဘူးတဲ့၊ နွေးနွေး ကိုယ်တိုင်က သူ့အပေါ် မှာ ခင်မင်စိတ်၊ မေတ္တာစိတ်၊ ကရုဏာစိတ်တွေ သက်ရောက် ပြီး နွေးနွေး ကိုယ်တိုင်က လိုလိုလားလား ရှိလာရင်တော့ နွေးနွေးကို သူ လက်ထပ်မယ်ဆိုတဲ့ သဘောမျိုးပဲ"

အန်တီသီဂီသည် နွေးနွေးအား လှည့်ကြည့်လိုက် သည်။

နွေးနွေး ခေါင်းငုံ့ထားပါ၏။

www.burmeseclassic.com

www.burmeseclassic.com



အန်တီသီဂီက တယုတယသပင် နွေးနွေး၏ လက်တဖက်ကိုဆွဲကာ လက်ဝါးချင်း ဆုပ်ကိုင်ထားသည်။

"ကိုလွင်ဟာ ... နွေးနွေးကို စိတ်ဝင်စားနေတာ အမှန်ပဲ စိတ်မဝင်စားရင် အန်တီပြောတာကို ချက်ချင်း သူဖုန်းချ ပစ်မှာ။ နောက်ပြီး သူပြောတဲ့ စကားတွေက သူ့ကိုလက် ထပ်ရင် နွေးနွေးဘာ နစ်နာသွားရမယ်။ နွေးနွေးဘဝက် သူက သတ်သလို ဖြစ်သွားမယ် ဆိုတာတွေက နွေးနွေးကို ငဲ့ညှာတာရှာထားလို့ပါ ... နွေးနွေးကို သူ လက်ထပ်ချင် ပါတယ်။ မေတ္တာသက်ဝင်ပါတယ်ဆိုတဲ့ သဘောမျိုးတွေ သက်ဝင်နေတာပဲ၊ အင်းပေါ့လေ ... ခုမှ အန်တီပြောတ အတိုင်းပဲ ကိုလွင်ဟာ ထမင်းဆာနေတဲ့လူပါ၊ အိမ်ရှင်က ဝတ်ကျေဝတ်ကုန် ခေါ်တာမျိုး ဆိုရင်တော့ သူဆာချ ဆာပါစေ မစားဘူးဆို။ အိမ်ရှင်က ဖော်ဖော်ရွေရွေ တကယ်စားစေချင်တဲ့ စေတနာနဲ့ ခွာခေါ်ရင်တော့ ဝ စားမှာပါ"

အန်တီသီဂီ ပျော့ပျောင်းသော အသွင် ပြောင်းသွားသည်။ သက်ပြင်းရှည်တစ်လုံးကိုလည်း ဆွဲဆွဲငင်ငင် ချလိုက်သည်။

"အန်တီ လားရှိုးက လိုက်လာကတည်းက ကိုလွင်ရဲ့ မိသားစုကို ခိုကုတ်နတ်ပြည်တင်မယ်၊ သားချွေးအိုးထ လာတာကို မြင်ရမယ်ဆိုတဲ့ စိတ်နဲ့ ဆင်းလိုက်လာတာ နွေးနွေး ကိုလွင့်ကို လက်ထပ်ရင် ပထမဆုံး သဲသဲအတွ အကောင်းဆုံးဖြစ်မယ်၊ နံပါတ်နှစ်အနေနဲ့ ကိုလွင်ဘကျိ ဖြစ်နေတာ နွေးနွေးနဲ့သာဆိုရင် ရာသက်ပန် ကောင်းသွ



မယ်၊ ကိုလွင်ရော သဲသဲရော နွေးနွေးရော သုံးယောက်စလုံး ဟာ အန်တီရဲ့ ကြီးမားတဲ့ သံယောဇဉ်ရှိသူတွေချည်းပဲ မဟုတ်လား။

"အခုဆို ကိုလွင်ဟာ သိန်းပေါင်းများစွာ ချမ်းသာနေတယ်၊ ကိုလွင် တခြားမိန်းမတစ်ယောက်ကို ယူလိုက်ရင် ကိုလွင် ချမ်းသာတာတွေ ဘေးကိုစင်ထွက်ကုန်မယ်၊ ဒီတော့ ဖိတ် ချင်းဖိတ် ကိုယ့်အိတ်ထဲပဲ ဖိတ်စေချင်လို့ပဲ နွေးနွေး၊ လာ ကတည်းက နွေးနွေးကို အန်တီ အာဏာသုံးပြီး ကိုလွင့် ကို လက်ထပ်ရမယ်လို့ ပြောဖို့ပဲ ... ဒါပေမယ့် ..."

အန်တီသီဂီသည် နွေးနွေး၏ လက်ဖဝါးကို သူမ၏ လက်ဖဝါးဖြင့် ပွတ်နေသေးသည်။ ပြီးမှ သူမ၏ ဒါပေမယ့်ဟု ပြောထားသော စကားကို ဆက်ပြောသေးသည်။

"မေတ္တာကို မေတ္တာနဲ့ မေတ္တာချင်း ပေါင်းစပ်ရုံမက မိဘ အမွေဖြတ်ခံပြီး လက်ထပ်ပေါင်းသင်းခဲ့တဲ့ ကိုလွင်နဲ့ အန်တီ ရဲ့ ပေါင်းသင်းမှုဟာတောင် ပြိုကွဲသွားပါတယ်တဲ့၊ တကယ် လို့ နွေးနွေးက မေတ္တာမပါဘဲ အလွမ်းမိုးခံပြီး မလွန်ဆန် နိုင်လို့ ကိုလွင့်ကို လက်ထပ်ရတာမျိုးဆိုရင် နွေးနွေးအတွက် လည်း မကောင်းဘူး၊ သူ့အတွက်လည်း မကောင်းဘူးတဲ့၊ နွေးနွေးဟာ လူသားတစ်ယောက်ပါတဲ့၊ အပေါ်က ဖိအား ကောင်းလို့ အဖိခံထားရတဲ့ စက်ပလိန်တစ်ခုဟာ ဖိအား ပျက်ပြယ်တာနဲ့ ပြန်တွန်းကန်မှာပဲတဲ့၊ နွေးနွေးရဲ့ မေတ္တာ မပါဘဲ သူ့ကို လက်ထပ်ပြီး နောင်တစ်ချိန် တွန်းကန်ရင် သူ့အဖို့ နစ်ခါမှာ ဖြစ်မယ်တဲ့၊ ဒုတိယအကြိမ်ထပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ပျက်ရင် သူ့ဘဝမှာ ရှက်လွန်းလို့ လူတောထဲ မျက်နှာပြရဲစရာတောင် မရှိတော့ဘူးတဲ့၊ ဒုတိယအကြိမ် မြက်နုကြိုက်တဲ့ နွားအိုကြီး ဒုက္ခတွေ့ခြင်းပြီဆိုတာမျိုး ဝိုင်းအကဲ့ရဲ့ခံရမှာတဲ့။ သူ့အတွက် မိအေးနှစ်ခါနာ ဖြစ်သွားမယ်တဲ့။

"သူပြောတာ အဲဒီစကားတွေပါပဲ နွေးနွေး၊ သူ့စကားတွေကို အန်တီဟာ အလွန်အခင်း စိတ်မကောင်းစွာနဲ့ပဲ မငြင်းနိုင်ပါဘူး၊ ဒါကြောင့် ဒီကိစ္စမှာ အန်တီက နွေးနွေးကို စိကုတ် နတ်ပြည်တင် ဖွတ်လုပ်တာမျိုး မလုပ်ချင်တော့ပါဘူးကွယ်၊ နွေးနွေး ရင်ထဲမှာ ဖြစ်ပေါ်လာတဲ့ နွေးနွေးရဲ့ ဆုံးဖြတ်ချက်အတိုင်းပဲ လုပ်ပါ၊ ဟုတ်တော့လည်း ဟုတ်တာပေါ့လေ ... ယောက်ျားနဲ့မိန်းမ လက်ထပ်တယ်ဆိုတာ မေတ္တာအရင်းခံ မဟုတ်ရင် သာယာစိုပြည်မှုလည်း မရှိနိုင်ဘူးပေါ့၊ ကဲ ... စကားတော်ကြီးတောင် ကြာသွားပြီ၊ သမီးနဲ့နွေးနွေး ပြန်သင့်ပြီ၊ အောက်မှာ ကိုမိုင်း ကားနဲ့လာစောင့်နေလောက်ပြီ"

သဲသဲက အံ့သြစွာ မေးလိုက်သည်။

"အယ် ... ဦးမိုင်းက ဒီမှာလာစောင့်တယ် ဟုတ်လား မေမေ"

အန်တီသီဂီ ပြုံးပါ၏။

"ညက ကိုလွင်နဲ့မေမေ ဖုန်းပြောပြီးတော့ မေမေ ဒီလမ်း၊ ဒီတည်းခိုခန်းမှာ တည်းခိုတယ်လို့ လိပ်စာ ကိုလွင်ကို ပေးလိုက်တယ်၊ ကိုမိုင်းကို ဒီလိပ်စာအတိုင်း သဲသဲကို



လာကြိုလို့ ပြောထားတယ်"

"ဟင် ... ဒါဆို နွေးနွေးက ဦးလေးလွင်ကို ရုပ်ရှင်ကြည့်မလိုပါလို့ ပြောတာကို လိမ်ညာပြောမှန်း ဦးလေးလွင် သိသွားတာပေါ့နော် ... နွေးနွေးကို အထင်သေးတော့မှာပဲ"

"ဒါကတော့ နွေးနွေးရယ် လိမ်ညာတယ်ဆိုတာ နှစ်မျိုးရှိတာပဲ။ သူတစ်ပါးအကျိုး ပျက်စီးသွားအောင် လိမ်ညာတာကတော့ မကောင်းတဲ့ လိမ်ညာခြင်းပေါ့။ မုသားမပါ လင်္ကာမချော ဆိုသလို သူတစ်ပါးအကျိုး မပျက်စီးစေဘဲ အဆင်ချောဖို့ လိမ်ညာရတာမျိုးကျတော့ ခွင့်လွှတ်ရမှာပေါ့။ ကိုလွင်က နွေးနွေးကို လွှတ်လိုက်ကတည်းက ခွင့်လွှတ်ပြီးသားပါ"

အန်တီသီဂီကို နှုတ်ဆက်ပြီး ညီအစ်မနှစ်ယောက် အောက်ဆင်းလာကြသည်။ အန်တီပြောသည့် အတိုင်း ဦးလေးမိုင်း ကားနှင့် စောင့်နေသည်ကို တွေ့ရပါ၏။

"ဘယ်လိုလဲ သဲသဲ ... ရုပ်ရှင်တော်တော်ကောင်းရဲ့လား"

ဦးလေးမိုင်း ရယ်မောပြီး မေးလိုက်သည်။ သဲသဲက အညှာမခံ ကက်ကက်လန်လေး ပြန်ပြောသည်။

"သိပ်ကောင်းတာပေါ့ ဦးလေးမိုင်း၊ ဒီကမ္ဘာလောကမှာ မေမေ့ မျက်နှာလေးကို တစိမ့်စိမ့် ကြည့်ရတဲ့ ရုပ်ရှင်ထက် ဘယ်ရုပ်ရှင်ကမှ ပိုပြီးမကောင်းဘူး ... မှတ်ထား ဦးလေးမိုင်း"

"ဟုတ်ပါ့ ... ဟုတ်ပါ့"

ဦးလေးမိုင်းက သဲသဲနှင့် နွေးနွေး ကားပေါ်တက်ပြီး တံခါးပိတ်ပြီးသည်နှင့် မောင်းထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အန်တီသည် သဲသဲနှင့် နွေးနွေးကို ဘွက်မနှုတ်းဆက်တော့ပေ။ သူ့စိတ်ကို ဖြတ်လိုက်ဟန် ဟုပါ၏။

"ဦးလေးမှိုင်း ဖေဖေက ဘာတွေပြောသေးလဲဟင်၊ ဦးလေးမှိုင်းကိုတော့ ဖေဖေက တစ်ခါတလေ သူ့ရင်ထဲရှိတာတွေ ပြောတတ်ပါတယ်"

"အင်း ... ဆရာလွင်က ဦးလေးမှိုင်းကို ဘာတစ်ခွန်းမှတော့ မပြောပါဘူး သဲသဲ ... ဒါပေမယ့် ..."

"ဒါပေမယ့် ဘာဖြစ်လဲဟင်"

"ဆရာလွင် အရက်ပြန်သောက်တယ်ကွယ်"

"ဟင်"

သဲသဲရော နွေးနွေးရော အာမေဋိတ်သံ ပြိုင်တူထွက်လာပေသည်။

နွေးနွေး ဒီအိမ်ရောက်သည်မှာ ငါးလကျော် ခြောက်လထဲ ရောက်ပြီ၊ အရက်သောက်ခြင်း လုံးဝ နွေးနွေး မတွေ့ဘူးပါလေ။ အရက်သောက်လေ့ မရှိသော တချို့ယောက်ျားတွေ စိတ်ညစ်လျှင် အရက်သောက်သည်ဟု နွေးနွေး ကြားဖူးလေသည်။

ယခု ဦးလေးလွင် စိတ်ညစ်၍ အရက်သောက်ခြင်းပေလား။ ဦးလေးလွင်သည် ဘာကို အခါက စိတ်ညစ်သောကြောင့် အရက်သောက်လေသနည်း။

သဲသဲကို သူ့အမေနှင့် မလွှဲမရှောင်သာ တွေ့ခွင့်ပေးလိုက်ရသည်ကို စိတ်ညစ်သွားခြင်းပေလား။

သို့မဟုတ်။ အန်တီသီဂီက ဦးလေးလွင်အား မိမိ



...င် လက်ထပ်ဖို့ တိုက်တွန်းသည်ကိုပင် စိတ်ညစ်သွားပြီး အရက်သောက်ခြင်းပေလား။

ဦးလေးလွင် အရက်သောက်ခြင်းအတွက် နွေးနွေး ...တ်မကောင်း ဖြစ်ရပါ၏။

"ဖေဖေလေ မေမေနဲ့ ကွာရှင်းပြီး မေမေ အိမ်ကဆင်းသွားတုန်းက အရက်တွေ သောက်တာ သဲသဲ မှတ်မိတယ်၊ အရက်တွေသောက်ပြီး နေမကောင်းဖြစ်လို့ ဒေါက်တာဘာဘာဦးဘာသန်းကို ခေါ်ဆေးကုရတယ်၊ ဘာဘာဦးဘာသန်းက ခင်ဗျားနဲ့အရက် မတည့်ဘူး၊ အရက်များများသောက်ရင် ခင်ဗျား အသက်တိုမှာပဲတဲ့၊ ခင်ဗျားသမီးလေး သဲသဲနဲ့ မခွဲချင်ရင် ဆက်မသောက်နဲ့ အရက်ဖြတ်ပစ်ပါလို့ ပြောလို့ အရက်ဖြတ်တာ ခုချိန်ထိ တစ်ခါမှ ပြန်မသောက်တော့ဘူး၊ ဒီနေ့ ဖေဖေ ဘာလို့ အရက်သောက်သလဲ မသိဘူး မမနွေး"

"အိုကွယ် ... သဲသဲရယ်"

နွေးနွေးသည် သဲသဲကို ဆွဲပိုက်ခါ မျက်ရည်တွေ ...ကျလာတော့သည်။

ဪ ... မိန်းသားဘဝဆိုသည်က ခက်လှပါတကား။

မိန်းမသားအနေနှင့် ရင်တွင်း နှလုံးသားမေတ္တာကို ...ရင်ထဲမှာ ရှိသည့်အတိုင်း ကိုယ်က ထုတ်ဖော်လိုက်ပြန်ပါကလည်း...

မြင်းကမလှုပ် ခုံကလှုပ်သည်ဟု ကဲ့ရဲ့ပြစ်တင်ကြ...ပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာကြွယ်ဝပြီး ဥစ္စာပစ္စည်း မက်မောသောကြောင့် မိန်းကလေးတန်မဲ့ ကိုယ်က အတင်းလိုက်ကြိုက်သည်ဟု လည်း ဆိုကြပေမည်။

ကဲ့ရဲ့ခြင်း၊ စွပ်စွဲခြင်းတွေကို စိုးကြောက်လှသော နွေးနွေးတွင် ခက်မှခက်လှပါဘိ။

မိန်းမသားတစ်ဦး၏ တကယ့်မေတ္တာစစ် မေတ္တာမှန် ဆိုသည်ဟာ ကိုယ့်ဟာကိုယ် ရင်ထဲတွင် ကျိတ်မှိတ်မျိုသိပ်ထားနိုင်မှ မေတ္တာစစ် မေတ္တာမှန်ဟု ဆိုရလေမလား။

နွေးနွေး မျက်ရည်ကျရပါ၏။



## ၁၁

နွေးနွေး အိပ်မပျော်။

နွေးနွေး ခေါင်းထဲတွင် အတွေးတွေ ပလုံစီနေပါ၏။

စာကြည့်စားပွဲတွင်ထိုင်ရင်း အိပ်ပျော် အိပ်မောကျနေသော သဲသဲလေးကို ငေးကြည့်မိသည်။ သဲသဲ၏ ပါးပြင်လေးပေါ်ဝယ် မျက်ရည်စီးကြောင်းလေး ကျနေပြီး ခြောက်သွေ့စပင် ပြုနေပေပြီ။

သဲသဲသည် အိပ်မပျော်မီ သည်းသည်းထန်ထန် ငိုခဲ့ရှာပေသည်။

အန်တီသိဂီထံမှ ပြန်လာပြီး အိမ်ရောက်ချိန်တွင် ဦးလေးလွင်သည် စာကြည့်ခန်းတံခါးပိတ် အတွင်းကန့်လန့် ထိုးထားပေသည်။ အထဲတွင် ဦးလေးလွင် အရက်သောက်နေသည်ဟု ဒေါ်ပြုံးက ပြောသည်။

www.burmeseclassic.com

ဤအိမ်တွင် ဦးလေးလွင် အခန်းတံခါးပိတ်ထားလျှင် ကြိုက်ရသူမှာ သဲသဲ တစ်ယောက်သာ ဖြစ်ပေသည်။

အိမ်ရောက်သည်နှင့် ဒေါ်ပြုံးပြောသည်ကို ကြားရပြီး သဲသဲသည် သူ့ဖေဖေလွင်၏ စာကြည့်ခန်း ပိတ်ထားသော တံခါးကို ခေါက်လေတော့သည်။

"ဖေဖေ ... တံခါးဖွင့်ပေး" ဟုဆည်း အပြင်မှ အော်ပြောသည်။

ထိုစဉ်မှာပင် နွေးနွေးသည် အပေါ်ထပ်သို့ ပြေးတက်ခဲ့သည်။ ဦးလေးလွင်ကို လောလောဆယ် မျက်နှာချင်း မဆိုင်ရဲသောကြောင့် ဖြစ်ပါ၏။

အချက်နှစ်ချက်ကြောင့် နွေးနွေး ဦးလေးလွင်ကို ရင်မဆိုင်ရဲခြင်း ဖြစ်သည်။

ပထမအချက်မှာ သဲသဲကို ရုပ်ရှင်လိုက်ပြမည်ဟု ဦးလေးလွင်ကို လိမ်ညာခဲ့သောကြောင့် တစ်ချက်။

ဒုတိယအချက်မှာ အန်တီသိင်္ဂီက မိမိအား ဦးလေးလွင်ကို လက်ထပ်ဖို့ အကြံပြုတိုက်တွန်းသွားခြင်းကြောင့် ယခုလတ်တလော ဦးလေးလွင်ကို နွေးနွေး ရင်မဆိုင်ရဲခြင်း ဖြစ်သည်။

သဲသဲလေး အိမ်ပေါ်ပြန်တက်လာသည်ကို နွေးနွေး စောင့်သည်။

သဲသဲ ငိုပြီးတက်လာသဖြင့် နွေးနွေးက ဆီးကြိုမွေ့ပိုက်ချော့ရသေးသည်။

"သဲသဲ ဘာလို့လဲဟင်၊ ဖေဖေလွင်ကတံခါးဖွင့်မပေးလို့လား"

"ဖွင့်ပေးပါတယ်"



"ဒါဆို အန်တီသိင်္ဂီဆီကို သွားတဲ့အတွက် သဲသဲကို ဆူပူကြိမ်းမောင်းလိုက်လို့လား"

"ဆူတာတော့ ဆူတယ်၊ ဒါပေမယ့် မေမေနဲ့ သွားတွေ့တာကို အဓိကဆူတာ မဟုတ်ဘူး၊ တခြားစကားတွေ မျက်နှာထားကြီးနဲ့ သဲသဲကို ပြောတာ"

"ဘာတွေ ပြောလိုက်လို့လဲ သဲသဲ"

"နှင့်အမေဟာ အကြံသိပ်ကြီးတယ်တဲ့၊ ဉာဏ်သိပ်များတယ်တဲ့၊ အကွက်ချပြီး နှစ်ကောင်စားပြီး ကင်းယူတယ်တဲ့၊ ကိုယ့်လက်က လွှတ်သွားတဲ့ ငါးကြီးကို တံငါငှားပြီး ပြန်ဖမ်းခိုင်းတယ်တဲ့၊ ဆင်ရိုင်းကြီးကို ဆင်မယဉ်သာနဲ့ ဖြားယောင်းပြီး ကျုံးသွင်းတယ်တဲ့၊ ဖေဖေ ဘာတွေပြောမှန်း သဲသဲ နားမလည်ပါဘူး။ ဒါပေမယ့် မျက်နှာထားကြီးနဲ့ သဲသဲကိုကြည့်ပြီး နှင်နဲ့ ငါနဲ့ ရင့်ရင့်သီးသီး ပြောတာကို သဲသဲ ဝမ်းနည်းတာ။ နောက်ပြီး ဖေဖေ အရက်တွေသိပ်သောက်နေတာကို စိုးရိမ်ပြီး ဝမ်းနည်းတာ၊ ဒါကြောင့် သဲသဲ ငိုတာ"

သဲသဲကတော့ ငယ်ရွယ်သူပီပီ ငိုရသည်ရော ... သူ့အမေဆီ သွားတွေ့ရသည်ရော တစ်ခဏအတွင်း အိပ်ပျော်သွားရှာပေသည်။ အိပ်၍မရဘဲ ငုတ်တုတ်ကြီးထိုင်ကာ အတွေးတွေဗလပွ တွေးရသူမှာ နွေးနွေးပင် ဖြစ်ပါလေတော့၏။

ဦးလေးလွင်က သဲသဲကို ရင်ဖွင့်ပြီး ပြောလိုက်သော စကားတွေကို သဲသဲက နားမလည်သော်လည်း နွေးနွေး နားလည်သည်။

www.burmeseclassic.com



ဦးလေးလွင် ခြေတစ်ဖက် ဖြတ်ရပြီး အန်တီသီဂီနှင့် ကွာရှင်းပြီးမှ ဦးလေးလွင်၏ မိဘတွေက ဦးလေးလွင်ကို ပြန်၍ အမွေတွေ ပေးခဲ့ခြင်း ဖြစ်ပေသည်။

ဦးလေးလွင် သိန်းပေါင်းမြောက်မြားစွာ ချမ်းသာလာချိန်ဝယ် အန်တီသီဂီ ဦးလေးလွင်ထံမှ တစ်ပြားတစ်ချပ်မျှ ရပိုင်ခွင့် မရှိပါလေတော့။

ယခု ... အန်တီသီဂီက သူ့တူမအရင်း နွေးနွေးနှင့် ဦးလေးလွင်ကို လက်ထပ်ဖို့ အကြံပြု တိုက်တွန်းသည်ကို ဦးလေးလွင်၏ ရင်ထဲက ယူဆချက်တစ်မျိုး ယူဆလို့ရသည်။

အန်တီသီဂီကတော့ သမီးသဲသဲ အတွက် လည်းကောင်း၊ ဦးလေးလွင်၏ ရေရှည်အနာဂတ် နောင်ရေးအတွက်လည်းကောင်း၊ အကြံပြု တိုက်တွန်းခြင်းမှာ စေတနာမှန် ဖြစ်ချင်ဖြစ်မည်။ မှားချင်လည်း မှားမည်။

သို့သော် ...

ဦးလေးလွင်၏ အမြင်တွင် နွေးနွေးကို ဦးလေးလွင်နှင့် လက်ထပ်စေပြီးနောက် သူသြဇာလွှမ်းသော နွေးနွေးမှတစ်ဆင့် ဦးလေးလွင် ချမ်းသာသမျှကို ဖဲ့ယူဖို့ အန်တီသီဂီ ကြံစည်သည်ဟု ယူဆကောင်း ယူဆမည်။

အန်တီသီဂီ အပေါ်တွင် အလွန်နာကြည်းနေကာ အယုံအကြည် လုံးဝကင်းမဲ့နေသော အချိန်ကာလလည်း ဖြစ်နေပေသကိုး။

ဤသည်ကြောင့်ပင် ...

လွှတ်သွားသော ငါးကြီးကို တငါးငှား၍ ဖမ်းသည်



ဟူ၍လည်းကောင်း ...

ဆင်ရိုင်းကို ဆင်မယဉ်သာဖြင့် မျှားပြီး ကျုံးသွင်းသည်ဟူ၍လည်းကောင်း ...

နှစ်ကျောင်းထားပြီး ကင်းယူခြင်း ဟူ၍လည်းကောင်း၊ ဦးလေးလွင်က သူ့ရင်ထဲ ခံစားရမှု သဲသဲကို မျက်နှာထားကြီးနှင့် ပြောလိုက်ခြင်း ဖြစ်တန်ရာသည်။

ဒါဆို နွေးနွေး အတွက် ကောင်းနိုင်ပါတော့မည်လား။

စူဠသုဘဒ္ဒါသည် အငြိုးနှင့် ဆဒ္ဒန်ဆင်မင်း၏ အစွယ်ကို အရယူဖို့ သောနုတ္တိုရ်မုဆိုးကို အမိန့်အာဏာဖြင့် စေခိုင်းခြင်းကြောင့် သောနုတ္တိုရ်မုဆိုးသည် ဆဒ္ဒန်ဆင်မင်းကို မြားနှင့်ခွင်းခဲ့သည်။

သောနုတ္တိုရ်မုဆိုးသည် မိဖုရားကြီး စူဠသုဘဒ္ဒါကို မလွန်ဆန်ရ၍ ဆဒ္ဒန်မင်းကို မြားနှင့် ပစ်ရပါသည်ဟု အပြစ်လွှတ်ကြောင်း မည်သို့ပြောစေကာမူ အဖြေထွက်လာသည်ကတော့ စူဠသုဘဒ္ဒါနှင့် သောနုတ္တိုရ်မုဆိုး နှစ်ဦးပူးပေါင်းပြီး ဆဒ္ဒန်ကို လုပ်ကြံသည်သာ ဖြစ်ပါ၏။

ဦးလေးလွင်သည် မိမိကို သောနုတ္တိုရ်မုဆိုးဟု မြင်သွားပေပြီ။ အငှားခံရသော တံငါသည်အဖြစ်လည်းကောင်း၊ ဖြားယောင်းသော ဆင်မယဉ်သာ အဖြစ်လည်းကောင်းလည်း ဦးလေးလွင် မိမိကို အမြင်သက်ရောက် သွားပေပြီ။

မိမိအား ဦးလေးလွင် အမြင်မကောင်းတော့ပြီ။

မိမိပင်လျှင် ဦးလေးလွင် အပေါ်တွင် ပကတိ သူ့

www.burmeseclassic.com

www.burmeseclassic.com



ရှင်းစွာဖြင့် ထားရှိသော ကရုဏာ၊ အကြင်နာ တို့သည်ပင်လျှင် ဦးလေးလွင်၏ ကြွယ်ဝချမ်းသာခြင်းကို မိမိ မက်မောပြီး သူ့အပေါ် ဟန်ဆောင်အကြင်နာ ဟန်ဆောင်ကရုဏာတွေဟု ဦးလေးလွင် ယူဆလိုက်လေပြီလား မသိတော့။

ဒီအတွက် နွေးနွေး စိတ်မကောင်း ဖြစ်ရပါ၏။

မိမိနှင့် သဲသဲ ပြန်လာချိန်တွင် ဦးလေးလွင် စာကြည့်ခန်းမှ အပြင်သို့ ထွက်မလာခြင်းသည်ပင် မိမိအား မျက်နှာချင်း မဆိုင်လိုတော့ပြီမို့လား မပြောတတ်။

နွေးနွေး စဉ်းစားပါ၏။ နက်နက်နဲနဲကြီး ကိုပင် နွေးနွေး စဉ်းစားပါ၏။

မိမိအနေနှင့် ဒီအိမ်ကြီးမှ ထွက်ခွာသင့်ပြီလား။

ဤအိမ်တွင် ဆက်နေသရွေ့ ဦးလေးလွင်၏ အမြင်တွင် သူ့ချမ်းသာမှုကို မြှူရန် ချူရန်ဟု တွက်နေပြီလား။

ဦးလေးလွင် မိမိကို ဤအိမ်တွင် လက်ခံစဉ်က ဖေဖေ ဦးအောင်နွေး၏ မျက်နှာကိုထောက်၍ သနားဖြူ အစင်း ဖြင့် လက်ခံခဲ့ခြင်း ဖြစ်သည်။

မိမိကိုယ်တိုင်ကလည်း ပညာရေး ပြည့်စုံသည်အထိ သာ ခိုလှုံမည် စိတ်ဖြင့် နေခဲ့ခြင်း ဖြစ်သည်။ နေရင်း နေရင်းနှင့် သဲသဲကိုရော ဦးလေးလွင်ကိုရော မိမိရင်ထဲက အခင်မင် အကြင်နာတွေ ရှိသည်မှာ အမှန်ဖြစ်စေကာမူ ယခု ဦးလေးလွင် မိမိအပေါ် အမြင်စောင်းသွားလောက်ပေပြီ။

ပထမမှုလက ကူညီသူရော အကူအညီ ခံယူသူရော တကယ့် သဘောရိုးနှင့် ဖြစ်စေကာမူ ယခု အန်တီသီရိ ခလောက်



လာပြီး ခလောက်ဆန်လိုက်သဖြင့် မိမိအဖို့ ဤအိမ်ကြီးတွင် ဆက်နေရန် မသင့်တော့ပြီ။

နွေးနွေး ဆုံးဖြတ်ချက် ချလိုက်ပါ၏။

ဦးလေးလွင် ဒီလိုအမြင်စောင်း အလွဲထင်မှတော့ ဒီအိမ်မှာ ဆက်မနေတော့ရန် နွေးနွေး ဆုံးဖြတ်လိုက်ခြင်းပါပေ။

ရန်ကုန်ဘက်တစ်နေရာရာတွင် နေပြီး ကျောင်းဆက်တက်တော့မည်။

မိမိအတွက် အပြင်တွင် အန္တရာယ်တော့ များမည်။

ဘာတတ်နိုင်တော့မည်နည်း။ အန္တရာယ်ကို ကြည့်ရှောင်တိမ်းရမည်သာ ဖြစ်တော့သည်။

မိမိတွင် ဖေဖေ ဦးအောင်နွေး ပေးထားခဲ့သော ငွေတွေ အလုံအလောက် ရှိသည်။

ကျောင်းနှင့် အနီးဆုံး အမျိုးသမီး ပြင်ပတည်းခိုခန်း ဆောင်ဒါဆောင်တစ်ခုသို့ ပြောင်းလိုက်တော့မည်။

ဆွဲအိတ်ကို ထုတ်ယူကာ အဓိက မယူမဖြစ်သော ကျောင်းစာအုပ်တွေ ထည့်သည်။ ဆန့်သလောက် အဝတ်အစား ထည့်သည်။

ပြီး အောက်ထပ်သို့ ဆွဲအိတ်ကိုကိုင်ကာ တိတ်တိတ်လေး ခြေသံမကြားအောင် ဖွနင်းပြီး ဆင်းခဲ့သည်။

တယ်လီဖုန်းစင်သို့ လာခဲ့သည်။

စင်ပေါ်ရှိ တယ်လီဖုန်းလမ်းညွှန် စာအုပ်ကြီးကို ယူကာ ကျောင်းနှင့် နီးသော တည်းခိုခန်းကို လိုက်ကြည့်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လွယ်လွယ်ပင် တွေ့ပါ၏။ ယုဇနတည်းခိုခန်းဖုန်းနံပါတ်ကို တွေ့သည်။

တိုးနိုင်သမျှ တိုးတိုးလေး နွေးနွေး စကားပြောသောသည်။

"အမိန့်ရှိပါ ... ယုဇန တည်းခိုရိပ်သာကပါ"

"ဟုတ်ကဲ့ ကျွန်မနာမည် နွေးနွေးပါ။ ကျွန်မရဲ့ နိုင်ငံသားမှတ်ပုံတင်နံပါတ်က(-------)ပါ။ ကျွန်မ ဆေး(နှစ်) တက္ကသိုလ်ကျောင်းသူပါ၊ အခုလေးလေးဆယ် အဲဒီတည်းခိုရိပ်သာမှာ တည်းခိုပြီး ကျောင်းတက်ချင်လို့ပါ၊ အခုလက်ရှိနေတဲ့ နေရာက ကျောင်းနဲ့ဝေးလို့ပါ၊ အဲဒီမှာ အမျိုးသမီးသီးသန့်တစ်ယောက်ခန်း ရနိုင်မလားလို့ပါ"

"ရပါတယ်၊ အမျိုးသမီး သီးသန့်ခန်းတွေ ရှိပါတယ်။ အဲဒီကလာရင် နိုင်ငံသားမှတ်ပုံတင်၊ ကျောင်းသားကတ်ပြားတွေ တစ်ပါတည်း ယူခဲ့ပါ။ ကျွန်တော်တို့ တည်းခိုရိပ်သာက သေချာစစ်ဆေးပြီးမှ လက်ခံတာပါ"

"ဟုတ်ကဲ့ ... အားလုံး ယူခဲ့ပါမယ်။ ကျွန်မမှာ နောက်တစ်ခု အခက်အခဲ တစ်ခုရှိတာကို ကျေးဇူးပြုပြီး ကူညီပေးပါ ... အဲဒီက စိတ်ချရတဲ့ အငှားကားတစ်စီး ကျိုက်ဒိုင်းဘုရားလမ်း၊ ခြံနံပါတ်(--)အောင်လွင် ဆေးဟာကို လွှတ်ပေးပါလား။ အဲဒီကို ကျွန်မလာဖို့ပါ"

"အဲ ... ကျွန်တော်တို့ တည်းခိုရိပ်သာနားမှာ စတင်းထိုးတဲ့ နံပါတ်နက် ဘလက်တက္ကစီတွေတော့ ရှိတယ်၊ ဒါပေမယ့် သာမန်ထက်ပိုပြီး ဈေးကြီးတယ်။ သူတို့တောင်းတဲ့



ဈေးကို အဲဒီက ပေးမယ်ဆိုရင် လွှတ်ပေးပါ့မယ်။ တမင်လွှတ်ပေးရတာမို့ ကားခကို အသွားရော အပြန်ရောအတွက် ယူပါလိမ့်မယ်"

"ပေးပါ့မယ်ရှင် ... သူတို့တောင်းသလောက် ပေးပါ့မယ်"

"ဒါဆို စောင့်နေပါ။ ကားစီစဉ်ပေးလိုက်ပါ့မယ်"

နွေးနွေးသည် တယ်လီဖုန်းကို အသံမမြည်အောင် ဖြည်းဖြည်းလေးချပြီး ပြန်လှည့်လိုက်သည်။

"ဟင် ... ဦးလေးလွင်"

"ဟုတ်ပါတယ် နွေးနွေး၊ တို့ ဦးလေးလွင်ပါပဲ။ နွေးနွေးဖုန်းပြောနေတာကို အသံမပေးဘဲ နောက်က စောင့်ကြည့်နားထောင်မိတာကို ခွင့်လွှတ်ပါ"

ဦးလေးလွင်သည် ဗိုး(လ်)ချဲယား ပေါ်တွင် ထိုင်လျက်သား ရှိနေပါ၏။ ကျောမှီကို လျော့ရဲရဲ မှီထားသည်။

ဦးလေးလွင်ကို မြင်ရသည်မှာ အင်မတန် ပင်ပန်းနွမ်းနယ်နေပုံ ရသည်။

ခေါင်းမှ ဆံပင်တွေ ဖွာနေသည်။ ဆံစတချို့ နဖူးပြင်ပေါ်သို့ ကျရောက်နေသည်။ မျက်နှာမှာ ရှိဝေပြီး အဆီပြန်နေသည်။ အင်္ကျီရင်ဘတ်ကြယ်သီးတွေ ပြုတ်ခါ ဟာပြဲ ဖြစ်နေသည်။

လက်တစ်ဖက်တွင် အရက်ဖန်ခွက်ကို ကိုင်ထားသည်။ ဖန်ခွက်ထက်ဝက်ခန့် အရက်ရှိနေပါ၏။

ချိုင်းထောက်ကို ဗိုး(လ်)ချဲယား လက်တန်းတွင် ကန့်လန့်တင်ထားသည်။

ဦးလေးလွင်ကို မြင်ရသည်နှင့် နွေးနွေး ရင်ထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



မချိတင်ကဲ ဖြစ်ရသည်။

တိတ်တခိုး ဖုန်းပြောသည်ကို ဦးလေးလွင် မီသွားသဖြင့် ကိုယ့်လိပ်ပြာကိုယ် မလုံသောကြောင့် ခေါင်းငုံ့ထားမိသည်။

"ဒါပဲပေါ့ နွေးနွေး ... ဒါပေါ့ ... ဒါပဲပေါ့။ နောက်ဆုံးထွက်လာတဲ့ အဖြေဟာ ငါ့ကို အားလုံး စွန့်ခွာသွားကြမယ်ဆိုတဲ့ အဖြေပဲပေါ့"

ဦးလေးလွင်သည် မရယ်လိုပါလျက် တမင်တကာပင် တဟဲဟဲ ရယ်သံပြုသည်။

"ငါက ဒုက္ခိတပဲ နွေးနွေး၊ ခြေတစ်ဖက်ပြတ်နေတဲ့ ဒုက္ခိတကြီးလေ။ ငါ ဆင်းရဲသွားရင် ချိုင်းထောက်တစ်ဖက်နဲ့ ဒန်ဖလားခွက် ကိုင်ပြီး တောင်းစားလို့ရတဲ့ ဒုက္ခိတမျိုးကြီး၊ ဟဲ ... ဟဲ ... ရပါတယ်၊ ငါ့အဖို့ သူတောင်းစားလောက်ပဲ လူရာဝင်တော့တာကိုး။ ခြေတစ်ဖက်ပြတ်နဲ့ ကြည့်ရမြင်ရတာလည်း ကြည့်မကောင်းဘူးပေါ့။

"ဒီတော့ ဘာဖြစ်လဲ၊ မိသီဂီက ငါ့ကို ပထမ ပစ်ပြေးစွန့်ခွာသွားတယ်၊ အခု လာပြန်ပြီ ... နင်က တိတ်တိတ်လေး စွန့်ခွာထွက်ပြေးသွားတော့မယ် ... ဟဲ ... ဟဲ ... ဟဲ ... ဖြစ်ရမယ် ... ဒီလိုပဲ ဖြစ်ရမယ်"

နွေးနွေး ပျာပျာသလဲ အားမာန်အသံနှင့် ငြင်းသောစကားကို ဆိုလိုက်ပါ၏။

"မဟုတ်ဘူး ဦးလေးလွင် ... အဲဒီလို ဟုတ်ကိုမဟုတ်ဘူး၊ ဦးလေးလွင် ဒုက္ခိတမို့ နွေးနွေးက စွန့်ပြေးတာ လုံးဝမဟုတ်ဘူး"



နွေးနွေး ပြောရင်းမျက်ရည်ကျလာပါ၏။ ဦးလေးလွင်၏ ဖွပ်စွဲချက်ကို အားမာန်နှင့် ငြင်းသောကြောင့် အသံလေးလည်း တုန်နေပါ၏။

"အခု နွေးနွေး ထွက်ပြေးချင်တာက ဦးလေးလွင်က နွေးနွေးကို ဆင်မယဉ်သာလို့ ထင်နေလို့၊ ဆင်ရိုင်းကို ဖြားယောင်း မြူဆွယ်ပြီး ကျုံးသွင်းတာလို့ အထင်ခံရလို့၊ လွတ်တဲ့ငါးကိုဖမ်းဖို့ အငှားခံရတဲ့ တံငါထင်နေလို့၊ နှစ်ကောင်စားပြီး ကင်းယူတယ် ထင်နေလို့။ အဲဒီလိုတွေ အထင်ခံနေရလို့ နွေးနွေး ထွက်ပြေးချင်တာ။ ဒီမယ် ဦးလေးလွင်၊ နွေးနွေးဟာ ကျွဲကြီးနှစ်ကောင် ခတ်တဲ့ကြားမှာ မြေစာပင် အဖြစ်မခံနိုင်တော့လို့ ထွက်ပြေးဖို့ ကြံစည်ကြိုးစားရတာပါ"

"သြ ... သြ ... ဓင်း ထွက်ပြေးချင်တာက ဒါကြောင့်ကိုး၊ ကောန္တ သဲသဲက သူ့ကို ငါပြောလိုက်တဲ့ စကားတွေ မင်းကို ပြောပြလိုက်ပြီ ထင်တယ်"

"သဲသဲကို နွေးနွေးက ငိုလာတာတွေ့ပြီး မေးလို့ ပြောတာပါ။ တကယ်တော့ သဲသဲက ဦးလေးလွင် ပြောလိုက်တဲ့ စကားတွေရဲ့ အဓိပ္ပာယ်ကိုတောင် မသိရှာတဲ့ ကလေးပါ။ သူငိုတာက ဦးလေးလွင် အရက်သောက်လို့ရယ်၊ သူ့ကို မျက်နှာထားတင်းတင်းကြီးနဲ့ ပြောလို့ရယ် ငိုရှာတာ။ သဲသဲ နားမလည်တဲ့ စကားတွေ ဖြစ်ပေမယ့် နွေးနွေးက နားလည်တယ် ဦးလေးလွင်"

ဦးလေးလွင်သည် လက်တစ်ဖက်တည်းဖြင့် ဗိုး(ကို)

www.burmeseclassic.com

www.burmeseclassic.com



ချဲယားဘီးကို လိမ့်ကာ နွေးနွေး ရှိရာသို့ အနီးကပ် လိမ့်လာသည်၊ မျက်နှာချင်း နီးကပ်စွာ ဆိုင်လိုက်သည်။

"သဲသဲရဲ့အမေ သိင်္ဂီနဲ့ ပတ်သက်ပြီး ဦးလေးလွင် ဘာကိုမှ မယုံကြည်ရဲတော့ဘူး နွေးနွေး"

ဦးလေးလွင် မျက်နှာထား မတင်းတော့ဘဲ လျော့သွားသည်။

"မနေ့ညက မိုးကြီးချုပ်မှ သိင်္ဂီက ဦးလေးလွင်ဆီ ဖုန်းဆက်တယ်။ အချိန်အကြာကြီး စကားတွေ ပြောခဲ့တယ်။ သာမန် ခါတိုင်းလိုဆိုရင်တော့ သိင်္ဂီ ဦးလေးလွင်ဆီ ဖုန်းဆက်ရင် နားထောင်သင့်သလောက် နားထောင်တယ်။ ထိုက်သင့်သလောက် ပြောပြီး ဖုန်းကို ပြန်ချထားလိုက်တာပဲ။ မနေ့ညကတော့ သဲသဲ အကြောင်း အစကပြောရင်းက နွေးနွေးနဲ့ ပတ်သက်ပြီး ပြောလာတာမို့ ဦးလေးလွင် သူ့ရဲ့အကြံပြုချက်တွေ ... တိုက်တွန်းချက်တွေကို ဆုံးအောင်လည်း နားထောင်မိတယ်၊ ဦးလေးလွင်ရဲ့ ရင်ထဲမှာရှိတာတွေကိုလည်း ပြန်ပြောမိတယ်၊ ဒီနေ့ နွေးနွေး သူ့ဆီသွားတော့ သူ့ရဲ့ အကြံပြုချက်နဲ့ တိုက်တွန်းချက်တွေ နွေးနွေးကို ပြောပြတာပဲ မဟုတ်လား"

နွေးနွေး ခေါင်းညိတ်ပြသည်။

"သိင်္ဂီရဲ့ အကြံပြုချက်၊ တိုက်တွန်းချက်တွေကို သိင်္ဂီပြောတိုင်း ဦးလေးလွင် ဘယ်လက်ခံရဲမလဲ၊ ဒီမိန်းမက သူ့ကိုယ်ကျိုးနဲ့ ပတ်သက်လာရင် လင်သားအပေါ်မှာတောင် ရက်စက်နိုင်တဲ့ မိန်းမပဲ။ ဒီတော့ သူပြောသမျှတွေကို



ဦးလေးလွင်က နွေးနွေးနဲ့ ထိပ်တိုက်ပြောကြပြီး နွေးနွေးရဲ့ ဆန္ဒအမှန်ကိုသာ ဦးလေးလွင် ယုံကြည်ရဲမှာပေါ့။ အဲ ... နွေးနွေးကို ထိပ်တိုက်မျက်နှာချင်းဆိုင် မေးဖို့ကျတော့လည်း ဦးလေးလွင် စိတ်မရဲတာ အမှန်ပဲ။ ကိုယ်မွေးတဲ့ကြက် ကိုယ်ရိုက်သတ်စားတယ်လို့ အထင်ခံရမှာလည်း စိုးတယ်။ အဲဒီ အဖြစ်မျိုး ဖြစ်သွားမှာလည်း စိုးတယ်။ အဲဒီမှာတင် ဦးလေးလွင် စိတ်တွေ ကသောင်းကနင်း ဖြစ်ပြီး စိတ်ညစ်လွန်းတာနဲ့ အရက်သောက်မိတော့တာပါပဲ နွေးနွေး။ ကဲ အခု နောက်ဆုံး ရောက်လာတဲ့ အခြေအနေက နွေးနွေးလည်း အားလုံးသိပြီးသွားပြီ ... နွေးနွေးရဲ့ ဆန္ဒ ဘယ်လိုလဲ။ နွေးနွေးက ထွက်ပြေးတော့မယ့် အခြေအနေအထိ ဖြစ်လာတော့ ဦးလေးလွင် သိကျွာငဲ့မနေနိုင်တော့ဘူး၊ ဒါကြောင့် တိတိလင်းလင်းပဲ မေးတာပါ နွေးနွေး"

နွေးနွေး နှုတ်ဆွံ့နေမိပါ၏။

"ပြောပါ နွေးနွေး ... ဖွင့်ပေး ဖွင့်ပြော မှတော့ နွေးနွေးရဲ့ သဘောထားကို ဦးလေးလွင် သိချင်ပြီပေါ့"

"ပထမ ပြောသင့်တာက ဦးလေးလွင်ရဲ့ ရင်ထဲက သဘောထားကို ဦးလေးလွင်က စ,ပြီး ပြောသင့်ပါတယ်။ နွေးနွေးက မိန်းမသားပါ ဦးလေးလွင်"

"အော(လ်)ရိုက် ... နွေးနွေး ပြောလိုက်တာ သိပ်မှန်တဲ့ စကားပေါ့၊ ဦးလေးလွင်ရဲ့ ရင်ထဲက ဖြစ်ပေါ်ထားရှိတဲ့ မေတ္တာကို ပထမ ဖွင့်ပြောသင့်တာပေါ့ ... ဖွင့်ပြောရမှာပေါ့ ... ဦးလေးလွင် နွေးနွေးကို ရင်ထဲနှလုံးထဲက မေတ္တာ

www.burmeseclassic.com

www.burmeseclassic.com



သက်ဝင် ချစ်ခင်နေမိပါပြီ နွေးနွေး”

နွေးနွေးက ငေးငေးလေး နားထောင်နေပါလေ၏။

“ဦးလေးလွင်ရဲ့ လက်ရှိဒုက္ခိတဘဝ၊ ဦးလေးလွင်ရဲ့ မျောက်ရှိနေတဲ့ အသက်အရွယ်နဲ့ နွေးနွေးလို ငယ်ရွယ်နုထွတ် ပညာတတ် မိန်းကလေးကို မေတ္တာစကား ဖွင့်ပြောရတာ အားလည်းနာတယ်၊ ရှက်လည်းရှက်တယ်။ ကိုယ့်သိက္ခာကိုလည်း ကိုယ်ပြန်ပြီး မလိုလားသလို ဖြစ်မိတယ်။ ဒါပေမယ့် ရင်ထဲက နှလုံးသားမေတ္တာဆိုတာ ကြီးငယ်မဟုပါပဲ နွေးနွေး၊ မှန်တာပြောရရင် ကိုအောင်နွေးနဲ့ မန္တလေးက ပထမဆုံး လာခဲ့ရာမှာ နွေးနွေးကို တွေ့ကတည်းက ဦးလေးလွင် စိတ်ဝင်စားလိုက်မိတာပါ။ ဒါကြောင့်လည်း မြင်တွေ့စ,ကတည်းက နွေးနွေးကို ထပ်ခါတလဲလဲ ဦးလေးလွင် ကြည့်မိတယ်။ အဲ … သီဂီနဲ့ ရုပ်ချင်းတူတာလေ၊ သဲသဲနဲ့ဆင်သလိုလို ရှိတာကြောင့်ရော ကြည့်မိတဲ့သဘော ဖြစ်ခဲ့င်လည်း ဖြစ်မှာပေါ့လေ။

“မုန်းတဲ့သူပဲဖြစ်ဖြစ် နာကြည်းထားသူပဲဖြစ်ဖြစ် မြန်းခဲ့ အဲဒီလူနဲ့ ရုပ်ချင်းတူတဲ့သူကို တွေ့လိုက်ရင် ဘယ်သူပဲ ဖြစ်ဖြစ် ဂရုစိုက် ကြည့်မိမှာပါ။

“အဲဒီနောက် နွေးနွေးဟာ ဦးလေးလွင်နဲ့ တစ်အိမ်တည်း အတူနေ ဖြစ်လာတယ်၊ အတူတူ အနေကြာလေ နွေးနွေးကို ဦးလေးလွင် စိတ်ဝင်စားလေ ဖြစ်လာတယ်၊ စိတ်ဝင်စားလာတဲ့ အကြောင်းရင်းကတော့ နွေးနွေးဟာ သီဂီနဲ့



ရုပ်ချင်းသာတူတယ်၊ အပြောအဆို အနေအထိုင်၊ စိတ်နေသဘောထား၊ အတွေးအခေါ်၊ ကိုယ်ကျင့်တရားနဲ့ ဓလေ့စရိုက်ဟာ သီဂီနဲ့ အရာရာမှာ လုံးဝဆန့်ကျင် ကွာခြားနေတာတွေကိုလည်း သတိထားမိပြီး စိတ်ဝင်စားတာလည်း ပါရဲ့။ ဦးလေးလွင် လိုလားနှစ်သက်တဲ့ ပုံစံတွေ နွေးနွေးမှာ အားလုံးရှိနေတယ်”

ဦးလေးလွင်သည် ကိုင်ထားသော အရက်ခွက်ကို ဆက်မသောက်တော့ဘဲ တယ်လီဖုန်းစင်ပေါ်သို့ လှမ်းတင်ထားလိုက်သည်၊

ပြီးမှ သူ၏ရင်ထဲမှ နှလုံးသား မေတ္တာဘွဲ့ကြီးကို မမောနိုင် မပန်းနိုင် နွေးနွေးကို ဆက်ပြောပြပြန်သည်။

“စိတ်ဝင်စားလာတယ် ဆိုတာ ရူးစိုက်အာရုံ တစ်ခုပါ နွေးနွေး။ ရူးစိုက်အာရုံ ဆိုတာကလည်း ရင်ထဲက ဖြစ်ပေါ်လာရတာပါ။ မုန်းစရာကောင်းတဲ့ အာရုံ ရူးစိုက်မိရင် မုန်းမှာပဲ။ ခင်မင် ချစ်ခင်စရာကောင်းတဲ့ အာရုံရူးစိုက်ရင် ချစ်ခင်မေတ္တာ သက်ဝင်လာမှာပဲ၊ ဒါတွေဟာ နှလုံးသားရဲ့ သဘောတွေပဲ”

“အထူးသဖြင့် သဲသဲကို နွေးနွေး ကိုင်တွယ်သွားတာတွေ၊ ရေ့ဆောင်လမ်းပြပြီး သင်ပြသွားတာတွေ၊ သဲသဲအပေါ်မှာ နွေးနွေး ချစ်ခင်ယုယပြီး မေတ္တာထားတာတွေဟာ ဦးလေးလွင်ရဲ့ အသည်းကို နင့်ခနဲ နင့်ခနဲ ဖြစ်စေတယ် နွေးနွေး။ သဲသဲဟာ နွေးနွေးရောက်လာပြီးမှ အရာရာတိုးတက်ပြီး ဦးလေးလွင် စိတ်ကြိုက်ပုံစံလေးတွေ ဖြစ်လာတော့

www.burmeseclassic.com

www.burmeseclassic.com



နွေးနွေးဟာပဲ သဲသဲရဲ့မိခင် ဖြစ်လိုက်ပါတော့ဆိုတဲ့ စိတ်မျိုး ဦးလေးလွင် ရင်ထဲမှာ ကျိတ်ဝင်ခဲ့တယ်။

"ကဲ … အဲဒါ ဦးလေးလွင်ရဲ့ နွေးနွေး အပေါ်မှာ ဖြစ်လာရတဲ့ အမှန်အတိုင်း မေတ္တာပဲ၊ နွေးနွေးရဲ့ ရင်ထဲကရှိတဲ့ ဆန္ဒကို ပြောပြပါတော့ နွေးနွေး"

"နွေးနွေးရဲ့ သဘောကို ပြောရမှာ ခက်တယ် ဦးလေးလွင်"

"ပြောပါ … အရှိကို အရှိအတိုင်းသာ ပြောပါ"

"ဦးလေးလွင်ကို နွေးနွေး ရင်ထဲက ခင်မင်ပါတယ်။ အဲ့ ခင်မင်ပါတယ်ဆိုတဲ့ စကားက ပေါ့နေပါသေးတယ်။ ဦးလေးလွင်ကို နွေးနွေး ရင်ထဲက ချစ်ကိုချစ်တာပါ။ ဦးလေးလွင်ပြောတဲ့ စကားမျိုးအတိုင်း သွေးသားလုံးဝဓတော်စပ်တဲ့ မိန်းကလေးက ယောကျ်ားလေးကို ပြန်ချစ်တဲ့အချစ်မျိုးနဲ့ချစ်တာ"

ဦးလေးလွင် ပြုံးပြုံးကြီး ကျေနပ်သွားကြောင်း သူ့မျက်နှာပေါ်တွင် ထင်ရှားလာပါ၏။

"အခု ဦးလေးလွင်က ဖွင့်ပြောမှ နွေးနွေးက လက်ခံပြီး ပြန်ချစ်တာမျိုး မဟုတ်ဘူး၊ ဦးလေးလွင်အိမ် ရောက်လာပြီးတဲ့နောက် အတူတူ နေ့စဉ် နေထိုင်လာတော့ ဦးလေးလွင်ကို နေ့စဉ် ကရုဏာ သက်ရောက်တယ်၊ ကြင်နာစိတ်တွေ အခြေခံပြီး ဦးလေးလွင်ကို နွေးနွေး ရင်ထဲက အလိုလို ချစ်လာတာ"

"နွေးနွေး ရယ် … တို့ ဝမ်းသာလိုက်တာ"

ပြောပြောဆိုဆို ဗိုး(လ်)ချဲယားပေါ်မှ လက်လှမ်းပြီး



အနီးကပ်ရပ်နေသည့် နွေးနွေးအား တယုတယ ညင်ညင်သာသာလေး လှမ်းပွေ့ယူလိုက်သည်။

နွေးနွေး မရုန်းပေ။ ဟန်တွေပန်တွေ အပိုတွေ မလုပ်ပေ။ ဖိုနှင့်မ ချစ်ကြရာဝယ် ပွေ့ပိုက်ခြင်းသည် နှစ်ဦးစလုံး၏ ချစ်မေတ္တာ သင်္ကေတပင် မဟုတ်လား။

"နွေးနွေး ရင်ထဲမှာ ရှိတာတွေ ပြောလို့မပြီးသေးဘူး ဦးလေးလွင်။ ဦးလေးလွင်ကို နွေးနွေး ချစ်ပါတယ်၊ ချစ်တာမှ သိပ်ကို ချစ်တာပါ။ ဒါပေမယ့် နွေးနွေး ဦးလေးလွင်ကို လက်မထပ်ပါဘူး ဦးလေးလွင်"

"ဟင် … နွေးနွေး စကားကြီးက ဘာစကားလဲ"

"ချစ်တာကတခြား၊ လက်ထပ်တာကတခြားပါ ဦးလေးလွင်။ နွေးနွေး ဦးလေးလွင်ကို ချစ်တာက ဦးလေးလွင်ရဲ့ စွမ်းရည်တွေ သွေးဆောင်ချက် လုံးဝမပါဘဲ နွေးနွေးရင်ထဲက ဦးလေးလွင်ကို လုံးချင်းချစ်တာ။ နွေးနွေး ဦးလေးလွင်ကို လက်မထပ်နိုင်တဲ့ အချက်နှစ်ချက်ရှိပါတယ်"

"ပြောစမ်းပါဦး၊ အဲဒီနှစ်ချက်ကို"

"ပထမအချက်က သဲသဲပဲ ဦးလေးလွင်"

"ဟာ … အဲဒါ မပူနဲ့။ သဲသဲ ကိုယ်တိုင်က သူ့အမေက အကျိုးသင့် အကြောင်းသင့်တွေ ပြောပြလို့ သဘောပေါက်နားလည်တာရော … သဲသဲ ကိုယ်တိုင်က နွေးနွေးကို အရင်းခံ ချစ်နေတာရောကြောင့် ဦးလေးလွင်နဲ့ နွေးနွေးကိစ္စကို သဲသဲ လက်ခံမှာပါ"

နွေးနွေးက ဦးခေါင်းကို ခါပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"သဲသဲက နွေးနွေးကို လက်ခံတယ်ထား။ နွေးနွေး တစ်ယောက်တည်းကိုသာ လက်ခံမှာပေါ့။ နွေးနွေးရဲ့ ဖေဖေ အနာကြီးရောဂါသည်ကိုတော့ သဲသဲက ဘယ်လက်ခံမလဲ ဦးလေးလွင်။ နွေးနွေးဟာ မန္တလေးကနေပြီး ရန်ကုန်ကို လာကတည်းက ဆရာဝန် ဖြစ်ချင်လွန်းလို့ လာခဲ့တာပါ။ ဆရာဝန်ဖြစ်ရင် သားအဖ အတူတူနေမယ်ဆိုတာ အစိက ရည်ရွယ်ချက်ပါ။ ဖေဖေ့ကို နွေးနွေး အမြဲတမ်း အတူနေမယ်။ ခွဲမနေဘူး ဦးလေးလွင်။ ဖေဖေ့ကို ဒီအိမ်ခေါ်ထားလိုက်တာနဲ့ သဲသဲဟာ မလိုမလားနဲ့ နွေးနွေးကို မုန်းသွားမှာ"

ဒါကျတော့ ဟုတ်ပါရဲ့။ စဉ်းစားစရာပါလား ဟု ဦးလေးလွင် သဘောပေါက်ရပါ၏။ အကယ်၍ နွေးနွေးကို လက်ထပ်ပြီး နွေးနွေး၏ အစိကဆန္ဒဖြစ်သည့် သူ့အဖေ အနာကြီးရောဂါသည်ကို ခေါ်ထားလျှင် သမီးနှင့်ဖအေ ပြဿနာကြီး ဖြစ်တော့မည်။ ဒါတင်မက သူမ၏ မမနွေး အပေါ်တွင် ချစ်ခင်နေသည့် သဲသဲ၏ မေတ္တာလေး ပျက်ပြယ်သွားနိုင်သည်။

"နောက် ဒုတိယအချက် ရှိသေးတယ် ဦးလေးလွင်၊ အခု ဦးလေးလွင်ကလည်း နွေးနွေးကို ဘာပယောဂမှ မပါဘဲ ချစ်တယ်။ နွေးနွေးကလည်း ဦးလေးလွင်ကို ဘာပယောဂမှ မပါဘဲ တကယ့် နှလုံးသားကလာတဲ့ အချစ်နဲ့ ချစ်တာ။ ဒါကို ဦးလေးလွင်နဲ့ နွေးနွေး နှလုံးသားချင်း နားလည်တယ်၊ ဒါပေမယ့် ဦးလေးလွင်ကို နွေးနွေး လက်ထပ်ပြီ ဆိုတာနဲ့ ပတ်ဝန်းကျင်က ဒီမိန်းမ အလည်မပဲ၊ ဦးလေးလွင်ကို လူ



ကိုချစ်တာ မဟုတ်ပါဘူး၊ ဦးလေးလွင် ကြွယ်ဝချမ်းသာ ဘာတွေကို အပိုင်စီးချင်လို့ လက်ထပ်တာလို့ ပြောကြမှာ သေချာတယ်။

"ဒါကြောင့် ဦးလေးလွင် နွေးနွေးကို ချစ်ပါ၊ နွေးနွေးက လည်း ဦးလေးလွင်ကို ချစ်နေမှာပါ။ လက်တော့မထပ်ပါနဲ့ ဦးလေးလွင်"

ဦးအောင်လွင်သည် နွေးနွေးကို ငေးကြည့်ပါ၏။ ကြီးသူကိုယ်တိုင်က ငယ်သူကို လေးစားသော အကြည့်မျိုးဖြင့် ကြည့်ခြင်း ဖြစ်သည်။ နွေးနွေး၏ စိတ်ဓာတ်တည်ကြည်မှု၊ ပွင့်လင်းမှု၊ အရင်းခံ ရိုးသားမှုကို ဦးအောင်လွင် နွေးနွေးအား မလေးစားဘဲ မနေနိုင်ပါလေ။

"ပွမ် ... ပွမ်"

ခြံဘက်ဆီမှ ကားဟွန်းသံ နှစ်ချက်ဆင့်တီးခြင်းကို ကြားကြသည်။

"ယော ... ဦးလေးလွင်"

"ကြားတယ် နွေးနွေး။ နွေးနွေး ဖုန်းဆက်တဲ့ဆီက လွှတ်ပေးလိုက်တဲ့ကား ဖြစ်မှာပေါ့။ ဦးလေးလွင် တစ်ခွန်းပဲ ပြောပါရစေ။ နွေးနွေး ဘယ်ကိုမှ မသွားပါနဲ့၊ ဒီအိမ်မှာပဲ ဆက်နေပါ၊ နွေးနွေးနဲ့ ဦးလေးလွင် ပွင့်လင်းကြပြီပဲ၊ ဆက်ပြီး ညှိနိုင်းရင် အဖုအထစ်တွေ ပြေသွားမှာပါ။ ကဲ လက်ဆွဲအိတ် ပြန်ယူပြီး အိမ်ပေါ်ကိုပဲ ပြန်တက်ပါ။ သဲသဲ နိုးလာလို့ နွေးနွေး အိမ်ကထွက်ပြေးမယ့် အစီအစဉ်ကို

www.burmeseclassic.com

www.burmeseclassic.com



သိသွားရင် သဲသဲကို ရှင်းပြရေတာ သိပ်ခက်သွားပါမယ်။ သဲသဲက နွေးနွေးကို သိပ်ချစ်ပြီးသားပါ"

တစ်ဆက်တည်းပင် ဦးလေးလွင်သည် ဦးဂေါ်ယာကို လှမ်းခေါ်လိုက်သည်။ ဦးဂေါ်ယာ ချက်ချင်း ရောက်လာပါ၏။

"ရော့ ... ဦးဂေါ်ယာ ငွေတစ်ထောင် ယူသွား။ အိမ်ရှေ့မှာ ရောက်နေတဲ့ မော်တော်ကားခ အသွားအပြန်ကြေးကို သူ တောင်းသလောက် ပေးလိုက်၊ ပြီး ... ကားသမားကိုပြော လိုက် ... အဲဒီ တည်းခိုခန်းမှာ လာတည်းမယ့် အမျိုးသမီးဟာ မလာဖြစ်တော့ပါဘူးလို့ ..."

ဦးဂေါ်ယာ ပြန်ထွက်သွားသည်။

နွေးနွေးက အပေါ်ပြန်မတက်တော့ဘဲ ဦးလေးလွင်ကို တစ်ခုခု ပြောချင်သောကြောင့် စောင့်နေပြီး ဦးဂေါ်ယာ ပြန်ထွက်သွားမှ ပြောလိုက်သည်။

"ဦးလေးလွင် အရက်ထပ်သောက်မှာလားဟင်"

"မသောက်တော့ပါဘူး၊ ဒါပေမယ့် စာကြည့်ခန်းကိုတော့ ဦးလေးလွင် ပြန်ဝင်မယ်။ နွေးနွေးနဲ့ ဦးလေးလွင်ရဲ့ နောက်ပိုင်းကိစ္စမှာ အဖုအထစ်တွေကို ဘယ်လိုနည်းနဲ့ ဖြေမလဲဆိုတာ စဉ်းစားမလို့"

နွေးနွေးကို ပါးချင်းကပ်ထားသည်။

နွေးနွေး ကိုယ်တိုင်ကလည်း ဦးလေးလွင်ကို ပြန်ဖက်ထားပါ၏။ အတန်ကြာသွားသည်။



ဦးအောင်လွင်က နွေးနွေး၏ နဖူးပြင်ကို မွှေးမွှေးပေးသည်။ ပါးပြင်ကိုလည်း မွှေးမွှေးပေးပါ၏။

ဒီထက် မပိုကြပါလေ။

နှစ်ဦးစလုံး လက်မထပ်မီ စောင့်စည်းရမည်ကို နားလည်ကြသည်၊ လိုက်နာကြသည်။

နွေးနွေးက နက်နက်နဲနဲလေး ပြောလိုက်သည်။

"တကယ်လို့သာ အနံ့တီသိဂ်ိကက ကွာရှင်းခွင့် တောင်းတာကို ဦးလေးလွင်က မပေးဘဲ ဒီအတိုင်း အတူတူ ဆက်နေကြမယ်ဆိုရင် အခုဆို ဦးလေးလွင်တို့ မိသားစုသုံးဦးဟာ ချမ်းချမ်းသာသာနဲ့ သာယာတဲ့ အိမ်ထောင်လေး ဖြစ်နေမှာနော် ဦးလေးလွင်"

"နွေးနွေးက အဲဒီလို ထင်သလား။ မထင်လိုက်လေနဲ့ နွေးနွေး။ နွေးနွေးရဲ့ အန်တီသိဂ်ိဟာ စရိုက်ကြမ်းတယ်၊ အပျော်အပါး ခုံမင်တယ်၊ ဟေးလားဝါးလား နေချင်တယ်၊ အဲဒါ သိဂ်ိရဲ့ မွေးကတည်းက ပါလာတဲ့ မွေးဗီဇပဲ၊ သေတဲ့အထိ ပြောင်းလဲ မသွားနိုင်ဘူး။ ဦးလေးလွင်က တည်တည်ကြည်ကြည် အေးအေးဆေးဆေး နေတဲ့ မွေးဗီဇ ပါလာတဲ့လူ။ အဲ ... လက်မထပ်သေးတဲ့ ချစ်သူဘဝတုန်းကတော့ ဒါတွေဟာ အသေးအဖွဲ့တွေလို့ ထင်ခဲ့ပေမယ့် လက်ထပ်ပြီးတဲ့နောက် အတူပေါင်းသင်းတာ ကြာလာတော့ လင်နဲ့မယား အသွင်မတူတာတွေဟာ လင်မယား အမြဲတမ်း မကျေနပ်စရာ၊ မသင့်တင့်စရာ သဘောထားမတိုက်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်စရာတွေ ဖြစ်ပြီး အမြဲ သေသင်မတင့် ဖြစ်လာတာပဲ”

ဦးလေးလွင်က ဆက်ရှင်းပြသည်။

“တကယ်လို့သာ အဲဒီအချိန်က သီဂီကို ဦးလေးလွင် ကွာရှင်းခွင့်မပေးဘဲ ထားလိုက်ရင် သီဂီဟာ လှောင်အိမ်ထဲ အလှောင်ခံထားတာကို မခံနိုင်တဲ့ ကျားလို အမြဲဟိန်းဟောက်နေမယ်၊ မြင်ကရာကို ကိုက်ခဲမယ်၊ ကုတ်ခြစ်မယ့်ပုံစံတွေ ပြလာတယ်၊ အဲဒီအချိန်မှာ ဦးလေးလွင်က ခြေတစ်ဖက် ဖြတ်ပြီးကာစ၊ အရှမ်းစိတ်ညစ်နေတဲ့ အချိန်လည်း ဖြစ်နေတယ်၊ သီဂီရဲ့ဒဏ်ကို ဆက်ပြီး ခံနိုင်စွမ်း မရှိတော့ဘူး။ ဆက်နေရင် လက်လွန် ခြေလွန် ရာဇဝတ်ကြောင်း ဖြစ်တဲ့အထိ အဖြစ်ဆိုးတွေ ဖြစ်လာတော့မယ်။ ဒါကြောင့် သူတောင် ကိုယ့်အပေါ်မှာ မကြင်နာ စွန့်နိုင်သေးတာ၊ ချင်းစိမ်းနဲ့ မိသလင် ငါဘာလို့ သူ့ကို မစွန့်နိုင်ရမှာလဲ ဆိုတဲ့ နာကြည်းစိတ်တွေနဲ့ ကွာရှင်းခွင့် ပေးလိုက်တာပဲ နွေးနွေး၊ နောက်တစ်ချက် ရှိသေးတာက ငယ်သေးတဲ့ သမီးလေး သဲသဲဟာ ဒီအမေနဲ့သာ ဆက်နေရင် မအေရဲ့ လှေ့စရိုက်၊ အမူအကျင့်၊ စိတ်နေသဘောထားတွေ အတုယူမှားတော့မှာပဲ ဆိုတာကိုလည်း ထည့်တွက်ပြီး ကွာရှင်းခွင့် ပေးလိုက်တာပဲ နွေးနွေး”

ခေတ္တ နှစ်ဦးစလုံး ငြိမ်သွားသည်။

“ကဲ … နွေးနွေး အပေါ်တက်တော့မယ်၊ ဦးလေးလွင် အရက်ထပ်မသောက်ပါဘူးလို့ ကတိပေးနိုင်မလား။ မပေး



နိုင်လည်း မပေးနဲ့ ဦးလေးလွင်။ ကတိပေးပြီးမှ ကျူးလွန်တာဟာ ကတိမပေးဘဲ နေတာက ပိုကောင်းတယ်။ အရက်ဆိုတာ မသောက်ဘဲ ရှောင်ကြဉ်နိုင်ရင် ကိုယ့်ကျန်းမာရေးအတွက်ရော၊ မိသားစုအတွက်ရော စိတ်ချမ်းသာရတာပေါ့ ဦးလေးလွင် …။ အဲ … မနေနိုင်လို့ ကတိမပေးဘဲ ဆက်သောက်မယ်ဆိုလည်း ချင့်ချင့်ချိန်ချိန်လေး သောက်ပေါ့ ဦးလေးလွင်”

“ဦးလေးလွင် မသောက်တော့ပါဘူးလို့ ကတိပေးပါတယ် နွေးနွေး။ နဂိုတည်းက ဦးလေးလွင် အရက်ကိုကြိုက်လို့ သောက်တာမှ မဟုတ်တာ။ စိတ်ရဲ့ ချို့ယွင်းမှုကို ကုစားတဲ့အနေနဲ့ သောက်မိတာပဲဟာ။

“အခု ဦးလေးလွင်ရဲ့ စိတ်ကို ကုစားဖို့မှ မလိုတော့တာ မသောက်တော့ဘူး စိတ်ချ။ ကဲ … နွေးနွေးလည်း အပေါ်တက် အနားယူပေတော့”

နွေးနွေး ဆွဲအိတ်ကိုဆွဲကာ အပေါ်ထပ်သို့ ပြန်တက်ခဲ့သည်။

သဲသဲလေး အိပ်မောကျဆဲ ဖြစ်ပါ၏။

သိပ်ကို ချစ်စရာကောင်းပြီး လှပချောမောသော သဲသဲလေးပါပေ။ အသက်ဆယ့်ခြောက်နှစ်ကျော် ဆယ်တန်းအောင်ပြီး အသက်နှစ်ဆယ်ဝန်းကျင် သဲသဲလေး ဘွဲ့တစ်ခုခုရပြီးလျှင် သဲသဲအတွက် စိတ်ချသင့် သလောက် စိတ်ချနိုင်ပြီ ဖြစ်ပေမည်။

:

www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲမှာတော့ သဲသဲကို ဘွဲ့ရသည်အထိ မတိမ်းမစောင်းအောင် ဂရုစိုက်ရပေမည်။

သဲသဲ၏ အိပ်မောကျနေသော နဖူးပြင်လေးကို တစ်ချက် ကုန်းနမ်းပြီး နွေးနွေးသည် အိပ်ရာထက်တွင် လှဲအိပ်လိုက်ပေတော့သည်။

❁ ❁ ❁



၁၂

ယနေ့ ဦးလေးလွင်၏ အပြုအမူကွေမှာ ထူးခြားနေပါ၏။

ယနေ့ သဲသဲရော နွေးနွေးကိုပါ ကျောင်းမတက်နှင့်ဟု မှာထားသည့်အတွက် နှစ်ယောက်စလုံး ကျောင်းမတက်ကြပေ။

ဦးလေးလွင် အင်္ကျီအသစ် လုံချည်အသစ်တွေ ဝတ်ဆင်ထားသည်ကို နွေးနွေးက ငေးကြည့်နေမိပါ၏။

မနက်(၁၀)နာရီတွင် ဗဟိုတရားရုံး အကျိုးဆောင် ဦးဇိန်အောင် သူ့ကားဖြင့် ရောက်လာသည်။

မရှေ့မနှောင်းမှာပင် ဒေါ်မဉ္ဇူနှင့် ဒေါ်ချယ်ရီတို့လည်း ရောက်လာကြသည်။

ဧည့်သည်အားလုံးကို ဒေါ်ပြုံးက နက်(စ်)ကော်ဖီနှင့် ရွှေပုဇွန်ကီတ်မုန့်ဖြင့် ကျွေးမွေးဧည့်ဝတ်ပြုသည်။



www.burmeseclassic.com

www.burmeseclassic.com



သဲသဲနှင့် နွေးနွေးကိုလည်း အဝတ်အစားကောင်းကောင်း ဝတ်စေထားသည်။ နှစ်ယောက်စလုံးကို လူကြီးဝိုင်းထဲသို့ ဝင်စေသည်။

အားလုံးသည် ဦးအောင်လွင်ကို ငေးကြည့်နေကြသည်။

ဦးလေးလွင် ဘာတွေလုပ်နေမှန်း သဲသဲရော နွေးနွေးရော မသိပါလေ။ မမေးရဲသောကြောင့် မေးလည်း မမေးကြပေ။

အလားတူပင် ဒေါ်မဥ္ဇူနှင့် ဒေါ်ချယ်ရီကလည်း ဦးအောင်လွင် ဖိတ်ကြားထားချက်ကြောင့်သာ လာရသည်။ ဘာကိစ္စအတွက် ဖိတ်ကြားခြင်းမှန်း မသိကြပါလေ။

အားလုံး စားသောက်ကြပြီးနောက် အကျိုးတော်ဆောင်ကြီး ဦးစိန်အောင်က အားလုံး ကြားသိအောင် ကြေငြာလိုက်မှပင် အားလုံးသည် ဟာယ်ခနဲ ဟာခနဲ ဖြစ်သွားကြတော့သည်။

တရားဝင်စာချုပ်စာတမ်းနှင့်တကွ ကြေငြာလိုက်သည်မှာ ...

ဦးအောင်လွင် ပိုင်ဆိုင်သမျှသော စက်ရုံများ၊ ယခုလက်ရှိနေထိုင်သော ခြံနှင့်အိမ်။ ဘဏ်အပ်ငွေများ၊ စာရင်းအတိအကျဖြင့်လည်းကောင်း။

စိန်၊ မြ၊ ပတ္တမြား၊ နီလာ စသည့် လက်ဝတ်ရတနာများ၊ ယခုလက်ရှိ စီးနေသော မော်တော်ကား၊ အားလုံး, အားလုံးကို တစ်ဦးတည်းသော သမီးလေး သဲသဲ အမည်ဖြင့် ပိုင်ဆိုင်ခွင့် အမွေ ပေးလိုက်ကြောင်း ကြေငြာလိုက်သောကြောင့် ဖြစ်ပါလေတော့သည်။





အားလုံး မျက်ခုံးတွေ ပင့်တက်သွားသည်။ ပါးစပ်တွေ ဟ,ကုန်သည်။

ကြေငြာချက်တွင် ရှင်းချက်တော့ ပါသည်။ ယင်းအတွင်းပစ္စည်း အပြင်ပစ္စည်း အားလုံး သဲသဲအား ယနေ့အမွေလွှဲသည် ဖြစ်သော်လည်း သဲသဲ တက္ကသိုလ်က ဘွဲ့တစ်ခုခုရပြီးမှသာလျှင် လုံးဝ ပိုင်ဆိုင်ခွင့် ရှိရမည်၊ ယင်းကာလ အချိန်ကြားဝယ် ဖခင်ဖြစ်သူ ဦးအောင်လွင်သည် သမီးသဲသဲ၏ အမွေထိန်းအဖြစ် ယင်းပစ္စည်းမျိုးစုံအပေါ်တွင် လိုအပ်သလို စီရင်လုပ်ဆောင်ရမည်ဟု ဖြစ်ပေတော့သည်။

သဲသဲ ထ,အော်တော့သည်။

"မယူဘူး။ လုံးဝမယူဘူး။ ဒီပစ္စည်းတွေကို သဲသဲက ဘာလို့ယူရမှာလဲ၊ ဖေဖေ အသက်ရှင်နေသရွေ့ ဘာအမွေမှ သဲသဲ မလိုချင်ဘူး။ အခု ဖေဖေ လုပ်တာတွေက နိမိတ်မရှိ နမာမရှိနဲ့"

အော်ပြောရုံမက အော်ငိုချလိုက်ပါလေတော့သည်။

သို့သော် ...

အကျိုးတော်ဆောင်ကြီး ဦးစိန်အောင်က သဲသဲကို တရားဥပဒေပိုင်းနှင့် ရှင်းပြသည်။ မိဘအမွေကို သားသမီး ဆက်ခံရမြဲဖြစ်သည်၊ မယူချင်ဘူးဟု ငြင်း၍ မရစကောင်းပေ။ ထို့ပြင် ယခု သဲသဲသည် အသက်ဆယ့်ရှစ်နှစ်ပင် ရောက်ရှိသေးသောကြောင့် အရွယ်မရောက်သေးသူလက်သို့ မအပ်စေဘဲ ဖေဖေ ယွင်ကသာလျှင် နဂိုအတိုင်း ဆက်လက်ကိုင်တွယ် စီစဉ်သွားမည်ဖြစ်ကြောင်း အများရှေ့မှာပင် ရှင်းပြကာ စာရွက်စာတမ်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



စာချုပ်တွင် ဒေါ်မဥ္ဇူနှင့် ဒေါ်ချယ်ရီက ခိုင်မာသော တရားဝင် သက်သေအဖြစ် လက်မှတ်ထိုးပေးပါ၏။

ကိုအောင်လွင် လုပ်လိုက်ရင်တော့ အဆန်းပဲ။ သဲသဲကို အမွေပေးတာ စောလွန်းပါသေးတယ်ဟု နှစ်ယောက်စလုံးက မှတ်ချက်ပြုကြပါ၏။ သို့တစေ ရင်ထဲက မအီမလည် နှင့်ပင် ဒေါ်မဥ္ဇူနှင့် ဒေါ်ချယ်ရီတို့ သက်သေလက်မှတ် ထိုးပေးကြပါ၏။

အမွေလွှဲကိစ္စ ပြီးသောအခါ အားလုံး ပြန်သွားကြသည်။ သဲသဲလည်း ငိုရင်း အိမ်ပေါ်ထပ်သို့ တက်ရောက်သွားတော့သည်။

ဧည့်သည်များ စားသောက်သွားသော ပန်းကန်တွေကို ဒေါ်ပြုံးနှင့် မိနီက မီးဖိုဆီသို့ သယ်သွားကြသည်။

ဧည့်ခန်းထဲဝယ် နွေးနွေးနှင့် ဦးလေးလွင် နှစ်ယောက်တည်း ကျန်ခဲ့ပါ၏။

နွေးနွေးကလည်း အဝတ်လဲရန် အပေါ်ထပ်သို့တက်ဖို့ ခြေလှမ်းပြင်သည်။

"နေပါဦး နွေးနွေး"

နွေးနွေး ပြန်ထိုင်သည်။

"ကဲ ... နွေးနွေး ရင်ထဲ သံသယ ရှင်းသွားပြီ မဟုတ်လား။ နွေးနွေး ဆင်မယဉ်သာလို့ ဘယ်သူ ပြောဦးမလဲ၊ နွေးနွေး ရင်ထဲ သံသယ ရှင်းသွားအောင် ဦးလေးလွင် ဒီလိုလုပ်လိုက်တာပဲ။ နွေးနွေးက ဦးလေးလွင်ကို လက်ထပ်တာဟာ ဦးလေးလွင်ရဲ့ ချမ်းသာကြွယ်ဝတာကို မက်မောလို့



မဟုတ်ဘူးဆိုတာ ထင်ရှားအောင်လို့လေ"

ဩ... ဒါကြောင့်ကိုးဟု ယခုမှ တိတိကျကျ နွေးနွေး သဘောပေါက်ရပါ၏။

မိမိက သူ့ကို လက်ထပ်ဖို့ အရေးအတွက် ဒီလိုလုပ်လိုက်သော ဦးလေးလွင်ကို ကရုဏာ ထပ်မံ သက်ရောက်ရပြန်သည်။

"သဲသဲကိုတော့ သွေးအေးမှ ဦးလေးလွင် နွေးနွေးကို လက်ထပ်မယ် ဆိုတာ ပြောပြရမှာပဲ၊ လက်ထပ်တဲ့အဆင့်အထိတော့ သဲသဲက လက်ခံမှာပါ။ သူကိုယ်တိုင်ကလည်း နွေးနွေးကို ချစ်တာယ်။ သူ့အမေလာတုန်းကလည်း နားဝင်အောင် တော်တော် ပြောသွားတာပဲ ... သဲသဲ လက်ခံမှာပါ"

နွေးနွေး ဘာမှပြန်မပြော။ နားထောင်ရုံသက်သက် နားထောင်နေသည်။

"နွေးနွေးရဲ့ဖေဖေ ဦးအောင်နွေးကို အတူနေ လက်ခံဖို့ သဲသဲကို ကြိုးစားပြီး ပြောရဦးမယ်"

ဦးလေးလွင် လုပ်နေသမျှကို နွေးနွေး ရင်ထဲက သနားသည်ထက် ပိုသနားရသည်ကလွဲပြီး ဘာမှ မဝေဖန်ပါလေတော့။

တစ်ခုပဲရှိသည်။ နွေးနွေး စောစောစီးစီး အိမ်ထောင်မပြုချင်သေး။ ဦးလေးလွင်ကို ချစ်သောကြောင့် လက်ထပ်ပါသည် ဆိုဦးတော့ အနည်းဆုံး အလုပ်သင်ဆရာဝန် ဟောက်(စ်)ဆာဂျင်လောက် ဖြစ်ပြီးမှ လက်ထပ်ချင်သည်။

သို့သော် ... ဒါကိုလည်း ဦးလေးလွင်ကို ဖွင့်မပြော

www.burmeseclassic.com

www.burmeseclassic.com



ပေ။ မိမိက ဖွင့်ပြောလိုက်လျှင် ဦးလေးလွင်က မိမိကို ချေးကိုင်လွှန်းလိုက်တာ၊ ဆိုလေ ကဲလေ မန်းလေ ဖြစ်လေပါလားဟု အစွပ်စွဲ ခံရမည်ကို စိုးရိမ်သည်။

နောက်နေ့တွင် နွေးနွေး ကျောင်းပြန်တက်သည်။

သို့တစေ ယနေ့အဖို့ ကာလပ်(စ်)တက်ရာတွင် ကျောင်းသင်ခန်းစာများတွင် စိတ်မဝင်စား၊ ကာလပ်(စ်)ထဲတွင် ထိုင်လျက်သားပင် စင်မြင့်ပေါ်မှ ဆရာ သင်ကြား ပြသနေခြင်းကို အာရုံမဝင်ဘဲ ဂနာမငြိမ်ဘဲ လှုပ်လှုပ်ရှားရှားလေး ဖြစ်နေသည်။ စင်မြင့် အပေါ်စီးမှ ကျောင်းသူကျောင်းသား အားလုံးကို လှမ်းမြင်နေရသော ဆရာသည် ယနေ့ ကျောင်းသူ နွေးနွေး ဂနာမငြိမ် ဖြစ်နေသည်ကို တွေ့ပြီး ပြုံးလိုက်သည်ကို နွေးနွေးကလည်း ပြန်၍သတိထားမိပါ၏။

ဒီလိုနှင့် ကာလပ်(စ်) အချိန်စေ့သွားသည်။

နွေးနွေး အပြင်ဘက် ထွက်လာသည်။ ဘယ်သူနှင့်မှလည်း စကားမပြောချင်သောကြောင့် ခါတိုင်း ကျောင်းဆင်း ဦးလေးမှိုင်း လာကြိုသည်ကို ထိုင်စောင့်သည့် သစ်ပင်အောက် ခုံလေးပေါ်တွင် တစ်ယောက်တည်း ထိုင်နေမိသည်။

တကယ်ချစ်ကြပြီ ဆိုတော့လည်း ဦးလေးလွင်က လက်ထပ်နိုင်ရေးကို စိုင်းပြင်းကြိုးစားသည်။

နောက်တစ်ချက်မှာ ဖေဖေ့ကို ဒီအိမ်တွင် အတူတူနေဖို့ သဲသဲက လက်ခံပါမည်တဲ့လား။

ယင်းသို့သော အတွေးများဖြင့် ချာချာလည်နေ တွေးနေစဉ်မှာပင် ...



"မနွေး"

"ဟင် ... ကိုစည်သူအောင်"

နွေးနွေး ရှေ့တွင် စည်သူအောင် လာရပ်နေသည်ကို အံ့သြစွာ နွေးနွေး တွေ့ရသည်။

"ကျွန်တော် တစ်ချိန်လုံး အတန်းတက်ရင်း မနွေးကို အကဲခတ် ကြည့်နေတယ်၊ မနေ့ကလည်း မနွေး ကျောင်းမတက်ဘူးနော်၊ ဒီနေ့ ကျောင်းတက်ပြန်တော့လည်း မနွေးကို အကဲခတ်ကြည့်နေတာ တစ်မျိုးကြီးပဲ၊ မနွေးမှာ ဘာအခက်အခဲ ရှိနေလို့လဲဟင်"

"မရှိပါဘူး။ နွေးနွေးမှာ ဘာအခက်အခဲမှ မရှိပါဘူး"

ခါတိုင်း ရှင်နှင့် ကျွန်မ ပြောရာက နွေးနွေးသည် အလိုလိုပင် သူ့ကိုယ်သူမ နွေးနွေးဟု ပြောလိုက်မိသည်။ ဒါက လည်း နွေးနွေး စိတ်ထဲ သူစိမ်းမဆန်တော့သည့် သူများကို ပြောနေကျအတိုင်း ပြောလိုက်မိခြင်း ဖြစ်သည်။

ကိုစည်သူအောင်သည် မိမိနှင့် သူစိမ်းမဆန်တော့ဟု နွေးနွေး မှတ်ယူမိသောကြောင့် ဖြစ်ပေသည်။

"ဒါဆို နေမကောင်းလို့လားဟင်"

"နေကောင်းပါတယ်။ ဒီနေ့ ခေါင်းထဲမှာ တောင်တွေးမြောက်တွေးတွေပေါ့လေ။ မန္တလေးမှာပဲ ဖေဖေနဲ့ အတူတူနေပြီး ကျောင်းတက်နေတာ အကောင်းသားနဲ့ ရန်ကုန်ကျောင်းကို ပြောင်းလာမိတာ မှားများ မှားသွားပလားလို့ တွေးနေတာပါ"

"မေးပါရစေနော် ... မနွေး ရန်ကုန်ကျောင်း ပြောင်းလာတာ

www.burmeseclassic.com

www.burmeseclassic.com



မှားသွားပြီလားလို့ အတွေးဝင်တာဟာ ကျွန်တော့်ကြောင့်လား။ ကျွန်တော့်ရဲ့ အပြုအမူတွေဟာ မနွေးကို သိပ်ပြီး စိတ်အနှောင့်အယှက် ပေးရာ ရောက်နေလို့လား"

"မဟုတ်ပါဘူး၊ ကိုစည်သူအောင်ကြောင့် မဟုတ်ပါဘူး"

"ဒါဖြင့် ဘာလို့ မန္တလေးကို ပြန်ချင်တာလဲ"

ထိုမေးခွန်းကို နွေးနွေး မဖြေပါလေ။ မိမိကိစ္စတွေကို စည်သူအောင်အား လုံးဝပြောမပြချင်ပေ။

တစ်ဆက်တည်း နွေးနွေး စဉ်းစားသည်မှာ ကျောင်းဆင်းဖို့ အချိန်အများကြီး လိုနေသေးသည်။ ကျန်ရှိနေသော ကလပ်(စ်)တွေကိုလည်း နွေးနွေး ဆက်မတက်ချင်တော့၊ ကိုစည်သူအောင်၏ ကားဖြင့်ပင် အိမ်လိုက်ပို့ခိုင်းရ ကောင်းမလားဟု စဉ်းစားလိုက်ခြင်း ဖြစ်ပါ၏။

"နွေးနွေး အိမ်ပြန်ချင်တယ် ကိုစည်သူအောင်၊ ကျန်တဲ့ ကလပ်(စ်)တွေလည်း ဆက်ပြီးတက်ချင်စိတ် မရှိတော့လို့"

"ဒါဆို ကျွန်တော့်ကားနဲ့ လိုက်ပို့ပေးမယ်လေ ... ကျွန်တော့်ရဲ့ သိက္ခာကို မနွေး ယုံကြည်တယ် ဆိုရင်ပေါ့လေ"

"ကိုစည်သူအောင်မှာ ကလပ်(စ်)တွေ ဆက်တက်စရာ အများကြီး ကျန်နေသေးတာပဲ"

"ရပါတယ် ... ဒီလောက်ကတော့ မိုင်နာပါ၊ တက္ကသိုလ်ကျောင်းသားမှန်ရင် တစ်ခါတလေ ကျောင်းပြေးမှုမှ တက္ကသိုလ်ကျောင်းသား ပီသရာ ရောက်မှာပေါ့"

နှစ်ယောက်စလုံး စည်သူအောင်၏ စကားကြောင့် ရယ်မောမိကြသည်။



"ဒါဆို နွေးနွေးကို ခဏလိုက်ပို့ပေးပါ။ ပြီးရင် ကိုစည်သူအောင် ကလပ်(စ်)ပြန်တက်ပေါ့"

နွေးနွေးကပင်လျှင် ရှေ့တံခါးကို ဆွဲဖွင့်ပြီး တက်ထိုင်သည်။ မိမိက နောက်မှဝင်ထိုင်လျှင် စည်သူအောင်၏ အမြင်တွင် ဒီမိန်းမ အကြောကြီးလိုက်တာဟု မြင်သွားမှာ စိုးသောကြောင့် ဖြစ်ပါ၏။ ကိုစည်သူအောင်၏ သိက္ခာကို မယုံကြည်ရာလည်း ရောက်သွားမည်။

ကားမောင်းပြီး ထွက်လာခဲ့ကြသည်။

ဘေးလူတွေ မြင်လျှင်တော့ နွေးနွေးကို စည်သူအောင် ဖွဲ့သွားပြီဟု ထင်ကြပေမည်။

မတတ်နိုင်ပေ။ မိမိတွင် ချစ်သူ ဦးလေးလွင် ရှိပြီးသားမို့ နွေးနွေး စိတ်သန့်ပါ၏။

ပြည်လမ်းအတိုင်း ပြန်ခဲ့ခြင်းတော့ ဖြစ်သည်။ ကျောင်းပဝိုဏ်းမှ အထွက်တွင် စည်သူအောင်က စကားစပြောသည်။

"မနွေး မဆာဘူးလားဟင် ... ကျွန်တော်တော့ ဗိုက်ဆာနေပြီ။ ရှေ့နားမှာ မိုးယံစားသောက်ဆိုင် ရှိတယ်၊ တရုတ်အစားအစာဆိုင်ပါ၊ ဆိုင်သန့်ပါတယ်။ ဒီလို နေ့လယ်ဘက် ဆိုလည်း လူရှင်းပါတယ်"

နွေးနွေးသည်း ဗိုက်ဆာနေသည်တော့ အမှန်။ ပြီး စည်သူအောင်က သူဗိုက်ဆာနေသည်ဟု ပြောခြင်းကို ပြန်ငဲ့ရမည်။

"ဝင်လေ ... တစ်ခုခု စားကြတာပေါ့"

မိုးယံစားသောက်ဆိုင် ခြံဝင်းရှေ့ အရှေ့ဘက်တွင်

www.burmeseclassic.com

www.burmeseclassic.com



ကားကို ချိုးကွေ့ဝင်ခဲ့သည်။ သစ်ပင်ရိပ်အောက် ကားရပ်ခါ နှစ်ယောက်အတူ ဆိုင်ထဲသို့ ဝင်ခဲ့ကြသည်။

ဆိုင်ထဲတွင် အခန်းဆီးကာ တံခါးပိတ် သီးသန့်စားသောက်ခန်းတွေ ရှိပါ၏။

ဝရန်တာတွင်လည်း စားသောက်စားပွဲတွေ သန့်ပြန့်စွာ ချပေးထားသည်လည်း ရှိပါ၏။ ဆိုင်ထဲတွင်လည်း စားပွဲတွေ ချထားသည်။

"မနွေး၊ သီးသန့်ခန်းမှာ စားမလားဟင်၊ လူမြင်မခံချင်ရင် ပြောတာနော်၊ ဘယ်လိုသဘောနဲ့မှ မဟုတ်ဘူး"

"ဟင့်အင်း ... ဆိုင်ထဲက စားပွဲမှာပဲ ထိုင်ခယ်"

သီးသန့်ခန်းများသည် များသောအားဖြင့် ချစ်သူစုံတွဲတွေ ဝင်ရောက်စားသောက်သော အခန်းမျိုးမှန်း နွေးနွေး သိထားသည်။ တချို့ လူကြီးလူကောင်း မိသားစုများလည်း မိမိတို့စားသောက်သည်ကို လူမမြင်စေချင်ဘဲ သီးသီးသန့်သန့် လွတ်လွတ်လပ်လပ်စားရန်အတွက်လည်း သီးသန့်ခန်းတွင် စားသောက်တတ်ကြပါသည်။

ဝင်ထိုင်လိုက်သည်နှင့် ဘော(လ်)ပင်နှင့် စာရွက်နှင့် စားပွဲထိုး ရောက်လာပါ၏။

"မနွေး ဘာစားမလဲဟင်"

"ကြိုက်တာမှာပါ၊ နွေးနွေး ဘာမဆို စားပါတယ်၊ အစားမရွေးတတ်ပါဘူး၊ ဒီလိုဆိုင်မျိုးမှာ မားလေ့လည်း မရှိတော့ မမှာတတ်ဘူး"

"ထမင်းပဲစားစို့။ ဒီနေ့မနက်ပိုင်း ကျွန်တော် အိပ်ယာပြီး



သွားလို့ နိုးတာနဲ့ ကလပ်(စ်)မီအောင် ပြေးလာတာ။ ထမင်းတောင် မစားရသေးဘူး။ ခါတိုင်းတော့ ကျောင်းဝန်းထဲက ဆိုင်တွေမှာပဲ စားလိုက်တာပဲ။ မနွေး ဝက်သားစားပါတယ်နော်"

"အမဲသားကလွဲရင် အားလုံးစားပါတယ်"

ကြက်သားလုံးကြော်၊ သုံးထပ်သားဝက်ပေါင်း၊ ငါးမန်းတောင်ဟင်းချို၊ ပြည်ကြီးငါးသုပ်များ မှာလိုက်ပါ၏။

စားသောက်စရာများ မရောက်လာသေးမီ ကိုကာကိုလာနှစ်ဘူးမှာပြီး ရင်လည်းချောင်စေ စောင့်လည်းစောင့်စေသဘောဖြင့် မှာသောက်ကြသည်။

နာရီဝက်အတွင်းမှာပင် စားသောက်ဖွယ်ရာများ ရောက်ရှိလာသည်။

နှစ်ယောက်သား စတင် စားသောက်ကြသည်။ နွေးနွေးက အဝင်ဘက်လမ်းပေါက်ကို ကျောပေးထိုင်ပြီး စည်သူအောင်က နွေးနွေးနှင့် မျက်နှာချင်းဆိုင် ထိုင်သောကြောင့် အဝင်လမ်းကို မျက်နှာပြုထားသည်။

စားသောက်ကြပြီး ,ထက်ဝက်ကျဉ်းလောက်တွင်, စည်သူအောင်သည် စားသောက်နေလျက်ကပင် သူ့မျက်လုံးများက ဆိုင်၏ ဝရန်တာဘက်သို့ သုံးလေးကာ ကွက်ကြည့် ကွက်ကြည့် လှမ်းလှမ်းကြည့်နေသည်ကို နွေးနွေး သတိထားမိသည်။

"ဘာကို ခဏခဏ ကြည့်နေတာလဲ ကိုစည်သူအောင်"

"လူလေးယောက် မော်တော်ကားနဲ့ ရောက်လာပြီး ဝရန်တာက စားပွဲမှာ ထိုင်ကြတယ်၊ အဲဒီလေးယောက်ထဲက

www.burmeseclassic.com

www.burmeseclassic.com



တီရှပ်အမည်းရောင်၊ ဂျင်းဘောင်းဘီနဲ့လူက နွေးနွေးကို ကြည့်နေတာ စိုက်နေတာပဲ။ မျက်တောင်တောင် မခတ်ဘူး။ မနွေး ရှေ့တည့်တည့်မှာ ကော်င်တာနောက်က မှန်ချပ်ကြီး ထဲကို မနွေး ကြည့်လိုက် ရင် သူတို့ကို မြင်ရမယ်။ မနွေး အသိတွေလားဆိုတာ တစ်ချက် ကြည့်ကြည့်လိုက်ပါလား"

နွေးနွေး မှန်ချပ်ကြီးကို လှမ်းကြည့်သည်။

"အယ်"

ထင်းခန်နေအောင်ပင် တီရှပ်အမည်းနှင့် လူကို တွေ့ရပြီး နွေးနွေး 'အယ်'ဟု ရွတ်ဆိုလိုက်မိသည်။

လှိုင်ဘွား ပါတည်း။

"ဘာလို့လဲ မနွေး"

"အဲဒီ တီရှပ် အမည်းနဲ့လူဟာ လှိုင်ဘွား ဆိုတဲ့လူပဲ၊ မန္တလေးက"

"ဩ ... ဩ ... သူ့ရန်ကြောက်လို့ မနွေး မန္တလေးမှာ မနေရဲဘဲ ရန်ကုန်ကို လာရတာဆိုတဲ့ လူလား"

"ဟုတ်တယ် ကိုစည်သူအောင်"

"ဒါဆို ဒီလူ မန္တလေးက ရန်ကုန်အလာမှာ ဒီဆိုင်မှာ ထမင်းဝင်စားတာ ဖြစ်မှာပေါ့"

နွေးနွေး ခေါင်းခါပြသည်။

"သူ ရန်ကုန်ရောက်နေတာ ရက်ပိုင်းလောက် ရှိနေပြီတဲ့။ ဟိုတလောက ဦးလေးလွင် လမ်းမှာကားပျက်တဲ့ နေ့ကပဲ လှိုင်ဘွားက ကျိုက်ဝိုင်းအိမ် ဦးလေးလွင်ဆီ ဖုန်းဆက်တယ်တဲ့။ နွေးနွေးနဲ့ ပတ်သက်ပြီး စိန်ခေါ်တဲ့ စကားတွေတဲ့။



အဲဒီနေ့က လှိုင်ဘွား အဲဒီလို ခြိမ်းခြောက်တဲ့ဖုန်းလာလို့ ဦးလေးလွင် ကိုယ်တိုင် နွေးနွေး အတွက် စိတ်ပူပြီး လိုက်ရင်း လမ်းမှာ ကားပျက်သွားတာ"

နွေးနွေး ဆက်ပြောသည်။

"ခါတိုင်း ဒီပြင်မီးနေ့တွေတော့ အိမ်ကကားနဲ့ပဲ နွေးနွေး ကျောင်းတက် ကျောင်းဆင်း လုပ်နေလို့ သူ မနှောင့်ယှက် တာ ဖြစ်မယ်။ ဦးလေးလွင်ရဲ့ ကားမောင်းတဲ့ ဦးလေးမှိုင်း ကလည်း တပ်ကြပ်ကြီး အဆင့်နဲ့ တပ်ကထွက်လိုက်တာ လေ၊ ဦးလေးမှိုင်း အကြောင်း သူတို့သိလို့ မနှောင့်ယှက် တာ ဖြစ်ချင်လည်း ဖြစ်မယ်"

စကားကို ခေတ္တနားပြီးမှ တွေတွေငေးငေးလေး ဖြစ်နေသည်။

"ဒီနေ့တော့ ခုချိန်ဟာ ကျောင်းဆင်းချိန်လည်း မဟုတ်ဘူး၊ ကျွန်တော့်ကားနဲ့လည်း ကျောင်းချိန်ကြီးမှာ နွေးနွေး လိုက် လာလို့ သူတို့က နောက်ကလိုက်လာပြီး ဒီဆိုင်ကို ဖြောင့် ငင်တဲ့ သဘောပေါ့၊ ဟုတ်လား မနွေး"

"အဲဒီလို ဖြစ်နိုင်တယ် ကိုစည်သူအောင်"

"ဒါဆို ကျွန်တော် တစ်ခုမေးမယ်၊ မနွေး ကျွန်တော့်ကို စိတ်မဆိုးရဘူးနော်"

"မေးပါ ... နွေးနွေး စိတ်မဆိုးပါဘူး"

"ဒါဆို လှိုင်ဘွားဟာ မန္တလေးမှာတုန်းက မနွေးနဲ့ လူငယ်ဘာဝ ပတ်သက်ခဲ့ဖူးသလား"

"လုံးဝ ... လုံးဝကြီးကို မပတ်သက်ခဲ့ဘူး၊ သူက နွေးနွေး

www.burmeseclassic.com

www.burmeseclassic.com



ကို မေတ္တာရှိတယ်လို့ လာပြောတယ်၊ နွေးနွေးက လုံးဝကြီး ကို လက်မခံခဲ့ဘူး၊ အဲဒါကြောင့် လှိုင်ဘွားဟာ ရွတ်ကြမ်းချင်နေတာ”

“ဒါဆို စိတ်ချ။ မနွေး ကျွန်တော့်ကားနဲ့ လိုက်လာတာ ကျွန်တော့်မှာ တာဝန်အပြည့်ရှိတယ်။ ကျွန်တော် အသက်နဲ့ လဲပြီး မနွေးကို ကျွန်တော် ကာကွယ်မယ်”



# ၁၃

နွေးနွေးသည် စည်သူအောင်အား ရွှန်းလဲ့ဝင်းပသော မျက်ဝန်းအစုံဖြင့် ကြည့်မိသည်။ စည်သူအောင် အတွက်လည်း စိုးရိမ်မိသည်။

“သူတို့ဟာ တစ်ခုခုတော့ အနှောင့်အယှက် ပေးလိမ့်မယ် ကိုစည်သူအောင်။ ခါတိုင်း နွေးနွေးက အိမ်ကကားနဲ့ပဲ ကျောင်းတက်ကျောင်းဆင်း လုပ်နေတာဆိုတော့ ဒါဟာ နွေးနွေး ရိုးရိုးသားသား ပညာသင်နေတာလို့ သူ တွက်ပြီး မနှောင့်ယှက်ဘဲ နေတာဖြစ်မယ်၊ လှိုင်ဘွားက နွေးနွေး ကို ခြိမ်းခြောက်ဖူးတယ်၊ နွေးနွေး ပညာသင်ချင်သလောက် သင်ပါတဲ့၊ နောက်ဆုံး သူ့ကို လက်ထပ်ရင် ပြီးတာပဲတဲ့ ဒီကြားထဲ နွေးနွေးက တခြားတစ်ယောက်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



လက်ခံလိုက်ရင်တော့ သူ့ကို အဆိုးမဆိုနဲ့ ပွဲကြမ်းပြီသာ မှတ်ပေတော့တဲ့"

"ဒါတွေက လူမိုက်အားကိုး ခြိမ်းခြောက်စကားတွေပါ မနွေး"

"လှိုင်ဘွားဟာ တကယ်ဆိုး တကယ်မိုက်တယ် ကိုစည်သူအောင်။ သူ့အပေါင်းအသင်းတွေကလည်း လူဆိုးလူမိုက်တွေချည်းပဲ၊ နောက်တစ်ချက်က လှိုင်ဘွား လိုလူနဲ့ ကိုစည်သူအောင်လိုလူဟာ တန်ဖိုးခြင်း အများကြီးကို သိပ်ကိုကွာခြားပါတယ်။ သူက မြေပန်းကန်ပဲ၊ ကိုစည်သူအောင်က ရွှေပန်းကန်ပါ။ ပန်းကန်ချင်းယှဉ်ပြီး တိုးရင် မြေပန်းကန် ကွဲသွားတာ ဘာအရေးလဲ၊ ရွှေပန်းကန်အကျောင်းထင်သွားရင်တောင် သိပ်နစ်နာသွားပြီ ...။ လှိုင်ဘွားနဲ့ မယှဉ်ပြိုင်ပါနဲ့ ကိုစည်သူအောင်။ နွေးနွေး အကြံတစ်ခုရတယ်"

"ဘယ်လို အကြံလဲ"

"ဒီဆိုင်ကဖုန်းနဲ့ပဲ အိမ်ကို နွေးနွေး ဆက်မယ်။ ဦးလေးမှိုင်း လာကြိုပါလို့ ခေါ်လိုက်မယ်လေ။ ဦးလေးမှိုင်း လိုက်လာရင် သူတို့ လုပ်ရဲမှာ မဟုတ်တော့ဘူး"

"ဟာ ... အဲဒါကြီး မနိပ်ပါဘူး မနွေး။ သူတို့နဲ့ မယှဉ်ရဲလို့ ဦးလေးမှိုင်းကို စစ်ကူတောင်းရသလို ဖြစ်သွားပြီ။ အခု မနွေးက ကျွန်တော့်အတွက် တန်ဖိုးထားပြီး အရမ်းစိုးရိမ်တာကိုကပဲ ကျွန်တော့်မှာ အားတွေမာန်တွေ အရမ်းတက်နေပြီ၊ ကိစ္စမရှိဘူး ဣန္ဒြေမပျက်သာ ဆက်စား။



ပြီးရင် သွားကြမယ်။ ဦးလေးမှိုင်းကို ခေါ်ဖို့တော့ ကျွန်တော် လုံးဝ သဘောမတူဘူး၊ ဒါပေမယ့် ကျွန်တော် ရန်မဖြစ်ချင်ပါဘူး၊ ရန်ဖြစ်တာယ်ဆိုတာ ရိုင်းစိုင်းတဲ့လူတွေရဲ့ အလုပ်ပဲ ...။ လမ်းပေါ်ရောက်ရင် ကျွန်တော့်ကားကို မိုင်နှုန်းတင်ပြီး မောင်းမယ်။ သူတို့စီးလာတဲ့ကားက ဂျစ်ကားရိုးရိုးပဲ။ ကျွန်တော့်ကားကို သူတို့မီအောင် လိုက်နိုင်မှာ မဟုတ်ပါဘူး။ သူတို့ဟာ ဒီဆိုင်ထဲမှာတော့ ကျွန်တော်တို့ကို ရန်ရှာမယ် မထင်ဘူး ... ဒီကထွက်မှ လိုက်လာကြမယ် ထင်တယ်၊ အဲ ... ကျွန်တော် သူတို့ကို ကြောက်လို့ အလွတ်မောင်းပြေးတယ်လို့တော့ မနွေး မထင်လိုက်နဲ့နော်။ မနွေးအတွက် ရန်ဖြစ်ကြရတယ်ဆိုရင် မနွေး သိက္ခာထိခိုက်မှာစိုးတာရယ် ... အခုလက်ရှိ အခြေအနေမှာ သူတို့ကလေးယောက်၊ ကျွန်တော်က တစ်ယောက်တည်းဆိုတော့ အင်အားချင်း မမျှဘူး၊ ဒါပေမယ့် ဖြစ်လာရင်တော့ ကျွန်တော် တစ်ယောက်တည်းနဲ့ပဲ ရင်ဆိုင်ဖို့ အသင့်ပဲ"

စားသောက်ပြီးစီးသည်နှင့် စည်သူအောင်သည် ကောင်တာသို့သွားကာ ကျသင့်ငွေ သွားရှင်းတော့သည်။

နွေးနွေး ဘာပြောလို့ ဘာလုပ်ရမှန်းမသိ။ ဒီလိုအတွေ့အကြုံလည်း တစ်ခါဖူးမျှ မရှိစဘူးခဲ့။

စည်သူအောင် ကောင်တာသို့သွားရာလမ်း စားပွဲတစ်လုံးတွင် တစ်ယောက်တည်း ဘီယာသောက်၊ အာလူးကြော်စားနေသော လူတစ်ယောက်ကို သတိထားမိသည်။ စည်သူအောင် ကောင်တာသို့ လျှောက်သွားကာတည်းက ၎င်းအာလူးကြော်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဘီယာသမားက စည်သူအောင်အား လိုက်ကြည့် စိုက်ကြည့်နေမှန်း သိ၍ စည်သူအောင်က ထိုလူကို ပြန်ကြည့်မိခြင်း ဖြစ်သည်။

ထိုလူ၏ ပုံပန်းသဏ္ဍာန်မှာ အညာသားကြီးနှင့်တူသည်။ အသားညိုသည်၊ ထောင်မောင်းသည်၊ ပင်နီတိုက်ပုံအင်္ကျီ ဝတ်ထားသည်။ သာမန်ရိုးရိုးချည်ချောလုံချည် ဝတ်ထားသည်။ မျက်နှာသုတ်ပဝါတစ်ထည် ပခုံးတွင် ကန့်လန့်တင်ထားပြီး ရှေ့အစ၊ နောက်အစ ချထားသည်။ ကောင်တာတွင် ငွေရှင်းပြီး စည်သူအောင် နွေးနွေး ထံသို့ ပြန်လာသည်။

"လာ ... သွားစို့ မနွေး"

နှစ်ယောက်သား တွဲပြီး ဆိုင်ပေါ်မှဆင်းကာ ပါဂျရို ကားဝါဆီသို့ လာခဲ့သည်။

နွေးနွေး ကားပေါ်တက်သည်ကို စည်သူအောင်က ဘေးမှ ရပ်စောင့်ကြည့်ပေးထားသည်။

ထိုစဉ်မှာပင် ...

လှိုင်ဘွားသည် ဝရန်တာမှ လှားခနဲ ခုန်ဆင်းကာ ပြေးလာပြီး နွေးနွေး၏ လက်မောင်းကို ဆွဲကိုင်လိုက်သည်။

"လာ ... ငါနဲ့ လိုက်ခဲ့တော့ နွေးနွေး၊ နင့်ကို ငါ ဆက်ပြီး လွှတ်ထားလို့ မဖြစ်တော့ဘူး"

"အို ... ဘာဆိုင်လဲ၊ ရှင်နဲ့ကျွန်မ ဘာမှမဆိုင်ဘူး၊ မလိုက်ဘူး"

နွေးနွေးသည် ကားတံခါးကို လက်တစ်ဖက်ဖြင့် အသေဆွဲကာ ခြေထောက်နှစ်ဖက်ကလည်း လှိုင်ဘွား ဆွဲရာသို့ ပါမသွားစေရန် စုံကန်ထားသည်။





စည်သူအောင်သည် လှိုင်ဘွားကို ခုန်အုပ်လိုက်သည်။

နှစ်ယောက်စလုံး လုံးထွေးလဲပြို ကျသွားပါ၏။ လှိုင်ဘွားသည် သူ၏ပက်လက်လဲအကျတွင် ဘေးသို့လှိမ့်ထွက်ပြီး ပြန်၍ မတ်တတ်ရပ်သည်။

စည်သူအောင်လည်း ပြန်ရပ်ပါ၏။

ခေတ်လူငယ်များပီပီ နှစ်ယောက်စလုံး အသီးသီး ကိုယ်ခံပညာကိုယ်စီ တတ်ထားကြသည်။ ခြေကန်၊ လက်သီးဝင်၊ လက်ဝါးစောင်းခုတ်၊ ဒူးတိုက်တို့ဖြင့် သူ့အကွက်နှင့်သူ သတ်ပုတ်ကြတော့သည်။

နှစ်ယောက်စလုံး တစ်ဖက်သတ် မဖြစ်ဘဲ သူ့ဝင်ကိုယ်ခုခံ ကိုယ်ဝင် သူခုခံ ဖြစ်နေကြသည်။

တစ်ချိတွင် စည်သူအောင် ပင့်မြှောက်ထည့်လိုက်သော ဒူးပင့်သည် လှိုင်ဘွား အထိနာသွားပါ၏။ တစ်ချက်အထိနာပြီ ဆိုသည်နှင့် နာသွားသူ ခံရတော့သည်။ လှုပ်ရှားမှု မသွက်တော့ နောက်ထပ် စည်သူအောင်၏ ညာဝိုက်လက်သီးတစ်ချက် ခွပ်ခနဲ လှိုင်ဘွား မျက်နှာ အဝင်တွင် လှိုင်ဘွား နောက်ပြန်လဲကျသွားပါလေ၏။ လဲကျသည်နှင့် စည်သူအောင်က ခွစီးပြီး ဘယ်လက်သီး ညာလက်သီးတို့ ဝင်ပစ်တော့သည်။

ထိုအချိန်မှာပင် လှိုင်ဘွား၏ အဖော်သုံးယောက် ရောက်လာပြီး စည်သူအောင်အား သုံးယောက်စလုံး ဝိုင်းအုပ်လိုက်ရာ မြေပြင်တွင် လေးယောက်တစ်ယောက် လုံးထွေးသွားတော့သည်။ စည်သူအောင်လည်း လဲပြိုပြီး မြေကြီးတွင် ကျောကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"လုပ်ကြပါဦး ... သူတို့ တမင်ဝိုင်း အနိုင်ကျင့်တာ ... လုပ်ကြပါဦး"

နွေးနွေး အော်ပြီး အကူအညီ တောင်းရပေတော့သည်။

"ဟော့ကောင်တွေ ရပ်လိုက် ... ဒိုင်း ... ဒိုင်း"

စောစောက အာလူးကြော်နှင့် ဘီယာသောက်နေသော ပင်နီအကျႌနှင့် အညာသားကြီးသည် ဟော့ကောင်တွေ ရှော့လိုက်ဟု အမိန့်ပေးလေသည်။

"ဟော့ကောင်တွေ ... မင်းတို့အားလုံး စခန်းလိုက်ခဲ့။ ငါ ရဲအုပ်ထွန်းမောင်၊ စီအိုင်ဒီကပဲ"

ပထမဆုံး အောက်မှ လိမ့်ထွက်လာသူမှာ လှိုင်ဘွား ဖြစ်ပေသည်။ သူ၏ ညာလက်ဝါးနှင့် လက်ချောင်းတွေတွင် သွေးများ နီရဲပေကျံနေသည်ကို တွေ့ရသည်။ စီအိုင်ဒီရဲအုပ်ဦးထွန်း မောင် ကိုယ်တိုင်လည်း သွေးပေသောလက်ကို တွေ့လိုက်သည်။

လှိုင်ဘွားသည် လှစ်ခနဲ သူ့ဂျစ်ကားဆီသို့ ပြေးသွားကာ ကားပေါ်တက် စက်နှိုးလိုက်သည်နှင့် ကျန်သုံးယောက်စလုံး ဂျစ်ကားဆီသို့ ပြေးသွားကာ အသီးသီး ခုန်တက်ပြီးသည်နှင့် ဂျစ်ကား ဝူးခနဲ မောင်းထွက်သွားတော့သည်။

"မောင်းပြေးကြပြီ ... ပစ်လေဗျာ"

ဘေးမှ ကြည့်နေသူထဲမှ စီအိုင်ဒီရဲအုပ် ဦးထွန်းမောင် ကို လှမ်းပြောသည်။

ဦးထွန်းမောင်က မပစ်ပေ။ ဘော(လ်)ပင်ဝှတ်ယူကာ ဂျစ်ကားနံပါတ်ကို သူ့လက်ဝါးတွင် ရေးမှတ်လိုက်သည်။



"လူကိုထိအောင် ပစ်ချင်တိုင်း ပစ်ဖို့ ဥပဒေက ခွင့်ပြုမထား ဘူးဗျ"

ဦးထွန်းမောင်က ဝိုင်းကြည့်ပရိသတ်ဘက်သို့ လှည့် ပြောလိုက်ပါ၏။

"ဒီမှာ ... ဒီမှာ ... ရဲအရာရှိကြီး၊ လုပ်ပါဦး၊ ကိုစည်သူ အောင်မှာ ဓားတံန်းလန်းကြီးနဲ့"

နွေးနွေး အော်၍ ပြောသည်။

ဦးထွန်းမောင် စည်သူအောင် လဲကျနေရာသို့ ရောက် သွားပါ၏။

စည်သူအောင် မှောက်လျက်ကြီး လဲနေသည်။ ကျောတွင် ဓားမြှောင်တစ်ချောင်း စိုက်ဝင်နေသည်ကို တွေ့ရသည်။

ဦးထွန်းမောင်သည် စည်သူအောင်အား ပွေ့ချီပြီး ပါကျရီကား အဝါပေါ်သို့ တင်လိုက်သည်။ ပြီး ဆိုင်မှဖုန်းဖြင့် အနီးဆိုင်ရာ နယ်မြေစခန်းသို့ အဖြစ်အပျက်ကို အကြောင်းကြား အမှုတိုင်ထားလိုက်သည်။

"ကဲ ... မိန်းကလေး ... ကားပေါ်တက်၊ ဒီမောင်ရင်ကို ဆေးရုံအင်မာဂျင်စီကို အမြန်ဆုံး ပို့ပေးရမယ်။ ရတယ် ... ကျုပ် နယ်မြေရဲစခန်းကို အမှုဖွင့် တိုင်ကြားချက် လုပ်ပြီး ရင် ဆေးရုံတင်လို့ရတယ် ... ကျုပ်ကိုယ်တိုင် ရဲအရာရှိပဲ။ ဆေးရုံရောက်ဖို့ မြန်မြန်အရေးကြီးတယ်"

ဦးထွန်းမောင်က ပါဂျရိုကားမောင်းပြီး နွေးနွေး အတူလိုက်ပါသွားသည်။

ဆေးရုံ အရေးပေါ်သို့ တင်ပြီးမှ နွေးနွေး ထံမှ

www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းမောင် ထွက်ဆိုချက် ယူသည်။ သိချင်တာတွေ မေးမြန်းသည်။

နွေးနွေး၏ ထွက်ဆိုချက်အရ စည်သူအောင်၏မိဘနှစ်ပါးဖြစ်သော ဦးမျိုးအောင် ဒေါ်ဝင်းဝင်း ထံသို့ ဦးထွန်းမောင် ဖုန်းဆက် အကြောင်းကြားသည်။

ဦးထွန်းမောင်ပင်လျှင် ဦးအောင်လွင် ထံသို့လည်း ဖုန်းဆက် အကြောင်းကြားသည်။

နာရီဝက်အတွင်းမှာပင် ဦးမျိုးအောင် ဒေါ်ဝင်းဝင်း ရောက်လာသည်။

အခင်းဖြစ်ပွားရာ ဒေသပိုင်နယ်မြေရဲစခန်းမှ ဒုရဲအုပ် ခေါင်းဆောင်သော ရဲအဖွဲ့လည်း ရောက်လာသည်။

စည်သူအောင်အား ခွဲစိတ်ခန်းတွင် အရေးပေါ်တာဝန်ကျ ဆရာဝန် ဆရာမများ အပြင်းအထန် ကုသနေပါ၏။

ဦးလေးလွင်လည်း ချိုင်းထောက်ကြီးနှင့် ရောက်လာပေပြီ။

ဦးထွန်းမောင်က ဦးအောင်လွင်၊ ဦးမျိုးအောင်၊ ဒေါ်ဝင်းဝင်းတို့အား လှိုင်ဘွားနှင့် ပတ်သက်ပြီး ရှင်းပြနေသည်။

"ဒီကောင်တွေနောက်ကို ကျုပ်လိုက်နေတာ တစ်ပတ်လောက် ရှိသွားပြီ။ ဒီကောင်လေးကောင်စလုံး ဦးကျူးဝါးအဖွဲ့နဲ့ ဦးကျူးဝါး အဆက်အသွယ်တွေ ဆိုတာလည်း ခြေရာကောက်မိထားပြီ။ ဒါပေမယ့် ဥပဒေအရ ဖမ်းဆီးဖို့ဆိုတာက ခိုင်ခိုင်မာမာ သက်သေအထောက်အထား မရသေးတော့ ဖမ်းလို့မရဘူး။ သူတို့လှုပ်ရှားမှုတွေကို ကျုပ်



အရပ်ဝတ် အစပ်စားနဲ့ ရှဲဒိုးလိုက်နေရတယ်"

ဦးထွန်းမောင် ဆက်ပြောပါ၏။

"အခုတော့ ဒီကောင်တွေကို ဖမ်းနိုင်ဖို့ ခိုင်မာသွားပြီလေ၊ မားထိုးမှု ရာဇဝတ်ကြောင်းနဲ့ အရင်ဖမ်းပြီးမှ ဦးကျူးဝါးကြီးရဲ့ ဒုစရိုက်လုပ်ငန်းတွေကို ဆက်စစ်ရင် အားလုံးပေါ်ပြီပေါ့ဗျာ"

ဦးအောင်လွင်သည် ဦးမျိုးအောင်၊ ဒေါ်ဝင်းဝင်း စနိုးမောင်နှံကိုလည်းကောင်း၊ စီအိုင်ဒီရဲအရာရှိ ဦးထွန်းမောင်ကိုလည်းကောင်း နှုတ်ဆက်ပြီး နွေးနွေးနှင့် အတူပြန်သည်။

ခြေထောက်ပြီး တုတ်ကောက်နှင့် ဆင်းရသော ဦးလေးလွင်အား နွေးနွေးက လက်မောင်းကိုင် တွဲဆင်းစေပါ၏။ အောက်မှ တွဲခဲ့ပါ၏။

ဦးလေးမိုင်း မောင်းသော ကားဖြင့်ပင် ပြန်လာခဲ့သည်။ ရှေ့ခန်းမှာပင် ဦးလေးလွင် ထိုင်သည်။ နောက်ခန်းမှ နွေးနွေးအား ယခု ဖြစ်ပျက်သော အကြောင်းကိစ္စနှင့် ပတ်သက်၍ တစ်ခွန်းမှ မေးလည်းမမေး ... ပြောလည်း မပြောပေ။

ဦးလေးလွင်က ဘာမှမမေးသောကြောင့် နွေးနွေးကလည်း တစ်ခွန်းမဟာရဲပေ။

အိမ်သို့ ရောက်လာကြသည်။

"ဦးလေးလွင် ... နွေးနွေး စိတ်တွေ သိပ်လှုပ်ရှားနေလို့ အပေါ်တက်ပြီး ခဏနားပါရစေ"

"နားလေ ... နား ... နား ... နွေးနွေး အတွက် အင်မတန် အနားယူသင့်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



နားခွင့်ပေးပါ၏။ သို့သော် ဦးလေးလွှင်၏ အင်မတန် အနားယူသင့်တာပဲဟု ပြောလိုက်သော လေသံမှာ တစ်မျိုးကြီး ဖြစ်နေသည်ဟု ရွှေးရွှေး မှတ်ထင်မိသည်။

ရွှေးရွှေး အိမ်ပေါ်ထပ်တက်ခါ အနားယူလဲလျောင်းသည်။ သဲသဲ ကျောင်းက ပြန်မလာသေးသောကြောင့် အပေါ်ထပ် အခန်းတွင် ရွှေးရွှေး တစ်ယောက်တည်း လွတ်လပ်စွာ ရှိနေပါ၏။

ရွှေးရွှေးမှာ တွေးရ ငေးရတော့သည်။

မိမိကြောင့် အပြင်းအထန် အနာတရ ခံလိုက်ရသော ကိုစည်သူအောင် ဘယ်လိုနေပါလိမ့်ဟုလည်း သိပ်သိချင်နေမိသည်။

တကယ်ဆို ရွှေးရွှေး အနေနှင့် ဆရာဝန်တွေ အရေးပေါ် ကုသပြီးစီးသွားပြီး အဖြေထွက်သည် အထိ စောင့်နေသင့်သည်။

သို့သော် ဦးလေးလွှင်က ပြန်မည်ဆိုတော့လည်း မိမိ ဦးလေးလွှင်နှင့်အတူ ပြန်မလိုက်၍ မဖြစ်ပါလေ။

ဦးလေးလွှင်အား စည်သူအောင်၏မိဘများ၊ ရဲအရာရှိ ဦးထွန်းမောင်နှင့် တာဝန်ကျ ဆရာဝန် ဆရာမများကအစ လေးစားစွာ ဆက်ဆံကြသည်ကိုလည်း ရွှေးရွှေး သတိထားမိသည်။ ဦးလေးလွှင်သည် သူ့ရာထူးနှင့် အမှုထမ်းတာဝန် ထမ်းစဉ်ကာလက ကျော်ကြားလူသိများပြီး အလေးစားခံရသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်ခဲ့ပေမည်။

ရွှေးရွှေးသည် တယ်လီဖုန်းသံကိုသာ နားစွင့်နေတော့သည်။ ကိုစည်သူအောင် ယခု မတော်တဆ ကုသစဉ် သေဆုံး



သွားပြီ ဆိုလျှင်တော့ သူ၏ ဖေဖေနှင့် မေမေ၊ ဦးမျိုးအောင်နှင့် ဒေါ်ဝင်းဝင်း တစ်ဦးဦးက ဦးလေးလွှင်အား ဖုန်းဆက်ပြောမည်မှာ သေချာသည်။

"ဖွှဟဲ့ ... လွှဲစေ ... ဖယ်စေ ... ကိုစည်သူအောင် မသေပါစေနဲ့ဘုရား"

ဆက်လက်ပြီး ဦးလေးလွှင် အကြောင်း ရွှေးရွှေး စဉ်းစားပြန်သည်။

ဦးလေးလွှင်၏ အမူအရာမှာ တစ်ခုခုတော့ ထူးခြားနေသည်။ ဆေးရုံမှ အိမ်ရောက်သည်အထိ လမ်းတွင် ကားပေါ်၌ ဘာတွေဘယ်လို ဖြစ်တာလဲ ရွှေးရွှေး ဟု တစ်ခွန်းပင် မမေးပေ။ တကယ်ဆို မေးသင့်ပါ၏။

အိမ်ပြန်ရောက်တော့လည်း မမေးပေ။ ကားပေါ်တုန်းက ဦးလေးမှိုင်း ရှိနေသဖြင့် မမေးသည်ပဲထား၊ အိမ်ကျတော့ မေးသင့်ပါသည်။

မိမိက အဖြစ်မှန်ကို ပြောပြလျှင် ကျောင်းချိန်ကြီးတွင် စည်သူအောင်နှင့် လျှောက်လိမ့်သောကြောင့် ဒီလိုတွေဖြစ်သည်မှာ ကြိမ်းဆောင်းလေမလား မသိ။

ဘာဆို ဘာတစ်ခွန်းမှ ဦးလေးလွှင် မပြောပေ။ မမေးပေ။ ကျောင်းပြေးသော ကျောင်းသားအား အိမ်ကလာခေါ်သွားသည့် ပုံစံမျိုးလောက်သာ ရှိသည်။

တစ်ခုတော့ရှိသည်။ ဆေးရုံတွင် ရဲအရာရှိ ဦးထွန်းမောင်က အစုံအဆေ့ ပြောပြသည်မို့ ရွှေးရွှေးအား ထပ်မေးစရာ မလိုဟုများ သဘောထားလေသလား။

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးလွင် ဣန္ဒြေမပျက်ပေ။ ထမင်းစားချိန်စားသည်။ စာဖတ်ချိန် ဖတ်သည်။ အိမ်ရှိလူအားလုံးကိုလည်း ခါတိုင်းကဲ့သို့ ပုံမှန်ပင် ဆက်ဆံသည်ကို တွေ့ရပါ၏။



၁၄

နောက်တစ်နေ့ ရောက်လာသည်။

မနေ့က အဖြစ်အပျက်ကို သဲသဲကပင် ယခုအချိန်ထိ ဘာမျှမမေးပေ။ စကားစပ်၍ပင် ဒီအကြောင်း နွေးနွေးကို မပြောပေ။

ယင်းကိစ္စနှင့် ပတ်သက်ပြီး ဦးလေးလွင်က သဲသဲအား ဘာမှမမေးရ၊ ဘာမှမပြောရဟု ဆိုထားသလားမသိ။

ဦးလေးလွင်က ဒီလိုမမေးဘဲနေလေ နွေးနွေး ရင်ထဲတွင် တစ်မျိုးကြီး ခံစားရလေ ဖြစ်လာသည်။ မနေ့ကတော့ ပူပူနွေးနွေးကြီး မိမိ စိတ်လှုပ်ရှားနေသည်မို့ မမေးဘူးပဲထားပါ။

ယနေ့တော့ တစ်ညအိပ်ပြီးနောက် သွေးအေးချိန် ရောက်ပေပြီ။ ဒါတောင်မှ ဘာမှမမေး မပြောဘဲ ဘာဖြစ်လို့ နေပေသနည်း။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ နွေးနွေး ကျောင်းမတက်ပေ။

ကျောင်းတက်လျှင် မနေ့ကကိစ္စကို သူငယ်ချင်းတွေက မေးကြမြန်းကြ ထူကြမည်။ မိမိနှင့် ကိုစည်သူအောင်အား မသင်္ကာသော အကြည့်တွေဖြင့် ကြည့်ကြတော့မည်။

နွေးနွေး ကျောင်းမတက်သောကြောင့် သဲသဲကိုလည်း ကျောင်းမတက်နှင့်ဟု ဦးလေးလွင် ပြောထားပုံရသည်။ သဲသဲလည်း ယနေ့ ကျောင်းမတက်ပေ။ စိတ်လှုပ်ရှားနေသော မိမိကို အနီးကပ် အဖော်ရစေရန် မတက်ခိုင်းခြင်း ဖြစ်ပေမည်။

နံနက်စာ နွေးနွေး ထမင်းစားပြီး ထွက်လာသော အခါ ဦးလေးလွင်သည် သူ၏သီးသန့်စာကြည့်ခန်းသို့ ဝင်သွားပြီ ဖြစ်သဖြင့် နွေးနွေးသည် အပေါ်ထပ်သို့ပင် ပြန်တက်ခဲ့သည်။ မိမိအိပ်ခန်းမှာပင် ထိုင်လိုက် လှဲလိုက် နေမိသည်။

မွန်းလွဲ တစ်နာရီလောက်တွင် သဲသဲလေး အပေါ်ထပ်သို့ တက်လာသည်။

"မမနွေး ဖေဖေ ခေါ်ခိုင်းလိုက်တယ်၊ မမနွေးဆီကို ဖုန်းလာလို့တဲ့"

"ဘယ်သူ့ဆီကတဲ့လဲ သဲသဲ"

"အဲဒါတော့ ဖေဖေက မပြောလိုက်ဘူး"

နွေးနွေး အောက်သို့ဆင်းခဲ့သည်။

တယ်လီဖုန်းစင်ဘေးတွင် ဦးလေးလွင် မိုး(လ်)ချဲယားဖြင့် ရှိနေသည်ကို တွေ့ရသည်၊

"မောင်စည်သူအောင်ရဲ့ မေမေ ဒေါ်ဝင်းဝင်းဆီက လာတဲ့ ဖုန်းပဲ၊ နွေးနွေးနဲ့ စကားပြောချင်လို့တဲ့၊ အဲဒီမှာ ဖုန်းကို



အောချထားတယ်"

ပြောပြီး ဦးလေးလွင်သည် မိုး(လ်)ချဲယားကို လှိမ့်ကာ စာကြည့်ခန်းထဲ ပြန်ဝင်သွားသည်။

နွေးနွေးသည် ဖုန်းကို ကောက်မကိုင်သေးဘဲ ဦးလေးလွင် နောက်ပိုင်းကို ငေးကြည့်နေမိသည်။ ဦးလေးလွင် စာကြည့်ခန်းထဲရောက်ပြီး တံခါးပိတ်လိုက်မှ နွေးနွေး ဖုန်းကောက်ကိုင် ပြန်၍အသံပြုလိုက်သည်။

"အမိန့်ရှိပါ။ နွေးနွေးပါ"

"ဪ ... သမီးလေး နွေးနွေးလား။ အန်တီပါကွယ် ... သားလေး ကိုအောင်ရဲ့မေမေပါ"

"ဟုတ်ကဲ့ပါ အန်တီ ... ကိုစည်သူအောင် သက်သာရဲ့လား ဟင်"

"အင်း ... သမီး။ အဲဒါကိုပဲ အန်တီ ပြောချင်လို့ သမီးဆီ ဖုန်းဆက်ရတာပါ။ သားလေးကိုအောင် သတိတော့ရပါပြီ။ အဲ ... ဖမ့်ဆေးပြေပြီးတဲ့နောက် သတိရတာမျိုးပေါ့ သမီးရယ်။ ကိုယ်အင်္ဂါ လှုပ်ရှားလာတယ်။ မျက်စိမှိတ်ထားသေးပြီး ပါးစပ်က ကယောင်ကတမ်းလေးတွေ ပြောလာတဲ့အထိ သတိရလာပြီ။ ဒေါက်တာနဲ့ စစ်သက်လို့တော့ စိုးရိမ်စရာ မရှိတော့ဘူးလို့ ဆရာဝန်ကြီးက ပြောတယ်။ နောက် မကြာခင် ကောင်းသွားမှာပါတဲ့၊ စိုးရိမ်ရတဲ့ အခြေအနေ မရှိတော့ပါဘူးတဲ့ သမီး"

"ကိုစည်သူအောင် မစိုးရိမ်ရတော့ဘူး ဆိုတာကို နွေးနွေး သိပ်ဝမ်းသာပါတယ် အန်တီ။ နွေးနွေး ရင်ထဲမှာ ခုမှ

www.burmeseclassic.com

www.burmeseclassic.com



အလုံးကြီး ကျသွားတော့တယ်”

တစ်ဘက်မှ ဒေါ်ဝင်းဝင်း၏ နှစ်သိမ့်စွာ ရယ်သံလေး ထွက်လာပါ၏။

“ဩော် ... အန်တီ ပြောနေတာ စကားတွေ ဟိုရောက် ဒီရောက်နဲ့။ အခု သမီးဆီကို ဖုန်းဆက်ရတာက သားလေး ကိုအောင်လေ ... သူ့ပါးစပ်က မျက်လုံးတော့ မဖွင့်သေးဘဲ မနွေး .. မနွေးနဲ့ချည်း ခေါ်နေတယ် သမီးရယ်”

“ဩော် ... အန်တီရယ်”

နွေးနွေး ကြင်နာသံဖြင့် ပြန်လည်ရေရွတ်စကားလေး ပြုလိုက်မိသည်။

“ဆရာဝန်က ပြောလို့ပါ သမီး။ အခု သားလေးကိုအောင် တမ်းတခေါ်နေတဲ့သူကို သူ့မျက်လုံးဖွင့်လာတာနဲ့ သူ့ဘေးမှာတွေ့လိုက်ရရင် လူနာအတွက် ပိုကောင်းမယ်တဲ့။ လုံးလုံး သတိရရချင်း သူတွေ့ချင်တဲ့သူကို တွေ့လိုက်လို့ လူနာ စိတ်ချမ်းသာသွားရင် အဲဒါလည်း ကုသရာမှာ အရာရောက် နိုင်ပါတယ်တဲ့ သမီးရယ်။ တကယ်လို့ သမီးနွေးနွေး လာ နိုင်မယ်ဆိုရင် ညနေ ဧည့်ချိန်လောက် လာခဲ့ပါလား။ ခုထက်ထိတော့ သားလေးကိုအောင်ကို အရေးပေါ်သီးသန့် လူနာခန်းမှာပဲ ထားသေးတယ်၊ သမီးလာရင် အဲဒီကိုပဲ လာခဲ့ပါနော် သမီး။ အဲဒီအချိန်လောက်ဆိုရင် သားလေး ကိုအောင် လုံးလုံးလျားလျား သတိရလောက်ပါပြီကွယ်၊ ဒါပဲနော် သမီး”

ဒေါ်ဝင်းဝင်း တယ်လီဖုန်းချသံ ကြားရသည်။



နွေးနွေးမှာ တယ်လီဖုန်းကိုင်လျက် သားကြီးနှင့်ပင် ငေါင်သွားရပြန်ပါ၏။

ရင်ထဲတွင် မီးစာတစ်ဖက် ရေမှုတ်တစ်ဖက် ကိုင်ထားသလို နွေးနွေး ခံစားရသည်။

ဝမ်းသာသည်ကတော့ ကိုစည်သူအောင် စိုးရိမ်စရာ မရှိတော့ပြီမို့ ဝမ်းသာရသည်။

ဝမ်းနည်းခြင်းကတော့ ဘာကြောင့် မိမိ ရင်ထဲတွင် ဝမ်းနည်းနေရသည်ကို မခွဲခြားတတ်တော့ မိမိကို လိုက်ပို့ရင်း ကိုစည်သူအောင် ယခုလို ခံလိုက်ရခြင်းကို ဝမ်းနည်းလေသည် လား။

ဦးလေးလွင်ကို ကြည့်ရသည်မှာ မိမိနှင့် စည်သူအောင် ကို အထင်မှားနေလေသလား။

အဲဒီနှစ်ချက်ကြောင့် မိမိ ဝမ်းနည်းနေခြင်း ဖြစ်ပေ မည်။

နွေးနွေးတွင် အစဉ်းစားရခက်သော ပြဿနာက လည်း ယခုဖြစ်လာပြီ။

ယင်းပြဿနာမှာ ညနေ ဆေးရုံဧည့်ချိန် (၄)နာရီ တွင် စည်သူအောင်ထံသို့ သွားဖို့မှာ ပြဿနာဖြစ်ပါ၏။

မိမိဆန္ဒမှာ အန်တီဝင်း ဖုန်းဆက်သည်ကြောင့်ရော မိမိကြောင့် ဖြစ်ရသည့်အတွက် ဝတ္တရားအရရော ဆေးရုံသို့ မိမိ သွားချင်သည်။ ဒါကလည်း ဦးလေးလွင်ထံ ခွင့်ပန်ပြီးမှ သွားရ မည် ဖြစ်သည်။

မနေ့က ဖြစ်ခဲ့သမျှအကြောင်း ဦးလေးလွင်က

www.burmeseclassic.com

www.burmeseclassic.com



တစ်ခွန်းတစ်ပါဒမှ ပြန်မေးခြင်း ပြောခြင်း မပြုသဖြင့် နွေးနွေး ရင်ထဲတွင် ဆို့နင့်နင့် ဖြစ်နေသည့်ကြားက ယခု ဆေးရုံသို့သွားခွင့် ဦးလေးလွင်ထံ တောင်းခံရဦးမည်။

ငိုင်နေရာမှ တယ်လီဖုန်းကို ပြန်ချထားလိုက်သည်။

ညေ့ခန်းသို့ လှမ်းကြည့်သည်။

ညေ့ခန်းတွင် ဦးလေးလွင် မရှိပေ။

နွေးနွေး အရဲစွန့်ပြီး စာကြည့်ခန်းဆီသို့ လျှောက်လာခဲ့သည်။ စာကြည့်ခန်းတံခါး ပိတ်ထားသောကြောင့် တံခါးဝတွင်ရပ်ပြီး နွေးနွေးပါ ဦးလေးလွင်ဟု ပြောပြီး တံခါးခေါက်ရမလား။ ဒါမှမဟုတ် ပြန်လှည့်သွားရမလား စဉ်းစားသေးသည်။

အို ... လက်ရှိ အခြေအနေဟာ ငါနဲ့ဦးလေးလွင်ဟာ အပြန်အလှန် ချစ်သူတွေပဲ။ ကိုယ့်ချစ်သူရဲ့ အခန်းတံခါးခေါက်ပြီး ဘာလို့ မဖွင့်ခိုင်းရဲရမှာလဲဟု စိတ်တင်းပြီးခေါက်လိုက်လေတော့သည်။

"ဒေါက် ... ဒေါက် ... ဒေါက်"

"ဘယ်သူလဲ ... သဲသဲလား"

"နွေးနွေးပါ ဦးလေးလွင်၊ နွေးနွေး ဦးလေးလွင်ကို ပြောစရာရှိလို့ပါ"

အထဲမှ ဗိုး(လ်)ချဲယား လိမ့်သံ ကြားရပြီးနောက် တံခါးပွင့်သွားသည်။

နွေးနွေး ဝင်လိုက်သည်။ စာကြည့်စားပွဲရှိရာသို့ နှစ်ယောက်လုံး ပြန်လာသည်။

"ထိုင် ... နွေးနွေး"



ထိုင်လိုက်သည်။ ထိုင်ပြီးသည့်တိုင်အောင် ဦးလေးလွင်က ဘာမှမမေး။ နွေးနွေး ပြောသည်ကိုသာ နားစွင့်ထားပုံရသည်။

"ဦးလေးလွင်"

"ပြော ... နွေးနွေး"

"ဦးလေးလွင် လုပ်နေပုံက တစ်မျိုးကြီးပဲ"

"ဦးလေးလွင်က ဘယ်လိုတစ်မျိုးကြီးမို့လဲ နွေးနွေး"

ရင်ထဲတွင် ဆို့နင့်နေသော အသံဖြင့် နွေးနွေး ပြောသည်။

"မနေ့က ဖြစ်ပျက်ခဲ့တဲ့ ကိစ္စတွေ ပြဿနာတွေမှာ ဦးလေးလွင် အနေနဲ့ နွေးနွေးကို ဆူပူကြိမ်းမောင်း အပြစ်တင်သင့်တာတွေ ရှိမယ်၊ ဦးလေးလွင်ရဲ့ ရင်ထဲမှာ ကိုယ့်ချစ်သူ နွေးနွေး အပေါ်မှာ သံသယတွေ ဖြစ်စရာရှိမယ်။ ဒါပေမယ့် မနေ့ကကိစ္စ၊ မနေ့က ပြဿနာမှာ ဦးလေးလွင်ဟာ တစ်ချိတည်း ရေငုံနှုတ်ပိတ် နေနေတယ်၊ အဲဒါ ဘာကြောင့်လဲ ဆိုတာ နွေးနွေး ရင်ထဲမှာ သိပ်သိချင်နေတယ် ဦးလေးလွင်"

"ပြော် ... ဒါလား"

"ဟုတ်ပါတယ် ... အဲဒါပါပဲ"

ဦးလေးလွင်သည် မပြောသေးမီ မျက်နှာကြက်ဖြူနွေးနွေးကို မော့ကြည့်နေသေးသည်။ ပြီးမှ အေးဆေးတည်ငြိမ်သော လေသံဖြင့် ပြောသည်။

"တကယ်လို့ပေါ့လေ ... မနေ့က နွေးနွေး ဖြစ်လာတဲ့ ပြဿနာမျိုးကို သဲသဲ ဖြစ်လာတာ ဆိုရင်တော့ ဦးလေး



www.burmeseclassic.com

www.burmeseclassic.com



လွင်ဟာ အဖေတစ်ယောက်အနေနဲ့ သဲသဲကို တရားခံစစ်သလို စစ်မယ်၊ မေးမယ်”

နွေးနွေး ဦးလေးလွင် မျက်နှာကို စိုက်ကြည့်နေပါ၏။

“သဲသဲရဲ့ ပြန်ပြီး ဖြေရှင်းချက်၊ ထွက်ဆိုချက်တွေကို သေချာနားထောင်ပြီး၊ ဆူပူကြိမ်းမောင်းသင့်ရင် ဆူပူကြိမ်းမောင်းမယ်၊ ဒီထက်ပိုပြီး ရိုက်ပြီး ဆုံးမသင့်ရင် ရိုက်ပြီးဆုံးမမယ်၊ ဘာလို့လဲဆိုတော့ ဦးလေးလွင်ဟာ အရွယ်မရောက်သေးတဲ့ သမီးရဲ့ဖခင် ဖြစ်နေလို့ပဲ၊ ဒီလိုဖြစ်လာတဲ့သူရဲ့ ကိုယ်ရေးကိုယ်တာ ပြဿနာမှာ သူဟာသူ လုပ်သင့်သလား၊ မလုပ်သင့်ဘူးလား မဆုံးဖြတ်နိုင်သေးတဲ့ အရွယ်မို့ နောက်ကို အဆုံးအဖြတ် မမှားအောင် ဆူပူတန်ဆူပူ ရိုက်သင့်တန်ရိုက် လုပ်ရမယ့် ဖခင်ရဲ့ တာဝန်လည်း ရှိနေတာကိုး။ သဲသဲက ပညာအားဖြင့်ရော အသိတရားအရရော မရင့်ကျက်သေးတဲ့ ငယ်ရွယ်သူပေကိုး”

“ဒါဖြင့် နွေးနွေးက ဦးလေးလွင်ကို ပြန်မေးပါရစေ။ တစ်အချက်က ဦးလေးလွင်ဟာ နွေးနွေးရဲ့ အုပ်ထိန်းသူမဟုတ်ဘူးလို့ ဦးလေးလွင် ယူမှတ်လို့လား။ နှစ်အချက်က နွေးနွေးဟာ နွေးနွေးရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စမှာ လုပ်ပိုင်ခွင့်နဲ့ ဆုံးဖြတ်ခွင့် ရှိနေလို့လား၊ သုံးအချက်က နွေးနွေးဟာ ကိုယ့်ဟာကိုယ် ဆုံးဖြတ်နိုင်တဲ့ ပညာရင့်နေတဲ့အရွယ်ရောက်နေလို့လား၊ ဒါကြောင့် မနေ့ကကိစ္စမှာ နွေးနွေးရဲ့ ကိုယ်ရေးကိုယ်တာပဲဆိုပြီး ဦးလေးလွင်က ဘာတစ်ခွန်းမှ မပြောဘဲ လျစ်လျူရှုတဲ့ သဘောလား ဦးလေးလွင်”





ဦးလေးလွင်က နွေးနွေး၏ အချက်အလက် မေးခွန်းတွေကို ခေါင်းညိတ်မပြပါ။ ခေါင်းလည်း ခါယမ်းမပြပါ။

ပြုံးရုံတော့ ပြုံးနေပါ၏။

ဦးလေးလွင်၏ အပြုံးသည် သရော်ပြုံးဟု နွေးနွေး ထင်မိသည်။

“အဲဒီလို မထိတထိ အပြုံးမျိုးတော့ ပြုံးမပြပါနဲ့ ဦးလေးလွင်၊ နွေးနွေး ရင်ထဲမှာ ကသိကအောက် ဖြစ်ရလွန်းလို့ပါ။ နွေးနွေး မှားတယ်ဆိုရင် နွေးနွေးကို ဦးလေးလွင် ပါးရိုက်ပစ်လိုက်ပြီး ဆုံးမပါ။ နွေးနွေး ကျေကျေနပ်နပ် ခံပါ့မယ်။ သရော်ပြုံးတော့ ပြုံးမပြပါနဲ့။ ဦးလေးလွင်ရဲ့ အပြုံးကိုကြည့်ပြီး နွေးနွေး ရင်ထဲမှာ ဝေဒနာဆိုးကြီး တစ်ခု ခံစားရသလို ခံစားရလို့ပါ”

“ဒီကိစ္စမှာ ခြသေ့်ကြီးက ယုန်သူငယ်ကို ငါ့ပါးစပ်ကနံ့သလားလို့ မေးတာက ယုန်သူငယ်က ကျွန်တော်မျိုး နှာစေးနေလို့ ဘာနံ့မှ မရပါအရှင်လို့ ဖြေသလို မနေ့ကကိစ္စမှာ ဦးလေးလွင် နှာစေးနေပါရစေ နွေးနွေး”

“မနေ့က ကိုစည်သူအောင်နဲ့ နွေးနွေး ကားအတူစီးဖြစ်သွားတယ်။ မိုးယံမှာ ထမင်းအတူ စားဖြစ်ကြတယ်၊ ဒါတွေဟာ နွေးနွေးရဲ့ အမှန်ဆုံးသော သစ္စာစကား ပြောရရင် ဘယ်လိုမှ ကြိုတင်ကြံရွယ်ထားတာ မဟုတ်ဘဲ တိုက်ဆိုင်မှုတွေ ဖြစ်သွားရတာပါ ဦးလေးလွင်။ ကိုစည်သူအောင်ကလည်း မနေ့က တွေ့ကြတဲ့ အချိန်မှာ မေတ္တာစကားတစ်ခွန်းမှ မပြောခဲ့ပါဘူး”

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... အေးလေ ... ဒီကိစ္စနဲ့ ပတ်သက်ပြီး ဦးလေးလွင် နွေးနွေးကို အပြစ်တင်စကားလည်း မပြောဘူး၊ အလားတူပဲ မောင်စည်သူအောင်ကိုလည်း လုံးဝအပြစ်တင်စကား မပြောပါလား၊ အဲ ... ဒီကိစ္စတွေဟာ ခုန နွေးနွေး ပြောတဲ့ အမှန်ဆုံး သစ္စာစကားအတိုင်း တိုက်ဆိုင်မှုတွေ ဖြစ်သွားတာလို့ပဲ ထားလိုက်ပါတယ် နွေးနွေး။

"ဒီမယ် နွေးနွေး ...

"လောကကြီးရဲ့ လောကဓံတရားမှာ ကိုယ်က ဖြစ်မြောက် ချင်လွန်းလို့ ဖြစ်မြောက်ဖို့အတွက် အစွမ်းကုန် ကြိုးစည်းအားထုတ်ကြိုးစားပါလျက်နဲ့ မဖြစ်မြောက်တာတွေ ရှိသလို ဘာမှ ကြိုးစည်းအားထုတ် ကြိုးစားခြင်း မပြုပါဘဲလျက် လိုတဲ့ကိစ္စ သူ့ဟာသူ အလိုလို ပြီးမြောက်သွားတဲ့ သာဓက တရားတွေ အများကြီး ရှိတာပဲ၊ ဒါကြောင့်လည်း မနေ့က ကိစ္စမှာ နွေးနွေးကိုဖြစ်ဖြစ် မောင်စည်သူအောင်ကိုပဲဖြစ်ဖြစ် ဦးလေးလွင် အပြစ်မပြောပါဘူး"

"ဒါ ... ဦးလေးလွင် အောက်ကာလီအကြီး ပြောတာ၊ ယုန်ပညာရှိလို့ ဦးလေးလွင် နာစေးနေပေမယ့် ဦးလေးလွင်ရဲ့ ရင်ထဲမှာတော့ တစ်ခုခု ရှိနေမှာပါ၊ ဘာလို့လဲဆိုတော့ ဦးလေးလွင်နဲ့ နွေးနွေးဟာ အပြန်အလှန် ချစ်ကြပါတယ်လို့ ဖွင့်ဟထားတဲ့ ချစ်သူနှစ်ဦးပဲဟာ။ ချစ်သူမှ ပူပူနွေးနွေး ချစ်သူတွေပါ ဦးလေးလွင်"

"အပြန်အလှန် ချစ်ပါတယ်လို့ ဖွင့်ဟထားတဲ့ ချစ်သူတွေ။ ပူပူနွေးနွေး ချစ်သူတွေ ..."ဟု ဦးလေးလွင်က သူ့



ဟာသူ တစ်လုံးချင်း ပြန်ရွတ်ဆိုနေပါ၏။

ရွတ်ဆိုရင်းလျက်ကပင် ဦးလေးလွင်၏ မျက်နှာတွင် အပြုံးပေါ်လာပြန်သည်။ ယင်းအပြုံးသည် စောစောကပြုံးသော အပြုံးမျိုး ထပ်တူပင် ဖြစ်နေပါ၏။

ဦးလေးလွင်သည် စိတ်အိုက်လာပုံရသည်။ ရှပ်အင်္ကျီ ရင်ဘတ်ကြယ်သီးတွေကို ဖြုတ်သည်။ အနီးရှိ ပိတ်ထားသော ပြတင်းပေါက်ကိုလည်း ဖွင့်လိုက်သည်။

ပွင့်သွားသော ပြတင်းပေါက်ကိုကျော်ပြီး ခြံထဲတွင် ပွင့်နေသော နှင်းဆီပွင့်တွေကို ငေးကြည့်နေသည်။

နွေးနွေးကလည်း ဦးလေးလွင် လှမ်းကြည့်သော နှင်းဆီပွင့်တွေကို လိုက်၍ ကြည့်ပေသည်။

နေခြည်အောက်တွင် ဖြူနီဝါ ပွင့်နေသော နှင်းဆီပွင့်တို့မှာ မြင်ရချက် ပသာဒ ဖြစ်စေပေသည်။

"တွေ့လား နွေးနွေး၊ နှင်းဆီတွေ ပွင့်နေကြတယ်လေ"

"တွေ့ပါတယ် ဦးလေးလွင်"

"အင်း ... ပွင့်အားကောင်းကြပေမှာပေါ့။ ပန်းပွင့်တွေပွင့်ဖို့ ဖြစ်ဖြစ် သစ်တစ်ပင် ရှင်သန်ပြီး စိမ်းစိုဖို့ဖြစ်ဖြစ် လိုအပ်တာက သူ့အချိုးကျ ရေရယ်၊ မြေရယ်၊ လေရယ်၊ နေရောင်ခြည်ရယ်ပဲ။ ဓာတ်လေးပါး လိုတယ်။ ဒါပေမယ့် ချွင်းချက်တော့ရှိတယ်။ ဥပမာ အခုနှင်းဆီပန်းတွေ ဒီလို ဝွားဝွားစွင့်စွင့် ပွင့်လာဖို့ ရေတွေချည်း ဖိလောင်းလို့ မရဘူး၊ နှင်းဆီရဲ့ သဘောက ရေကိုတော့ ကြိုက်တယ်၊ ဒါပေမယ့် အမြစ်မှာ ရေတွေဝပ်နေတာကိုကျတော့ မကြိုက်

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ အမြစ်တွေ ပုပ်ကုန်တယ်၊ အမြစ်ပုပ်ရင် အပင်ပါသေ ပြီပေါ့ …။ အဲ … ပဒုမ္မာကြာပန်းကျတော့ အပင်နဲ့အမြစ်ဟာ ရေအောက်နွံထဲမှာ နစ်မြုပ်နေမှ ကြိုက်တယ်၊ အမြစ်မှာ ရေမဝပ်ရင် ပဒုမ္မာကြာဟာ သေရော"

ဦးလေးလွင်သည် အလင်္ကာသက်သက် နှင်းဆီပင် ပဒုမ္မာကြာပင်တွေအကြောင်း လေကုန်ခံပြီး ပြောနေခြင်းတော့ မဟုတ်တန်ရာဟု နွေးနွေး တွေးမိပါ၏။

"နောက်တစ်မျိုး ရှိသေးတယ်၊ ကုမုဒြာကြာတဲ့၊ သူ့ကျတော့ နေရောင်ကို မနှစ်သက်ဘူး၊ လရောင်မှာမှပွင့်တယ်၊ အင်း လရောင်ဖျန်းမှ ကုမုဒြာကြာက ပွင့်တယ်၊ သူ့ကျတော့လည်း တစ်မျိုးပေါ့လေ"

"အခု ဦးလေးလွင် ပြောနေတာတွေဟာ နွေးနွေး အမြင် နွေးနွေး အတွေ့နဲ့ သိပြီးသားတွေပါ။ နွေးနွေး မသိတာက အဲဒီပန်းပင်တွေ အကြောင်းကို ဦးလေးလွင် ဘာရည်ရွယ်ချက်နဲ့ ဘာအဓိပ္ပာယ်ကို ဆိုလိုချင်လို့ တင်စားပြောနေတာယ် ဆိုတာကိုပဲ ဦးလေးလွှင်"

"အပေးနဲ့အယူ ကိစ္စတွေမှာ မလွဲမှားစေချင်တာကို ရည်ရွယ်ပြီး ပြောနေတာပဲ နွေးနွေး။ နှင်းဆီပင်ကို မြေမြုပ်အောင် စိုက်ရင်သေမယ်၊ ပဒုမ္မာကြာပန်းကို ရေမရှိတဲ့ နေရာမှာ စိုက်ရင် သေမယ်၊ နေရောင်မှာထိုင်ပြီး ကုမုဒြာကြာပန်း အပွင့်ကို ထိုင်စောင့်ရင် မောသွားမယ် ဘယ်တော့မှမပွင့်ဘူး"

"အဲဒီတော့ ဘာဖြစ်လဲ ဦးလေးလွင်"

"အဲဒီတော့ လောကကြီးမှာ နှစ်ဦးနှစ်ဖက် အပေးအယူ



မှန်ကန်မှ ဘာမဆို ရှင်သန်မယ်။ အပေးအယူတွေ လွဲမှားရင်တော့ အထီးနာမယ်။ မရှင်သန်နိုင်ဘူးပေါ့ နွေးနွေး။ ကဲ … ကဲ … နွေးနွေး သွားပေတော့။ ဦးလေးလွင် စက်ရုံတွေက ပို့ထားတဲ့ စာရင်းဇယားတွေ ကြည့်ရဦးမယ်"

နွေးနွေးမှာ ဦးလေးလွင်က သွားလေတော့ဟု ဆိုသဖြင့် ထွက်လာရသောကြောင့် ညနေ စည်သူအောင်အား ဆေးရုံတွင် သွားကြည့်ဖို့ပင် မပြောခဲ့ရပေ။

အိမ်ပေါ်ထပ် အိပ်ခန်းသို့ တက်လာခဲ့သည်။

သဲသဲလေး အိပ်နေသည်ကို တွေ့ရပါ၏။ သဲသဲသည် နေ့ခင်းနေ့လယ် အိပ်လေ့အိပ်ထ မရှိပါဘဲလျက် ယခု အိပ်နေသည်။

မနေ့ကကိစ္စနှင့် ပတ်သက်ပြီး ဦးလေးလွင်က သဲသဲကို ဘာပြောထားမှန်း နွေးနွေး မသိ။ ယခု သဲသဲ အမှန်တကယ် အိပ်ပျော်ခြင်း မဟုတ်ပါဘဲ မိမိတက်ရောက်လာသံ ကြားသောကြောင့် အိပ်ချင်ဟန် ဆောင်နေခြင်းပေပဲလား။

နွေးနွေးသည် တစောင်းလေး အိပ်နေသော သဲသဲ၏ ပါးပြင်လေးကို ငုံ့မွှေးပြီး သူမခုတင်ထက်တွင် လဲလျောင်းလိုက်သည်။

သဲသဲကို ကျောပေးပြီး တုံးလုံးလှဲရင်း စဉ်းစားချက်တွေ လွန့်သွားသည်။ မွန်းလွဲသုံးနာရီ ထိုးသံကြားမှ စည်သူအောင်အား ဆေးရုံတွင် သွားကြည့်ရဦးမည်ကို သတိရသည်။

နွေးနွေး ထထိုင်ပြီး သဲသဲ ခုတင်ကို ကြည့်လိုက်သည်။ ခုတင်ပေါ်စယ် သဲသဲ မရှိတော့ပေ။ ဘယ်အချိန်က ခြေသံမကြားအောင် ထွက်သွားလေသလဲ မသိ။

www.burmeseclassic.com

www.burmeseclassic.com



နွေးနွေး ထိုင်လျက်သား ခဉ်းစားသည်။

စည်သူအောင်အား ဆေးရုံသို့ မိမိသွားတွေ့လျှင် ဦးလေးလွင်၏ အမြင်သည် မိမိအား အဘယ်သို့ မြင်ပေမည် နည်း။

စောစောက ဦးလေးလွင်သည် အပေးအယူ မမှား စေဖို့ စကားတွေ အများကြီး ပြောသွားသည်။

မိမိအနေနှင့် ဦးလေးလွင်အား မေတ္တာတွေပေးပြီးမှ ယခု စည်သူအောင်အား မေတ္တာပေးသည်ဟုမှား ဦးလေးလွင် ထင်နေသလား။

ထို့ကြောင့် ဦးလေးလွင်အား မိမိပေးခဲ့သော မေတ္တာ တွေသည်_ လွဲမှားသော အပေးဟု ဆိုလိုခြင်းပေလား။

မနေ့ကကိစ္စ ဖြစ်ပြီးမှ ဦးလေးလွင် ထိုသို့သော အပေးအယူကိစ္စကို တွေးမိပြီး ပြောခြင်းပေလား။

ဦးလေးလွင်အား မိမိက ချစ်ပါသည်။ သို့သော် လက်မထပ်ပါဟု ပြောထားသည်။

စည်သူအောင်အား မိမိက လက်ထပ်လိုသောကြောင့် ဦးလေးလွင်ကို လက်မထပ်ခြင်းဟု ဦးလေးလွင် ယူဆသွားပြီလား။

မည်သို့ဆိုစေ ...

ဤကိစ္စတွေက နောက်ကျမှ နားလည်အောင် ရှင်းပြ၍ရနိုင်သည်။

ယခု စည်သူအောင်အား ဆေးရုံသို့သွားပြီး သတင်း မေးသင့်နေသည်ကတော့ အမှန်။ ပြီး ... မိခင် ဒေါ်ဝင်းဝင်း ကိုယ်တိုင်က မိမိကို ခေါ်ယာ ခေါ်သူခြင်းလည်း ဖြစ်နေသည်။



လူမှုရေးအရ သွားကိုသွားသင့်သောကိစ္စ ဖြစ်နေ ပါ၏။

သက်ပြင်းချရင်း နွေးနွေး အောက်ထပ်သို့ ဆင်းခဲ့ သည်။

ဦးလေးလွင်၏ စာကြည့်ခန်းတံခါး ပွင့်နေပါ၏။ ဧည့်ခန်းမှာလည်း ဦးလေးလွင် မရှိ။ နွေးနွေး ခြံ ထဲသို့ လှမ်းကြည့်သည်။

ခြံထဲ တစ်နေရာတွင် ချိုင်းထောက်ကြီးနှင့် ဦးလေး လွင်ကို လှမ်းမြင်ရပါ၏။

ဦးလေးလွင် ရှိရာသို့ နွေးနွေး လျှောက်လာခဲ့သည်။

ဦးလေးလွင်က နွေးနွေးကို အပြုံးဖြင့် နှုတ်ဆက်သည်။ နွေးနွေးကလည်း ပြန်ပြုံးပြပါ၏။

"ဦးလေးလွင်"

"ပြော ... နွေးနွေး"

"နွေးနွေး လူမှုရေးအရ ဆေးရုံက ကိုစည်သူအောင် ဆီကို သတင်းမေးသွားချင်တယ်။ အခု ကိုစည်သူအောင် ခံလိုက် ရတာတွေတာလည်း နွေးနွေးကြောင့်လေ"

မဝေ့မဝိုက် တဲ့တိုးပင် နွေးနွေး ပြောသည်။

သို့သော် အလွန်ခွန်စားပြီး ပြောလိုက်ရခြင်း ဖြစ်ပါ လေ၏။

"အား ... နွေးနွေး သွားပါ၊ သွားသင့်နေတာပဲ ... ကိုမှိုင်း ကို ကားနဲ့ လိုက်ပို့ခိုင်းပေါ့"

ဦးလေးလွင် ပြောသည်ကို နွေးနွေးက ဦးလေးလွင်

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို သေချာစိုက်ကြည့်ပြီး အကဲခတ်သည်။

ဦးလေးလွင် မျက်နှာတစ်ချက် မပျက်ပါလေ။ ရုပ်ရှင်သွားကြည့်ဖို့ ခွင့်တောင်းသည်ကို လိုက်လျောသောအသွင် ရှိနေပါ၏။

နွေးနွေးကို သွားခွင့်ပြုပြီးနောက် ဦးလေးလွင်သည် ဦးဂေါယာဘက်သို့ လှည့်သွားသည်။

ဦးဂေါယာ ပန်းပင်တွေကို ပြုစုနေခြင်းကို ဦးလေးလွင် အာရုံပြောင်း ကြည့်လိုက်ခြင်း ဖြစ်သည်။

"သဲသဲကို နွေးနွေး ခေါ်သွားချင်တယ်"

ဒါကျတော့ ဦးလေးလွင် ခေါင်းခါပြီး ငြင်းလိုက်သည်။

"သဲသဲ မလိုက်ပါစေနဲ့လား နွေးနွေး၊ ဆေးရုံဆိုတာ အနိဋ္ဌာရုံ မြင်ကွင်းတွေပါ၊ ဝေဒနာရောဂါ ရရှိသူတွေ တက်ရောက်ပြီး လူနာတွေနဲ့ ပတ်သက်လာတဲ့ လူတွေကလည်း စိတ်နှလုံး မသာမယာနဲ့ လာရောက်ရတဲ့ လူတွေပါ၊ သဲသဲရဲ့ နုပျိုလန်းဆန်းနေတဲ့ စိတ်လေးကို ဆေးရုံက မြင်ကွင်းတွေကြောင့် မညှိုးနွမ်းသွားစေချင်လို့ပါ နွေးနွေး"

နွေးနွေး သဲသဲကို အဖော်ခေါ်သွားဖို့ ထပ်မပြောတော့ပေ။ ဦးလေးလွင် ပြောသော စကားတွေက သဲသဲ အတွက် အလွန်လျော်ကန်နေသော စကားများ ဖြစ်နေသောကြောင့်ပင်။

တကယ်တော့ သဲသဲကို မိမိ ခေါ်ချင်သည်ကလည်း မိမိ စည်သူအောင်ထံ သွားခြင်းသည် ဝတ္တရားအရသာ သွားခြင်း ဖြစ်ကြောင်း သဲသဲကို သက်သေထူချင်စိတ်နှင့် ဖြစ်ပါ၏။



တကယ်တော့ စည်သူအောင် ဆေးရုံတက်ရောက်ခြင်းမှာ သဲသဲနှင့် ဘာမျှမသက်ဆိုင်ပေ။ သဲသဲက လူနာသတင်း မေးသွားရန် မလိုပေ။

"ဒါဆို ဦးလေးလွင် လိုက်ခဲ့ပါလား။ သူ့မိဘတွေနဲ့ ဦးလေးလွင် သိကျွမ်းပြီးသားတွေပဲ။ ဦးလေးလွင်ကိုလည်း သူတို့ လေးလေးစားစားပဲဟာ"

ဦးလေးလွင် လက်ဝါးကာပြသည်။

"မလိုက်ပါရစေနဲ့ နွေးနွေးရယ်။ ဆေးရုံ အမြင့်တက် လှေကားထစ်တွေကို ချိုင်းထောက်ကြီး ခြေတုကြီးနဲ့ တက်ရတာကို အပင်ပန်းခံနိုင်ဘယ်ပဲထား။ လူအများက ကိုယ့်ကို ဒုက္ခိတကြီးမှန်း သိလွန်းသွားပါတယ်။ မလှတဲ့ရုပ်ကို ရှာ လည်ပြသလို ဖြစ်နေမယ်၊ ကဲ ... နွေးနွေး သွားဖို့ပြင်တော့။ လေးနာရီ အရောက်သွားမှကောင်းတာ။ လူနာက ကိုယ့်ကို တမျှော်မျှော်နဲ့ဆိုရင် လူနာ စိတ်ပန်းလူပန်း ဖြစ်ပါ့မယ်"

ပြောပြောဆိုဆိုပင် ဦးလေးလွင်သည် ဦးဂေါယာကို တခြားသို့ ခေါ်သွားကာ တခြားပန်းပင်များကို လက်ညှိုးထိုးပြီး ပြုပြင်ခိုင်းနေပေသည်။

နွေးနွေးသည် ဦးလေးလွင်အား ငေးကြည့်ပြီးမှ အိမ်ဘက်သို့ ပြန်လာခဲ့သည်။

မိမိဆေးရုံသတင်းမေး သွားခြင်းသည် ဦးလေးလွင်၏ အထင်မှားမှုကို ပိုမိုကြီးထွားနိုင်စေပါ၏။

သို့သော် ... ကိုယ်ကောင်းလျှင် ခေါင်းမရှောင်ပင် စိတ်မာန်တင်းလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတက်ရာတွင် ဝတ်ဆင်သည့် အဝတ်အစား လောက်သာ ဝတ်ဆင်ပြီး နွေးနွေး အပေါ်ထပ်မှ ဆင်းလာခဲ့သည်။

ဦးလေးမှိုင်းက မော်တော်ကားထုတ်ပြီး အသင့်စောင့်နေပေသည်။ ဦးလေးလွင်က ဦးလေးမှိုင်းကို ပြောသွားပြီးသား ဖြစ်ဟန်တူပါ၏။

နွေးနွေး နောက်ခန်းဝင်ထိုင်သည်။

ဦးလေးမှိုင်း မောင်းထွက်လာစဉ် ခြံထဲတွင် ရှိနေသေးသော ဦးလေးလွင်က ကားကို ခဏရပ်ရန် လက်တားသဖြင့် ဦးလေးမှိုင်းက ဦးလေးလွင် အနားတွင် ရပ်ပေးသည်။

"နွေးနွေးကို မှာစရာရှိလို့ပါ။ တခြားတော့ မဟုတ်ပါဘူး။ သွားရင်းလာရင်း သတိထားဖို့ပါ။ ကိုမှိုင်းကိုယ်တိုင်လည်း အထူးသတိဝီရိယ ရှိထားပါ။ ခုန နွေးနွေး အပေါ်ထပ်တက်သွားတုန်း စီအိုင်ဒီရဲအရာရှိ ဦးထွန်းမောင်ဆီက ဖုန်း လာတယ်"

သူ့ခါးတွင် ချိတ်ထားသော ဆယ်လူလာဖုန်းကို ဦးလေးလွင်က ပုတ်ပြသည်။ ပြီးဆက်ပြောသည်။

"လှိုင်ဘွားကို ဖမ်းလို့မမိသေးဘူးတဲ့။ ဒီကောင် လွတ်နေသေးတယ်တဲ့၊ မနေ့က လှိုင်ဘွားနဲ့ အဖော်ပါလာတဲ့ ဦးကျူးဝါးရဲ့ တပည့်သုံးယောက်စလုံးကိုတော့ ဖမ်းမိထားပြီတဲ့၊ အဲဒီသုံးယောက်ကို စစ်ဆေးလို့ ပေါ်သင့်သလောက် အမှုမှာပေါ်နေပြီတဲ့၊ သုံးယောက်စလုံး ဖော်ကောင်လုပ်ကြတယ်တဲ့၊ အဲ ... လွတ်သွားတဲ့ လှိုင်ဘွား ကတော့ မန္တလေးကိုပဲ ပြန်လစ်သွားသလား၊ ရန်ကုန် တစ်နေရာရာ



မှာပဲ ပုန်းအောင်းနေသလား ဆိုတာ စုံစမ်းဆဲပဲတဲ့။ မန္တလေးရဲအဖွဲ့ကိုလည်း မန္တလေးမှာ လှိုင်ဘွားကို ရှာဖို့နဲ့ မိရင် ရန်ကုန်ကို ချက်ချင်းပို့ပေးဖို့ အကြောင်းကြားထား ပြီးပြီတဲ့"

"သူ့ကို ရဲအဖွဲ့က ဒရစပ်လိုက်နေပြီဆိုတော့ သူ နွေးနွေး ကို အထင်ကရ နှောင့်ယှက်ရဲပါ့မလား ဦးလေးလွင်"

"အင်း ... အဲဒီလို တစ်ထစ်ချကြီးတော့ တွက်လို့မရနိုင်ဘူး ထင်တယ်၊ လွတ်နေတဲ့ လှိုင်ဘွား ဘာတွေလုပ်မလဲလို့ ဦးလေးလွင် တွေးကြည့်တယ်။ တခြားအမှုတွေ ဘေးဖယ်ထားဦး မောင်စည်သူအောင်ကို သူ့ဓားနဲ့ထိုးသွားတဲ့ အမှုကပဲ ဒီကောင် ထောင်လေးငါးနှစ် ကျနိုင်တယ်"

"သူ ဓားနဲ့ထိုးတာ မဟုတ်ဘူးလို့ ငြင်းရင်ကော ဦးလေးလွင်"

"ဒီကောင် ငြင်းလို့မရတော့ဘူးလေ။ ဖမ်းမိထားတဲ့ သုံးယောက်စလုံးက မောင်စည်သူအောင်ကို လှိုင်ဘွား ဓားနဲ့ ထိုးတာလို့ ထွက်ဆိုထားပြီ၊ ရဲအရာရှိ ဦးထွန်းမောင် ကိုယ်တိုင်ကလည်း ဒီကောင့်လက်မှာ သွေးတွေစွန်းပေသွားတာ တွေ့ထားတယ်၊ ဒီတော့ လှိုင်ဘွားကို ဖမ်းမိရင် ဓားခြောင်းပေါ်မှာ ကျန်ခဲ့တဲ့ လက်ဗွေပုံစံနဲ့ လှိုင်ဘွား လက်ဗွေပုံကို တိုက်ဆိုင်စစ်ဆေးလိုက်တာနဲ့ ဒီကောင်ဓား ထိုးမှုက ဘယ်လိုမှ မလွတ်တော့ဘူး၊ တခြားအမှုတွေလည်း ပေါ်ဦးမယ်ဆိုရင် လှိုင်ဘွား ထောင်ကို နှစ်အများကြီးနေဖို့ သေချာသလောက်ပဲ။ အဲ ... ခက်နေတာက ဒီကောင့်ကို

www.burmeseclassic.com

www.burmeseclassic.com



မမိသေးခင် လွတ်နေတဲ့အချိန်မှာ နွေးနွေးအတွက် အန္တရာယ်ကြီးကြီးမားမား ဖြစ်နိုင်တယ်"

"နွေးနွေးကို သူ ဘာလုပ်မလဲဟင်။ ချောင်းပြီး သတ်မစ်မလား မပြောတတ်ဘူးနော်"

ဦးလေးလွင် ခေါင်းခါပြသည်။

"နွေးနွေးကို သူ တကယ်စွဲလမ်းတာပဲ။ အသေသတ်မယ်တော့ မထင်ဘူး။ သူသေချင် သေပေအဖ နောက်ဆုံးမသေခင် နွေးနွေးကို တွေ့တာနဲ့ ခွတ်ခေါ်သွားမယ် ထင်တာပဲ။ ဒါက ဦးလေးလွင် တွေးကြည့်တာနော်။ အခု မန္တလေးက ရန်ကုန်ဆင်းလာတာလည်း နွေးနွေးဆီ လိုက်လာတာပဲ။ မန္တလေးမှာတည်းက ဒီကောင်က ဂိုဏ်းဖွဲ့ပြီး ဘိန်းဖြူလုပ်ငန်း လုပ်နေတာ။ ရန်ကုန်က ဦးကျူးဝါးအဖွဲ့ နဲ့ အဆက်အသွယ်ရှိတယ်။ အခု ရန်ကုန် ဆင်းလာတော့လည်း သွားရင်းဟန်လွှဲ ဦးကျူးဝါးအတွက် ဘိန်းဖြူတွေ ဒီကောင် ချလာတယ်၊ အဲဒီသတင်းအရ စီအိုင်ဒီ ဦးထွန်းမောင်က လှိုင်ဘွားနောက်က လိုက်လာတာပဲ။ အဲ ... လှိုင်ဘွားကလည်း နွေးနွေးနောက်ကို ထက်ကြပ်မခွာ လိုက်လာတယ်။ သူ့နောက်ကို ဦးထွန်းမောင်က ထက်ကြပ်မကွာ လိုက်လာတယ်။ ကဲ ... ပြောစရာ ဒါပဲ"

ဦးလေးလွင်သည် နွေးနွေးကို ပြောပြပြီးနောက် ဦးလေးမှိုင်းကိုလည်း ထပ်ပြောသည်။

"ကိုမှိုင်း ကျုပ်မှာထားတဲ့ အတိုင်းနော်"

"ဟုတ်ကဲ့ပါ ဆရာလွင် ... ကျွန်တော် စစ်သားလူထွက်ပါ၊



ဆရာ့လွင့် အတိုင်းပေါ့ ... သိပ်သတ္တိရှိတယ်၊ သိပ်သစ္စာရှိတယ်၊ သိပ်စွန့်စားရဲတယ် ဆရာလွင်"

"ကဲ ... ဒါဆို သွားတော့။ လူနာမျှော်နေရော့မယ်။ မပြောမဖြစ်လို့ ကားကို လက်တားပြီး ပြောရတာ"

ဦးလေးမှိုင်း မောင်းထွက်လာခဲ့သည်။

နွေးနွေး ရင်မောရပြန်တော့သည်။

ဒီအတိုင်းသာ ဆိုပါက လှိုင်ဘွားသည် ကျားနာ ဖြစ်သွားပြီ။ ကျားနာသည် ရိုးရိုးကျားထက်ပင် ပို၍ မာန်ကြီးသည်။ မြင်မြင်ကရာကို ကိုက်ခဲချင်သည်။ ဒုက္ခ။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

## ၁၅

စည်သူအောင်၏ လူနာခန်းကို အထူးရှာစရာမလိုပေ။ ဒေါ်ဝင်းဝင်း ဖုန်းပြောစဉ်ကတည်းက အရေးပေါ်သီးသန့်ခန်းတွင် ရွှေ့ထားသည်ဟု ဆိုသည်။

နွေးနွေး အရေးပေါ် သီးသန့်ခန်းသို့ အခက်အခဲမရှိ ရောက်လာပေသည်။

စည်သူအောင်၏ ခုတင်ဘေးတွင် သူ၏ဖေဖေ ဦးမျိုးအောင်နှင့် မေမေ ဒေါ်ဝင်းဝင်းတို့ ထိုင်နေကြပေသည်။ သူနာပြုဆရာမ တစ်ဦးလည်း ရှိနေပါ၏။

"လာ ... လာ ... သမီးနွေးနွေး။ သားကိုအောင်က သမီးနွေးနွေးကိုပဲ တစ်မေးတည်း မေးနေတယ်။ သားကိုအောင် ကောင်းကောင်း သတိရပြီလေ"

ဒေါ်ဝင်းဝင်းက ထလာပြီး နွေးနွေး၏ လက်မောင်း



ကိုကိုင်ကာ ကြိုဆိုစကား ဆီးပြောပေသည်။ ဒေါ်ဝင်းဝင်း အပြောအဆို အမူအရာ ယဉ်ကျေးသိမ်မွေ့ပါ၏။ အထက်တန်းကျပါ၏။

"သားလေး ကိုအောင်ရေ ... သားမေးနေတဲ့ သမီးလေး နွေးနွေး ရောက်လာပြီလေ ... သားမှိန်းမနေနဲ့တော့"

မှိန်းနေသော စည်သူအောင်သည် မျက်လုံးအစုံ ဖွင့်ပြီး နွေးနွေးကို ကြည့်ပါ၏။

ဒေါ်ဝင်းဝင်းက နွေးနွေးကို စည်သူအောင်၏ ခုတင်ဘေးတွင် ကုလားထိုင် ရွှေ့ပေးကာ ထိုင်စေပေသည်။

"မနွေး ... မနွေး ဘာမှမဖြစ်ဘူးနော်။ ရန်ပွဲမှာ မနွေး တစ်ခုခု ထိခိုက်သွားသလားလို့ ကျွန်တော် စိတ်ပူလိုက်တာ"

"နွေးနွေး ဘာမှမဖြစ်ပါဘူး ကိုစည်သူအောင်"

"အေးဗျာ ... ကျွန်တော် ညံ့သွားတယ်၊ သူတို့ကို ကျွန်တော် နိုင်အောင် မသတ်နိုင်ဘဲ ကျွန်တော်ပဲ ခံလိုက်ရတယ်။ ကျွန်တော် ရှက်မိပါရဲ့"

"ကိုစည်သူအောင် ဘယ်ညံ့လို့လဲ ... သူတို့က လေးယောက် ကြီးတောင်ဆိုတော့ ကိုစည်သူအောင် မပြောနဲ့ ကမ္ဘာ့လူစွမ်းကောင်းတောင် ဘယ်နိုင်မလဲ။ နောက်ပြီး သူတို့မှာက ဓားမြှောင်ပါလာတယ်။ ကိုစည်သူအောင်မှာက အပ်တစ်ချောင်းတောင် မပါဘဲ လက်ချည်းသက်သက် ခုခံရတာပဲ ဟာ"

စည်သူအောင်သည် နွေးနွေးက ထိုသို့ ပြောလိုက်သည်ကို ကျေနပ်စွာ ပြုံးလိုက်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



နွေးနွေးက ခုတင်ခေါင်းရင်းဘက် ကုလားထိုင်တွင် ထိုင်ပြီး အနီးက ငုံ့ပြောသောကြောင့် ပက်လက် စည်သူအောင်၏ မျက်နှာနှင့် နီးနီးကပ်ကပ် ရှိပါ၏။

စည်သူအောင်သည် စားဒဏ်ရာကြောင့် သွေးထွက်လွန်ခဲ့သောကြောင့်လား မသိ။ မျက်နှာ ဖြူပုတ်ဖြူရော် ရှိနေသည်။ မျက်နှာမှာလည်း အနည်းငယ် ချောင်သွားသည်။

ယခုတိုင် သွေးသွင်းထားဆဲ ဖြစ်ပါ၏။

စည်သူအောင် ဖြူရော်ရော်နှင့် လူနာခုတင်တွင် ပက်လက်သွေးသွင်းလူနာ အဖြစ်ကို ကြည့်မြင်ပြီး နွေးနွေး ရင်ထဲတွင် လှိုက်လှဲသော ဝေဒနာလေးတစ်မျိုး ခံစားရပါ၏။

"ဩ ... သားတို့အဖေကြီး၊ အဝင်းတို့ အပြင်ခဏ သွားစို့လေ၊ ဆရာဝန် ဝယ်ခိုင်းတဲ့ ဆေးတွေ ဝယ်ရဦးမယ်လေ၊ သားကိုအောင် အတွက် ဟောလစ်တို့ မိုင်လိုတို့ ဘီစကွတ်မုန့်တို့လည်း ဝယ်ရမယ်။ အခု သားကိုအောင်နားမှာ နွေးနွေး ရှိနေတယ်၊ ဆရာမလည်း ရှိနေသားပဲ၊ ခဏထွက်ကြစို့လေ"

"အေး ... ကောင်းသားပဲ မဝင်း"

"သမီးနွေးနွေး ဘာစားမလဲ၊ အန်တီ တစ်လက်စတည်း ဝယ်လာခဲ့မလို့"

"နွေးနွေး ဘာမှမစားပါဘူး အန်တီ။ ဒီကပြန်ရင် အိမ်မှာ ထမင်းစားမှာပါ။ ဦးလေးလွင်က ထမင်းစားချိန် ထမင်းစားမှ ကြိုက်တယ်။ နွေးနွေးကို ဦးလေးလွင် ထမင်းစားစောင့်နေမှာမို့ပါ အန်တီ"



အန်တီဝင်းက သူနာပြုဆရာမဘက်သို့ လှည့်ပြောပြန်သည်။

"ဆရာမဖို့ ဒံပေါက်ဝယ်ခဲ့မယ်နော်၊ အခု ဆရာမ အနားယူပါလား။ သမီးနွေးနွေး သားကိုအောင် နားမှာ ရှိနေသားပဲ။ လိုအပ်ရင် သမီးနွေးနွေးက ဆရာမကို လှမ်းခေါ်မှာပါ"

ဦးမျိုးအောင် ဒေါ်ဝင်းဝင်း ထွက်သွားကြသည်။ သူနာပြုဆရာမလည်း အပြင်ထွက်သွားပါ၏။

အခန်းတံခါးဝ ရောက်မှ ဒေါ်ဝင်းဝင်းသည် ...

"ဪ ... သမီးနွေးနွေးရေ ခဏဟု" တိုးတိုးလေး မျက်ရိပ်ပြပြီး ခေါ်ယူသဖြင့် နွေးနွေး ဒေါ်ဝင်းဝင်း ထံသို့သွားသည်။

"အန်တီ တစ်ခုမှာချင်လို့"

"ပြောပါ အန်တီ"

"ဆရာဝန်က ပြောထားတယ်၊ သားကိုအောင်မှာ သွေးအားသိပ်နည်းနေသေးတယ်တဲ့၊ အခုလို သွေးအားသိပ်နည်းချိန်မှာ စိတ်ခံစားရေးရာမှာလည်း သာမန်ထက် အောက်ကိုသိပ်ကျနေတတ်တယ်တဲ့၊ ဒီအချိန်မျိုးမှာ စိတ်ထိခိုက်စရာတို့ ဝမ်းနည်းစရာတို့ သားကိုအောင်ကို မပြောပါနဲ့တဲ့၊ လက်ရှိအခြေအနေမှာ စိတ်နဲ့ပတ်သက်ပြီး စိတ်ဝေဒနာ ဝင်နိုင်ဖို့ သိပ်လွယ်နေတယ်တဲ့၊ ဒါကြောင့် သမီးတို့ လူငယ်အချင်းချင်း ပြောတဲ့နေရာမှာ သားကိုအောင် စိတ်မထိခိုက်သွားအောင် သမီးက ဖေးဖေးမမလေး ကျေးဇူးပြုပြီး ပြောပေးပါ။ သမီးကို အန်တီ သိပ်ကျေးဇူးတင်ပါတယ်။ အဲဒါပဲ သမီး"

www.burmeseclassic.com

www.burmeseclassic.com



နွေးနွေး ခေါင်းညိတ်ပြရပါ၏။ အန့်တီဝင်း၏ ပြောပြချက်ကို ခေါင်းမညိတ်၍လည်း မရနိုင်ပေ။

သူတို့အားလုံး အခန်းထဲမှ ထွက်ခွာသွားကြသည်။

နွေးနွေး သေချာစဉ်းစားကြည့်သောအခါ ဒေါ်ဝင်းဝင်း ပြောသွားချက်သည် လိုရင်းအဓိပ္ပာယ် ကောက်လိုက်လျှင် သူ့သားက ချစ်ရေးဆိုပါက နွေးနွေးက မငြင်းပယ်ရန် သက်ရောက်ပါ၏။

နွေးနွေး ခုတင်ဘေး ကုလားထိုင်တွင် ပြန်ထိုင်သည်။

ငွေငွေဝေါင်ဝေါင် ထိုင်နေမိခြင်းမျိုး ဖြစ်ပါ၏။

"မနွေး ဘာတွေ စဉ်းစားနေလဲဟင်"

"ဟင့်အင်း ... ဘာမှ မစဉ်းစားပါဘူး"

"မနွေး တစ်ခုခုတော့ စဉ်းစားသင့်ပါပြီဗျာ။ အင်းလေ ... စဉ်းစားဖို့တောင် မဟုတ်တော့ပါဘူး။ တစ်ခုခု ဆုံးဖြတ်သင့်ပါပြီ။ ကျွန်တော့် အပေါ်မှာ မနွေး ဖြူချင်လည်း ဖြူပါတော့၊ မည်းတယ်ဆိုလည်း မည်းတယ်လို့ပဲ ပြောလိုက်ပါတော့။ မနွေးဆီက အဖြေရရင် တော်ပါပြီ။ အခုတော့ ဖြူမလား မည်းမလား မသဲကွဲဘဲ မျှော်လင့်ရဘာ ကျွန်တော် သိပ်ကို စိတ်ပင်ပန်းနေပြီ မနွေး"

"အဲဒါတွေ အခုလောလောဆယ်မှာ မစဉ်းစားပါနဲ့ ကိုစည်သူအောင်၊ နေကောင်းပြီး ကျောင်းပြန်တက်တော့မှ နွေးနွေး ဖြေပါရစေလား"

"ပုစ္ဆာတစ်ပုဒ်မှာ အဖြေဟာ ဘယ်အချိန်ကျမှထွက်ထွက်



တစ်မျိုးပဲ ထွက်မှာပါ မနွေး။ တွက်တာမှန်ရင် အဖြေမှန် ထွက်မယ်၊ တွက်တာမှားရင် အဖြေမှား ထွက်မယ်၊ ဒါပဲပေါ့"

နွေးနွေး အကျပ်တွေ့ရပြီ။

ဘယ်လိုပဲဖြစ်ဖြစ် နွေးနွေးသည် စည်သူအောင်အား ငြင်းပယ်ရမည်သာ။ အဖြေသည် အမည်းသာ ဖြစ်ရမယ်။

အကြောင်းမှု မိမိ၏ အဖြူအဖြေသည် ဦးလေးလွင် အား ပေးပြီးသား ဖြစ်ပါ၏။ တကယ်လည်း ရင်ထဲနှလုံးထဲက ဦးလေးလွင်ကို ချစ်ပါ၏။

သို့သော် ...

ယခု ကိုစည်သူအောင်၏ လက်ရှိအခြေအနေသည် သွေးအားနည်းနေသော အခြေအနေ ဖြစ်နေသည်။ အဖြေမည်းပေး လိုက်လျှင် စည်သူအောင်၏ ကျန်းမာရေး ပိုမိုဆိုးဝါးသွားမည် ကိုလည်း နွေးနွေး စိုးရိမ်သည်။

"ကိုစည်သူအောင် ကျန်းမာလာဖို့သာ အဓိကထားပါ။ ကိုစည်သူအောင် ကျန်းမာရေး ကောင်းလာတာနဲ့ နွေးနွေး အဖြေပေးပါ့မယ်"

"ဟာ ... ဘာထူးမှာလဲ၊ အဖြေက ထွက်ပြီးသားဆိုရင် အခုဖြေတော့ကော ဘာဖြစ်လဲ"

"နွေးနွေးဟာ မိန်းမသားပါ၊ မိန်းမသားဆိုတာ မိန်းမသား ရဲ့ တန်ဖိုးကို ထိန်းသိမ်းရစမြဲလေ။ အခုမေး အခုဖြေဆို တာကတော့ မိန်းမသားရဲ့ တန်ဖိုးနဲ့ သိက္ခာကို ပေါ့လွန်း ပါတယ်။ လွယ်လွန်းပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကျေနပ်ပြီ မနွေး။ ကျွန်တော် ဝမ်းမြောက်ဝမ်းသာနဲ့ ကျန်းမာရေး နဂိုအတိုင်း ပြန်ရပြီး ဆေးရုံက ဆင်းတဲ့ရက်ကိုပဲ မျှော်လင့်စောင့်စားတော့မယ်။ ရုပ်ရှင်ကား ဇာတ်လမ်း ထက်ဝက်လောက်မှာ ရုပ်ရှင်ကြီးကို ခဏရပ်ထားပြီး နောက်လာမယ့် ရုပ်ရှင်ကား နမူနာကားတိုလေး ပြသလို့ပေါ့လေ။ နမူနာမှာ ကောင်းခန်းလေးတွေ ပြထားပြီး ကြောမီ ရုံတင်တော့မည် ဆက်လက်၍ ငွေရောင်ပိတ်ကားပေါ်မှာ ရှုစားတော်မူကြပါ ဆိုတာမျိုးပေါ့ ... ဟဲ ... ဟဲ ... မနွေးက မဆိုးဘူး၊ နမူနာ ကြည့်ထားသူဟာ အဲဒီရုပ်ရှင် မြန်မြန်ရုံတင် ပြပါစေလို့ ဆုတောင်း မျှော်လင့်ရသလို ကျွန်တော့်မှာ ဖြစ်သွားတာပေါ့"

ညနေ(၅)နာရီခွဲတွင် ဦးမျိုးအောင် ဒေါ်ဝင်းဝင်းတို့လည်း ပြန်ရောက်လာပြီမို့ နွေးနွေး အားလုံးကို နှုတ်ဆက်ပြီးပြန်ခဲ့သည်။

ဦးမျိုးအောင်နှင့် ဒေါ်ဝင်းဝင်းက သူတို့သား ကိုအောင် ရွှင်ရွှင်ပြုံးပြုံး ရှိနေသည်ကို တွေ့ရသဖြင့် ဝမ်းသာသွားကြပုံ ရပါလေ၏။

❁ ❁ ❁



၁၆

ကိုမှိုင်း မောင် သောကားဖြင့် နွေးနွေး ခြံထဲက အပြင် မောင်းထွက်လိုက်ပါသွားပြီးသည်နှင့် ဦးအောင်လွင်သည် ခြံထဲမှ အိမ်ကြီးပေါ် ပြန်တက်လာခဲ့သည်။

ထမင်းစားခန်း ကြောင်အိမ်ထဲမှ မဖောက်ရသေးသော ရော်နီဝါကား ပုလင်းသစ်ကို ထုတ်ယူကာ သူ၏ ဗိုး(လ်) ခွဲယားနှင့်ဝင် သူ၏ စာကြည့်ခန်းထဲဝင်ပြီး တံခါးပိတ် ကန့်လန့်ထိုးထားလိုက်တော့သည်။

ပုလင်းသစ်ကို ဖောက်ခါ စတင်သောက်ပေတော့သည်။

ထမင်းစားချိန်တွင် ထမင်းထွက်မစား။

အရက်သောက်ရာတွင် အမြည်းမယူဘဲ အရက်သို့ သာသျှင် သောက်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မူးပြီပေါ့။

သောက်သည်မှာ ကြာလည်း ကြာပြီကိုး။

သူသောက်နေစဉ် သမီးသဲသဲက တံခါးလာခေါက်ပြီး ငိုပြောသည်။

ဒါလည်းမရ။ တံခါးဖွင့်မပေးဘဲ သမီးသဲသဲကို နှစ်သိမ့်စကား ပြန်ပြောသည်။ သဲသဲ ငိုပြီး ပြန်ထွက်သွားရပါ၏။

ဦးအောင်လွင်သည် ချိုင်းထောက် အကူအညီဖြင့် ဝိုး(လ်)ချဲယားမှ ထ၍ရပ်သည်။ မူးနေပြီမို့ ထ၍မရဘဲ ဝိုး(လ်)ချဲယားပေါ် ဖင်ထိုင်ပြန်ကျသွားသည်။

ဒါကိုပင် တဟဲဟဲရယ်ရင်း ဦးအောင်လွင် စကားတွေ တစ်ယောက်တည်း ပြောသည်။

"ဟဲ ... ဟဲ ... ဟဲ ... သောက်တာကိုး မူးပြီပေါ့။ အရက် ဆိုတာက သိပ်သစ္စာရှိတယ်၊ သူ့ကိုသောက်ရင် သောက်တဲ့ လူကို မူးကို မူးစေရမယ်၊ သူ့ကိုသောက်လျက်သားနဲ့မှ မမူးရင် အဲဒီအရက်ဟာ သစ္စာမရှိတဲ့အရက်၊ အင်္ဂါမပြည့်စုံ တဲ့အရက်၊ အာနိသင်မရှိတဲ့အရက် သစ္စာဖောက်တဲ့အရက် ဖြစ်သွားမှာပေါ့။ မဟုတ်ဘူးလား။ ဟဲ ... ဟဲ ... အချစ် ဆိုတာလည်း သိပ်တန်ခိုးကြီးတယ်။ ချစ်မိရင် ရူးစေရမယ်၊ ချစ်တယ်ဆိုတာမှ မရူးရင် အဲဒီအချစ်ဟာ တန်ခိုးမရှိတဲ့ အချစ် ဖြစ်သွားမယ်ပေါ့"

ဦးအောင်လွင်သည် မူးပြီး အရူးလို ပေါက်ကရတွေ ပြောပြီး ဝိုး(လ်)ချဲယားကို လှိမ့်၊ စာကြည့်ခန်း တံခါးကိုဖွင့်ပြီး ညေ့ခန်းဆီသို့ လှိမ့်လာခဲ့သည်။



အပြင်တွင် မှောင်နေပေပြီ။ ဦးအောင်လွင်ကို ကြောက်ပြီး မည်သူမျှ ညေ့ခန်းမီး လာ၍မဖွင့်ရဲ။

ဝိုး(လ်)ချဲယား ပေါ်ကပင် ညေ့ခန်းမီးကို ဖွင့်သည်။ ပြီး ညေ့ခန်းတံခါးကိုလည်း ဖွင့်သည်။ အဲယားကွန်းမှလာသော အအေးဓာတ်၊ ပန်ကာမှလာသော လေတို့ကို အလိုမရှိဘဲ သဘာဝ လေကို လိုချင်သောကြောင့် ညေ့ခန်းတံခါးဖွင့်ပြီး တည့်တည့်ကြီး ဝိုး(လ်)ချဲယားဖြင့် ထိုင်နေသည်။

အပြင်ဘက်တွင် မှောင်မိုက်နေလေပြီ။

နွေးနွေး ပြန်ရောက်လာချိန်တွင် ဒေါ်ပြုံးက ဆီးပြီး ဦးလေးလွင် အရက်တွေ အခန်းတံခါးပိတ်ပြီး သောက်နေသည် ဆိုခြင်းကြောင့် အိမ်ပေါ်ထပ်သို့ တက်ခဲ့သည်။

ဦးအောင်လွင် မူးပြီး ဂနာမငြိမ် ဖြစ်နေသည်။ ဝိုး(လ်)ချဲယားကို ဟိုလှိမ့် ဒီလှိမ့် ညေ့ခန်းထဲတွင် လှိမ့်ရင်း စန္ဒရား အနီးသို့ ရောက်သွားသည်။

ဦးအောင်လွင် စန္ဒရားကို စိုက်ကြည့်နေသည်။

ဟိုတုန်းကတော့ ဇနီးသီဂီနှင့်အတူ ပျော်ပျော်ရွှင် ရွှင် ရှိစဉ်က ဦးအောင်လွင် အားလပ်လျှင် စန္ဒရားတီးသည်။ ဇနီး သီဂီက သီချင်းဆိုသည်။ သီဂီတီးလျှင်လည်း ဦးအောင်လွင်က သီချင်းဆိုသည်။

ဦးအောင်လွင် ကျောင်းသားဘဝကတည်းက စန္ဒရား ကောင်းကောင်း တီးတတ်သည်။ တီးလည်း တီးခဲ့သည်၊

သီဂီနှင့် လင်မယား ကွာရှင်းပြတ်စဲပြီးမှ ဦးအောင် လွင် စန္ဒရား လုံးဝမတီးပါလေတော့။ သမီးသဲသဲက စန္ဒရားတီး

www.burmeseclassic.com

www.burmeseclassic.com



သင်ပေးပါ ဆိုသည်ကိုပင် သင်မပေး။

ဦးအောင်လွင် စန္ဒရားကို စိုက်ကြည့်ရာမှ ဘာစိတ်ကူးပေါက်သည် မသိ။ စန္ဒရား အဖုံးကို ဖွင့်လိုက်သည်။

ဤစန္ဒရားသည် သီဂီနှင့် လက်ထပ်ပြီးစက ဝယ်သော ခေတ်မီစန္ဒရား ဖြစ်သည်။ ကျောင်းသားတဝက မိဘအိမ်တွင်ရှိသော စန္ဒရားက ရှေးစန္ဒရားကြီး ဖြစ်သည်။

ချိုင်းထောက်ကို စန္ဒရားပြင်ပေါ်သို့ ကန့်လန့်တင်ထားလိုက်သည်။

စန္ဒရား ခလုတ်ဖြူ ခလုတ်မည်းလေးတွေကို သူ့လက်ချောင်းများဖြင့် တို့လိုက်သည်။

ဒေါင် ... ဒေါင် ... ဒင် ... ဒင် ... စန္ဒရားသံ ထွက်လာသည်။

နဂိုကတည်းက စန္ဒရားတီးတတ်သူမို့ မတီးတာကြာမြင့်လှပြီ ဖြစ်သော်လည်း ထိုတို့လိုက်သော ခလုတ်ဖြူမည်းအသံကပင် သာယာနာပျော်ဖွယ် ထွက်ပေါ်လာသည်။

ဤအချိန်ထိ အိပ်မပျော်သေးသော နွေးနွေးသည် အောက်ထပ်မှ စန္ဒရားသံ ထွက်လာသည်နှင့် ခေါင်းထောင်ပြီး ထ,ထိုင်သည်။

ဤအိမ်တွင် စန္ဒရားတီးတတ်သူမှာ ယခင်က အန်တီသီဂီပါ နှစ်ယောက်ဖြစ်သော်လည်း ယခုမူ ဦးလေးလွင် တစ်ယောက်သာ ရှိသည်ဟု သဲသဲ ပြောဖူးသည်။

နွေးနွေး ကိုယ်တိုင်လည်း မတီးဘဲ ပိတ်ထားသော စန္ဒရားကို နေ့စဉ် မိနစ်ကာ ဖုန်သုတ် ကြက်မွေးခါ သန့်စင်လေ့ရှိသည်



ကို သတိထားမိသည်။

ယခု အောက်ထပ်မှ စန္ဒရားသံ ထွက်ပေါ်လာလေပြီ။

ဦးလေးလွင်သည် လုံးဝမထိမကိုင်တော့သော စန္ဒရားကို ယနေ့ညကျမှ အဘယ်ကြောင့် ဖွင့်ပြီး တီးခေါက်နေပေသနည်း။

မိမိနှင့် ချစ်ရေးချစ်ရာ ကိစ္စနှင့် ပတ်သက်ပြီး ဦးလေးလွင် အရက်သောက်သည်မှာ နှစ်ကြိမ်ရှိချေပြီ။

ညနေက မိမိ ဆေးရုံက ပြန်လာချိန် (၆)နာရီခန့်လောက်တွင် အိမ်ရောက်ပြီး အပေါ်ထပ် တက်လာသည်နှင့် သဲသဲ ငိုနေသည်ကို တွေ့ရသည်။

ဘာဖြစ်လို့လဲ သဲသဲ ဟု နွေးနွေးက ချော့မေးသဖြင့် သဲသဲက ပြန်ပြောပြသည်။

"ညနေက မမနွေး ဆေးရုံကို ကားနဲ့ထွက်သွားတာနဲ့ ဖေဖေ ခြံထဲက အိမ်ပေါ်ကို ပြန်တက်လာတယ်၊ ထမင်းစားခန်း၊ ကြောင်အိမ်ထဲက အရက်ပုလင်းကို ယူပြီး စာကြည့်ခန်းထဲ ဝင်သွားတယ်၊ အထဲက တံခါးကန့်လန့် ထိုးထားတယ်၊ တော်တော်ကြာသွားတော့ သဲသဲ မနေနိုင်လို့ ဖေဖေ့ အခန်းတံခါး သွားခေါက်ပြီး ဖေဖေ့ကို ခေါ်တယ်၊ ဖေဖေက တံခါးဖွင့်မပေးဘူး"

ပြောရင်း သဲသဲ ပို၍ ငိုပြန်သည်။ ငိုလျက်ကပင် ဝမ်းပန်းတနည်း အသံတုန်တုန်လေးနှင့် ဆက်ပြောသည်။ နွေးနွေးက သဲသဲအား ယုယစွာ ပိုက်ထွေးထားလိုက်ပါ၏။

"တံခါးတော့ မဖွင့်ဘူး။ အထဲကနေပြီး သဲသဲ ပြီးအောင်

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောတယ် မမနွေး"

"ဘာပြန်ပြောလဲ သဲသဲ"

"သမီးရယ် ... ဖေဖေ့ကို နှစ်ရက်လောက်တော့ ဖေဖေ့ဘာသာ လွတ်လွတ်လပ်လပ် နေခွင့်ပေးပါတဲ့။ ဖေဖေ့မှာ သိပ်စဉ်းစားပြီးမှ ဆုံးဖြတ်ရမယ့် ကိစ္စတစ်ခု ရှိနေလို့ပါတဲ့၊ ဒီကိစ္စ ဆုံးဖြတ်ပြီးတာနဲ့ ဖေဖေ နဂိုအတိုင်း ပြန်ဖြစ်သွားမှာပါတဲ့၊ အဲဒီလိုတော့ ပြောတယ်၊ တံခါးတော့ လုံးဝဖွင့်မပေးဘူး၊ သမီး အပေါ်တက်အိပ်တော့တဲ့။ မမနွေးနဲ့ဖေဖေ ဘာဖြစ်ကြလို့လဲဟင် မမနွေး"

"ဘာမှမဖြစ်ပါဘူး သဲသဲ"

"မမနွေးနဲ့ ဘာမှမဖြစ်ရင် ဖေဖေ့မှာ တခြားဘာပြဿနာ ဘာကိစ္စများ ဒီလောက် စဉ်းစားရအောင် ရှိနေလဲ မသိဘူးနော် မမနွေး"

သဲသဲအား ဦးလေးလွင်နှင့် မိမိ ဘာမှမဖြစ်ပါဟု ပြောလိုက်စေကာမူ ဦးလေးလွင် ယခုဖြစ်နေသော ပြဿနာကိစ္စကို နွေးနွေး ရိပ်စားမိပါ၏။

မိမိသည် ကိုစည်သူအောင် အပေါ်တွင် တိမ်းညွတ်သွားပြီဟု ဦးလေးလွင် ထင်နေပုံရသည်၊

မိမိက ဦးလေးလွင်ကို ချစ်ပါသည်။ သို့သော် လက်မထပ်ပါဟု ပြောထားမိသည်ကိုး။

ထိုသို့ မိမိပြောထားပြီးနောက် စည်သူအောင်၏ကားနှင့်အတူ စီးမိသည်၊ အတူစားသောက်ဆိုင် ဝင်ခဲ့သည်၊ ဦးလေးလွင် အထင်မှားလောက်သော ကိစ္စဖြစ်ပါ၏။



"ဖေဖေ့မှာ တခြားပြဿနာ မရှိနိုင်ပါဘူး၊ ဖေဖေက မမနွေးကို လက်ထပ်ချင်နေတာပါ၊ သဲသဲက ပြောထားတယ်လေ၊ ဖေဖေ ဘယ်သူနဲ့ လက်ထပ်ထပ် လက်မခံဘူးလို့။ ဒီတော့ မမနွေးကို လက်ထပ်ဖို့ ဖေဖေ့မှာ သိပ်ကျပ်တည်းတဲ့ ပြဿနာ ဖြစ်နေသလား မသိဘူး။ သဲသဲကို ငဲ့ပြီး မမနွေးကို လက်မထပ်ရလို့ စိတ်ညစ်ပြီး ဖေဖေ အရက်တွေ နင်းကန်သောက်တာ ဖြစ်မှာပါ"

သဲသဲသည် ပြောရင်း ငိုပြန်သည်။

"သဲသဲလေ ဖေဖေ့ကို သိပ်ချစ်တယ်၊ အခုဆို မမနွေးကိုလည်း သိပ်ချစ်တာပဲဟာ၊ ဖေဖေနဲ့ မမနွေး လက်ထပ်ဖို့ သဲသဲ သဘောတူပါပြီ မမနွေး"

အို ... သဲသဲလေးရယ်ဟု နွေးနွေး ညည်းညည်းလေး ပြောရင်း သဲသဲကို ပိုရှိုက်ပြင်း ဖက်ထားတော့သည်။

ဒီလိုနှင့်ပင် ငိုရဖန်များပြီး သဲသဲလေး ပင်ပန်းမောသွားကာ အိပ်ပျော်သွားသည်။

နွေးနွေး အိပ်၍မရပါလေ။ ဦးလေးလွင်ထံ သွားချင်သော်လည်း အရက်တွေ မူးနေသဖြင့် သွားတွေ့ရန် ဝန်လေးမိသည်။

ဆင်းရကောင်းနိုး မဆင်းရကောင်းနိုး ဖြစ်နေပါ၏။

ဝေခွဲမရ ဖြစ်နေစဉ် အောက်ထပ်မှ ဦးလေးလွင် တီးခတ်နေသော စန္ဒရားသံကိုလည်း ကြားနေရပါ၏။ ဦးလေးလွင်သည် သီချင်းတစ်ပုဒ်ကို တီးနေခြင်း ဖြစ်သည်။ အစပိုင်းမှာတော့ အတီးသက်သက်သာ တီးနေပြီး ရင်ထဲ သိပ်ခံစားလာရ၍

www.burmeseclassic.com

www.burmeseclassic.com



လားမသိ။ ဦးလေးလွင်၏ သြပြီးအောင်သော သီဆိုသံပါ တွဲဖက် ပေါ်လာလေတော့သည်။

ငုံးဆုလူမသိ ... အုံ့ပုန်းပူ ကိုယ်မချို
မသိသူများရယ် ...
ဖြိုးငြင်သွမ်းသွေး ... လွမ်းရေးကြောင့် ချက်နှာငယ် ...
မှန်းတွေးတော့ ... ရှက်စဖွယ် ... ရှက်ဖွယ် ...

နွေးနွေး ဝေခွဲနေခြင်း မပြုတော့။ အောက်ထပ် ဦးလေးလွင် ရှိရာသို့ မသွားဘဲ မနေနိုင်တော့။ လဲလျောင်းနေရာမှ ထထိုင်သည်။

သူ မချစ်လေတော့ ... ကိုယ့်ချစ်သူကိုကွယ် ...
ချစ်သူပါပဲရယ်လို့ ခေါ်နိုင်ဖူး တကယ် ...
သက်ဝေရယ် ... သက်လယ်ရယ် ...
ဒီလိုဆိုတုန်း ကိုယ်သုံးချင်ရဲ့ မလွယ် ...
သူ့ဘက်က မေတ္တာမနွယ် ...
ကိုယ့်ဘက်က ချစ်တာတကယ် ...
ပဒုမ္မာပန်းပေါ်ဝယ် ...
လရောင်ဆမ်းမိလေတယ် ...

ထိုသီချင်းကို နားထောင်ပြီး နွေးနွေးသည် ဦးလေးလွင် ပြောခဲ့သော "လွဲမှားသော အပေးအယူ" ဆိုသည့် စကားခေါင်းထဲ ဝင်လာသည်။ ပြောသမျှ မှတ်မိလာသည်။

ပဒုမ္မာပန်းသည် နေရောင်ကိုသာ နှစ်သက်သည်။ နေရောင်ရမှ ပွင့်သည်။ ပဒုမ္မာကြာပန်းပေါ်သို့ လရောင်ဆမ်းခြင်းဖြင့် ပဒုမ္မာ မပွင့်။



ကာရုဒြာကြာသန်းကျတော့ နေရောင်နှင့်မပွင့်၊ လရောင် ဆမ်းမှ ပွင့်သည်။

ယခု ဦးလေးလွင် ပဒုမ္မာကြာပန်းပေါ်သို့ လရောင် ဆမ်းပေးခြင်းသည် လွဲမှားသော အပေးအယူ ဖြစ်သွားပြီဟု ဆိုလိုခြင်း ဖြစ်နေပေသည်။

သူ၏ အပေးအယူ လွဲမှားသွားပြီဟု ငြီးတွားသီဆိုနေခြင်း ဖြစ်ပါ၏။

သီချင်းသံ ဆက်၍ ပေါ်လာပါ၏။

မှန်းမှန်းချစ်ချစ် ကိုယ်လင်းရတယ် ...
နေမင်းလိုမပူ ... နေခြည်လိုမဈေး ...
အေးအေးမြမြ ကိုယ်လင်းတော့မယ် ...
ငွေလမင်းပါကွယ် ... မင်းအတွက် ...
ထာဝရ ငွေလမင်းပါကွယ် ...

ဦးလေးလွင် ဆိုလိုချက်ကို နွေးနွေး ပို၍ သဘော ပေါက်လာရပါ၏။

ဘာပဲဖြစ်ဖြစ် ဦးလေးလွင်သည် နွေးနွေး အပေါ် ငွေလမင်း အဆင်းကိုသာ ဆမ်းတော့မည်။

နွေးနွေးက ပဒုမ္မာကြာပန်း ဖြစ်နေသောကြောင့် လရောင်ဆမ်းသည်ကို မနှစ်သက်ပါကလည်း ရှိပါစေတော့။ ဦးလေးလွင်ကတော့ နွေးနွေး အပေါ် ငွေလမင်းလိုသာ ထာဝရ လင်းတော့မည်ဟု ဆိုလိုခြင်း ဖြစ်ပါ၏။

ဒါသည်ပင်လျှင် လွဲမှားသော အပေးအယူကို နောင်တရ ငြီးတွားသီဆိုခြင်း ဖြစ်ပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နွေးနွေး ခုတင်ပေါ်မှ ဆင်းသည်။

ဘာပဲဖြစ်ဖြစ် အောက်ထပ်ရှိ ဦးလေးလွင်ကို နွေးနွေး ဆင်းတွေ့မည်။ ဆူလည်း ခံမည်၊ ရိုက်လည်း ခံမည်၊ အရက်မူး နေသည်ကို နွေးနွေး မမှုပါလေတော့။

လှေကားမှ အောက်ထပ်သို့ နွေးနွေး ဆင်းလာခဲ့ သည်။

ဦးလေးလွင် ရှိရာသို့ လျှောက်လာခဲ့သည်။

ဦးလေးလွင်သည် သီချင်းလည်းပြီး လူလည်းပန်း သွားသည်ထင့်။ စန္ဒရားခလုတ်တွေပေါ်တွင် လက်မောင်းတစ်ဖက် ကွေးတင်ပြီး လက်မောင်းပေါ်တွင် ဦးခေါင်းမှေးတင်ပြီး မျက်စိ မှိတ်ထားသည်ကို တွေ့ရပါ၏။

သူ့အနီးသို့ နွေးနွေး ရောက်လာသည်ကို မသိ။

"ဦးလေးလွင်"

သူ ခေါင်းထောင်လာသည်။ နွေးနွေး ရပ်နေသည်ကို မြင်သွားသည်။

"အဲ ... နွေးနွေး ပါလား။ တစ်ရေးနိုးလာသလား"

ဒီအချိန်ကျမှ ညဉ့်နက်လာပြီမို့ နွေးနွေး ဆင်းလာ မည်ကို ဦးလေးလွင် မျှော်လင့်ထားဟန် မတူပေ။

"နွေးနွေး ... တစ်ရေးမှ မအိပ်ပျော်သေးပါဘူး ဦးလေးလွင်၊ နွေးနွေး ဆုံးဖြတ်စရာ တစ်ခုကို သေချာ စဉ်းစားနေတာမို့ အိပ်မပျော်သေးတာပါ။ အခုမှတော့ နွေးနွေး ယတိပြတ် ဆုံးဖြတ်ပြီးပါပြီ။ ဒါကြောင့် ဦးလေးလွင် ဆီကို ဆင်းလာ တာပါ"



"ဟဲ ... ဟဲ ... နွေးနွေးက ဘာတွေကို ဆုံးဖြတ်ဖို့ စဉ်းစားတာလဲ။ စဉ်းစားပြီးလို့ ဘာတွေကို ယတိပြတ် ဆုံးဖြတ် ပြီး ဘာဖြစ်လို့ ဦးလေးလွင် ဆီကို ဆင်းလာတာလဲ ... ပြောပါဦး"

"နွေးနွေးဟာ နေရောင်မှာပွင့်တဲ့ ပဒုမ္မာပန်း မဟုတ်ပါဘူး။ လရောင်ဆမ်းမှ ပွင့်တဲ့ ကုမုဒြာပါ ဦးလေးလွင်"

ဦးလေးလွင်၏ နက်မှောင်ထူထည်းသော မျက်ခုံး အစုံသည် အပေါ်သို့ ပင့်တက်သွားသည်။ နွေးနွေးကိုလည်း စိုက် ကြည့်သည်။

"နွေးနွေး ဘာကို ဆိုလိုချင်တာလဲ"

"ဦးလေးလွင်ကို နွေးနွေး လက်ထပ်မယ်၊ ဦးလေးလွင် ကြိုက်တဲ့အချိန် လက်ထပ်ပါ၊ လက်ထပ်ပြီးမှ ကျောင်းဆက် တက်လည်း ရပါတယ်၊ ဆရာဝန် ဖြစ်မှာပါ၊ ပထမတစ် ကြိမ်က နွေးနွေး ပြောခဲ့တယ်၊ ဦးလေးလွင်ကို နွေးနွေး ချစ်ပါတယ်၊ ဒါပေမယ့် လက်မထပ်ပါဘူးလို့၊ အခုအဲဒါကို နွေးနွေး အလေးအနက် စဉ်းစားပြီးပြီ၊ စဉ်းစားပြီးတာနဲ့ ဆုံးဖြတ်တယ်၊ ဦးလေးလွင်ကို နွေးနွေး လက်ထပ်မယ်လို့ ဆုံးဖြတ်တာ၊ ပထမ နွေးနွေး ပြောခဲ့တာကို အခု ပြန်ရုပ် သိမ်းပါတယ် ဦးလေးလွင်။ ညနေက နွေးနွေး ဆေးရုံက ပြန်လာပြီး အိမ်ပေါ်တက်တော့ သဲသဲ ငိုနေတာတွေ့တယ်၊ ဦးလေးလွင် အရက်တွေ ထပ်သောက်လို့ရော၊ ဦးလေးလွင် သူ့ကို ပြောလိုက်တဲ့ စကားကြောင့်ရော သဲသဲ ဝမ်းနည်းပြီး ငိုတာ၊ နောက်ပြီး ... မမနွေးနဲ့ ဖေဖေ လက်ထပ်ပါတော့၊



www.burmeseclassic.com

www.burmeseclassic.com



သဲသဲသဘောတူပါတယ်တဲ့၊ သဲသဲ ဖေဖေ့ကိုလည်း သိပ်ချစ်တယ်၊ မမနွေးကိုလည်း သိပ်ချစ်တယ်တဲ့ ... အဲဒါတွေ အားလုံး နွေးနွေး အလေးအနက် စဉ်းစားပြီးမှ ဦးလေးလွင်ကို လက်ထပ်မယ်လို့ ဆုံးဖြတ်တာပါ ဦးလေးလွင်"

ဦးလေးလွင်သည် မိမိပြောသမျှကို နားစိုက်ထောင်သည်။ မိမိပြောနေစဉ် မိမိမျက်နှာကိုလည်း မျက်ခြောင်မခတ်ကြည့်သည်။

ဦးလေးလွင်၏ မိမိကို စိုက်ကြည့်နေသော အကြည့်သည် ရီဝေနေသည်။

အရက်တွေ သောက်ထားသောကြောင့် ရီဝေခြင်းလားသို့မဟုတ် ဦးလေးလွင် ရင်ထဲက ခံစားချက်တွေကြောင့် ရီဝေခြင်းပေပဲလား။ ဘာကြောင့်မှန်းတော့ နွေးနွေး မသိ။ ရီဝေနေခြင်းကိုသာ သိသည်။

"ဟဲ ... ဟဲ ... ဟဲ ..."

ဦးလေးလွင်ရယ်ပါ၏။ ဝမ်းထဲ ကြည်နူးသောကြောင့် ရယ်သံမျိုးတော့ မဟုတ်၊ တမင်တကာ ရယ်သံပြုသော ရယ်သံမျိုးသာ ဖြစ်သည်။

"ဟဲ ... ဟဲ ... ဦးလေးလွင်ကို လက်ထပ်ဖို့ အခု ဆေးရုံကအပြန် သဲသဲ ငိုနေတာ တွေ့ပြီးမှ အလေးအနက် စဉ်းစားပြီး ဦးလေးလွင်ကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်သတဲ့လား နွေးနွေး ... ဟဲ ... ဟဲ ... ဝမ်းသာစရာကြီးပါလား၊ ဦးလေးလွင်ဟာ နွေးနွေးကို လက်ထပ်ချင်လွန်းလို့ အင်မတန် အင်မတန် စောလွန်းနေသော အချိန်ကာလမှာပဲ သဲသဲကို



ဦးလေးလွင် ပိုင်ဆိုင်သမျှတွေ တရားဝင် အမွေပေးခဲ့တယ်။ ဒါမှ နွေးနွေးက ဦးလေးလွင် ချမ်းသာတာတွေ မက်မောလို့ မဟုတ်ဘဲ ဦးလေးလွင်ကို တကယ်ချစ်လို့ လက်ထပ်တာလို့ အများ မြင်စေချင်လို့လေ၊ နို့ ... နွေးနွေးက ဦးလေးလွင်ကို လက်ထပ်ရင် ဦးလေးလွင် ချမ်းသာတာတွေ မက်မောပြီး လက်ထပ်တာလို့ ဘေးပတ်ဝန်းကျင်က မြင်ကြမယ်၊ ဒါကြောင့် ဦးလေးလွင်ကို လက်မထပ်တာပါလို့ ပြောတာကိုး ... ဒီတော့ နွေးနွေးနဲ့ လက်ထပ်နိုင်ရေးအတွက် ဦးလေးလွင်က သမီးသဲသဲကို တရားဝင် အမွေတွေ ပေးလိုက်တာပေါ့"

"ဒါကတော့ အဲဒီတုန်းက ..."

နွေးနွေး ဝင်ပြောသည်ကို ဦးလေးလွင်က လက်ဝါးကာပြသဖြင့် နွေးနွေး ပြောလက်စ ရပ်သွားရပါ၏။

"အဲ ... နောက်တစ်ဆင့် ကျန်သေးတယ်၊ နွေးနွေးရဲ့ဖေဖေ ကိုအောင်နွေးကို ဒီအိမ်ပေါ် ခေါ်တင်ဖို့ ဘယ်လိုထပ်ပြီး ကြံရပါ့မလဲ၊ သဲသဲ သဘောတူတဲ့အထိ ဘယ်လိုကြိုးစားရပါ့မလဲလို့ ဦးလေးလွင် စဉ်းစားနေဆဲပေါ့၊ ဟဲ ... ဟဲ ... ဒါပေမယ့်ပေါ့လေ ..."

ဦးလေးလွင် စကားကို ဆက်မပြောဘဲ ရပ်ထားသည်။

"ဒါပေမယ့် ဘာဖြစ်လဲ ဦးလေးလွင်"

ဦးလေးလွင် မဖြေသေးပေ။ စန္ဒရားပေါ် ကန့်လန့်တင်ထားသော သုချိုင်းထောက်ကို လှမ်းယူကာ ဗိုး(လ်)ချုပ်ထားပေါ်မှ ချိုင်းထောက်ကို ထောက်ပြီး ထရပ်ဖို့ ပြင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မဟာန်နိုင်ပါလေ။ အရက်မူးနေသည်ကား။ လဲပြိုကျမလို ဖြစ်သွားသဖြင့် နွေးနွေးက ကပျာကယာ ဦးလေးလွင်လက်မောင်းကို ဆုပ်ကိုင်ပြီး တွဲထားလိုက်ရသည်။

ဦးလေးလွင်သည် ဂိုး(လ်)ချဲယားမှာပင် ခြေပစ်လက်ပစ် ပြန်ထိုင်ချသည်။

ဦးလေးလွင် ပါးစပ်မှ အရက်နံ့တွေ ထွက်နေပါ၏။

"ပြောပါ ဦးလေးလွင် ... ဒါပေမယ့် ဘာဖြစ်လဲ"

"ဆောရီးပဲ နွေးနွေး... ဦးလေးလွင် တစ်ချိန်လုံး စာကြည့်ခန်းထဲမှာ အရက်သောက်ပြီး စဉ်းစားတယ်၊ အဲ ... စာကြည့်ခန်းတံခါးဖွင့်ပြီး အပြင်ကို ထွက်လာတဲ့အချိန်မှာ ဦးလေးလွင်မှာလည်း ဆုံးဖြတ်ချက်တစ်ခု ချပြီးသား ဖြစ်သွားပြီလေ၊ ဒါကြောင့် အရက်လည်းဆက်မသောက်တော့ဘဲ စိတ်ပြေလက်ပျောက် စန္ဒရား ထိုင်တီးနေတာ"

"ဦးလေးလွင်မှာ ဘာစိတ်ပြေလက်ပျောက် စိတ်ညစ်စရာ ဘာရှိတော့သေးလို့လဲ၊ နွေးနွေးက ဦးလေးလွင်ကို ကြိုက်တဲ့အချိန် လက်ထပ်ပါလို့ တမင်ဆင်းလာပြီး ပြောပြီပဲဟာ"

"နောက်ကျသွားပြီ နွေးနွေး"

"ဘာကို နောက်ကျတာလဲ ဦးလေးလွင်"

"ဦးလေးလွင်ရဲ့ နောက်ဆုံး ဆုံးဖြတ်ချက်ဟာ နွေးနွေးကို ဘယ်တော့မှ လက်မထပ်တော့ဘူး ဆိုတဲ့ ဆုံးဖြတ်ချက်ပဲ"

"အို"

"အံ့သြသွားသလား နွေးနွေး"



"ဦးလေးလွင် ဘယ်လိုပြောလိုက်တာလဲဟင်၊ နွေးနွေးအရမ်းကြီးကို အံ့သြသွားတယ်၊ နွေးနွေး စိတ်ထဲ မျှော်လင့်ထင်မြင်ထားတာက ဦးလေးလွင်ကို နွေးနွေး လက်ထပ်မယ်လို့ ပြောလိုက်ရင် ဦးလေးလွင် စိတ်ညစ်စရာတွေ ဘာမှမရှိတော့ဘဲ သိပ်ပျော်သွားမှာလို့ ထင်မြင်ယူဆထားတာ။ အဲဒီလို ဦးလေးလွင် သိပ်ပျော်သွားတာကိုလည်း နွေးနွေး အရမ်းမြင်ချင်တာ"

ဦးလေးလွင်သည် ဦးခေါင်းကို ဖြည်းလေးစွာ ယမ်းပြလိုက်သည်။

နွေးနွေး သေချာစဉ်းစားကြည့်ပါ။

ဦးလေးလွင် ပြောပုံမှာ အရက်မူး၍ ပြောခြင်းမျိုးမဟုတ်တော့ပြီ။ အလေးအနက်ပြောကြောင်း ဦးလေးလွင်၏ မျက်နှာတွင် ပေါ်လွင်ထင်ရှားနေပါ၏။

"အစွယ်ကို လိုချင်လို့ ဆင်ကောင်ကြီးကို အသေသတ်တာ တရားပါ့မလား၊ နွေးနွေးဖြေလေ"

"ဦးလေးလွင် အရက်တွေ သိပ်သောက်ထားတယ်။ အခု ပြောတာ အရက်တွေ သိပ်မူးပြီး ပြောနေတာ၊ စကားတွေ မမှန်ဘူး"

"ဦးလေးလွင် အရက်သိပ်သောက်ထားတာလည်း မှန်တယ်၊ အရက်ဟာ များများသောက်ရင် များများမူးတယ် ဆိုတာလည်း မှန်တယ်၊ သူ့သတ္တိကိုက သောက်ရင်မူးရပေမှာကိုး။ များများသောက်လို့ များများမူးတာ မှန်ပါတယ် နွေးနွေး။ ဒါပေမယ့် ဦးလေးလွင် အခုပြောတာတွေဟာ အမူးသ[illegible]

www.burmeseclassic.com

www.burmeseclassic.com



စကား မဟုတ်ဘူး၊ ဦးလေးလွင်ရဲ့ နောက်ဆုံး ဆုံးဖြတ်ချက်ကို အမှန်အတိုင်း ပြောနေတာပါ"

နွေးနွေးသည် ဦးလေးလွင်၏ မျက်နှာကိုသာ ငေးငေးလေး ကြည့်နေမိတော့သည်။

"ကဲ ... ဦးလေးလွင် မေးတာကို နွေးနွေး ဖြေပါ။ အစွယ်ကိုလိုချင်တာနဲ့ ဆင်ကြီးတစ်ကောင်လုံးကို အသေသတ်ရတာဟာ တရားမလားလို့ နွေးနွေးကို ဦးလေးလွင် မေးထားတာလေ"

နွေးနွေးသည် သူ၏ဦးခေါင်းကို သွက်သွက်ခါအောင် ယမ်းပြရင်း ပြောလိုက်သည်။

"မဖြေဘူး၊ ဒီမေးခွန်းကို နွေးနွေး မဖြေဘူး၊ ဒီမေးခွန်းရဲ့ နောက်မှာ အဓိပ္ပာယ်တွေ ရှိတယ်ဆိုတာ နွေးနွေး ရိပ်မိတယ်၊ ဒါကြောင့် နွေးနွေး မဖြေဘူး"

"ဒီမေးခွန်းကို မဖြေချင်ရင် နောက်တစ်မျိုး နွေးနွေးကို မေးမယ်။ ပုလဲကိုလိုချင်တာနဲ့ ကမာကောင် အရှင်လတ်လတ်ကို ရင်ခွဲပြီး ပုလဲကို ထုတ်ယူတာတော့ တရားသလား နွေးနွေး"

"ဒါကိုလဲ နွေးနွေး မဖြေဘူးဘဲ ဦးလေးလွင်"

"နွေးနွေး မဖြေရင် ဦးလေးလွင်ကပဲ ဖြေပြမယ်"

ဗိုလ်ခနဲ သက်ပြင်းကြီး မှုတ်ထုတ်ရင်း ဦးလေးလွင် သူ့မေးခွန်းကို သူ့ဟာသူ ပြန်ဖြေသည်။

"ဘယ်တရားပါ့မလဲ နွေးနွေး၊ လုံးဝမတရားဘူးပေါ့။ အစွယ်ကို လိုချင်တာနဲ့ ဆင်ကိုသတ်ရတယ်၊ ပုလဲလိုချင်



တာနဲ့ ကမာကောင်ကို ရင်ခွဲရတယ်၊ ဘယ်တရားတော့မလဲ။ သေရမှာက ဆင်တစ်ကောင်လုံး၊ ကမာကောင်တစ်ကောင်လုံး၊ သေခြင်းဆိုတာ ဘဝရဲ့ နိဂုံးမဟုတ်လား"

"ဘာတွေ ပြောနေတာလဲ ဦးလေးလွင်"

"နွေးနွေးကို ဦးလေးလွင်၊ လက်ထပ်ပြီး အပိုင်အဆိုင် အရယူလိုက်ရင် နွေးနွေးရဲ့ဘဝဟာ တစ်သက်လုံး နာလန်ပြန်မထူဘဲ လူမသေပေမယ့် ဘဝသေသွားမယ်၊ နွေးနွေးဘဝကို ဦးလေးလွင်က သတ်ပြီး အရယူလက်ထပ်တာ ဖြစ်သွားမယ်။

"ဦးလေးလွင်နဲ့ နွေးနွေး ရုပ်ချင်း ယှဉ်မလား။

"ဦးလေးလွင်နဲ့ နွေးနွေး အရွယ်ချင်း ယှဉ်မလား။

"ဦးလေးလွင်နဲ့ နွေးနွေး ပညာချင်း ယှဉ်မလား။

"ကွာခြားလှတယ် နွေးနွေး။ နွေးနွေးက နတ်မိမယ်ယမင်းရုပ်။ အသက်ချင်းက ဦးလေးအရွယ်နဲ့ တူမအရွယ်၊ ပညာချင်းက နွေးနွေးက ဆရာဝန်ဖြစ်တော့မှာ၊ ဦးလေးလွင်က သာမန်ရိုးရိုးဘွဲ့ ရထားသူ။ ဟဲ ... ဟဲ ... အကြီးမားဆုံး ကွာခြားချက်က ဦးလေးလွင်က ခုက္ခိတာ၊ နွေးနွေးက ပကတိလူကောင်းတစ်ယောက်၊ အဘက်ဘက်က ကွာခြားနေပါတယ် နွေးနွေး။ ဦးလေးလွင်က ကျောက်ဘီလူး၊ နွေးနွေးက နတ်မိမယ် ယမင်းမလေးပါ"

"ဒါတွေဟာ ဦးလေးလွင်ကို နွေးနွေး ချစ်ပါတယ်ဆိုကတည်းက ပါပြီးသားတွေပါ ဦးလေးလွင်၊ နှစ်ဦးသားချစ်ကြ

www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက်မှ ဖြစ်လာတာတွေမှ မဟုတ်တာ၊ ဦးလေးလွင်ကို နွေးနွေး ချစ်ကတည်းက ဒီပုံစံအတိုင်းနဲ့ပဲ ချစ်တာ"

"ဟုတ်တာပေါ့ ... ဟုတ်တာပေါ့။ ဦးလေးလွင် ချစ်တာ ဒီပုံစံ ဒီအရှိ ဒီအမြင်အတိုင်း၊ ချစ်တာ သိပ်ဟုတ်ပေါ့၊ ဒါကြောင့်လည်း နွေးနွေးက ဦးလေးလွင်ကို ချစ်တယ်လို့ ပြောတုန်းက ဦးလေးလွင် အရမ်းဝမ်းသာတာပေါ့၊ ဒါကြောင့်လည်း နွေးနွေးက ဦးလေးလွင်ကို လက်ထပ်နိုင်လာအောင် ဦးလေးလွင် ဖန်တီးကြိုးစား အားထုတ်တာပေါ့"

ဦးလေးလွင် ဆက်ပြောသည်။

"ဒါပေမယ့် ... နွေးနွေးနဲ့ စည်သူအောင်ရဲ့ကိစ္စတွေ ပေါ်လာတော့ ဦးလေးလွင် အကြီးအကျယ် ပြန်စဉ်းစားရပြီပေါ့ နွေ့ နွေး။ ဦးလေးလွင်ကို နွေးနွေး ချစ်တာဟာ မှားမှားတာ ဖြစ်ပါရဲ့လားလို့ စဉ်းစားရပြီလေ။ ဦးလေးလွင်ကိုချစ်လို့ နွေးနွေး လက်ထပ်ပြီဆိုရင် ဆင်ကောင်ကြီး သေပြီပေါ့၊ ကမာကောင် ရင်ဘတ်ခြမ်း အခွဲခံရပြီပေါ့။ နွေးနွေးရဲ့ ဘဝလေး စတေးခံရပြီး သေပြီပေါ့ ဆိုတာတွေ ဦးလေးလွင် မြင်လာတယ်။ တကယ်ဖြစ်သင့်တာက နွေးနွေးအတွက် ရုပ်ချင်းတူ၊ အရွယ်ချင်းတူ၊ ပညာချင်းတူတဲ့ စည်သူအောင် လိုလူကိုသာ လက်ထပ်သင့်တယ်ဆိုတာ မြင်ကွင်းမှာ မြင်စရာ အမှန်တရားတွေ ပေါ်လာတယ်"

"အို ... အဲဒါတွေ နွေးနွေး ဘာမှ ထည့်မစဉ်းစားဘူး၊ လိုလိုလားလားလည်း နွေးနွေး စိတ်ထဲမှာ မရှိဘူး၊ အခု ဦးလေးလွင် ပြောသမျှတွေဟာ အရက်မူးလို့ ပြောတာလို့ပဲ



နွေးနွေး မှတ်ယူမယ်၊ အတည်လို့ လုံးဝမမှတ်ယူဘူး။ နက်ဖြန် ဦးလေးလွင် အရက်မူးပြေမှ နွေးနွေးနဲ့ ဦးလေးလွင် လက်ထပ်ဖို့ကိစ္စ ဘယ်လိုစီစဉ်ကြမယ်ဆိုတာ ဆက်ပြောမယ်၊ ဆက်ညှိနှိုင်းမယ် ဦးလေးလွင်"

ယင်း အခိုက်မှာပင် ...

ဦးလေးလွင် ဖွင့်ပြီး ပြန်မပိတ်မိသဖြင့် ပွင့်နေသော တံခါးမှ ဝင်လာပြီး ဟိန်းနေအောင် ပြောလိုက်ရယ်လိုက်သံတစ်ခု ထွက်ပေါ်လာပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၁၇

"ဟား ဟား ဟား … မင်းအတွက် နက်ဖြန်ကျမှ ဆက်ပြီး ဦးအောင်လွင်နဲ့ ပြောစရာ၊ တိုင်ပင်စရာ၊ ညှိနှိုင်းစရာ၊ မရှိတော့ဘူး နွေးနွေး၊ ဘာလို့လဲဆိုတော့ မင်း အခုပဲ ငါနဲ့ လိုက်ခဲ့ရမှာမို့ပဲ"

အသံထွက်လာရာ တံခါးပေါက်သို့ ဦးလေးလွင်ရော နွေးနွေးပါ လှမ်းကြည့်ပြီး နွေးနွေး ပါးစပ်မှ အသံထွက်သွားသည်။

"ဟင် … လှိုင်ဘွား"

"အစစ်ပေါ့ နွေးနွေး … ငါဟာ လှိုင်ဘွားပေါ့။ အင်မတန်ကြီးမားသော စွန့်စားမှုနဲ့ အင်မတန်ချစ်ရတဲ့ မင်းဆီကို ငါ ရောက်အောင်လာခဲ့တာပဲ နွေးနွေး။ မန္တလေးမှာလဲ ရဲအဖွဲ့က ငါ့ကို ပိုက်စိပ်တိုက် ရှာနေပြီ။ ရန်ကုန်ရဲအဖွဲ့ ကလည်း ငါ့ကို ပိုက်စိပ်တိုက် ရှာနေပြီ။ ငါ့နောက်ကို



ထက်ကြပ်မကွာ ရဲတွေ လိုက်နေတဲ့ကြားက ဟိုကွေ့ဒီရှောင် ဟိုပုန်းဒီပုန်းနဲ့ မင်းဆီ ငါ အရောက်လာခဲ့တာပဲ"

လှိုင်ဘွား လက်တွင် သေနတ်ကိုင်ထားသည်။

လှိုင်ဘွား၏ လက်ဝဲလက်ယာတွင် တပည့်တစ်ယောက်စီ ပါသေးသည်။

လှိုင်ဘွားအား တစ်ဖက်တစ်ချက်မှ အဖော်နှစ်ယောက်သည် ကြေးစားလူမိုက် အတန်းနိမ့်အဆင့်လောက်သာရှိသည့် လူမိုက်နှစ်ယောက်ဟု ဦးအောင်လွင် အကဲခတ်သည်။

ကြေးစားလူမိုက်နှစ်ယောက်သည် ဓားမြှောင်ကိုယ်စီ ကိုင်ထားသည်။ ဓားမြှောင်များတွင် သွေးများပေကျံနေခြင်းကို တွေ့ရခြင်းဖြင့် ခြံထဲမှ ဦးဂေါ်ယာနှင့် ကိုမှိုင်းကို ဒီကောင်နှစ်ယောက် ဓားမြှောင်နှင့် ထိုးခဲ့နိုင်ပြီး ရောက်လာနိုင်ခြင်း ဖြစ်သည်ဟု ဦးအောင်လွင် တွက်သည်။

ဖြစ်ချင်တော့ လှိုင်ဘွား လာသည့် ညကျမှပင် ဦးအောင်လွင်သည် အရက်မူးမူးဖြင့် ပြင်ပလေကို ရလိုသောကြောင့် တံခါးကိုဖွင့်ပြီး ပြန်မပိတ်မိခဲ့။

နောက်တစ်ချက်မှာ ဧည့်ခန်းစန္ဒရားဘေးတွင် နွေးနွေးနှင့် ဦးအောင်လွင်သည် အလွန်ကြီးမားသော မေတ္တာစကားတွေ အပြန်အလှန် ပြောရာတွင် အာရုံအပြည့် ဝင်နေသောကြောင့် လှိုင်ဘွားတို့ အလစ်ဝင်လာနိုင်ခြင်း ဖြစ်ပေသည်။

"မင်းတို့ ခြံထဲက ဦးဂေါ်ယာနဲ့ ကိုမှိုင်းကို ဓားနဲ့ထိုးခဲ့ပြီပေါ့ ဟုတ်လား။ သေနတ်သံတော့ ငါ မကြားမိဘူး"

"မတတ်နိုင်တော့ဘူး ဦးအောင်လွင်၊ တံခါးစောင့်ကြီးက

www.burmeseclassic.com

www.burmeseclassic.com



သူ့ကျွဲလောက်ရှိတဲ့ ဗလကြီးနဲ့ ခွေးကောက်ကြီးမြှောက်ပြီး ကျုပ်တို့ကို ရန်လုပ်ပြီဆိုတော့ သူ့ဗိုက်ကြီးထဲ ဓားမြှောင် စိုက်သွင်းလိုက်ရတာပေါ့၊ ဒရိုင်ဘာ ကိုမှိုင်းဆိုတဲ့လူကလည်း ကျုပ်တို့ကို ဝင်ပူးသတ်တယ် ... ဘယ်ရမလဲ၊ ကျုပ်တို့က သုံးယောက်တောင်ပဲဟာ၊ သူ့ရင်ဘတ်ကိုလည်း ဓားမြှောင် စိုက်ပေးလိုက်ရတာပေါ့ ဦးအောင်လွှင်”

ဦးအောင်လွှင် မျက်နှာထားကြီး တင်းမာသွားသည်။ နှုတ်ခမ်းနှစ်ခုစေ့ပြီး အံကြိတ်ထားသည်။

သို့စေကာမူ ဦးလေးလွှင်သည် သူ့ခါးတွင် ချိတ်ထားသော သော့တွဲကို ထုတ်ယူပြီး လှိုင်ဘွားထံ ပစ်ပေးလိုက်သည်။

“အဲဒါ ဒီအိမ်က မီးခံသေတ္တာသော့ပဲ၊ မီးခံသေတ္တာထဲမှာ ငွေသားတွေရော၊ လက်ဝတ်ရတနာ အဖိုးတန်တွေရော ရှိတယ်၊ ဖွင့်ပြီးယူပါ။ ပြီးရင် မင်းတို့ပြန်ပါ”

“ဟဲ ... ဟဲ ... မလွဲသာ မရှောင်သာ လူတွေကို ဓားနဲ့ထိုး ရပေမယ့် ကျွန်တော်ဟာ ပစ္စည်းကို တိုက်ယူတဲ့ ဓားပြမှ မဟုတ်တာပဲ ဦးအောင်လွှင်၊ ဦးအောင်လွှင်ရဲ့ ခြံစည်းရိုး ကြီးကို မရမက ခြံထဲရောက်အောင် ဝင်ရတာကိုက အင်မတန် ခက်ခက်ခဲခဲပါ။ ဒါပေမယ့် အခု ပြန်အထွက် မခက်တော့ဘူးလေ၊ ခွေးကောက်ကြီးနဲ့ ကျွဲကောင်ကြီးခါးက ခြံတံခါးသော့ယူပြီး ကျုပ်တို့ အထွက်လွယ်အောင် သော့ဖွင့် ထားခဲ့ပါတယ်”

“ဒါဆို မင်းတို့ လက်နက်ကိုယ်စီ အားကိုးနဲ့ ဓားပြဝင် တိုက်တာ မဟုတ်ရင် ငါ့အိမ်ထဲ ဘာလို့လာကြတာလဲ”



သိလျှက်သားနှင့် ဦးအောင်လွှင် တမင်မေးခြင်းဖြစ်သည်။

တစ်နည်းဆိုသော် ခုခံနိုင်ခွင့်နှင့် ခုခံနိုင်ကွက်ကိုလည်း ရှာရင်း၊ တခြားအကူအညီတစ်ခု ရလိုရငြားစောင့်ရင်း အချိန်ဆွဲကာ စကားပြောနေခြင်း ဖြစ်သည်။

လှိုင်ဘွား ဆိုသည့်နာမည် ကြားကတည်းက နွေးနွေး ကို အလိုရှိ၍လာမှန်း ဦးအောင်လွှင် သိပါ၏။

“ဦးအောင်လွှင်ဆီက ဘာပစ္စည်းမှ မလိုဘူး၊ ခင်ဗျား ချမ်းသာသလောက်တော့ ကျုပ်လည်း ချမ်းသာတယ်။ အခုလာတာ နွေးနွေးကို လိုချင်လို့ ရယူသွားဖို့ ခေါ်သွားဖို့ အဓိကနဲ့ လာခဲ့တာပဲ”

“ဘာကွ ... မင်းနဲ့နွေးနွေး ဘာဆိုင်လဲ ... နွေးနွေးက ငါ့ ကိုပြောဖူးတယ်၊ မင်းနဲ့ သူနဲ့ ဘာမှမဆိုင်ဘူးတဲ့”

“နွေးနွေးက ကျုပ်ကို ဘာမှမဆိုင်ဘူး ပြောပေမယ့် ... ကျုပ်အဖို့ကတော့ နွေးနွေးဟာ ကျုပ်နဲ့ ရာနှုန်းပြည့် ဆိုင် တယ် ဦးအောင်လွှင်၊ အစက ဦးအောင်လွှင်ကို ကျုပ် နွေးနွေးနဲ့ ပတ်သက်ပြီး ဘယ်လိုမှ မထင်ခဲ့ဘူး။ ထင်စရာမှ လည်း မဟုတ်တာ။ နွေးနွေးဟာ ပညာသင်ဖို့အတွက်သာ ဦးအောင်လွှင်အိမ်မှာ နေတာ၊ သူ့ဟာသူ ပညာသင်ချင် သလောက် သင်ပါစေဆိုပြီး ကျုပ်လွှတ်ထားခဲ့တယ် ... အဲ ... စည်သူအောင်နဲ့တော့ အထင်မှားတယ်။ စည်သူအောင် က မန္တလေးလှမ်းပြီး သူ့အပေါင်းအသင်းတွေက တစ်ဆင့် နွေးနွေး အကြောင်း စုံစမ်းတယ်၊ အဲဒီကတည်းက နွေးနွေး

www.burmeseclassic.com

www.burmeseclassic.com



နဲ့ စည်သူအောင် ဘယ်လိုတွေလဲလို့ ကျုပ်သံသယဝင်ခဲ့တယ်၊ နွေးနွေးဟာ စည်သူအောင်ကို လက်ခံလိုက်ပြီလို့ ကျုပ်ထင်ခဲ့တယ်။ တကယ်တမ်းကျတော့ နွေးနွေး တကယ်ချစ် တကယ်လက်ခံ တကယ်လက်ထပ်မှာက ခင်ဗျားကြီးကိုး။ ခင်ဗျားနဲ့ နွေးနွေး စောစောက ပြောတာတွေ ကျုပ်အားလုံးကြားပြီးပြီ"

နွေးနွေး ရှင်ကော့ပြီး မျက်နှာထား တင်းတင်းနှင့်ပင် လှိုင်ဘွားကို ပြန်ပြောလိုက်သည်။

"အဲဒါ ဘာဖြစ်လဲ၊ ရှင်ပြောတာ အမှန်ပဲ၊ ကျွန်မ ဦးလေးလွင်ကိုပဲ ချစ်တယ်၊ ကျွန်မ တစ်သက်မှာ တစ်ခါတည်း ချစ်မိသူဟာ ဦးလေးလွင်ပဲ၊ ဒါကြောင့် ဦးလေးလွင်နဲ့ ကျွန်မ လက်ထပ်မယ် ... ရှင်းပြီလား ကိုလှိုင်ဘွား"

"ဟဲ ... ဟဲ ... မင်းရင်ထဲက ချစ်တယ်ဆိုတာကတော့ ... မင်းဘယ်သူ့ကိုပဲချစ်ချစ်၊ ငါကမချစ်ပါနဲ့လို့ တားလို့မှမရနိုင်တာ။ ချစ်တယ်ဆိုတာက စိတ်ပိုင်းဆိုင်ရာ နှလုံးသားပိုင်းဆိုင်ရာပဲ။ တားမြစ်လို့ ရကောင်းစရာမှ မဟုတ်တာ။ အေး ... ဒါပေမယ့် မင်းဟာ ဘယ်သူနဲ့မှ မညားရဘူး။ ငါနဲ့ပဲ ညားရမယ်၊ ငါကလွဲပြီး မင်း ဘယ်သူ့ကိုမှ လက်ထပ်ခွင့် ငါမပေးဘူး"

"ဝေးသေး ... ရှင့်လိုလူနဲ့ ဘယ်တော့မှ ကျွန်မ လက်မထပ်ဘူး။ အညားမခံဘူး။ ကိုယ့်ကိုယ်ကိုယ် သတ်သေပစ်လိုက်မယ် သိလား"

"မရဘူးနွေးနွေး၊ နင် ငါနဲ့ ညားကိုညားရမယ်၊ ငါ့ဘဝက



ဖန်တူးတဲ့ဘဝ ရောက်သွားပြီ၊ မန္တလေးလည်း ငါမပြန်ရဲတော့ဘူး။ ရန်ကုန်မှာလည်း စည်သူအောင်ကို ဓားနဲ့ထိုးခဲ့မှုကြောင့်ရော တခြားအမှုတွေကြောင့်ရော ရန်ကုန်ရဲအဖွဲ့က ငါ့နောက်ကို အရှုမပ် ထက်ကြပ်မကွာ လိုက်နေပြီ။ ရဲကသာ ငါ့ကို ဖမ်းမိရင် ငါ့အတွက် သေဒဏ်၊ ကျွန်းဒဏ် ကျစရာတွေရှိတယ်၊ ဒါမှမဟုတ် ဆယ်နှစ်၊ ဆယ့်ငါးနှစ် ထောင်ကျသွားနိုင်တယ်၊ အေး ... အခု ငါဓားနဲ့ ထိုးခဲ့တဲ့ သုံးယောက်ထဲက တစ်ယောက်ယောက် သေသွားရင်တော့ ငါ့အဖို့ သေဒဏ်နဲ့ ကျွန်းဒဏ် တစ်ခုခု ငါ့ကို မိသွားတာနဲ့ ဥပဒေအရ ငါခံရတော့မယ်။ ငါ ဒီလိုတွေ ဖြစ်ခဲ့တာဟာ အရင်းခံ တွက်ကြည့်ရင် နင့်ကြောင့်ပဲ နွေးနွေး"

"အို ... ကျွန်မနဲ့ ဘာမှမဆိုင်ဘူး"

"သိပ်ကိုဆိုင်ပြီလား နွေးနွေး။ နင့်ကိုငါ ရယူဖို့ ကြိုးစားရင်း ဒီအမှုတွေကို ငါကျူးလွန်လိုက်ရတာပဲ၊ မန္တလေးမှာ ငါ့အဖွဲ့နဲ့ငါ အဖြူလုပ်ငန်း လုပ်နေတာ အဆင်ကို ပြေနေတာ။ ဘာအန္တရာယ်မှလည်း မဖြစ်ဘူး၊ ငါ့ရဲ့ဌာနေ မန္တလေးမှာဆိုတော့ ငါရောင်တာတတ် တိမ်းတတ် လုပ်တတ် ကိုင်တတ်ရှိခဲ့တယ်။ ငါ့အရှိန်အဝါကလည်း မန္တလေးမှာ ဘယ်လောက်ကြီးမားတယ်ဆိုတာ နင်အသိပါ နွေးနွေး။ ဒါကြားထဲ နင်က ရန်ကုန်ကို ထွက်ပြေးသွားတယ်၊ နင့်နောက်ကို ငါ လိုက်လာဖို့ ဖြစ်လာတယ်"

လှိုင်ဘွား စိတ်အားထက်သန်စွာ နွေးနွေးကို ပြောနေစဉ် ဦးအောင်လွင်သည် ဘာတစ်ခုခု တုံ့ပြန်နိုင်မလဲ၊

www.burmeseclassic.com

www.burmeseclassic.com



လုပ်ဆောင်နိုင်မလဲဟု စဉ်းစားသည်။ ဟိုဟိုဒီဒီ ကြည့်မိသည်။

လှိုင်ဘွားသည် နွေးနွေး သူနှင့်လိုက်ပါစေလာဖို့ အရှည်ကြီး ရှင်းပြချင်ဟန် တူပါ၏။ ဆက်၍ပြောနေသည်။

"ရန်ကုန်ကို လိုက်လာဖို့ဆိုတာက ငါ ဒီအတိုင်း ထ,လိုက်လာလို့ မဖြစ်ဘူး။ မန္တလေးမှာ ငါ့ရဲ့လုပ်လက်စလုပ်ငန်းတွေကို နောက်ပိုင်းရှင်းအောင် လက်စသိမ်းတွေ လုပ်ရသေးတယ်၊ နင်က ရန်ကုန်ဆေးတက္ကသိုလ်မှာ နောက်ထပ်နှစ်တွေချီပြီး တက်ရဦးမှာမှတ်လား၊ ဒီတော့ ငါ ရန်ကုန်မှာ ငါ့လုပ်ငန်း ဆက်လုပ်နိုင်ဖို့ အဆက်အသွယ် ရှာရသေးတယ်၊ ရှာတာမှ အချိန်ယူပြီး ရှာရတာ။ နောက်ဆုံး ရန်ကုန်က ဦးကျူးဝါးနဲ့ ဆက်မိတော့တယ် ... ဒါကြောင့် ငါ အဖြူတွေ ရန်ကုန်ကို သယ်လာပြီး ဦးကျူးဝါးနဲ့ ဆက်လုပ်ရင်း နင့်ကိုလည်း ထက်ကြပ်မကွာ မျက်ခြေမပြတ် ကြည့်နေတာ။ အဲဒီမှာ နင်နဲ့ စည်သူအောင်ရဲ့ အကြောင်းတွေကို ငါကြားတယ်၊ မျက်မြင်လည်း နင်ကိုယ်တိုင် စည်သူအောင်ရဲ့ကားဝါနဲ့ လိုက်တယ်၊ အတူစားသောက်ကြတယ်၊ အဲဒါတွေ ငါ့မျက်စိနဲ့ တွေ့ရလို့ နင့်ကို စိတ်မချတော့ဘဲ ဒွတ်ခေါ်ရင်း၊ စည်သူအောင်ကို ငါ ဓားနဲ့ထိုးမိတာပဲ။ အခုတစ်ခါလည်း နင့်ကို ငါလာခေါ်ရင်း ခြံထဲမှာ လူနှစ်ယောက်ကို ဓားနဲ့ထိုးခဲ့ပြန်ပြီ။ ဘာပြောပြော အမှုတွေက ငါ့အပေါ် ပုံကျနေပြီ။ စည်သူအောင်နဲ့ ဖြစ်တုန်းက ငါနဲ့အတူပါလာတဲ့ ကောင်တွေက ဦးကျူးဝါးရဲ့ အကောင်တွေ၊ ဒီကောင်တွေက စည်သူအောင်ကို ငါ ဓားနဲ့ထိုးတာ အစိုးရသက်



သေ ဖော်ကောင်တွေ လုပ်ကြပြီလေ။ စည်သူအောင်ကို ငါဓားနဲ့ထိုးတဲ့အတွက် ငါခြေရာပျောက် နေတာတွေကို ရဲတုံထောက်က ငါ့ကို ခြေရာခံနိုင်ဖို့ လမ်းစတွေ ရသွားတယ်။ ဒီတော့ ငါ လွတ်ရာပြေးရတော့မယ်။ နင်မပါဘဲ ငါမပြေးဘူး၊ နင့်ကို ငါနဲ့အတူ ခေါ်ပြီးမှ ပြေးဖို့ လာခေါ်တာပဲ၊ အဲဒါပဲ နွေးနွေး"

လှိုင်ဘွားသည် ပြောရင်း နွေးနွေး အနီးသို့ တိုးကပ်လာသည်။

"မလိုက်ဘူး။ ရှင့်နောက်ကို တစ်သက်လုံး မလိုက်ဘူး၊ ဒီဘဝမှာ ဦးလေးလွင်ကလွဲပြီး ဘယ်သူ့ကိုမှ မချစ်သလို ဘယ်သူနဲ့မှလဲ လက်မထပ်ဘူး၊ အညားမခံဘူး။ အခု ကျွန်မကို သတ်ပစ်လိုက်၊ ရှင့်နောက် မလိုက်ဘူး"

"မလိုက်လို့ မရဘူး၊ လိုက်ကို လိုက်ရမယ်"

ဟုပြောပြီး လှိုင်ဘွားသည် သူ၏ လက်နှစ်ဖက်ဖြင့် နွေးနွေး လက်မောင်းကို အတင်းဆွဲခေါ်သည်။

နွေးနွေးက ရုန်းကန်သဖြင့် လှိုင်ဘွား၏ ရှိသမျှသတ်နှင့် အာရုံတို့သည် နွေးနွေး အပေါ် ရောက်ရှိနေခိုက် ဖြစ်ပါ၏။

ဒါကိုပင် ဦးအောင်လွင်က အကွက်ကောင်းယူလိုက်လေတော့သည်။

ဦးအောင်လွင်သည် သူ၏ချိုင်းထောက်ကြီးကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ တအားလွဲပြီး လှိုင်ဘွားအား ဘယ်ကိုထိထိ သဘောဖြင့် ရိုက်ချလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အား"

လှိုင်ဘွား ခံလိုက်ရသည်။

လှိုင်ဘွား အနေနှင့် ခြေတစ်ဖက်မရှိ ဒုက္ခိတ ဦးအောင်လွင်အား ဘာမှမှုစရာမလိုဟု ယူဆပြီး အနီးကပ်တိုးလာပြီး နွေးနွေးကို အရဆွဲခေါ်ခြင်းမို့ ဦးအောင်လွင်၏ ချိုင်းထောက်မှီသော ရိုက်ကွင်းထဲသို့ ဝင်သွားမိခြင်း ဖြစ်ပါ၏။

အား ... ခနဲအော်ပြီး လှိုင်ဘွား လဲကျသွားသည်။

သို့တစေ ...

လှိုင်ဘွားသည် အသက်အားဖြင့်ငယ်ပြီး ခံနိုင်ရည်ရှိသူ ဖြစ်သည်။ လဲကျရာမှ ချက်ချင်း လူးလဲထကာ ဦးအောင်လွင်အား သူ့လက်ထဲမှ သေနတ်ဖြင့် ထိုးချိန်လိုက်သည်။

"ခင်ဗျားကြီး နွေးနွေးရဲ့ အချစ်ကိုလည်း အရယူသေးတယ်၊ ကျုပ်ကိုလည်း ရိုက်သေးတယ်၊ ခင်ဗျားကြီး သေပေတော့"

"ငါ့ကိုသတ် လှိုင်ဘွား၊ ဦးလေးလွင်ကို လက်ဖျားနဲ့တောင် မတို့နဲ့"

နွေးနွေးသည် ပြောပြောဆိုဆို ဦးလေးလွင် ရှေ့တွင် မားမားမတ်မတ် ဝင်ရပ်လိုက်သည်။

"နင်ဖယ်နော် ... နွေးနွေး။ ငါတကယ်ပစ်တော့မှာ"

"မဖယ်ဘူး ... ပစ်ချင်ပစ်"

"ကဲဟာ ... ဒီလောက်ဖြစ်လှတာ"

"ဒိုင်း ... ဒိုင်း"

သေနတ်သံနှစ်ချက် ထွက်ပေါ်လာသည်။ ဦးလေး



လွင်က နွေးနွေးကို ထိမှာစိုး၍ ဘေးသို့ နွေးနွေးကို တွန်းထုတ်လိုက်သည်။

သို့သော် ...

ထွက်ပေါ်လာသော သေနတ်သံ နှစ်ချက်ကြောင့် နွေးနွေးလည်း ဘာမှမဖြစ်။

ဦးလေးလွင်လည်း ဘာမှမဖြစ်။

တကယ်တမ်း ဖြစ်သွားသူမှာ လှိုင်ဘွားသာလျှင် ဖြစ်ပေတော့သည်။

သေနတ်သံနှစ်ချက်နှင့်အတူ လှိုင်ဘွား နောက်သို့ လန်ကျသွားသည်။ သူ့သေနတ်ကိုင်လက်မှ သွေးတွေ ကျနေပြီး သူ့ပေါင်တစ်ဖက်မှာလည်း သွေးတွေ ကျဆင်းနေပါ၏။

လှိုင်ဘွား ငြီးတွားရင်း လူးလိမ့်နေပေတော့သည်။

"မင်းလက်က သေနတ်ကို ဘေးကို လွှင့်ပစ်လိုက်ပါ လှိုင်ဘွား ... ခင်းပြန်ခုခံရင် ဒီတစ်ခါတော့ ငါကအသေပစ်နိုင်ပြီ"

စီအိုင်ဒီ ရဲအရာရှိ ဦးထွန်းအောင်၏ အသံကို ကြားရပါတော့သည်။

"မင်းတို့ သုံးယောက်စလုံး ငါတို့ရဲ့အဖွဲ့က ဝိုင်းထားပြီးပြီ"

လှိုင်ဘွား အလွန်ဖွဲ့ကြီး ခေါင်းမာကြောင်း တွေ့ရပါ၏။ သူ့လက်က သေနတ်ကို ဘေးသို့ လွှင့်မပစ်ဘဲ လက်ကို ဖွတ်မြှောက်ခါ ဦးထွန်းအောင်ကို ပြန်ပစ်ရန် ကြိုးစားသည်။

"ဒိုင်း ... ဒိုင်း"

မိုက်မဲလေစွ လှိုင်ဘွား။ သူ့ကိုသေနတ်ဖြင့် ပြန်ပစ်

www.burmeseclassic.com

www.burmeseclassic.com



ရန် အားထုတ်သည်နှင့် ဦးထွန်းမောင်က လှိုင်ဘွား၏ ရင်ဘတ်ကို ပစ်ထည့်လိုက်သည်။

လှိုင်ဘွား ပစ်သောကျည်ဆန် အမိုးဘက် ထောင်သွားပြီး ဦးထွန်းမောင် ပစ်သောကျည်ဆန်က လှိုင်ဘွား၏ လက်ဝဲဘက်ရင်အုံကို ထိမှန်သွားသည်။

လှိုင်ဘွား တုတ်တုတ်မျှ မလှုပ်တော့ဘဲ ချုပ်ငြိမ်းသွားလေပြီ။

တပည့်နှစ်ယောက်၏ သေနတ်နှစ်လက်နှင့် ဓားမြှောင်နှစ်ချောင်းကို သိမ်းယူကာ အရိုးပိုင်းကို စက္ကူဖြင့် ပတ်ထားလိုက်သည်။ ထုံးစံအရ ဓားမြှောင်ရိုးပေါ်မှ လက်ဗွေပုံစံ ရယူရဦးမည်။

တပည့်နှစ်ယောက်လုံးကို လက်ထိပ်ခတ်ပြီး ဖြစ်သွားသည်။

"ဦးအောင်လွင်ကို ထိသွားလား"

"လုံးဝမထိဘူး ဦးထွန်းမောင်"

"နွေးနွေးကော ဘာဖြစ်သွားသေးလဲ"

"ဟင့်အင်း ... နွေးနွေးလည်း ဘာမှမဖြစ်ပါဘူး အန်ကယ်"

အောက်ထပ် နောက်ပိုင်း အိပ်ခန်းမှ ဒေါ်ပြုံးနှင့် မိနီ ပြေးထွက်လာသည်။

အိမ်ပေါ်ထပ်မှ သဲသဲ လှေကားကို တဒုန်းဒုန်းနင်းကာ ပြေးဆင်းလာသည်။ သေနတ်သံတွေကြားပြီး အားလုံး ပြေးထွက် ပြေးဆင်းလာခြင်း ဖြစ်တော့သည်။

"ဖေဖေ ... ဖေဖေ"

"ဖေဖေ ဘာမှမဖြစ်ပါဘူး သမီး ... သမီးရဲ့ မမနွေးဆီ



သွားလိုက်။ သမီးမမနွေး သိပ်ပြီး စိတ်လှုပ်ရှားနေတယ်"

သဲသဲသည် နွေးနွေးဆီ ပြေးကပ်ခါ နွေးနွေး ရင်ခွင်တွင် ခေါင်းအပ်ထားပါ၏။

"မေမေနွေး"

သဲသဲက မမနွေးဟုပင် မခေါ်တော့ဘဲ မေမေနွေးဟု ခေါ်လိုက်သည်ကို နွေးနွေး အရမ်းသဘောကျသွားကာ သဲသဲကို ဖက်ထားရင်း သမီးလေး သဲသဲရယ်ဟု ပြန်၍ တုံ့ပြန်လိုက်သည်။

စုံထောက်ရဲအရာရှိ ဦးထွန်းမောင်သည် တယ်လီဖုန်းဆီသွားကာ ဆေးရုံကားလှမ်းခေါ်ပြီး ဦးအောင်လွင်ထံသို့ ပြန်လျှောက်လာခဲ့သည်။

"ဒီကောင် လှိုင်ဘွား နောက်ကို မန္တလေးကနေပြီး ခုထက်ထိ ခြေရာခံလိုက်နေတာပဲ ဦးအောင်လွင်၊ ဒါပေမယ့် ထုံးစံအတိုင်းပေါ့ဗျာ။ သားကောင်က အမြဲ ရှေ့ရောက်နေပြီး မုဆိုးက နောက်က ခြေရာခံလိုက်ရစမြဲပေါ့။ ဒါကြောင့် ခရီးနည်းနည်း ကျုပ်တို့ ကြန့်ကြာသွားပြီး ရောက်လာတာ နည်းနည်း နောက်ကျသွားတယ်။ ဒါကြောင့်ပဲ ဒီလှိုင်ဘွားအဖွဲ့ဟာ ခြံထဲက လူနှစ်ယောက်ကို ဓားနဲ့ထိုးတာ အချိန်မမီလိုက်တာ"

"ခြံထဲက ဦးဂေါ်ယာနဲ့ ကိုမှိုင်းကော ဘယ်လိုအခြေအနေတွေ့ခဲ့လဲ ဦးထွန်းမောင်"

"သိပ်မဆိုးဘူးလို့ ထင်တာပဲ။ သေသေချာချာကြီးတော့ မပြောနိုင်ဘူးပေါ့ဗျာ၊ ကျုပ်အမြင်ကတော့ စိုးရိမ်စရာရှိဘူးလို့ ထင်တယ်လေ၊ ဒါကြောင့်လဲ အခုဆေးရုံကားကို

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း ဖုန်းဆက်ခေါ်တာပေါ့ ... အင်း ... ဒီကောင် လှိုင်ဘွား အတွက်တော့ ဆောရီးပဲ။ ဒီကောင်ကြွသွားပြီ။ အဲဒီအတွက် ကျွန်တော် အထက်ကို တော်တော်သုချေ ရဦးမယ်။ အဲဒီအခါ ဦးအောင်လွင်ရော နွေးနွေးရော လှိုင်ဘွားက ကျွန်တော့်ကို ပြန်ပစ်လို့ အသက်ကာကွယ်ရင်း အသေပစ်လိုက်တာ ဆိုတာကို မြင်တဲ့အတိုင်း သက်သေလိုက်ပေးဦးပေါ့ဗျာ"

"လိုက်ပေးမယ် စိတ်ချ။ ဒါ ကိုယ့်အသက်ကိုယ် ကာကွယ်ရတာပဲ၊ သူက အရင်ပစ်ဖို့ ထိုးချိန်တာ ကျွန်တော့် မြင်တာပဲ။ နွေးနွေးလည်း မြင်တယ်မဟုတ်လားဟင်"

နွေးနွေးက ဦးလေးလွင်အား ပြုံးပြုံးလေးကြည့်ပြီး ခေါင်းညိတ်ပြပါ၏။

ဆေးရုံကား ရောက်လာပြီ။ ဦးထွန်းမောင် ဖုန်းပြောစဉ်က ဘယ်လိုပြောမှန်း မသိ။ ဆေးရုံကားနှစ်စီး ရောက်လာခြင်း ဖြစ်ပေသည်။

တစ်စီးပေါ်တွင် ဦးဂေါယာနှင့် ဦးလေးမှိုင်းကိုတင်သည်။

ကျန်တစ်စီးတွင် လှိုင်ဘွား အလောင်းကိုတင်သည်။ လှိုင်ဘွား အလောင်းတင် ကားတွင် ရဲအမှုထမ်းနှစ်ဦး လိုက်ပါသွားသည်။

ဦးထွန်းမောင်၏ ရဲကားပေါ်တွင် ခါးမြောင်ကိုင် လူဆိုးနှစ်ဦးအား လက်ထိပ်ခတ်လျက်သားတင်ပြီး ရဲကြပ်ကြီးနှင့် ဦးထွန်းမောင် ရှေ့ခန်းတွင် ဝင်ထိုင်သည်။



"ကဲ ... မိုးတော်တော်ချုပ်သွားပြီ။ ခင်ဗျားရော နွေးနွေးရော အိပ်ရာဝင် အနားယူကြဦး။ ဒီကိစ္စအတွက် ကျုပ် နက်ဖြန့်ထပ်ပြီး လာခဲ့မယ်။ စစ်ချက်လေး ထွက်ဆိုချက်လေး တရားဝင် ထုံးစံအတိုင်း ယူဖို့ပေါ့ဗျာ ... ကဲ ... သွားမယ်"

ဦးထွန်းမောင် နှုတ်ဆက် ထွက်ခွာသွားသည်။

အောင်လွင်ဂေဟာ အိမ်ကြီး၏ ဧည့်ခန်းထဲဝယ် ... လူငါးဦး ကျန်ခဲ့သည်။

ဦးလေးလွင်၊ နွေးနွေး၊ သဲသဲ၊ ဒေါ်ပြုံးနှင့် မိနီတို့ ဖြစ်ကြသည်။ ဒေါ်ပြုံးက ပါးနပ်သည်။ အခြေအနေကို နားလည်သည်။

"လာ ... ပြန်အိပ်မယ်"ဟုပြောကာ မိနီကို ဆွဲခေါ်သွားသည်။

သဲသဲက နွေးနွေးလက်ကို ဆွဲကာ သူမ၏ဖေဖေရှိရာ ဗိုး(လ်)ချဲယားဆီသို့ ခေါ်သွားပြီး နွေးနွေးကို သူမ၏ ဖေဖေနှင့် အနီးကပ်ဆုံး နေရာတွင် ရပ်စေပြီးမှ ...

"ဖေဖေ ... သဲသဲ ပြန်အိပ်တော့မယ်နော်"

"အေး ... အေး သမီး"

"မေမေနွေး ... သမီးအိပ်တော့မယ်နော်"

ဟု ပြောရင်း အပေါ်ထပ်သို့ ပြေးတက်သွားသည်။

ဦးအောင်လွင်သည် နွေးနွေး၏ လက်ကလေးကို ဆွဲကိုင်ပြီး ဗိုး(လ်)ချဲယား သူ့ပေါင်ပေါ်သို့ နွေးနွေးကို ဆွဲယူထိုင်စေပြီး ယုယုယယ ပိုက်ထွေးထားလိုက်သည်။ နွေးနွေးကလည်း

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးလွှင်အား ကျစ်ကျစ်ပါအောင် ပြန်ဖက်ထားလိုက်သည်။

"ဒါဆို ... ဦးလေးလွှင် ဆုံးဖြတ်ချက် ပြောင်းပြီး ပြင်လိုက်ပြီပေါ့နော်"

"ဘာဆုံးဖြတ်ချက်လဲ နွေးနွေး"

"နွေးနွေးက ဦးလေးလွှင်ကို လက်ထပ်မယ်ဆိုတာ ဦးလေးလွှင် မငြင်းတော့ဘူးပေါ့နော်"

"မငြင်းတော့ပါဘူး ကလေးရယ် ... တကယ်တော့ နွေးနွေးဟာ ပဒုမ္မာကြာပန်း မဟုတ်ဘဲ ကုမုဒြာမှုန်း ထင်ရှားပေါ်လွင်လွန်းနေပြီပဲ ... ဦးလေးလွှင်ရဲ့ လရောင်ဟာ နွေးနွေး ကုမုဒြာပေါ်မှာပဲ ဆမ်းရတော့မှာပေါ့ ..."

"ဝမ်းသာလိုက်တာ ဦးလေးလွှင်ရယ်"

BURMESE CLASSIC .com

နားကြပါဦးစို့

တက္ကသိုလ်တင်မြင့်

www.burmeseclassic.com

www.burmeseclassic.com

